ပဇ္ဇေကပ္ပဒေါ

ဘရှင်ကွန်ဖြာဘိဝံသ

- ဓမ္မာ၀စရိယ
- ပါဠိပါရဂူ
- အရှင်ဣန္ဒ၀ံသ

ပဋ္ဌာန်းတော်

ဖြန့်ချိရေး

ပညာရောင်ခြည် စာပေဌာန၊
ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းစာတိုက်၊
ရန်ကုန်မြို့။

●

၁၃၃၈-ခုနှစ်၊ ခေတ်—က | တန်ဖိုးလ | ၁၉၇၇-ခုနှစ်၊

ပဋ္ဌေကဗုဒ္ဓဝင်

☆

- ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်ပြုချက် အမှတ်–(၉၅၈၆)
- ထုတ်ဝေသူ – ဦးစန်းမြ (မြ-၀၂၇၆) ဦးစန်းမြ အထူးစာပေဌာန၊ အမှတ်-၄၀၊ ရန်ကင်းလမ်း၊ မုံလုပ်ဆောင်းကုန်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
- ပုံနှိပ်သူ – ဦးကြီးမောင် (မြ-၀၂၄၀) ခေတ်-စာပုံနှိပ်လုပ်ငန်း၊ အမှတ်-၉၀၊ ကွမ်းရွဲတန်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
- စာပြင်မှူး – ဦးထွန်းသိန်း(ဓမ္မာစရိယ)။
- ပျက်နှာဖုံးရိုက် – ဇဲ-စာပုံနှိပ်တိုက်။
- အကြိမ် – ပထမအကြိမ်။
- စာအုပ်ရေ – ၂၀၀၀-အုပ်။
- ထုတ်ဝေသည့်လ – ၁၉၇၇-ခုနှစ်၊ ဧပြီလ။
- ဈေးနှုန်း – ၁၀-ကျပ်။
- ပန်းချီ-ဘလောက်– ဦးသောင်း (ဥက္ကလာ)။
- စာအုပ်ချုပ် – မဟော်သဓာ၊ ၃၂-လမ်း။

အရှင်ဂုန္ဒာဘိဝံသ

ဇာတိဌာန – မကွေးတိုင်း၊ကမ္မမြို့နယ်၊ရေနံ့သာရွာ၊ ခမည်းတော်-ဦးကျော်စံလှ၊ မယ်တော်-ဒေါ်သိန်းတို့မှ ၁၂၀۶-ခု၊ တပေါင်းလဆန်း (၇)ရက် တနင်္ဂနွေနေ့တွင် ဘွားမြင်သော ပထမ သားဦးရတနာ ဖြစ်သည်။

ပဝတ္တိကာလ– ရန်ကုန်တိုင်း-စမ်းချောင်းမြို့နယ်၊ဇေယျဝတီကျောင်းတိုက်၊ သုခဝါသီကျောင်းဌ ကျောင်းထိုင်စာချအဖြစ် သီတင်းသုံးတော်မူသည်။

ပရိယတ္တိဂုဏ်– နိုင်ငံတော်အစိုးရ သာသနာရေးဌာနမှ ဦးစီးကျင်းပသော စာချတန်းစာမေးပွဲ, ဓမ္မာစရိယတန်းတွင် ပါဠိဂုဏ်ထူး၊ စေတိယဂုဏ် စာချတန်း စာမေးပွဲ များကို အောင်မြင်တော်မူခဲ့သည်။

ဝါသနာ – စာချခြင်း,စာကြည့်ခြင်း,စာရေးခြင်းတို့ဖြင့် အချိန်ကုန်လွန်စေပါသည်။

ကျမ်းပြုခြင်း– စာသင်သား ရဟန်းတော် တို့အား ကျေးဇူးများ လောက်သော ဆန်းနှင့်အလင်္ကာဆိုင်ရာ'ဇေယျဝတီ ဆန်းအလင်္ကာရောင်ခြည်'ကျမ်းစာကိုရေးသားပြုစု၍ ၁၃၃၄-ခုနှစ်၊ ပြာသိုလ (၁၉၇၃-ခု၊ဇန္နဝါရီလ) တွင် စက်တင်ပုံနှိပ်ပြီး ပထမကျမ်းစာအနေနှင့်စာအုပ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဒုတိယ ကျမ်းစာအနေနှင့် ပါဠိတော်-အဋ္ဌကထာ ကျမ်းများစွာတို့မှ ပဋ္ဌေကဗုဒ္ဓါ ဆိုင်ရာ အကြောင်းအရာတို့ကို ရှာဖွေစုစည်း၍ ဖတ်ရှုသူတို့ စိတ်ဝင်စားစရာ, အတုယူစရာ, အားကျစရာ, ကြည်ညှိသဒ္ဓါဖြစ်အောင် ဗုဒ္ဓစာပေကဏ္ဍတွင် ထူးထူး-ခြားခြား,ဦးဦး-ဖျားဖျားဖြစ်သော ဤ"**ပဋ္ဌေက ဗုဒ္ဓဝင်**"ကျမ်းစာကို ရေးသားပြုစုပါသည်။

မာတိကာ

☆

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁။	နိဒါန်း		၃
၂။	ပစ္စေကဗုဒ္ဓဝင်၌ ကျနုပ်အမြင်		၈
၃။	ပဏာမနှင့် ပဋိညာဉ်	....	၁
၄။	အရှင်အာနန္ဒာလျှောက်ထားသဖြင့် ပစ္စေကဗုဒ္ဓအကြောင်း သိရခြင်း	....	၅
၅။	ပစ္စေကဗုဒ္ဓါမျှား မထင်ရှားပုံ	....	၇
၆။	ဆုတောင်းရာ၌ ပြည့်စုံရမည့် အကြောင်း ငါးပါး	....	၇
၇။	ဗျာဒိတ်ပေးနိုင်သောပုဂ္ဂိုလ်	....	၈
၈။	ပါရမီဖြည့်ကျင့်ရမည့် ကာလဈပိုင်းအခြား	....	၉
၉။	ပါရမီမပြည့်စုံသေးက ပစ္စေကဗုဒ္ဓါမဖြစ်ပုံ	....	၁၀
၁၀။	ပစ္စေကဗုဒ္ဓါအလောင်းတော်တို့ ဖြည့်ကျင့် အပ်သော အကျင့်နှစ်မျိုး	....	၁၂
၁၁။	ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ရပုံ	....	၁၄
၁၂။	ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ပြီးရုံနှင့် ပစ္စေကဗုဒ္ဓါ မဖြစ်ပုံ	....	၁၄
၁၃။	ဂတပစ္စာဂတဝတ်နှင့် ရဟန်းလေးမျိုး	....	၁၅
၁၄။	အသွားသာဆောင်၍ အပြန်၌မဆောင်သော ရဟန်း	....	၁၆

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၅။	အပြန်သာဆောင်၍ အသွားဌ်မဆောင်သော ရဟန်း	.... ၁၉
၁၆။	အသွားအပြန် နှစ်ပါးလုံးဌ် မဆောင်သော ရဟန်း	.... ၂၀
၁၇။	အသွားအပြန် နှစ်ပါးလုံးဌ် ဆောင်သော ရဟန်း	.... ၂၁
၁၈။	ပါရိဟာရိယ ကမ္မဋ္ဌာန်းကို ဆင်ခြင်ပုံ	.... ၂၃
၁၉။	ဂတာပစ္စာဂတဝတ်ကို ဖြည့်ကျင့်ပုံ	.... ၂၅
၂၀။	နွယ်နက်မဏ္ဍပ်ဌ် နေလေ့ရှိသော မဟာနာဂထေရ်	.... ၂၈
၂၁။	ငါးကိုပ်သော ရဟန်းတော်များ	.... ၂၉
၂၂။	ဂတာပစ္စာဂတဝတ်ကို ဖြည့်ကျင့်သော ရဟန်း ဆွမ်းခံ ၊ ၊ ၊	.... ၃၁
၂၃။	ဂတာပစ္စာဂတဝတ်ကို ဖြည့်ကျင့်သဖြင့် ရရှိအပ်သော အကျိုး	.... ၃၂
၂၄။	ပစ္စေကဗုဒ္ဓါအလောင်းတော်တို့ ဖြည့်ကျင့်အပ်သော ပါရမီ	.... ၃၃
၂၅။	ပစ္စေကဗုဒ္ဓါအလောင်းတော်များ ဝိပဿနာရှုပုံ	.... ၃၅
၂၆။	ဝိပဿနာသက်သက်ဖြင့် ရှု ဆင်ခြင်တော်မူပုံ	.... ၃၆
၂၇။	ကဏ္ဍာ ပိဘရဏ ဝိသုဒ္ဓိဖြစ်ပုံ	.... ၃၇
၂၈။	နှာမ်ရူပ်၏ အကြောင်းကို သိမြင်လျှင် ယုံမှားခြင်း ၁၆-ပါးကိုပယ်နိုင်ပုံ	.... ၃၈

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၉။	အတိတ်ကာလကိုစွဲ၍ဖြစ်သော ယုံမှားခြင်း ငါးပါး	၃၈
၃၀။	အနာဂတ်ကာလကိုစွဲ၍ဖြစ်သော ယုံမှားခြင်း ငါးပါး	၃၉
၃၁။	ပစ္စုပ္ပန်ကာလကို စွဲ၍ဖြစ်သော ယုံမှားခြင်း ခြောက်ပါး	၃၉
၃၂။	ဝိပဿနာ၏ဘေးရန် ၁၀-ပါး	၄၀
၃၃။	ဥဒယဘယဉာဏ် ဖြစ်ပေါ်ပုံ	၄၅
၃၄။	ဘင်္ဂဉာဏ် ဖြစ်ပေါ်ပုံ	၄၅
၃၅။	ဘယတုပဋ္ဌာနဉာဏ် ဖြစ်ပေါ်ပုံ	၄၆
၃၆။	အာဒီနဝါနုပဿနာဉာဏ် ဖြစ်ပေါ်ပုံ	၄၆
၃၇။	နိဗ္ဗိဒါနုပဿနာဉာဏ် ရှင်းပေါ်ပုံ	၄၇
၃၈။	မုဉ္စိတုကမ္ယတာဉာဏ် ဖြစ်ပေါ်ပုံ	၄၇
၃၉။	ပဋိသင်္ခါနုပဿနာဉာဏ် ဖြစ်ပေါ်ပုံ	၄၈
၄၀။	သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ပုံ	၄၈
၄၁။	အထက်မဂ်,ဖိုလ်ကို ရရှိပုံ	၅၀
၄၂။	ဉာဏ်အဆင့်ဆင့် တက်၍ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ရောက်ပုံ	၅၀
၄၃။	ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ဥပုသ်ပြုကြပုံ	၅၂
၄၄။	ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏သီတင်းသုံးရာဌာန	၅၄
၄၅။	သမ္မာသမ္ဗုद्ध နှင့် ပစ္စေကဗုဒ္ဓတို့ ခြားနားပုံ	၅၇
၄၆။	နောက်ဆုံးဘဝ ရောက်လျှင်	၅၈

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၇။	ပစ္စေဗုဒ္ဓါအရှင်မြတ်တို့ တရားဟောတော် မူကြပုံ	၅၉
၄၈။	ရဟန်းအသွင် ဖြစ်ပေါ်လာပုံ	၆၁
၄၉။	အများထက်ထူးခြားသော ပစ္စေကဗုဒ္ဓါ	၆၂
၅၀။	ပရဟိတလုပ်ငန်းကို ဆောင်ရွက်တော်မူကြပုံ	၆၂
၅၁။	ဆင်းရဲသားကို သူဌေးဖြစ်အောင် ဆောင်ရွက်ပုံ	၆၂
၅၂။	မာရ်နတ်ရန်ကို တွန်းလှန်ချီးမြှောက်တော်မူပုံ	၆၃
၅၃။	ဒါနကုသိုလ် ထမြောက်အောင် ကြွရောက် ချီးမြှင့်တော်မူပုံ	၆၃
၅၄။	အငတ်ဘေးကြီးမှ ကယ်တော်မူပုံ	၆၃
၅၅။	မင်းဖြစ်အောင် ချီးမြှောက်တော်မူပုံ	၆၅
၅၆။	အယူမှားသူကို အမြင်မှန်ရအောင် ချီးမြှောက် တော်မူပုံ	၆၇
၅၇။	ဆင်းရဲသူကို ချမ်းသာအောင် ချီးမြှောက် တော်မူပုံ	၇၀
၅၈။	အလောင်းတော်ကို မီးသင်္ဂြိုဟ်၍ နတ်ပြည်သို့ ရောက်အောင် ချီးမြှောက်ပုံ	၇၁
၅၉။	မင်း-မိဖုရားတို့၏အလှကိုခံယူ၍ တရားဟော တော် မူကြပုံ	၇၄
၆၀။	သမုဒ္ဒရာတွင်း၌ တွေ့ကြုံရမည့်အန္တရာယ်မှ ကယ်တင်တော်မူပုံ	၈၁

အမှတ်	အကြောင်းအရာ		စာမျက်နှာ
၆၁။	မာန်မာနကိုချိုးနှိမ်၍ ဗျာန်တန်ခိုးရအောင် ချီးမြှင့်တော်မူပုံ	....	၈၁
၆၂။	မင်း-အမတ်တို့အား ချီးမြှောက်တော်မူပုံ	....	၈၃
၆၃။	မြတ်သောအလ္လကို ခံယူတော်မူထိုက်ပုံ	....	၈၄
၆၄။	ပစ္စေကဗုဒ္ဓါ အလောင်းတော်များ	....	၈၆
	၁- ဒေဝဒတ်		
	၂- အဇာတသတ်		
	၃- သုမနုပန်းသည်ယောကျား		
	၄- လယ်စောင့်ယောကျား		
	၅- ဇီးကွက်ငှက်		
	၆- ဦးဆောက်ပန်းလှူသော ယောကျား		
၆၅။	မေတ္တာဗျာန်ကိုအာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	....	၉၃
၆၆။	ဇလာကမီးဘောက်ကို ငြိမ်းဖျောက်တော်မူသော ပစ္စေကဗုဒ္ဓါ	....	၁၀၄
၆၇။	မိတ်ဆွေမဲ့မှုနှင့်အပြစ်ကိုရှုသော ပစ္စေကဗုဒ္ဓါ	....	၁၀၀
၆၈။	တဏှာ၏အပြစ်ကိုမြင်၍ ဝိပဿနာဆင်ခြင် သော ပစ္စေကဗုဒ္ဓါ	....	၁၀၂
၆၉။	သမင်ဘဝကိုအာရုံယူကာ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	....	၁၀၅
၇၀။	တောင်းဆိုပုံများသဖြင့် ငြီးငွေ့ကာ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ	....	၁၂၆

ဦးရေ အကြောင်းအရာ စာမျက်နှာ

၇၁။ သားငယ်သေမှုကို အာရုံပြု၍ ဝိပဿနာ
ရှုသော ပစ္စေကဗုဒ္ဓါ ၁၂၉

၇၂။ ဗြဟ္မစိုရ်တရားကို အာရုံပြု၍ ဝိပဿနာ
ရှုသော ပစ္စေကဗုဒ္ဓါ ၁၃၁

၇၃။ ပရိသတ်ကိုငြိုးငေ့၍ ဝိပဿနာဘာရားရှုသော
ပစ္စေကဗုဒ္ဓါ ၁၃၅

၇၄။ ပျက်စီးသော ပင်လယ်ကသစ်ပင်ကို အာရုံ
ပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၃၈

၇၅။ ပျင်းရိသောစိတ်ကိုအာရုံပြု၍ ဝိပဿနာ
ရှုသော ပစ္စေကဗုဒ္ဓါ ၁၄၁

၇၆။ အပြစ်မရှိအောင်သုံးဆောင်မှုကို အာရုံပြု၍
ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၄၆

၇၇။ လက်ကောက်နှစ်ခုကို အာရုံပြု၍ ဝိပဿနာ
ရှုသော ပစ္စေကဗုဒ္ဓါ ၁၄၈

၇၈။ တွယ်တာမှုတဏှာကို အာရုံပြု၍ ဝိပဿနာ
ရှုသော ပစ္စေကဗုဒ္ဓါ ၁၅၁

၇၉။ နှစ်ကြိမ်နှစ်ခါ လူထွက်ပြီးမှ ဗေဒင်ဉာဏ်ကို
ရသော ပစ္စေကဗုဒ္ဓါ ၁၅၄

၈၀။ အနာကြီးရောဂါဖြစ်ပေါ်မှုကို အာရုံပြု၍
ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၅၇

၈၁။ တပ်မက်မှုတဏှာကို အာရုံပြု၍ ဝိပဿနာ
ရှုသော ပစ္စေကဗုဒ္ဓါ ၁၅၉

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၈၂။	တကောင်တည်းသောဆင်မင်းကိုအာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၆၁
၈၃။	အပေါင်း အဖော်ကို စွန့်ခွာ၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၆၄
၈၄။	ဆင်းရဲကင်းရာနိဗ္ဗာန်ကိုဆင်ခြင်၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၆၈
၈၅။	လိုချင်မှုလောဘကို အာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၇၀
၈၆။	ယုတ်မာသော အဆွေခင်ပွန်းကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၇၂
၈၇။	ဗဟုသုတ ရှိလိုမှုကို အာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၇၅
၈၈။	တန်ဆာဆင်လိုသောလောဘကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၇၉
၈၉။	မင်းလုပ်ရခြင်း၌ အကျိုးမရှိပုံကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၈၀
၉၀။	လောဘနောက်သို့ လိုက်မိပုံကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၈၁
၉၁။	တောမီးနှင့်ငါးကြီးကိုအာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၈၄
၉၂။	သူ့မယားကို စွဲလမ်းမိပုံကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	.... ၁၈၆

မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

၉၃။ သစ်နှစ်ပင်ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၈၇

၉၄။ ရသတဏှာကို အာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ ၁၈၉

၉၅။ ပထမစျာန်ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၉၁

၉၆။ စတုတ္ထစျာန်ကိုအာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၉၂

၉၇။ ဇမ္ဗူဒီပ်တဲကျွန်းလုံး၌ မင်းဖြစ်အောင်ကြံနိုင် သောဉာဏ်ကိုအာရုံပြုကာ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၉၃

၉၈။ ဘုံသုံးပါး၌ဖြစ်သော အပြစ်ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၉၈

၉၉။ လင်ရှိမယား၌ စဲ့လမ်းသော တဏှာကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၁၉၉

၁၀၀။ ခြင်္သေ့,လေ,ကြာတို့ကိုအာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ ၂၀၁

၁၀၁။ ခြင်္သေ့ဟောက်သံကို အာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ ၂၀၄

၁၀၂။ မေတ္တာစသော စျာန်တရားကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ ၂၀၇

၁၀၃။ နောက်ဆုံးဖြစ်သော ပစ္စေကဗုဒ္ဓါ ၂၀၉

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၀၄။	သာလျှင်နား-မသာလျှင် သွားတတ်သော လူသားတို့၏ သဘောထားကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	.... ၂၁၀
၁၀၅။	ပဒုမဝတီ မိဖုရား၏ သား တော်ဖြစ်သော ပစ္စေကဗုဒ္ဓါ ငါးရာ	.... ၂၁၄
၁၀၆။	ဆက္ကနိပါတ် ဒရီမုခဇာတ်လာ ပစ္စေကဗုဒ္ဓါ	.... ၂၁၆
၁၀၇။	သတ္တကနိပါတ် ကုမ္ဘကာရ ဇာတ်လာ လေးဆူသော ပစ္စေကဗုဒ္ဓါ (ပထမ)	.... ၂၂၆
၁၀၈။	ဒုတိယ ပစ္စေကဗုဒ္ဓါ	.... ၂၂၈
၁၀၉။	တတိယ ပစ္စေကဗုဒ္ဓါ	.... ၂၂၉
၁၁၀။	စတုတ္ထ ပစ္စေကဗုဒ္ဓါ	.... ၂၃၀
၁၁၁။	ကောဒဿကနိပါတ် ပါနိယဇာတ်လာ ငါး ဆူသော ပစ္စေကဗုဒ္ဓါ (ပထမ)	.... ၂၃၃
၁၁၂။	ဒုတိယ ပစ္စေကဗုဒ္ဓါ	.... ၂၃၅
၁၁၃။	တတိယ ပစ္စေကဗုဒ္ဓါ	.... ၂၃၅
၁၁၄။	စတုတ္ထ ပစ္စေကဗုဒ္ဓါ	.... ၂၃၇
၁၁၅။	ပဉ္စမ ပစ္စေကဗုဒ္ဓါ	.... ၂၃၉
၁၁၆။	သောဏက ပစ္စေကဗုဒ္ဓါ	.... ၂၄၁
၁၁၇။	သမဏသုခတရား ရှစ်ပါး	.... ၂၄၃
၁၁၈။	မဟာမောရဇာတ်လာ ပစ္စေကဗုဒ္ဓါ	.... ၂၄၉
၁၁၉။	သီချင်းသံကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ	.... ၂၅၁

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၂၀။	မြားဒဏ်ရာဖြင့် ပရိနိဗ္ဗာန် စံရသော ပစ္စေကဗုဒ္ဓါ	.... ၂၅၂
၁၂၁။	ဂင်္ဂါမဟာလ ပစ္စေကဗုဒ္ဓါ	.... ၂၅၄
၁၂၂။	အမျှပေးဝေသင့်ပုံကို ဥပမာဖြင့် ဟောပြသော ပစ္စေကဗုဒ္ဓါ	.... ၂၅၇
၁၂၃။	ပစ္စေကဗုဒ္ဓါအကြောင်း	.... ၂၆၇
၁၂၄။	နိဂုံး	.... ၂၇၀
	နောက်ဆက်တွဲ	
၁၂၅။	ဝတ္ထုပါ ဂါထာအနက်များ	.... ၂၇၃

မာတိကာ ပြီး၏။

နိဒါန်း

●

သဗ္ဗညူဘုရားရှင်များလောက် ဘုန်းတန်ခိုးမတောက်ကြသော်လည်း သာဝကအသီးသီးများထက်ကား ဘုန်းတန်ခိုးကြွယ်လှသော ဘုရားငယ်ခေါ် ဘုရားတဆူရှိ၏။ ယင်းဘုရားမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ် ဖြစ်လေသည်။

သာဝကများသည် ဘုရားစသော တပါးသူတို့ထံတွင် တရားဓမ္မကို နာခံမှတ်သားရုမှ မဂ်,ဖိုလ်ကို ရနိုင်ကြသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်များမှာမူ ဘုရားစသော သူတပါးတို့ထံတွင် တရားဓမ္မကို နာခံမှတ်သားနေရန်မလိုဘဲ သဗ္ဗညူဘုရားရှင်များကဲ့သို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ကာ မဂ်,ဖိုလ်ကိုရနိုင်ကြသည်။

ယင်းသို့ သစ္စာလေးပါးကို ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် ကိုယ်တိုင်ထိုးထွင်း၍ သိမြင်နိုင်ကြခြင်းကြောင့်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်များကို ဘုရားဟုပင် ခေါ်ဆိုကြသည်။

သို့ရာတွင် သဗ္ဗညူဘုရားရှင်များက ဘုန်းတန်ခိုးအရာ ဉာဏ်ပညာအရာတွင် ကြီးကျယ်တော်မူကြ သကဲ့သို့ ပစ္စေကဗုဒ္ဓါအရှင်မြတ်များကမူ ဘုန်းတန်ခိုးအရာ ဉာဏ်ပညာအရာများတွင် သေးငယ်တော်မူကြသည်။

ယင်းအကြောင်းကို အစဲ့ပြုကာ သဗ္ဗညူဘုရားရှင်များကို ဘုရားကြီး၊ ပစ္စေကဗုဒ္ဓါဘုရားရှင်ကို ဘုရားငယ်ဟု သူ,ငါအများ ပြောဆိုကြခြင်း ဖြစ်လေသည်။

မည်သို့ပင်ဆိုစေ စာပေ ကျမ်း၀နှင့် မျှားတွင် မူ ဘုရားကြီး, ဘုရားငယ်ဟူသော အသုံးအနှုန်းမျိုးကို မတွေ့ရှိရပေ။

ပစ္စေကဗုဒ္ဓါဟု သူ,ငါ အမျှား၏ နှုတ်ဖျားတွင် လွယ်လွယ်ပင် ပြောဆိုနေကြသော်လည်း-

၁။ အဘယ်ပုဂ္ဂိုလ်မျိုးကို ပစ္စေကဗုဒ္ဓါဟု ခေါ်ဆိုပါသလဲ။

၂။ အဘယ်တရားကို အဘယ်ပုံဖြည့်ကျင့်ပြီး ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်ကြပါသလဲ။

၃။ ပစ္စေကဗုဒ္ဓါ အရှင်မြတ် မျှားသည် "ဣဒ္ဓိတံ ပတ္ထိတံ" စသော နှစ်ဂါထာကိုသာ ဟောကြားနိုင်၏ဟု ပြောဆိုကြသည်မှာ မှန်ကန်ပါသလော။

၄။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်မျှားသည် မိမိ၏အကျိုးကိုသာ ဆောင်ရွက်ပြီး သူတပါးတို့၏အကျိုးကို မဆောင်ရွက်ကြဟု ပြောဆိုသည်မှာ မှန်ကန်ပါသလော။

၅။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်မျှားသည် သာသနာတွင်း သာသနာပ နှစ်ဌာနတို့တွင် အဘယ်ကာလ၌ ပွင့်တော်မူကြပါသလဲ။

၆။ သင့်ညွှန် ဘုရားရှင် မျှားနှင့် တခြိန်တည်း၌ အတူတူပွင့်တော်မူကြပါသလော။

၇။ ပစ္စေကဗုဒ္ဓါအလောင်းတော်မျှားသည် ဝိပဿနာတရားကို ပွားများကြပါသေးသလော၊ ပွားများကြလျှင် အဘယ်ပုံ ပွားများကြပါသလဲ။

၈။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်မျှားသည် သတ္တဝါများကို မဂ်, ဖိုလ်,နိဗ္ဗာန်ရအောင် တရားဓမ္မများကို ဟောပြနိုင်ကြပါသလော။

၉။ ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် ဥပုသ်ပြုကြ ပါသေး သလော၊ ပြုလျှင် အဘယ်ပုံပြုကြပါသလဲ။

၁၀။ ဂေါတမဘုရားရှင် လက်ထက်တော်တွင် ပစ္စေကဗုဒ္ဓါ အလောင်းအလျှာများ ပေါ်ပေါက်ပါသလော၊ ပေါ်ပေါက်လျှင် အဘယ်သူများ ဖြစ်ကြပါသနည်း။

၁၁။ အခြားက ဒေဝဒတ်နှင့် အဇာတသတ်ကို ပစ္စေကဗုဒ္ဓါ အလောင်းအလျှာဟု ပြောဆိုနေကြသည်မှာ မှန်ကန် ပါသလော။

စသည်ဖြင့် တဦးတယောက်က မေးမြန်းလာပါလျှင် ပြည့်စုံ အောင် ဖြေကြားနိုင်ဘို့ရန် ခဲယဉ်းကြပေလိမ့်မည်။

အဘယ့်ကြောင့် ဆိုသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ အကြောင်းအရာများသည် တစု တလုံးတည်း မနေဘဲ ဟိုကျမ်း တစု ဒီကျမ်းတစုဖြင့်သာ ပြန့်ကြဲနေသောကြောင့် စုံလင်အောင် ရှာဖွေကြည့်ရှုနိုင်ဘို့ရန် ပိဋကတ်စာပေ အခြေခံရှိ သူမှ တပါး အခြားသူများမှာ မလွယ်ကူလှသောကြောင့် ဖြစ်သည်။

မှန်ပေ၏၊ ဘုရားရှင်သည် ပစ္စေကဗုဒ္ဓ အပဒါန်, သုဘူတိပါတ်, ခဂ္ဂဝိသာဏသုတ, ဥပရိပဏ္ဏာသ ဣသိဂိလိသုတများ၌သာ ပစ္စေက ဗုဒ္ဓါတို့၏ အကြောင်းအရာများကို ပေါင်းစုကာ ဟောကြား တော်မူသည်။

တပါးသော ဇာတ်နိပါတ်စသော ဒေသနာများ တွင်ကား အကြောင်းအရာ စပ်ဆိုင်လာမှသာလျှင် အနည်းအပါး ဟော ကြားတော်မူလေသည်။

သို့သော် ဤကျမ်းကို ဘတ်ရှလေ့လာကြည့်ပါက အထက်ပါ ပုစ္ဆာမျှားကို ဖြေကြား နိုင် ဘို့ရန် ခဲယဉ်းစရာ ရှိကြတော့မည် မဟုတ်ချေ။

မည်သို့ပင်ရှိစေ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အကြောင်းအရာ များကို နားလည် သိရှိအောင် ဘတ်ရှ လေ့ လာ သား ရ မည် မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်မှန်သမျှတို့၏ တာဝန်တခုဖြစ်ကြောင်း ကိုကား မည်သူမျှ ငြင်းဆိုနိုင်ကြမည်မဟုတ်ပေ။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အကြောင်းအရာများကို ဘတ်ရှ လေ့လာကြည့်လျှင် စိတ်ဝင်စားဘွယ်ရာများနှင့် အတုယူဘွယ်ရာ ကြည်ညိုဘွယ်ရာများကို အများအပြား တွေ့ရှိကြရမည်ဖြစ်သည်။

မည်သည့် အလောင်းတော်ကြီးပင် ဖြစ်စေ၊ မည်မျှလောက် ပါရမီဉာဏ် ရင့်သန်နေသည်ပင် ဖြစ်စေ၊ ပါရမီဉာဏ် မဖြစ်ပေါ် လာသေးမီအတွင်းမှာကား သူလိုငါလို သာမန်ပုဂ္ဂိုလ်တယောက် ကဲ့သို့သာ ရှိသေးပုံကို ဆန်းကြယ်စွာ တွေ့ကြရမည် ဖြစ်သည်။

အရှင်မြတ်များ သံဝေဂဉာဏ် ဖြစ်ပေါ်ကြရာတွင် တဦးနှင့် တဦး ကွဲပြားမှုရှိကြသကဲ့သို့ မတူညီဘဲ ကဲ့ပြားမှုလည်း ရှိကြသည်။ ယင်းသို့ မတူညီဘဲ ကဲ့ပြားနေမှုသည်ပင် သူ,ငါ အများအတွက် စိတ်ဝင်စားစရာအချက်ဟု မဟုတ်ပါလော။

မည်သည့်ပုဂ္ဂိုလ်ချိုးမဆို မဂ်,ဖိုလ်ကို ရရှိကြရာတွင် သံဝေဂ ဉာဏ်မှတဆင့် တက်ကာ-တက်ကာ ဖြစ်ပေါ်၍ လာကြရသဖြင့် ယင်းဉာဏ်သည် အမြင်တောသဖွယ် မဂ်,ဖိုလ်၏မူလအခြေခံကျသော ဉာဏ်ဟု ဆိုရမည်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် မည်မျှပင် ပါရမီဉာဏ်ရင့်သန်နေကြသော်လည်း သံဝေဂဉာဏ် မပေါ်ပေါက်သေးပါက နိဗ္ဗာန်ဉာဏ်များ မဖြစ်ပေါ်ကြပေ။ သံဝေဂဉာဏ် ဖြစ်ပေါ်လာမှသာလျှင် ကာမဂုဏ် ဘုံဘဝများ၌ ငြီးငွေ့သော နိဗ္ဗာန်ဉာဏ် ဖြစ်ပေါ်လာရသည်။ နိဗ္ဗာန်ဉာဏ်ဖြစ်ပေါ်မှ ကာမဂုဏ် ဘုံဘဝများမှ ထွက်မြောက်လိုသော မုဠိတုကမျတာဉာဏ် ဖြစ်ပေါ်လာရသည်။

ဂင်း မုဠိတုကမျတာဉာဏ်မှ တဆင့် သခ်ါရ တရား အစုကို ဝိပဿနာ ရှုဆင်ခြင်ကာ မဂ်,ဖိုလ် တရားများကို ရရှိနိုင်ကြသော ကြောင့် ဖြစ်လေသည်။

မှန်၏၊ သဗ္ဗညုဗုဒ္ဓ အလောင်းတော်ကြီးများသည်ပင် ဘုရားဖြစ်မည့် နောက်ဆုံးဘဝတွင် မိမိတို့ အလို အလျောက် သံဝေဂဉာဏ်မပေါ်ပေါက်ကြသဖြင့် နတ်,ဗြဟ္မာအများက သံဝေဂဉာဏ် ဖြစ်ပေါ်အောင် နိမိတ်ကြီးလေးပါးကို ပြပေးကြရသည် မဟုတ်ပါလော။

ယင်းသို့လျှင် ဟိုကျမ်းတွင်တစု၊ ဒီကျမ်းတွင်တစုဖြင့် ပြန့်ကြဲနေသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အကြောင်းအရာများကို တပေါင်းတစုတည်း လှယ်လှယ်ကူကူ ကြည့်ရှုမှတ်သား သဒ္ဓါပွားနိုင်ကြစေလိုသောကြောင့်ဂင်း၊ ပစ္စေကဗောဓိဆုကို ပန်ဆင်လိုကြသော သူတော်ကောင်းများအတွက် သိရှိရမည့် အချက်များကို သိရှိရအောင် အထောက်အပံ့ဖြစ်စေလိုသောကြောင့်ဂင်း၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ၏ သံဝေဂဉာဏ်ဖြစ်ပေါ်ကြပုံကို အတုယူကာ မဂ်,ဖိုလ်၏ အခြေခံဖြစ်သော သံဝေဂဉာဏ်ကို ဖြစ်ပေါ်စေလိုသောကြောင့်ဂင်း အနှီသို့သော ရည်ရွယ်ချက်များကြောင့် ဤကျမ်းစာကို ရေးသားရခြင်း ဖြစ်ပေသည်။

နိဒါန်း

ဆိုကြောင့်-

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အကြောင်းအရာများကို လွယ်ကူစွာ ဘတ်ရှုမှတ်သားကြပြီး သဒ္ဓါတရား တိုးပွားကြပါစေ။

ပစ္စေက ဗောဓိ ဆုကို ပန်ဆိုလိုသူများ အတွက် ကထောင့်တနေရာက အထောက်အကူ ဖြစ်နိုင်ကြပါစေ။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏အခြေခံဖြစ်သော သံဝေဂဉာဏ်ကို ရရှိနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

၎ ၀ ၀

အရှင်ဂဏ္ဍာဘိ၀ံသ။

ပစ္စေကဗုဒ္ဓဝင်၌ ကျနုပ်အမြင်

ပစ္စေကဗုဒ္ဓဝင်၌ ကျနုပ်မြင်သည်ကား-

ရှေပိုင်းသာသနာ စည်ပင်ထွန်းကားရာ အညာမြေမှ ဆရာမထေရ်တို့သည် ဗုဒ္ဓဝင်စာပေအဖြာဖြာ ထေရာ-ထေရီ အရပ်ရပ် ဇာတ်, နိပါတ်အသွယ်သွယ် သိမှတ်ဖွယ် ခန်းအလီလီဖြင့် စာပန်းချီချယ်ခဲ့ကြပေသည်၊ သို့တစေ ထိုမထေရ်တို့သည် ပစ္စေကဗုဒ္ဓဝင်ကို ကား ကပုဒ်တစင်ဖြင့် သရုပ်ထင်အောင် ပုဒ်စဉ်ဆောင် မပြုခဲ့ကြပေ၊ ပစ္စေကဗုဒ္ဓဝင်အတွက် ရုပ်သွင်မထွက်၍ ဘုတ်စင်, မတက်နိုင်ပဲ ရှိခဲ့ရလေသည်။

ရှုစရာအချက် ဥပမာဖက်သော်ကား- မြတ်ဘုရားသည် နတ်အမျှားကို အဘိဓမ္မာဟောစဉ်က ကထာဝတ္ထုကျမ်းကို ဟောရန် သဘောဝင်ခဲ့သော်လည်း ဟောတင်တော်မမူခဲ့ပါ၊ခေျ။

အကြောင်း ရှာသော် နှောင်းအခါ တတိယ သံဂါယနာ၌ ရှင်မဟာမောဂ္ဂလိပုတ် ထေရ်ကျော်က အနေလျော်အောင် အဖြေတော်ပေးမည်မို့ အတွေးမှိုက၁ တခါညွှတ်ရှု၍ ကထာဝတ္ထု အဘိဓမ္မာကို အမိမာတာ အမြတ်ထား၊သော နတ်အမျှား၊ဒေဝါတို့အား မြတ်ဘုရား၊ဝေဖြာလျက် ဒေသနာ ရှေဗျာကွန့်၍ လွှန်တော်မမူခဲ့ပါ၊ခေျ။

ဂင်းပြင်တသီး ဝိနည်း၊ဂါ၊ကျမ်း အရှိစာမှာ ပရိဝါကို အဘိမှောလို အသိဖညာပိုဘို့အတွက် ချန်ခဲ့လေသည်၊ သံဂါယနာတင် နောက်အရှင်တို့သည် ကောက်ငင်ကာ ဝိနည်းမှ စုစည်း၍ အသီးဖြာဘို့ ပရိဝါကို ပြုခဲ့ကြပေသည်။

ထိုအတူ ရှေးဆရာတော်တို့သည် နောက်ပေါ် ပညာကျော်တို့အတွက် ထင်စွာဖော်ဘို့အချက်နှင့် ပစ္စေကဗုဒ္ဓဝင်ကို သရုပ်ထင်အောင် မမြင်စေခဲ့ကြဟုဆိုလျှင် စောဒနာတင်၍ သဘောစာဝင်သဖြင့် ပြောစရာပင် မရှိတော့ပါချေ။

ပစ္စေကဗုဒ္ဓါအရှင် စာပေ တင်ရသည်မှာ စာပေရှင်အတွက် လွယ်ကူသည်ဟုမဆိုနိုင်ပါ၊ ဗုဒ္ဓအရှင်တော်က ညီတော်အာနန္ဒာရဲ့ ကြံဖန်ကာပြောကြားချက်ဖြင့် ဟောတရားတက္ကဿ ဖွင့်ခဲ့ပေသည်၊ စာပေရှင်က ထိုအမြင်မပျောက်အောင် အစဉ် လျှောက်ခဲ့ရသည့်ပြင် အဌကထာအရပ်ရပ် နိပါတ်အထွေထွေ စာပေအလီလီ စိတ်ရှည်ရှည်ထား၍ မျက်စိကစား၍ ပြန်လေသည်၊ ဤသို့မှ ဤစာလူထူရဲ့မျက်နှာစာတွင် ထွက်လာနိုင်ပေလိမ့်မည်။

စာပေရှင်သည် ဗုဒ္ဓဝင်ကို သရုပ်မြင်အောင် 'ပုဒ်စင်ကျ နဖောင်ဒေးရှင်းချသည်။ ၎င်းနောက် ပစ္စေကဗုဒ္ဓါ၏ ကိလေသာကုန်စင်အောင် ဉာဏ်စဉ် တက်လျှက် ရှုကွင်းရှုကွက်ဖော်၍ ရှုပုံအလီလီကို ပြဆိုထားပေသည်။

ပစ္စေကဗုဒ္ဓါဝတ္ထုသည် ဘုရား သာသနာအပမှာ အမျှားအပြား ပွင့်တော်မူကြရာ တပါးနှင့်တပါး ပစ္စေကဗုဒ္ဓါချင်း ရှုကွက် ခြားကြ ပေသည်။

အချို့ ပစ္စေက ဗုဒ္ဓါတို့သည် ကာမဂုဏ်အာရုံအချက် လာပုံ အပျက်ကိုရှုရ၍ ပစ္စေကဗုဒ္ဓါဖြစ်ကြသည်၊ အချို့က အနီးအပါးမှာ ခစား ဝန်းရံသူတွေ အပေါက်အစမျှား စကားနားငြီး၍ တရားမှီးပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သည်၊ အချို့က သစ်နှစ်ပင် ဖြစ်စဉ်ခြားအမြင်တရားရောက် ဝိပဿနာပေါက်၍ဌင်း၊ အချို့က သူတပါး

မယားကိုမက် တဏှာကိုစိတ်ပျက်၍ နှိပ်စက်ပုံသဘော မနောမှာ ထင် တောဝနာဝင်၍ မြိုင်ခွင်မှာခို ဝိပဿနာကိုရှု၍ရင်း၊ အချိုက စားရေးသောက်ရေး နောက်ကံပေးလည်း အရေးမပြေ အနေ မကျ၍ရင်း ပစ္စေဗုဒ္ဓါ ဖြစ်သွားကြသည်၊ ထိုကို ကျမ်းဆရာက တခန်းတဖြာဖွင့်၍ ပြထားပေသည်။

ရှေးယခင်က အတွေး ဝင်ကြသည်ကား ပစ္စေကဗုဒ္ဓါ ဆိုရင် သရုပ်ထင်အောင် တရားပင် မဟောတတ်၊ ဣဒ္ဓိတံ-ပတ္ထိတံ-တုယ္ဟံ နှင့် ဂုဏ်ဟန်ပြ၍ ဘုံစံဘဝ အစသတ်သွားပေသည်ဟု ထင်မြင်နေ ကြသည်၊ အထင်နှင့်အမြင် အစဉ်သင့် ဆင်ခြင်နိုင်အောင် ကျမ်း အမြင်ပိုဌကနှင့် ညှိဆကာ တိကျစွာ ဖော်ပြထားသည်ကို တွေ့ရ ပေသည်။

ဤကျမ်းသည် ပစ္စေကဗုဒ္ဓါအကြောင်းသိကောင်းစရာ အဖြာ ဖြာပါဝင်၏၊ သုတေသီတို့အတွက် နှစ်သက်ကြည်နူး ဦးမြူးစရာပင်၊ တကြိမ်တခါမျှ သီးသန့် မပေါ်ပေါက်ဖူး သေးသော ကျမ်းစာ ဖြစ်သည်။

ကျမ်းပြု အရှင်သည် မှာတမ်းတခု တင်သလို စာပန်း, အနု, အယဉ်ကို အသုံးမမျှား စကားလုံးမကြွား၊ ဆိုလိုရင်း အဓိပ္ပာယ် ကို အကျယ်မသွင်း ရေးသားပုံစင်းစင်းဖြင့် ဘွင်းဘွင်းနှင့်ရှင်းရှင်း ကြီးဖော်ပြသွားပေသည်။

ဤကျမ်း ဖြစ်ပေါ်လာခြင်း၏ အ ကြောင်းရင်းက ဘော့ အပေါင်းအသင်းပြေချော စာပေသဘောတွင် လိုအင်ကိုမျက်ခြေ မပြတ် ကြည့်ရှုတတ်သော ကိုးထပ်ကြီးဘုရား 'ပညာဆောင်ခြည်' စာပေဖြန့်ချိရေးဌာန ပိုင်ရှင်-ဦးတင်အောင် နှင့် ဒေါ်ခင်နုတို့

ဇနီးမောင်နှံပင်ဖြစ်ပေသည်၊ စာပေချစ်တို့အတွက် စာပေသစ်ကို ရှုပ်လုံးပေါ်အောင် ဖော်သည့် နေရာ မှာတော့ မကြောက်မရွံ့ နောက်မတွန့်သော သူတို့ပင်၊ သူတို့အတွက် နှင့် စာပေသစ်တွေ အမျိုးအပြား ပေါ်ထွက်ခဲ့သည်၊ သူတို့၏ တောင်းပန် မှုဖြင့် အကြောင်းခံပြုကာ နွေရတု သစ်အဆန်းမှာ ပစ္စေက ဗုဒ္ဓဝင် ဇာတ်ပန်းသည် ပွင့်လန်းလာပါပြီ။

ဓမ္မစေတီတခု တည်ဆောက်ရာမှာ-

၁။ ကျမ်းပြုသူ အရှင်ဣန္ဒာဘိဝံသ၊

၂။ ကျမ်းပြုစုရေးအတွက် လျှောက်ကြား၊ ငွေကြေးများဖြင့် ရှုပ်လုံးပေါ်အောင်ဖော်ဆောင်သော 'ပညာရောင်ခြည်' စာ ပေ ဖြန့် ချိ ရေး ဌာ နု ပိုင်ရှင် - ဦးတင်အောင် နှင့် ဒေါ်ခင်နု၊

၃။ စာပေစင်တွင် စာပေဝင်အောင် တည်းဖြတ် ပြင်ဆင် ပေးသူ ကျနော်၊

၄။ စာတည်းဆရာ ပုံစံလွှာအတိုင်း သမိုင်းစံတင် အံဝင် ဂွင်ကျ ဖြစ်အောင် သရုပ်ဆောင်သော 'ဇာတ်' စာပုံနှိပ် လုပ်ငန်းပိုင်ရှင်-ဦးကြီးမောင် နှင့် ဒေါ်အေးမြိုင်၊

ဤလေးဦးသားတို့ပင် ဖြစ်ပေသည်။

လေးဦးသားတို့ တည်ထားသော ပစ္စေကဗုဒ္ဓဝင် သမုတ်တွင်သော မွေစေတီတော်ကား နွေရတု ဆန်းသစ်စမှာ ပြီးမြောက်ခဲ့ပေပြီ၊ ပူဇော်သူတွေ တမျိုးလဲ, ကိုးကွယ်သူတွေ တန်ခိုးထ ပြိုးကြွယ်သောအကျိုးကို ရကြပါလိမ့်မည် တမ်း။

ဥပ္ပန္နောဝတ ပစ္စေက၊ ဗုဒ္ဓံသော ဇိနောဝါဒေ။
ကတော ဣန္ဒြာဘိဝံသေန၊ ဇေယျဝတိ နိဝါသိနာ။

ဇေယျဝတီနိဝါသိနာ၊ ဇေယျဝတီ ရှေဘွဲ့ချိသည် နေပြည်လိုက်ဖြာ သုမိုက်သာသည့် တိုက်ဘာအရာမ်ဌ် စံပျော်ရှေမ္မေ နေလေ့ရှိပေသော။ ဣန္ဒြာဘိဝံသေနု၊ အရှင်ဣန္ဒြာဘိဝံသ ဘွဲ့မည်ရသည့် ဇေယျတံခွန် ထေရ်အမှန်သည်။ ကတော၊ ရေးသားဘီထုင် စီရင်အပ်သော။ ပစ္စေကဗုဒ္ဓဝံသော၊ ပစ္စေကဗုဒ္ဓဝင် သမုတ်ဘွင်၍ ရုပ်သွင်ဘမ်းသာ အဆန်းဖြာသည့် ကျမ်းစာ အထူးသည်။ ဇိနောဝါဒေ၊ ငါးမာရ် အောင်မြင် အခေါင်နှင်၍ ရောင်ရှင်လျှမ်းဖြာ သာသနာတော်ဌ်။ ဥပ္ပန္နော ဝတ၊ မဖြစ်စဘူး အသစ်ထူး၍ နှစ်ဦးမှီစွာ ဖြစ်ပေါ်လာခဲ့လေပြီတကား။

ဦးထွန်းသိန်း(မမ္မာစရိယ)

ပဏာမနှင့် ပဋိညာဉ်

●

အဂ္ဂံ သာဝကပစ္စေက၊
ဇုဒ္ဓေဟိ ဒသဉ္ဘိကံ။
ဓမ္မုက္ကဋ္ဌံဂဏ္ဌုတ္တမံ၊
ဝန္ဒါမိ သိရသာဒရံ။ ။
ပညာဒဇ္ဇုန ဂေါပေန္တိ၊
ဗဟုကာရံ မဟာစေရံ။
ကဿံ ပစ္စေကဗုဒ္ဓ၊
ဝံသံ ဂန္ဓတော ဥဒ္ဓရံ။ ။

အဟံ၊ ရုပ်နာမ်နှစ်ဖြာဝါးခန္ဓာကိုင်ဟုဘုရားမုတ်အကျွန်ုပ်သည်။ သာဝကပစ္စေကဗုဒ္ဓေဟိ၊ ဘုရားဟောရာ ကျမ်းရှေစာကို ကြားနာ ကျင့်ငြား တပည့်များနှင့် လေးပါးသစ္စာ ပန်းရှေကြာကို ဆရာ မရှိ ကိုယ်တိုင်သိသည့် မုနိတဖြာ ပစ္စေကာတို့ထက်။ အဂ္ဂံ၊ ပါရမီ ဉာဏ် လွန်ထက်သန်သဖြင့် ပြိုင်စံဘက်ကင်း မြင့်မြတ်ခြင်း ရှိတော် မူသော။ ဒသဉ္ဘိကံ၊ ပစ္စေကဗုဒ္ဓါသာဝကာတို့ ဘယ်ခါမရ ထူး မြတ်လှသည့် ဆယ်ဝသောဉာဏ် ဆယ်တန်အာဂုရှိ မုနိထွဋ်တင် သဗ္ဗညုဘုရားရှင်ကိုလည်းကောင်း။ ဥတ္တမံ၊ ဝါဒထူးထောင် လူတို့ ဘောင်တွင် မြားမြောင်ဆရာ ဟောကာညွှန်ပြ မေမှုသမျှထက် ဆထက်လွန်ကျူး ဂုဏ်ထူးထွေတွေ ရှိခဲတော်မူသော။ ဓမ္မံ၊ ဒသ ကိလေ အညှိုဓာတ်ကို တိခြောပယ်သတ် ငြိမ်းစေတတ်သည့် ဆယ်ရပ် အကျော် တရားတော်ကိုလည်းကောင်း။ ဥတ္တမံ၊ လေးတန်သစ္စာ

ဖုံးပိတ်ကာသည့် အဝိဇ္ဇာမှောင် နယ်ခွဲကောင်ကို အပြောင်သုတ်သင် ခုတ်ထွင်တော်မူကြသော။ ဂဏံ၊ သုပ္ပဋိပန္နော စသောကိုးဝ ဂုဏ်မျိုးခသည့် မြတ်လှထေရ်ကျော် ရှစ်ယောက်သော အရိယာသံဃာတော် အပေါင်းကိုလည်းကောင်း။ အာဒရုံ၊ဂုဏ်တော်အာရုံ စိတ်မှာထုံ၍ ကြည်ယုံလေးနာ ရိုသေစွာ။ သိရသာ၊ ခန္ဓာငါးဖြာ ကိုယ်အင်္ဂါတွင် သူ-ငါအမျှားသတ်မှတ်ထားသည့် လေးပါးခာတ်ပေါင်း မြတ်ဦးခေါင်းဖြင့်။ နမာမိ၊ ဒုး, လက်, နဖူး ထိငါးဦးဖြင့် ကြည်နူးသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

နမိတ္တာ၊ သဒ္ဓါဇောမြတ် သောမနသ်ဖြင့် ထင်ထပ်ရိုကျိုး ရှိခိုးပြီး၍။ ပညာဒဠေန၊ ပိဋ္ဌကတ်စာပေ ကျမ်းထွေထွေကို အခြေခံကျ နည်းမှန်ရအောင် ပို့ချသင်စေ ပေးဝေတော်မူသဖြင့်။ ဂေါ ပေန္ဓံ၊ အထိုက် အလျောက် ပေါက်ရောက် ကျမ်းကျင် လူရာဝင်အောင် အစဉ် စောင့်ရှောက် ချီးမြှောက်တော် မူကြပေသော။ ဗဟုကာရုံ၊သင်ပြပေးဘူး ကျေးဇူးကြီးမားကြသော။ မဟာစေရုံ၊ စ၍သင်လာ ငယ်ဆရာနှင့် တဖြာသို့နောက် နည်းစုံပေါက်အောင် ချီးမြှောက်ညွှန်ကြား ဆရာများကို။

ဝါ။ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဇေယျဝတီတိုက်၊ဆရာတော် ဘုရားကြီးကို အဦးထားကာ အာဒီဘူတ ကျေးဇူးတော် ကြီးမားလှသော သရက်ခရိုင်၊ ကမ္မမြို့နယ်၊ ရေနံ့သာကျောင်းဆရာတော်

ဒုတိယ-ကမ္မမြို့၊ ယွန်းကျောင်းတိုက်၊ ဆရာတော် ဘုရားကြီးနှင့်၊ စာချဆရာတော် ဦးကုဏ္ဍလ၊

တတိယ-ဓနုဖြူမြို့၊ ညောင်ချောင်းရွာ၊ ကျောင်းသစ်ကျောင်း ဆရာတော် နှင့် စာချဆရာတော် ဦးပဏ္ဍဝါဘိဝံသ၊ ဦးဣန္ဒာဝုဓာဘိဝံသ။

စတုတ္ထ-ရန်ကုန်မြို့၊ အလယ်တောရ- ပါဠိတက္ကသိုလ်ကျောင်း ဆရာတော်။ ဗာ က ရား တောရ- ပါဠိတက္ကသိုလ် ကျောင်းဆရာတော်။

မန္တလေးမြို့၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးနာရဒ၊ ဆရာတော်ဦးကြယ်အုံစရိုသောဆရာတော်များနှင့် နည်းများမဟာ ပညာသင်ယူရာတွင် အကူအညီ အထောက်အပံ့ ပေးတော်မူခဲ့ကြ သော အနန္တဂိုဏ်းဝင်ဆရာအရှင်များကို။ အာဒရံ၊ကျေးဇူးတော် ဂုဏ် စိတ်မှာထုံ၍ ကြည်ယုံလေးနာ ရှိသေစွာ။ သိရသာ၊ ရှေးရှု ညွှတ်ပျောင်း မြတ်ဦးခေါင်းဖြင့်။ နမာမိ၊ ရှိသေမြတ်နိုး ဦးညွှတ် ကျိုးကာရှိခိုးပါ၏။ နမိတ္ဝာ၊ရိုသေမြတ်နိုး ရှိခိုးပြီး၍။ ဂန္ဓတောဝ၊ ဘုရားမုဂ္ဂပါဠိထိုထိုသို့သောကျမ်းဂန်အရပ်ရပ်မှ။ဥဒ္ဒရံဥဒ္ဒရန္တောဝ၊ ပြန်ကျဲနေရာ ကြောင်းများစွာကို ပေါင်းကာယှဉ်ပြူ ထုတ်ဆောင် စုလျက်။ ပစ္စေကဗုဒ္ဓဝံသံ၊ တရားအားလုံးသိမ်းကျုံးသိမြင်ဘုရား ရှင်နှင့် အသင်္ဂမဘူ တမူသိတတ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ဘို့၏ ဖြည့်အပ်ပါရမီ အစချီကာ ကြောင်းခြင်းရာကို မှန်စွာထုတ်ဆင် ပစ္စေက ဗုဒ္ဓဝင် ကို။ ကဿ-ကရိဿာမိ၊ ပိဋ္ဌကတ်စာပေ အခြေ နည်းပါး သူတော်များတို့ မှတ်သားလွယ်ရန် စိတ်အကြံဖြင့် ကောန် လေးစား ရေးသားပါတော့အုံ့သတည်း။



ပဋ္ဌာန် ပုဒ်ဝင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

●

အရှင်အာနန္ဒာ လျှောက်ထားသဖြင့် ပစ္စေကဗုဒ္ဓါအကြောင်း သိရခြင်း

ဘုရားရှင်ကိုယ်တော်မြတ်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံနေတော်မူခိုက်ဘုရင်အရှင်အာနန္ဒာမမထေရ်က ဘုရားရှင်အား ဤသို့ လျှောက်ထားလေသည်။

မြတ်စွာဘုရား-ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည်အဘယ်ကဲ့သို့သဘောရှိကြပါသနည်း။ အဘယ်ဘုရားများကို ဖြည့်ကျင့်အားထုတ်ကြ၍ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ကြပ သနည်း။

အာနန္ဒာ-ပစ္စေကဗုဒ္ဓါ အရှင်မြတ်များသည် ကြီးရှေးသော ဘုရားရှင်တို့ထံတွင် ပစ္စေကဗောဓိဉာဏ်ကို ပန်းတိုင်ကြပြီး သတ်မှတ်ထားသောကာလပြည့်စုံအောင် ဒါန,သီလစသော ပါရမီတရားများကို ဖြည့်ကျင့်ခဲ့ကြသည်။

နောက်ဆုံးဘဝတွင် ပစ္စေကဗုဒ္ဓါ အလောင်းတော်များသည် ပါရမီဉာဏ် ရင့်သန်လာကြသဖြင့် သင့်လျော်ဘုရားရှင်တို့ထံမှ သစ္စာ

လေးပါးနှင့်စပ်သော တရားစကားကို နာကြားနေရန် မလိုဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းရှာသိကာ ပစ္စေက ဗုဒ္ဓါအဖြစ်သို့ ရောက်ကြသည်။

အာနန္ဒာ-ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် ဘုရားရှင် သာသနာတော်တွင်း၌ မဖြစ်ပေါ်ကြဘဲ သာသနာပ အခါများ၌သာ ဖြစ်ပေါ်ကြသည်။

ပစ္စေဗုဒ္ဓါအရှင်မြတ်များသည် သဗ္ဗညုဘုရားရှင်များလောက် မြင့်မြတ်တော်မူခြင်းကားမရှိ၊ သို့သော် အခြားသောသူတို့ထက်မူ မြင့်မြတ်ပေ၏- စသည်ဖြင့် ဘုရားရှင် ဟောပြတော်မူ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ၏ အကြောင်းအရာကို အရှင်အာနန္ဒာလျှောက်ထားရသည်မှာ- သဗ္ဗညုဘုရားရှင်များနှင့် သာဝကများ၏ အကြောင်းအရာများမှာ ဗောဓိဆုကိုပန်ဆင်ချိန်မှ စ၍ ပရိနိဗ္ဗာန် စံဝင်သည့်တိုင်အောင် ထင်ရှားကြသော်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်များ၏ အကြောင်းအရာများမှာမူ မထင်ရှားသောကြောင့် ဖြစ်ပေသည်။

အရှင်အာနန္ဒာ အကြံရပြီး လျှောက်ထားသဖြင့်သာ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ၏ အကြောင်းအရာကို ဤမျှ သိရှိခွင့်ရကြပေသည်။

အကယ်၍သာ အရှင်အာနန္ဒာ မလျှောက်ထားခဲ့ ပါလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကလည်း ဟောကြားတော်မူမည်မဟုတ်သဖြင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ အကြောင်းအရာကို ဤမျှလောက်ကိုပင် သိရှိခွင့်ရကြတော့မည်မဟုတ်ပေ။

ပစ္စေကဗုဒ္ဓါများ မထင်ရှားပုံ

သဗ္ဗညုဘုရားရှင်များမှာ တချိန်တည်း၌ ဂုဏ်ရည်တူ ပုဂ္ဂိုလ် ဆို၍ တဦးတယောက်မျှမရှိဘဲ မိမိတဦးထည်းသာ ဖြစ်ရိုးထုံးစံရှိ ကြသော်လည်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်များမှာမူ ယင်းကဲ့သို့ မဟုတ်ကြပေ။

တဆူ,နှစ်ဆူမှစ၍ ငါးရာဇ ထောင်စသည့်တိုင်အောင် တချိန်တည်း၌ စုပေါင်းကာ ဖြစ်တော်မူကြလေသည်။

ထိုသို့ များစွာဖြစ်ပါလျက် အဘယ့်ကြောင့် သိသူနည်းပါး မထင်ရှားကြသနည်းဆိုသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များသည် သာသနာတွင်းအခါများ၌မပွင့်ကြဘဲသာသနာပအခါများ၌သာ ပွင့်တော်မူကြသောကြောင့်၎င်း၊ သတ္တဝါတို့အား လူ,နတ် ချမ်းသာ နှစ်ပါးကိုသာ ပေးစွမ်းနိုင်၍ နိဗ္ဗာန်ချမ်းသာကို မပေးစွမ်းနိုဝ်သောကြောင့်၎င်း၊

ကြံ့ဇီဝီးချိုသည် တချောင်းထည်းသာရှိသကဲ့သို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များသည် အဖော်မမှီး တဦးထည်းသာ နေထိုင်လိုကြသဖြင့် ဂါမဝါသီ မြို့,ရွာ, နိဂုမ်းကို မှီလျက် နေထိုင်တော်မူခြင်းနည်းပါးကာ လူသူဝေးရာ တော ဘောင် လိုဏ်ဂူ များ၌ သာ နေထိုင်ခြင်း များသောကြောင့်၎င်း သိသူနည်းပါး မထင်ရှားကြခြင်းဖြစ်ပေသည်။ ——

ဆုတောင်းရာ၌ ပြည့်စုံရမည့်အကြောင်းငါးပါး

ပစ္စေကဗောဓိဆုကို တောင်းဆိုသော အလောင်းတော်သည် အောက်ပါ အကြောင်းငါးချက်နှင့် ပြည့်စုံမှ ဆုတောင်းပြည့်စုံ်လေသည်။

အကြောင်းငါးချက်မှာ—

၁။ လူသားစင်စစ်ဖြစ်ရခြင်း၊

၂။ ယောကျ်ားစင်စစ်ဖြစ်ရခြင်း၊

၃။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကိုဖြစ်စေ၊ ပစ္စေကဗုဒ္ဓါကိုဖြစ်စေ၊ အဂ္ဂသာဝကာ, မဟာသာဝကာ, ပကတိသာဝကာ တဦးဦးကိုဖြစ်စေ တွေ့ကြုံဖူးမြင်ရခြင်း၊

၄။ စွန့်လွှတ်တန်လျှင် ကိုယ်, အသက် စသည်ကိုစွန့်လွှတ်ပြီး ပါရမီကိုဖြည့်ကျင့်ရခြင်း၊

၅။ ပစ္စေကဗုဒ္ဓါ ဖြစ်လိုသောဆန္ဒ အားကြီးရခြင်း ဟူ၍ ဖြစ်သည်။ ——

ဗျာဒိတ်ပေးနိုင်မသောပုဂ္ဂိုလ်

ပစ္စေကဗောဓိ ဆုကို ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက သုံးဦးတို့ အနက် တဦးဦးတို့ထံတွင် ဟောင်းဆိုလျှင် ရနိုင်သည်။

သို့သော် မည်သည့်အချိန်အခါတွင် ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်ဟု မိန့်ကြားသောဗျာဒိတ်စကားကိုကား ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါတို့ကသာ မိန့်ကြားနိုင်ကြသည်၊ သာဝကတို့မှာ ဗျာဒိတ်စကား မပြောကြားနိုင်ကြပေ။

အဘယ့်ကြောင့်ဆိုသော် ပစ္စေကဗုဒ္ဓါ ဖြစ်လိုသောသူသည် ဆုတောင်းပြည့်သောအချိန်မှစ၍ အနည်းဆုံး နှစ်သန်းခန့်ကမ္ဘာတသိန်းတိုင်အောင် ပါရမီကိုဖြည့်ကျင့်မှ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ရောက်ရသည်။ ထိုကာလရောက်အောင် သာဝကသုံးဦးလုံး အနာဂတံသဉာဏ်ဖြင့် မမြင်နိုင်သောကြောင့် ဗျာဒိတ်စကား မပြောကြားနိုင်ကြခြင်း ဖြစ်သည်။

ဤအချက်များကိုထောက်ဆပြီး ဘုရားပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ထံတွင် ပစ္စေကဗောဓိဆုကို တောင်းဆိုလျှင် နိယတ ဗျာဒိတ်စကားရ၏။

သံဃကသုံးဦးတို့ထံတွင် တောင်းဆိုခဲ့သော် နိယတဗျာဒိတ်စကားကို မရနိုင်ဟု သိအပ်သည်။

ပါရမီဖြည့်ကျင့်ရမည့်ကာလအပိုင်းအခြား

ပစ္စေကဗုဒ္ဓါ အလောင်းတော်များမှာ- ပါရမီဖြည့်ကျင့်စဉ်ကာလတွင် ဉာဏ်ပညာလွန်ကဲသည်ကို အကြောင်းပြု၍ ပညာဓိကအလောင်းတော်၊ယုံကြည်မှုသဒ္ဓါ လွန်ကဲသည်ကို အကြောင်းပြု၍ သဒ္ဓါဓိက အလောင်းတော်၊ အားထုတ်မှု ဝီရိယ လွန်ကဲသည်ကို အကြောင်းပြု၍ ဝီရိယာဓိက အလောင်းတော်ဟု သုံးမျိုးရှိသည်။

ပစ္စေကဗုဒ္ဓါအလောင်းတော်များ၏ ပါရမီဖြည့်ကျင့်ရသော ကာလ အပိုင်းအခြားကို ထေရဂါထာအဋ္ဌကထာ၌ အောက်ပါအတိုင်းပြဆိုထားသည်။

ပစ္စေကဗုဒ္ဓါအလောင်းတော်များမှာ-သမ္မာသမ္ဗုद्ध အလောင်းတော်များနှင့် ပါရမီဖြည့်ကျင့်ရာ ကာလချင်းမတူညီကြပေ။

ပညာဓိက အလောင်းတော်များမှာ - နှစ်သောင်းနှင့် ကမ္ဘာတသိန်းပြည့်အောင် ဖြည့်ကျင့်ရပြီး ယင်း ကာလအောက် ယုတ်လျော့ကာ မဖြည့်ကျင့်အပ်ပေ။

သဒ္ဓါဓိကဝီရိယာဓိကအလောင်းတော်များမှာမူ-နှစ်သောင်းနှင့် ကမ္ဘာတသိန်း ကာလထက် နှစ်ကမ္ဘာ သုံးကမ္ဘာ စသည် ပိုလွန်အောင် ဖြည့်ကျင့်တော်မူမှ ပစ္စေကဗောဓိဉာဏ်ကို ရတော်မူကြ

သည်။သို့သော် သုံးအသရေ်ျပြည့်အောင်ကား ဖြည့်ကျင့်ရရိုးထုံးစံ မရှိပေ။

ဂင်းအဌကထာအရ ပစ္စေကဗုဒ္ဓါအလောင်းတော်တို့၏ ပါရမီ ဖြည့်ကျင့်ရာကာလသည် အနည်းဆုံး နှစ်သရော်ှနှင့် ကမ္ဘာတသိန်း ဖြစ်၍ အများဆုံး သုံးအသရော်ှမပြည့်မီ ဖြစ်သည်။

အလောင်းတော်သုံးဦးအနက် ပညာဓိကအလောင်းတော်မှာ ကာလအနည်းဆုံး ဖြည့်ကျင့်ရပြီး၊ သဒ္ဓါဓိကအလောင်းတော်မှာ အလယ်အလတ်ကာလ၊ ဝီရိယာဓိကအလောင်းတော်မှာ အများ ဆုံးကာလ ဖြည့်ကျင့်ရရိုး ထုံးစံရှိသောကြောင့်-

ပညာဓိက အလောင်းတော်မှာ- နှစ်သခေ်ှနှင့်ကမ္ဘာတသိန်း ဖြည့်ကျင့်ရသည်။

ဝီရိယာဓိကအလောင်းတော်မှာ-သုံးအသရော်ှမပြည့်မီ ကာလ တိုင်အောင် ဖြည့်ကျင့်ရသည်။

သဒ္ဓါဓိက အလောင်းတော်မှာ ပညာဓိက အလောင်းတော် ထက်လည်း ပိုလွန်၊ ဝီရိယာဓိက အလောင်းတော်လောက်လည်း မများသော ကာလအပိုင်းအခြားပြည့်အောင် ဖြည့်ကျင့်ရသည်။

ပါရမီမပြည့်စုံသေးက ပစ္စေကဗုဒ္ဓါမဖြစ်ပုံ

နိယတ ဗျာဒိတ်ပန်း ဆင်မြန်း ရရှိ ပြီးသော ပစ္စေက ဗုဒ္ဓါ အလောင်းတော်သည် ပိုင်းခြား သတ်မှတ် ထားအပ်သော နှစ် သခေ်ှနှင့် ကမ္ဘာတသိန်းမပြည့်မီအတွင်းဝယ် ပစ္စေကဗုဒ္ဓါဖြစ်ချင် လျှ၍ ဒါန,သီလ-စသော ပါရမီတရားများကို ဘယ်လိုပင် ကြိုးမား သော လုံ့လ ဝီရိယဖြင့် အားထုတ်ဖြည့်ကျင့်စေကာမူ ပစ္စေကဗုဒ္ဓါ ဖြစ်သွားသည်ဟု ထုံးစံမရှိပေ။

အဘယ့်ကြောင့်ဆိုသော် ပစ္စေကဗုဒ္ဓါဖြစ်ဘို့ရန် ဗောဓိဉာဏ်မရင့်သန်သေးသောကြောင့်ဖြစ်ပေသည်။ မှန်ပေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် အယုတ်ဆုံး နှစ်သန်းခန့်နှင့်ကမ္ဘာတသိန်းကာလပြည့်အောင် ပါရမီတရားများကို ဖြည့်ကျင့်မှသာ ဗောဓိဉာဏ် ရင့်သန်ကြလေသည်။

ဗောဓိဉာဏ်ရင့်သန်မှုလည်း သစ္စာလေးပါးကို ထိုးထွင်း၍ သိကာ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ရှိနိုင်ပေသည်။

ထိုအကြောင်းကို အပဒါန်အဋ္ဌကထာ၌ ကောက်စပါးဥပမာဖြင့် အောက်ပါအတိုင်း နှိုင်းယှဉ်ပြဆိုထားလေသည်။

ပုံပမာပြုရသော်- သုံးလ-လေးလ-ငါးလ လွန်မြောက်မှ ရင့်ရိုးမှည့်ရိုး ထုံးစံရှိသော ကောက်စပါး မျိုးသည် ယင်း ကာလ သို့မရောက်မီအတွင်းဝယ် နေ့စဉ် နေ့တိုင်း အကြိမ် တရာ အကြိမ်တထောင်တိုင်အောင် ပေါင်းမြက် သုတ်သင်ခြင်း၊ ရေစင် သွန်းလောင်းခြင်း၊ မြေတောင် မြှောက်ခြင်း စသည်ဖြင့် မည်သို့ပင် ပြုပြင်ပေးစေကာမူ ကောက်သား ကောက်နှစ် မတက်သေးခြင်း၊ ရိုးတန်ရှက်ပင် မစည်ပင်သေးခြင်း၊ နုနယ်သော အရွယ်မျှသာ ရှိသေးခြင်းတို့ကြောင့် ဆဲငါးရက်၊သို့မဟုတ်တလအချိန်မျှလောက်ဖြင့် ရင့်မှည့်ခြင်းမဖြစ်နိုင်ပေ။

ထိုအတူ ပစ္စေကဗုဒ္ဓါအလောင်းခတ်မျှားမှာလည်း နိယတဗျာဒိတ်ပန်းဆင်မြန်းရရှိချိန်မှစတင်ကာ နေ့စဉ်နေ့တိုင်း ဝေဿန္တရာ မင်းကြီး၏ဒါနနှင့်တူသော ကြီးကျယ်ခမ်းနားသောဒါနမျိုး၊ ယင်းဒါနမျိုးနှင့်ညီမျှသော သီလ, နိက္ခမ, ပညာ စသော ပါရမီတရားများကို မည်မျှပင် အားထုတ်ဖြည့်ကျင့်စေကာမူ နှစ်သန်း

နှင့် ကမ္ဘာတသိန်း ကာလ မပြည့်မီအတွင်းဝယ် ပစ္စေကဗုဒ္ဓါဖြစ်သွားသောထုံးစံမရှိပေ။

အဘယ်ကြောင့် ဆိုသော် ပစ္စေကဗုဒ္ဓါ ဖြစ်စေ တတ်သော ဗောဓိ ဉာဏ်သည် အနှစ်အသား အပြည့်အဝ မရှိသေးခြင်း၊ ပြန့်ပြော ကြီးမားခြင်း၊ ရင့်ကျက် ခြင်းသို့ မရောက် သေးခြင်း တို့ကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ပစ္စေကဗောဓိဉာဏ် ရင့်သန်စေရန် အယုတ်ဆုံး နှစ်သခြေ့်နှင့်ကမ္ဘာတသိန်းကာလပြည့်အောင်ပါရမီတရားများကို ဖြည့်ကျင့်တော်မူရလေသည်။

ပစ္စေကဗုဒ္ဓါအလောင်းတော်တို့ ဖြည့်ကျင့်အပ်သော အကျင့်နှစ်မျိုး

ပစ္စေကဗုဒ္ဓါအလောင်းတော်တို့ ဖြည့်ကျင့်အပ်သော အကျင့်တို့သည်-

၁။ ပုဗ္ဗဘာဝကပဋိပဒါ - ရှေးရှေးသော ဘဝများ၌ ဖြည့်ကျင့်အပ်သော အကျင့်၊

၂။ နိဗ္ဗာနဂါမိနီပဋိပဒါ- ပစ္စေကဗုဒ္ဓါဖြစ်မည့်နောက်ဆုံးဘဝ၌ ဖြည့်ကျင့် အပ်သော အကျင့် ဟူ၍ နှစ်မျိုးနှစ်စား ရှိခဲလသည်။

ပုဗ္ဗဘာဝကပဋိပဒါ

ထိုနှစ်မျိုးတို့တွင် နိယတဗျာဒိတ်ပန်းကို ရရှိဆင်မြန်းပြီးချိန်မှ စတင်ကာ ဒါန,သီလ-စသော ပါရမီတရားများကို ဖြည့်ကျင့်စဉ် အခါဝယ် စက္ခုစသော ဣန္ဒြေတို့ကို လုံခြုံအောင် စောင့်ထိန်းမှု

ခံယူ သုံးဆောင်အပ်သော ဘောဇဉ်၌ အတိုင်းအရှည်ကို သိမှု၊ ကိလေသာတို့မှ ကင်းဝေးအောင် အားထုတ်မှုများကို ပြုလုပ်၍ အသွားအပြန်၌ ကမ္မဋ္ဌာန်းကိုဆင်ခြင်သော ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ခြင်းကို၊ သို့မဟုတ် သမထ-ဝိပဿနာတရားများကို ပွားများ အားထုတ်ခြင်းကို ပုဗ္ဗဘာဂပဋိပဒါဟု ခေါ်ဆိုရလေသည်။

နိဗ္ဗာနဂါမိနိပဋိပဒါ

နိယတဗျာဒိတ်ကို ရရှိချိန်မှစတင်ကာ ပစ္စေကဗောဓိ ဉာဏ်ကို ရစေတတ်သော ပါရမီတရားများကို ဆည်းပူး အားထုတ်ပြီးသည့် နောက် ပစ္စေကဗုဒ္ဓါဖြစ်မည့် နောက်ဆုံးဘဝတွင် ပွားများ အားထုတ်အပ်သော ဝိပဿနာအကျင့်တရားကို နိဗ္ဗာနဂါမိနိပဋိပဒါဟု ခေါ်ဆိုရလေသည်။

ဘာဝနာနှစ်ပါး

ပစ္စေကဗောဓိဉာဏ်ကိုရရှိရန်အတွက် ဒါန,သီလစသောပါရမီတရားများကို ဖြည့်ကျင့်ခြင်းသည် ပစ္စေကဗုဒ္ဓ အလောင်းတော်တို့၏သန္တာန်ကို တိုးပွားစေတတ်သောကြောင့် သာမညဘာဝနာမည်၏။

ဒါန,သီလစသောပါရမီတို့ဖြင့် ကောင်းစွာခြုံရုံ၍ ပစ္စေကဗုဒ္ဓ အလောင်းတော်တို့၏သန္တာန်၌ ပွားများအပ်သော သမထဝိပဿနာအကျင့်တရားသည် ဝိသေသဘာဝနာမည်၏ဟု ထေရဂါထာ အဋ္ဌကထာ၌ မိန့်ဆိုထားပေသည်။

ထို့ကြောင့် ပစ္စေကဗုဒ္ဓအလောင်းတော်များသည် ဒါန,သီလစသော ပါရမီတရားများကို ဖြည့်ကျင့်သည့်အခါတွင် ဝိသေသဘာဝနာဖြစ်အောင် ထိုက်သင့်သော သမထဝိပဿနာတရားများကိုလည်း ပွားများအားထုတ်ရလေသည်။

ဂတပစ္စာဂတဝတ်ကိုဖြည့်ကျင့်ရပုံ

ပစ္စေကဗုဒ္ဓ အလောင်းတော်များသည် ပါရမီဖြည့်စည်အခါ ဝိသေသ ဘာဝနာ ဖြစ်အောင် အားထုတ် ဖြည့်ကျင့်ရသကဲ့သို့ အသွားအပြန်၌ ကမ္မဋ္ဌာန်းကို ဆင်ခြင်သော ဂတပစ္စာဂတဝတ် ကုလည်း ပွားများ အားထုတ်ရလေသည်။

ဂတပစ္စာဂတဝတ်သည် ပစ္စေကဗုဒ္ဓအလောင်းတော်မှန်သမျှ မဖြည့်ကျင့်ဘဲမနေရသော ကျင့်ဝတ်တခု ဖြစ်လေသည်။

အဘယ့်ကြောင့်ဆိုသော် ယင်းဝတ်ကို မဖြည့်ကျင့်လျှင် ပစ္စေကဗုဒ္ဓါ မဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ဂတပစ္စာဂတဝတ်ကို မဖြည့်ကျင့်ဘဲ ပစ္စေကဗုဒ္ဓါ ဖြစ်သွားသောသူဟူ၍ မရှိဟု အပဒါန်အဋ္ဌကထာ၌ မိန့်ဆိုထား ပေသည်။

ဂတပစ္စာဂတဝတ်ကိုဖြည့်ကျင့်ပြီးရုံဖြင့် ပစ္စေကဗုဒ္ဓါမဖြစ်ပုံ

သမ္မာသမ္ဗုဒ္ဓ အလောင်းတော်များသည် ဒါန,သီလ စသော ပါရမီတရားများကို ပိုင်းခြား သတ်မှတ်ထားသောကာလ ပြည့်စုံအောင်ဖြည့်ကျင့်ပြီးရုံမျှဖြင့် မိမိတို့တောင့်တသော သမ္မာသမ္ဗောဓိ ဉာဏ်ကို မရရှိကြသေးပေ။

အကယ်၍ ရရှိသည်ဟုဆိုအံ့ - ဝေဿန္တရာမင်းကြီးသည် မဒ္ဒီမိဖုရားကိုလှူဒါန်းပြီးသည်နှင့်တပြိုင်နက် ပါရမီတရားများ ပြည့်စုံသွားသောကြောင့် သမ္မာသမ္ဗောဓိဉာဏ်ကိုရရှိခဲ့ပေရာ၏။

ထိုသို့ မရရှိခဲ့လေသောကြောင့် သိဒ္ဓတ္ထ မင်းသား ဖြစ်သော နောက်ဆုံးဘဝတွင်သီလ၌တည်လျက် သမာဓိဖြင့် စိတ်၏အညစ်အကြေးများကို သုတ်သင်ကာ ပညာဖြင့် ဝိပဿနာတရားများကို ပွားများ အားထုတ်တော်မူရလေသည်။

ထိုအတူ ပစ္စေကဗုဒ္ဓ အလောင်းတော်များမှာလည်း ပါရမီတရားများနှင့် ဂတပစ္စာဂတဝတ်ကိုဖြည့်ကျင့်ပြီးရုံမျှဖြင့် ပစ္စေကဗောဓိဉာဏ်ကို မရရှိနိုင်ကြသေးပေ။

ထိုကြောင့် နောက်ဆုံးဘဝရောက်သောအခါတွင် ထင်ပေါ်လာသောအာရုံတခုခုကို သံဃဝဏ္ဏာဖြင့်ရှုကာ ဘုံသုံးပါး၌ဖြစ်သော သင်္ခါရတရားတို့ကို သစ္စာလေးပါး ကမ္မဋ္ဌာန်းတရားဖြင့် ဆင်ခြင်တော်မူမှမဂ်လေးတန်အစဉ်အတိုင်းဘက်ကာ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူကြရလေသည်။

ဂတပစ္စာဂတဝတ်နှင့် ရဟန်းလေးမျိုး

ဂတပစ္စာဂတဝတ်ဆိုသည်မှာ-မိမိဆင်ခြင်အပ်သောကမ္မဋ္ဌာန်းကို အသွားအပြန် နှစ်ပါးလုံး၌ ဆင်ခြင်သောအားဖြင့် ဆောင်ရသောကျင့်ဝတ်တခု ဖြစ်လေသည်။

ထိုဝတ်ကိုဖြည့်ကျင့်ရာ၌

၁။ အသွား၌သာ ဆောင်၍ အပြန်၌ မဆောင်သော ရဟန်း၊

၂။ အပြန်၌သာ ဆောင်၍ အသွား၌ မဆောင်သော ရဟန်း၊

၃။ အသွားအပြန် နှစ်ပါးလုံး၌ မဆောင်သောရဟန်း၊

၄။ အသွားအပြန်နှစ်ပါးလုံးဌ် ဆောင်သောရဟန်း ဟု လေးမျိုး ရှိလေသည်။

ယင်း ရဟန်းလေးမျိုးအနက် ၁-၂-၃-ရဟန်းမျိုးကို ဂတ ပ စ္စာ ဂ တ ဝတ် ကို မဖြည့် ကျင့်သော ရဟန်းဟု ခေါ်ဆိုရ၍၊ ၄-ရဟန်းကိုသာ ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်သောရဟန်းဟု ခေါ်ဆိုရလေသည်။ ——

အသွားဌ်သာဆောင်၍ အပြန်ဌ်မဆောင်သောရဟန်း

အကြင်ရဟန်းသည် တနေ့ပတ်လုံး စကြံ်သွား၍ဖြစ်စေ၊ ထိုင်နေ၍ဖြစ်စေ အကုသိုလ်မဖြစ်ရအောင် စိတ်ကို ကောင်းစွာစောင့်ရှောက်၍နေ၏။

ညအခါနှင့် ပထမယာမ်ဌ် အကုသိုလ်မဖြစ်အောင် စိတ်ကို ဆင်ခြင်ပြီး မဇ္ဈိမယာမ်တွင် အိပ်စက်လေ၏။

ပစ္ဆိမယာမ်ရောက်သောအခါ ထိုင်ကာ စကြံ်လျှောက်ကာဖြင့် အခါနှင်ကာလကို ကုန်လွန်စေ၏။

နံနက်စောစောအခါနှင်ရောက်သော် စေတီယင်ပြင်ဌ် တံမြက်လှည်းခြင်း၊ ဗောဓိပင်ကိုရေလောင်းခြင်း၊ သောက်ရေ သုံးဆောင်ရေ ခတ်ထားခြင်း စသောကျင့်ဝတ်များနှင့် ဆရာ ဥစ္စာယ်တို့ဌ် ပြုသင့်ပြုထိုက်သော ကျင့်ဝတ်တရားများကို ပြုလုပ်လေ၏။

ထိုနောက် မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းစသော အမှုကိစ္စများကိုပြုလုပ်ပြီးလျှင် ကျောင်းတွင်းသို့ဝင်ကာ နှစ်ကြိမ်သုံးကြိမ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် ကမ္မဋ္ဌာန်းတရားကို ဆင်ခြင်လေ၏။

ဆုမ်းခံချိန် ရောက်လတ်သော် သပိတ်-သင်္ကန်း ကို ယူပြီး ကမ္မဋ္ဌာန်းကိုဆင်ခြင်ကာ စေတီယင်ပြင်သို့ သွားလေ၏။

စေတီယင်ပြင်သို့ရောက်လျှင် မိမိဆင်ခြင်သော ကမ္မဋ္ဌာန်းသည် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဖြစ်အံ့၊ ထိုကမ္မဋ္ဌာန်းကိုမစွန့်ဘဲ စေတီယင်ပြင်သို့ ဝင်လေ၏။

တပါးသောကမ္မဋ္ဌာန်းကိုဆင်ခြင်ခဲ့သော် စောင်းတန်းလျှခါး ဝဋ္ဋရပ်လျက်လက်ဖြင့်ယူဆောင်လာသောဥစ္စာကို ချထားဘိသကဲ့သို့ မိမိဆင်ခြင်သောကမ္မဋ္ဌာန်းကို အာရုံမပြုဘဲထားပြီးလျှင် ဘုရားဂုဏ်တော်များကို အာရုံပြုကာ စေတီယင်ပြင်သို့တက်လေ၏။

အလွန်ကြီးသော စေတီဖြစ်အံ့ လက္ခဏာရစ် သုံးကြိမ်လှည့်ကာ အရပ်လေးမျက်နှာဌ္ဌနေ၍ ရှိ ခိုး လေ ၏။ ငယ်သောစေတီ ဖြစ်မူ လက္ခဏာရစ်သုံးကြိမ်လှည့်ကာ အရပ်ရှစ်မျက်နှာဌ္ဌနေ၍ရှိခိုးလေ၏။

စေတီတော်ကိုရှိခိုးပြီးလျှင် ဗောဓိယင်ပြင်သို့သွားကာ သင်္ကန်တော်ထင်ရှားရှိသော ဘုရားရှင်၏ရွှေတော်မှာကဲ့သို့ ရိုသေ လေးစားစွာ ဗောဓိပင်ကိုရှိခိုးလေ၏။

စေတီကိုရှိခိုးပြီးသော် ချထားအပ်သော ဥစ္စာကို တဖန်ကောက်ယူသကဲ့သို့ မိမိမူလက နှလုံးသွင်း ဆင်ခြင်သောကမ္မဋ္ဌာန်းကိုဆင်ခြင်ပြီးလျှင် ရှာအနီးဌ္ဌ သင်္ကန်းရုံကာ ရှာတင်းသို့ ဆုမ်းခံဝင်လေ၏။

ထိုရဟန်းကို လူအများမြင်လေသော် ငါ့ကို အရှင် ကြွလာပေပြီဟု ပြောဆိုပြီးလျှင် ခရီးဦးကြိုဆိုကာ သပိတ်ကိုလှမ်းယူလျက် ဆုမ်းစားဇရပ်ဌ္ဌဖြစ်စေ အိမ်ဌ္ဌဖြစ်စေ နေထိုင်စေလေ၏။

ဆုမ်းမကျက်မီအချိန်အတွင်း လူအများက ပြဿနာကို မေးလျှောက်၍ဖြစ်စေ၊ တရားနာလိုလို၍ဖြစ်စေ တရားဟောလေ၏။

တရားဟောခြင်း၊ ဆုမ်းစားခြင်းများကို ပြုလုပ်ပြီး၍ ပြန်ကြွအလာ လိုက်ပို့ကြသောသူများကို ရှာပြင်သို့ရောက်လျှင် ပြန်လှတ်လိုက်ပြီး တပါးထည်းပြန်လာခဲ့လေ၏။

ပြန်ကြွလာသောထိုရဟန်းကို ရဟန်းငယ်သာမဏေတို့မြင်လေလျှင် ခရီးဦးကြိုဆိုကာ သပိတ်-သင်္ကန်းကို လှမ်းယူကြလေ၏။

အဘယ့်ကြောင့် ယင်းသို့ပြုလုပ်ကြသနည်းဆိုသော် ယခုမေတ်ကာလ၌ ရှိသော ရဟန်း, သာမဏေတို့သည် မိမိတို့၏ ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာ၊ကမ္မဝါဆရာ၊ သရဏဂုမ်ဆရာများကိုသာ ပြုစု လုပ်ကျွေးတတ်ကြ၍ တပါးသော ရဟန်းသံဃာတော်များကိုမူ ပြုစုလုပ်ကျွေးလေ့မရှိကြကုန်။

သို့သော် ရှေးရှေးသောကာလ၌ရှိကြသော ရဟန်းသာမဏေများမှာကား၊ သူ့ဆရာ-ငါ့ဆရာ စသည်ဖြင့်မခွဲခြားဘဲ မိမိထက်ကြီးသော ရဟန်းသံဃာတော်များကို တွေ့ကြုံကြသည့်အခါတွင် ပြုသင့်ပြုထိုက်သော ဝတ်တရားများကို ပြုလုပ်လေ့ ရှိကြသောကြောင့်ဖြစ်ပေသည်။

ထိုအပြုအမူမျိုးသည် သိက္ခာကာမအရာ၌ကြည်ညိုဘွယ်အတူယူစွဲယ်ကောင်းသော စနစ်ကောင်းတခု ဖြစ်ပေသည်။

ထို့နောက် ရဟန်းနှင့်သာမဏေတို့ စကားပြောဆိုကြသည်မှာ-

သာမဏေများ-အရှင်ဘုရား ဤလူများသည် အရှင်ဘုရားတို့နှင့် မည်ကဲ့သို့ တော်စပ်ကြပါသနည်း။

ရဟန်း-ငါ့ရှင်တို့၊ သင်တို့သည် အဘယ်ကဲ့သို့သော ဒါယကအရာကို တွေ့မြင်ကြ၍ ဤကဲ့သို့ မေးမြန်းကြ ကုန်သနည်း။

အပြန်၌သာဆောင်၍ အသွားဒ္ဓမဆောင်သောရဟန်း ၁၉

သာမဏေများ-အရှင်ဘုရားတို့အပေါ်၌ အလွန် ချစ်ခင် မြတ်နိုး သည်ကို တွေ့မြင်ရသောကြောင့်, မေးမြန်းခြင်း ဖြစ်ပါသည်။

ရဟန်း-ငါ့ရှင်တို့ ဤလူအများသည် မိဘများပင် ပြုလုပ်နိုင်ခဲသော ကိစ္စများကို ဆောင်ရွက်ပေကြ၏။ ငါတို့သုံးဆောင်သော သပိတ်သင်္ကန်းသည်လည်း ဤလူအများလှူဒါန်းထားသောပစ္စည်းများ ဖြစ်ကြပေ၏။

ဤလူအများ စောင့်ရှောက်ပြုစုကြသောကြောင့် ဘေးရန်ပေါ်ပေါက်လာသောအခါတွင် မကြောက်ရ-မလန့်ရသကဲ့သို့ ငတ်မွတ်ခေါင်းပါးသော အခါတွင်လည်းငတ်မွတ်ခေါင်းပါးမှုကိုပင်မသိဖြင်ခဲ့ရပေ။

အမှန်ပြောရသော် ငါ့ကိုမှာ ဤ လူများလောက် ကျေးဇူးများသောသူဟူ၍ မရှိကြခေပ စသည်ဖြင့် လူအများ၏ ဂုဏ်ကျေးဇူးကိုသာ ချီးမွမ်း ပြောဆိုပြီး ကမ္ဘာ့ဘုန်းကိုမဆင်ခြင်ဘဲ [illegible]။ ဤရဟန်းမျိုးကို အသွားဒ္ဓသာ[illegible] [illegible]ဆောင်သော ရဟန်းဟု ခေါ်ဆိုရလေသည်။

အပြန်၌သာဆောင်၍ အသွားဒ္ဓမဆောင်သောရဟန်း

စားသောက်အပ်သော [illegible]ကို [illegible]ကြောင့်အောင် ချက်တတ်သော ပါစကကေဒေဝဟု ဆိုအပ်သော [illegible]သည် ထမင်းစသော အစာရှိလျှင် ၎င်းအစာကို လောင်ကျွမ်းရှိမရှိလျှင် ဝမ်းအပြင်ကို လောင်ကျွမ်းတတ်သော သဘောရှိပေ၏။

နံနက်စောစော ထကာ ဝတ်ကြီး ဝတ်ငယ်ကို ပြုလုပ်သော ရဟန်းအား ဝမ်းထဲ၌အစာမရှိချိန်ဖြစ်၍ ဝမ်းမီးသည် ဝမ်းအပြင်ကို လောင်ကျမ်းလေရာ ခန္ဓာကိုယ်မှ ချွေးများထွက်၍လာလေ၏။

ထို့ကြောင့် ကမ္မဋ္ဌာန်းကို မဆင်ခြင်နိုင်ဘဲ သပိတ် သင်္ကန်းကို ယူကာ လျင်မြန်စွာ စေတီတော်ကိုရှိခိုးပြီး ယာဂုဆွမ်း ခံယူဘို့ရန် ရှာတွင်းသို့ ဝင်လေ၏။

ယာဂုဆွမ်းရရှိသောအခါဆွမ်းစားဇရပ်သို့သွားကာ ယာဂုကို သောက်လေလျှင်ရေအိုးပေါင်းတရာဖြင့်ရေချိုးလိုက်ရာဘိသကဲ့သို့ ခန္ဓာကိုယ်သည်တခဏချင်းအေးချမ်းသွားသဖြင့် နေ့ဆွမ်းမစားမီ အချိန်တိုင်အောင် ကမ္မဋ္ဌာန်းကို ဆင်ခြင်၍ နေလေ၏။

ဆွမ်းခံချိန်ရောက်လတ်သော် နံနက်အချိန်ကယာဂုဆွမ်းမခံရှာ အရပ်တို့၌ ဆွမ်းခံလှည့်လည်ပြီးလျှင် ရရှိသောဆွမ်းကိုသုံးဆောင်ကာ ကမ္မဋ္ဌာန်းကိုဆင်ခြင်ပြီး ပြန်လာခဲ့လေ၏။ ဤရဟန်းမျိုးကို အပြန်၌သာဆောင်၍ အသွားဌမဆောင်သောရဟန်းဟုခေါ်ဆိုရလေသည်။

အသွားအပြန်နှစ်ပါးလုံးဌမဆောင်သောရဟန်း

အကြင်ရဟန်းသည် ကုသိုလ် ကောင်းမှုတို့၌ မေ့လျော့၍ နေသကဲ့သို့ ဝတ်ကြီး, ဝတ်ငယ်ကိုလည်းမဖြည့်ကျင့်၊ ကမ္မဋ္ဌာန်းတရားကိုလည်း မ ဆင်ခြင် ဘဲ ငါးပါးသော အနှောင်အဖွဲ့ဖြင့် စိတ်ကို နှောင်ဖွဲ့၍နေသည်။

ဆွမ်းခံချိန်ရောက်သောအခါ ကမ္မဋ္ဌာန်းကိုဆင်ခြင်ဘို့ရာ မဆို ထားဘိ ရှိ၏ဆိုသောအမှတ်ကိုမျှမထားဘဲ ရှာတွင်းသို့ဆွမ်းခံဝင်လေ၏။

ရွာတွင်းသို့ရောက်လျှင် ရဟန်းတို့နှင့်မလျောက်ပတ်သော လူတို့၏အမှုအရာဖြင့် ပြောဆိုဆက်ဆံကာ ကမ္မဋ္ဌာန်းကိုမဆင်ခြင်ဘဲ ဆွမ်းစားပြီးပြန်လာခဲ့လေသည်။

ဤရဟန်းမျိုးကို အသွားအပြန် နှစ်ပါးလုံးဌ် မဆောင်သော ရဟန်းဟုခေါ်ဆိုရလေသည်။

အသွား အပြန်နှစ်ပါးလုံးဌ် ဆောင်သောရဟန်း

အကြင်ရဟန်းသည် နံနက်စောစောထပြီး ပြုသင့်သော ဝတ်တရားများကို ပြုလုပ်လျက် ဆွမ်းခံချိန် ရောက်သည်တိုင်အောင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကာ ကမ္မဋ္ဌာန်းတရားကိုဆင်ခြင်လေသည်။

ကမ္မဋ္ဌာန်းသည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်း၊ ပါရိဟာရိယကမ္မဋ္ဌာန်း ဟုနှစ်မျိုးရှိ၏။

ထိုတွင် မေတ္တာတရား ပွားများခြင်းနှင့် သေခြင်းတရားကို အဖန်ဖန် ဆင်ခြင်ခြင်းကို သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရ လေသည်။

မိမိတို့ စရိုက်နှင့်အညီ ယူအပ်သည့်ပြင် အမြဲစောင့်ရှောက် ပွားများအပ်သော အသုဘဆယ်ပါး၊ ကသိုဏ်းဆယ်ပါး၊ အနုဿတိဆယ်ပါးတို့တွင်တပါးပါးကိုဖြစ်စေ၊သို့မဟုတ် စတုဓာတုဝဝတ္ထာန်ကိုဖြစ်စေ ပါရိဟာရိယကမ္မဋ္ဌာန်းဟု ခေါ်ဆိုရ လေသည်။

အဘယ့်ကြောင့်သဗ္ဗတ္ထကကမ္မဋ္ဌာန်း၊ပါရိဟာရိယကမ္မဋ္ဌာန်းဟု ခေါ်ဆိုရသနည်းဆိုသော်- ယောဂီပုဂ္ဂိုလ်အားလုံးတို့သည် မိမိတို့ စရိုက်နှင့်ညီစွာ ယူအပ်သော ကမ္မဋ္ဌာန်းကို အားမထုတ်မီ ရှေးဦးစွာ ပွားများအပ်သောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရ လေသည်။

ဆန္ဒဒုဋ္ဌ တက္ကသိုလ်
ဓာတ္တုဗေဒ

နိဗ္ဗာန်မင်ဖိုလ် တည်းဟူသော တရား ထူး တရားမြတ်ကို မရ မချင်း အမြဲမပြတ် စောင့်ရှောက်ပွားများအပ်သောကြောင့် ပါရိ ဟာရိယ ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရလေသည်။

ထိုကမ္မဋ္ဌာန်းနှစ်ပါးတို့တွင် သဗ္ဗညူက ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ပွားများရ၍ ပါရိဟာရိယကမ္မဋ္ဌာန်းကို နောက်မှပွားများရလေ သည်။

သဗ္ဗညူက ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ပွားရခြင်းအကြောင်းမှာ-ကျောင်းတိုက်တော အရာမ်တို့၌ မေတ္တာ ပွားသော ရဟန်းသည် သီတင်းသုံးဖော် အများ၏ ချစ်ခင် လေးစားခြင်းကို ခံရသဖြင့် အဓနှောင့်အရှက်မရှိဘဲ ချမ်းချမ်းသာသာ နေထိုင်ရ၏။

နတ်တို့ကို မေတ္တာပွားသော ရဟန်းသည် နတ်တို့က စောင့် ရှောက်ကြသဖြင့် ချမ်းချမ်းသာသာ နေထိုင်ရသည်။

မင်း, အမတ်စသော အုပ်ချုပ်သူအစိုးရတို့ကို မေတ္တာပွားသော ရဟန်းသည် ထိုပုဂ္ဂိုလ်များက ချစ်ခင်မြတ်နိုးကြသဖြင့် ချမ်းချမ်း သာသာနေထိုင်ရသည်။

မြို-ရွာ-နိဂုမ်း စသည်တို့၌ နေထိုင်ကြသောသူများကို မေတ္တာ ပွားသောရဟန်းသည် ထို လူအပေါင်းတို့က ရိုသေ လေးစားကြ သဖြင့် ချမ်းချမ်းသာသာ နေထိုင်ရသည်။

သေခြင်း တရားကို အမြဲဆင်ခြင်သော ရဟန်းသည် မိမိ၏ အသက်ကို မင့်မည့်ဝ စွန့်လွှတ်နိုင်ပြီးလျှင် ကုသိုလ်ကောင်းမှုများ ကို မမေ့မလျော့ဘဲ အမြဲအားထုတ်၍နေထိုင်ရသည်။

ဤအကျိုးများကိုရရှိနိုင်သောကြောင့် ရှေးဦးစွာ ပွားများရ လေသည်။

ပါရိဟာရိယကမ္မဋ္ဌာန်းကို ဆင်ခြင်ပုံ

သွားနေ, ရပ်နေ, ထိုင်နေ, အိပ်နေသော ခန္ဓာကိုယ်ကို ဓာတ်အားဖြင့်ဆင်ခြင်လေသည်။ဤခန္ဓာကိုယ်၏(၂၀)သောအဘိုအစုတို့၌ ကြမ်းထမ်းခက်မာ သောသဘောသည် ပထဝီဓာတ် မည်၏။

(၁၂)ပါးသောအဘိုအစုတို့၌ ဖွဲ့စည်းခြင်း, ယိုစီးခြင်းကို ပြုတတ်သော အရေ,အစေးသဘောသည် အာပေါဓာတ်မည်၏။

(၄)ပါးသော အဘိုအစုတို့၌ ရင့်ကျက်စေတတ်သော အပူ, အအေး,အင္ဂေါသဘောသည် တေဇောဓာတ် မည်၏။

(၆)ပါးသောအဘိုအစုတို့၌ ထောက်ကန်တတ်, ရွှေ့ရှားတတ်သော သဘောသည် ဝါယောဓာတ် မည်၏။

ထိုဓာတ်ကြီးလေးပါးတို့ဖြင့် မဝေ့ဝှေ့ မထိအပ်သော ဟင်းလင်းအပေါက်သည် အာကာသဓာတ်မည်၏။

ထို ဓာတ်သဘောကို သိတတ်သောစိတ်သည် ဝိညာဏဓာတ် မည်၏။

ယင်းဓာတ်ကြီးမျှားသာရှိ၍ ပုဂ္ဂိုလ်, သတ္တဝါ, သူ-ငါတပါးယောကျ်ား,မိန်းမဟူ၍မရှိပေ။ ပုဂ္ဂိုလ်,သတ္တဝါဆိုသည်မှာ အမှန်အားဖြင့် ရုပ်, နာမ်, ဓမ္မ, သင်္ခါရတရားအစုမျှသာ ဖြစ်ပေ၏ဟု ဆင်ခြင်လေသည်။

ဆုမ်းခံ သွားသောအခါတွင်လည်း ရှေ့သို့တက်ခြင်း စသည်တို့၌ ခန္ဓာကိုယ်သည် ရှေ့သို့တက်၏၊ရှေ့သို့တက်ခြင်းကိုပြစ်စေ၏ဟူ၍ရှင်း၊

ငါသည် ရှေးသို့တက်၏၊ရှေးသို့တက်ခြင်းကို ငါသည်ဖြစ်စေ၏ ဟူ၍ဂုဏ်း၊ ပရမတ်ဉာဏ်အမြင်မရှိသော အနုဗာလပုထုဇဉ်တို့ ထင်မှတ်ကြသကဲ့သို့ မထင်မှတ်ဘဲ ရှေးသို့တက်လိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်နှင့်အတူ လှုပ်ရှားတတ်သော ဝါယောဓာတ် ဖြစ်ပေါ်၍လာ၏။ထိုဝါယောဓာတ်က အရိုးစုကိုပြန့်နှံ့သောကြောင့် အရိုးစုရှေးသို့ တက်လေသည်။

ရှေးသို့တက်ဘို့ရန် ခြေကိုကြွရာ၌ ဝါယောဓာတ်နှင့်အတူဖြစ်သော တေဇောဓာတ်သည် အားကောင်း၍ ကျန်ဓာတ်များ အားနည်းကြသည်။

ရှေးရှုဆောင်မှု၊ ထိုမှ,ကျွှမ်မှ ဆောင်မှု၊ တပါးသို့ဆောင်မှုတို့၌ တေဇော ဓာတ်နှင့် အတူဖြစ်သော ဝါယော ဓာတ်သည် အားကောင်း၍ ကျန်ဓာတ်များ အားနည်းကြသည်။

ခြေကိုချမှ,နင်းမှတို့၌ အာပေါဓာတ်နှင့်အတူဖြစ်သော ပထဝီဓာတ်သည် အားကောင်း၍ ကျန်ဓာတ်များ အားနည်းကြသည်။

ထို ဓာတ်ကြီးလေးပါးတို့သည် မိမိကို ဖြစ်စေတတ်သော စိတ်နှင့်အတူ ဖြစ်ပေါ်ရာ၌ဗာနု၌သာ မကြာခဏပျက်စီးကြလေသည်။

ဤသို့ ရုပ်,နာမ်တရား နှစ်ပါးတို့သည် ဖြစ်ပေါ်ရာနု၌ပင် ချုပ်ကြ, ပျောက်ကြ, ပျက်စီးကြသောကြောင့် အမြဲမရှိကြကုန်။ အမြဲမရှိသောကြောင့် ဆင်းရဲကြကုန်၏။ ထိုဆင်းရဲသောတရားတို့သည်ပင် တစုံတယောက်သော ပုဂ္ဂိုလ်,သတ္တဝါ၏အလိုသို့ မလိုက်ဘဲ သူ့သဘာဝအတိုင်း ဖြစ်ပေါ်၍ နေကြလေ၏ဟု ဆင်ခြင်ကာ သွားလေသည်။

ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ပုံ

သူတော်စင် အမျိုးကောင်းသားတို့သည် တကျိပ်, နှစ်ကျိပ် စသည်ဖြင့်ပေါင်းစုကြကာ ကတိကဝတ်ပြု၍ နေကြကုန်သည်။

ကတိကဝတ်မှာ-

ငါ့ရှင်တို့-သင်တို့ ငါတို့သည် မြိုရှင်နှိပ်စက်သောကြောင့်ရင်း၊ ဘေးအန္တရာယ် နှိပ်စက်သောကြောင့်ရင်း၊ အသက်မွေးလိုသောကြောင့်ရင်း ရဟန်းပြုလာကြသော ပုဂ္ဂိုလ်တို့ မဟုတ်ကြပေ။

သံသရာဝဋ္ဋဆင်းရဲမှထွက်မြောက်လိုသောစိတ်ကြောင့် ရဟန်းပြုလာကြသောပုဂ္ဂိုလ်များ ဖြစ်ကြ၏။

ထို့ကြောင့် သွားစဉ်,ရပ်စဉ်, ထိုင်စဉ်,အိပ်စဉ် ကာလများတွင် တချိန်ချိန်၌ ကိလေသာ ဖြစ်ပေါ်လာပါက ထို ဖြစ်ပေါ်ချိန်၌ပင် ဆုံးမကြစတမ်းဟု အများသဘောတူပြဋ္ဌာန်းထားသောကျင့်ဝတ် တခု ဖြစ်ပေသည်။

ထိုရဟန်းတော်များ ဆွမ်းခံသွားကြသောအခါတွင်-

တဉ္ဉသဘရှိသောအရပ်၌ဖြစ်စေ၊ သို့မဟုတ် ၎င်း၏ထက်ဝက်မျှ ရှိသောအရပ်၌ဖြစ်စေ၊

တဂါဝုတ်ရှိသောအရပ်၌ဖြစ်စေ၊ သို့မဟုတ် ၎င်း၏ထက်ဝက်မျှရှိသောအရပ်၌ဖြစ်စေ တည်ရှိကြသော ကျောက်ကုံးကျောက်ခဲများကို အမှတ်အသားပြုလျက် ကမ္မဋ္ဌာန်းကို ဆင်ခြင်ကာ သွားလေသည်။

သွားစဉ် ရဟန်းတပါးအား ကိလေသာ ဖြစ်ပေါ်လာပြီးအံ့၊ ထိုရဟန်းသည် သွားခိုက်မှာပင် ဖြစ်ပေါ်လာသောကိလေသာကို ဆုံးမလေ၏။

ဆုံးမပါလျက် မရသဖြင့် ရပ်၍နေလေရာ နောက်မှ လိုက်ပါ ကြသောရဟန်းများမှာလည်း ရပ်၍ နေကြရလေသည်။

သင် ရှေကရပ်နေမှုကြောင့် သင့်မှာ ကိုလေသာဖြစ်ပေါ်နေ ကြောင်းကို နောက်မှလိုက်လာကြသော ရဟန်းများ သိသွားကြ ခပြီ၊ ဤသို့ဖြစ်ခြင်းသည်သင့်အားမလျှောက်ပတ်ပေဟု ကိုလေ သာဖြစ်ပေါ်သော ရဟန်းသည် မိမိကိုယ်ကို မိမိ အပြစ်တင်ကာ ဝိပဿနာတင် ဆင်ခြင်သဖြင့် ရပ်နေခိုက်မှာပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ရပ်နေစဉ်, ထိုင်နေစဉ်, အိပ်နေစဉ်ခဏ၌ ကိုလေသာဖြစ်ပေါ် သောသောရဟန်းသည်လည်း ဖြစ်ပေါ်ခိုက်၌ပင် ဆုံးမကာ ဝိပဿ နာဆင်ခြင်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

အကယ်၍ ရဟန္တာအဖြစ်သို့မရောက်စေကာမူ ဖြစ်ပေါ်လာ သောကိုလေသာကိုဆုံးမကာ ကမ္မဋ္ဌာန်းကို ဆင်ခြင်ပြီး သွားလေ သည်။

သွားသောအခါကမ္မဋ္ဌာန်းမှလွတ်သောစိတ်ဖြင့်ခြေကိုကြွခြင်း ချခြင်းမပြုလုပ်ကြပေ။အကယ်၍ပြုမိသော်နောက်သို့ပြန်ဆုတ်ကာ ကမ္မဋ္ဌာန်းကိုဆင်ခြင်ပြီးမှ တဖန်ကြွချ၍ သွားလေသည်။

အဘယ်ပုဂ္ဂိုလ်သည် ယင်းကဲ့သို့ ပြုကျင့်ဘူးသနည်း ဆိုသော် အာလိန္ဒကအရပ်၌နေသော မဟာဖုဿဒေဝ ထေရ်သည် ပြုကျင့် ဘူးလေသည်။

ထိုမထေရ်သည် ၁၉-နှစ်ပတ်လုံး ဂဏပစ္စာဂတဝတ်ကို ဖြည့် ကျင့်စဉ် ရှေ့သို့တက်လိုက်-နောက်သို့ဆုတ်လိုက်ဖြင့် သွားနေသည် ကို လမ်းခရီးတွင် လယ်ထွန်ခြင်းစသော အမှုကိစ္စများကို ပြုလုပ်နေ

သူတို့ တွေ့မြင်ကြလေလျှင် ဤရဟန်းသည် ရှေ့တိုး-နောက်ဆုတ် ဖြင့် အဖန်ဖန်သွား၍နေ၏။

လမ်းခရီးဘဲမှားနေသလော၊ ဒါမှမဟုတ် ပစ္စည်းတစုံတခုကျ ပျောက်၍ ရှာနေလေသလောဟု ပြောဆိုကြလေသည်။

မထေရ်ကမူ ထိုသူတို့ပြောသောစကားများကိုနားမထောင်ဘဲ ကမ္မဋ္ဌာန်းကိုသာ ဆင်ခြင်အားထုတ်သောကြောင့် အနှစ် ၂၀-အ တွင်း၌ ရဟန္တာအဖြစ်သို့ရောက်လေ၏။

မဟာဖုဿဒေဝထေရ် ရဟန္တာ ဖြစ်သော နေ့တွင် စကြီးဦး၌ စောင့်သောနတ်သည် လက်ချောင်းကို ဆီမီးသဖွယ် အလင်းရောင် ပြုကာ နေလေ၏။

စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်နှင့် သိကြားမင်း သည်ရင်း၊ သဟာမ္ပတိ ब्रह्मာကြီးသည်ရင်း မထေရ်ကို ဆည်းကပ် ပူဇော်ဘို့ရန် လာရောက်ကြလေသည်။

ယင်းအဖြစ်အပျက်ကို တောအရပ်၌ နေလေ့ရှိသော မဟာ တိဿထေရ်ကမြင်သဖြင့်နောက်နေ့မိုးလင်းသောအခါတွင် မဟာ ဖုဿဒေဝထေရ်ကို မေးမြန်းလေသည်။

မဟာတိဿ-ညအခါနက အရှင်ဘုရားတို့အထံမှာ ဖြစ်ပေါ်သော အလင်းရောင်သည် အဘယ်အလင်းရောင် ဖြစ်ပါသနည်း။

မဟာဖုဿဒေဝ-အရှင်ဘုရား အလင်းရောင်ဆိုဘာ ဆီမီးရောင်လဲ ဖြစ်နိုင်တာဘဲ၊ ပဒုမ္တာမြားရောင်လဲ ဖြစ်နိုင်တာဘဲ။

မဟာတိဿ-အရှင်ဘုရားတို့သည် အဖြစ်မှန်ကို ဖုံးကွယ်၍ ထားလို ကြကုန်သလော။

မဟာဖုဿဒေဝထေရ်က မိမိရရှိသော တရားထူးကို မပြော ကြားလိုသည့်အတွက် ရှောင်လွှဲ၍ဖြေသည်။

မဟာတိသ္သထေရ်ကလည်းအဖြစ်မှန်ကိုမရရအောင်မေးသည်။

သို့ဖြင့် နောက်ဆုံးတွင် မလ္ဒသာ မရှောင်သာတော့ဘဲ အဖြစ်မှန် အကြောင်းစုံကို မဟာဖုဿဒေဝထေရ်က ဝန်ခံပြောကြားရလေတော့သည်။

နွယ်နက်မဏ္ဍပ်၌ နေလေ့ရှိသော မဟာနာဂထေရ်

မဟာဖုဿဒေဝမထေရ်ကဲ့သို့ ဂတပစ္စာဂတဝတ်ကိုဖြည့်ကျင့်သော မထေရ်တပါးလည်းရှိသေး၏။

ယင်းမထေရ်ကား နွယ်နက်ဖြင့်ပြုအပ်သော မဏ္ဍပ်၌ သီတင်းသုံးနေလေ့ရှိသော မဟာနာဂမထေရ်ဖြစ်လေသည်။

ထို မထေရ်သည် ဂတပစ္စာဂတဝတ်ကို မဖြည့်ကျင့်မီ ဘုရားရှင်၏ ဒုက္ခရစရိယာအကျင့်ကို ပူဇော်သောအားဖြင့် (၇)နှစ်တိုင်တိုင် ထိုင်ခြင်း, အိပ်ခြင်းကိုမပြုဘဲ ရပ်ခြင်း,သွားခြင်း နှစ်ပါးဖြင့်သာ ကျင့်လေသည်။

ဂင်းနောက်တွင် (၁၆)နှစ် တိုင်တိုင် ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ကာ ရဟန္တာအဖြစ်သို့ ရောက်လေသည်။

မဟာနာဂမထေရ်သည် ဆွမ်းခံသွားသောအခါ ရွာတံခါးဝသို့ရောက်လျှင် ချိုင်းကြားဌ် ချိတ်ချယူခဲ့သော ရေကရားဖြင့် သပိတ်ကိုဆေးကာ ရေငုံ၍ သွားလေသည်။

ရေကိုငုံထားခြင်းအကြောင်းမှာ ဆွမ်းလှူရန်ဖြစ်စေ၊ ရှိခိုးရန်ဖြစ်စေ လာသောသူများကို သင်တို့အသက်ရှည်ကြစေသတည်းဟု ပြောဆိုနေရလျှင် မိမိဆင်ခြင်သောကမ္မဋ္ဌာန်း ပျက်မည်စိုးသောကြောင့်ဖြစ်ပေသည်။

သို့သော် အရှင်ဘုရား ယနေ့ အဘယ်ရက်နေ့ပါနည်း၊ ခုနစ်ရက်လော- ရှစ်ရက်လော စသည်ဖြင့် နေ့ရက်ကိုဖြစ်စေ၊ ရဟန်းအပေါင်းကိုဖြစ်စေ၊ ပြဿနာတရပ်ရပ်ကိုဖြစ်စေ မေးလာခဲ့သော် ငုံထားသောရေကိုမျိုချ၍ ပြောကြားလေသည်။

မမေးခဲ့သော် ငုံ ထားသောရေကို ရှာတံခါးဝ၌ ထွေးပြီး ပြန်ကြွသွားလေသည်။ ——

ငါးကျိပ်သောရဟန်းတော်များ

သီဟိုဠ်ကျွန်း ကဒမ္ဗ ရေဆိပ်အနီးရှိ ကျောင်းတကျောင်းတွင် ဝါကပ်နေထိုင်ကြကုန်သော ငါးကျိပ်သော ရဟန်းတို့ယည်လည်း မဟာနာဂမထေရ်ကဲ့သို့ အားထုတ်ကြကုန်၏။

ထိုရဟန်းတို့သည် ရဟန္တာအဖြစ်သို့ မရောက်မီအတွင်း ငါတို့အချင်းချင်း စကားမပြောကြစတမ်းဟု ဝါဆိုလပြည့်နေ့၌ ကတိကဝတ် ပြုထားကြကုန်၏။

ရှာတွင်းသို့ ဆွမ်းခံဝင်သောအခါတွင်လည်း ရေကိုငုံ၍ သွားကြကုန်သည်။ နေ့,ရက် စသည်ကို မေးမြန်းခဲ့သော် ရေကိုမျိုချ၍ ပြောကြားကြသည်။ မမေးခဲ့သော် ရှာတံခါးဝ၌ ရေကိုထွေး၍ ကျောင်းသို့ပြန်လာကြသည်။

ရဟန်းတို့ရေထွေးထားရာအရပ်ကို လူအများ မြင်ကြလေလျှင် ယနေ့ ရဟန်းတပါးကြွလာသည်, နှစ်ပါးကြွလာသည် စသည်ဖြင့် သိကြသည်။

ရဟန်းတော်များ စကားမပြောဆိုဘဲနေသည်ကိုမြင်ကြသဖြင့် ဤရဟန်းတော်များသည် လူ, ဒကာ-ဒကာမများနှင့်သာ စကားမပြောဆိုဘဲ နေကြသလော၊

သို့မဟုတ် မိမိတို့ ရဟန်း အချင်းချင်းလည်း စကား မပြော မဆိုဘဲ နေကြသလော၊ အကယ်၍ ရဟန်းအချင်းချင်း စကား မပြောဆိုဘဲနေကြလျှင် တပါးနှင့်တပါး ခိုက်ရန်ဒေါသ ဖြစ်ပွားကြပေလိမ့်မည်။

မည်သို့ပင်ရှိစေ ငါတို့သွားကာ အချင်းချင်း ညီညွတ်အောင် ဝိုင်းဝန်း လျှောက်ထားကြ ကုန်အုံ့ဟု တိုင်ပင်ကာ လူအများ ကျောင်းသို့သွားကြလေ၏။

ကျောင်းသို့ရောက်လျှင် ငါးကျိပ်သောရဟန်းတို့တွင် ရဟန်း နှစ်ပါး အတူဘာ ဘနေရာထည်းခ၌ နေသည်ကို မတွေ့ရသည့်ပြင် စေတီယင်ပြင်နှင့် ဗောဓိယင်ပြင်ကို တံမြက်လှည်းပြီး သောက်ရေ သုံးဆောင်ရေများကို တည်ခတ်ထားကာ ကျောင်းအရှေ့မ်တခုလုံး ကို ကောင်းမွန် သန့်ရှင်းစွာ ပြုလုပ်ထားသည်ကို တွေ့မြင်ကြလေ သည်။

ထိုအခါတွင် စဉ်းစား နှိုင်းချိန် တတ်သော ဉာဏ်ရှိသူ ဒကာ တယောက်က ဒုခချင်းတို့ ခိုက်ရန်ဒေါသဖြစ်သော ပုဂ္ဂိုလ်တို့ နေ ထိုင်ရာအရပ်သည် ဤကဲ့သို့ စည်းကမ်းတကျ သန့်ရှင်းစွာ မရှိနိုင် ပေဟု ပြောဆိုသဖြင့် လူအများသဘောပေါက်ကာ ပြန်သွားကြ လေသည်။

ငါးကျိပ်သော ရဟန်းတို့သည် ထို ဝါတွင်းဌ်ပင် ဝိပဿနာ ကမ္မဋ္ဌာန်းကိုကြိုးစားအားထုတ်ကြသဖြင့် ရဟန္တာအဖြစ်သို့ရောက် ကြပြီး သီတင်းကျွတ်လပြည့်နေ့တွင် ကိလေသာ ကင်းစင်သော ရဟန္တာအရှင်မြတ် ဘဝဖြင့် ဝိသုဒ္ဓိ ပဝါရဏာကို ပြုကြလေကုန် သည်။

ဂ်တပစ္စာဂတဝတ်ကို ဖြည့်ကျင့်သောရဟန်း ဆွမ်းခံဝင်ပုံ

ဂ်တပစ္စာဂတဝတ်ကို ဖြည့်ကျင့်သောရဟန်းသည် မဟာနာဂ မထေရ်နှင့် ငါးကျိပ်သောမထေရ်များကဲ့သို့ ကမ္မဋ္ဌာန်းကို ဆင်ခြင်ကာ ရှာတွင်းသို့ ဆွမ်းခံဝင်ခလေသည်။

ဆွမ်းခံသွားသောအခါတွင် လျင်မြန်စွာမသွားဘဲ အလွန်ညှိုးညှတ်သောမြေအပြင်၌ ရေအပြည့်တင်ထားသောလှည်းကြီးသည် မတုန်မလှုပ်ငြိမ်သက်စွာသွားသကဲ့သို့ လက်, ခြေ, ဦးခေါင်းစသည်ကို မလှုပ်ရှားစေဘဲ တည်ငြိမ်စွာသွားလေ၏။

အိမ်စဉ်အတိုင်းသွားပြီးလျှင် လူလိုမှု ရှိ,မရှိကို အကဲခတ်ကာ ခဏမျှရပ်နေလျက် ရှိသောဆွမ်းကိုယူပြီး ရှာတွင်း၌ဖြစ်စေ၊ ရှာပြင်၌ဖြစ်စေ၊ သို့မဟုတ်ကျောင်းသို့ပြန်လာ၍ဖြစ်စေ အလိုရှိသလို သုံးဆောင်လေသည်။

သုံးဆောင်သောအခါဘွဲ့လည်း ကမ္မဋ္ဌာန်းကို ဆင်ခြင်၍ဖြစ်စေ၊ အာဟာရ၌ စက်ဆုပ်ဘွယ်ဟု ဆင်ခြင်၍ဖြစ်စေ၊ အမာခံကို ဆီပြုံလိမ်းကဲ့သည်နှင့်ဘူးပုံ၊ရထားဝင်ရိုးကို ဆီပြုံလိမ်းကဲ့သည်နှင့်ဘူးပုံ၊ မိမိ၏ သား, သမီးအသားကိုစားရသည်နှင့် ကျုံ့များကို ဆင်ခြင်၍ဖြစ်စေ သုံးဆောင်လေသည်။

သုံးဆောင်ပြီးသောအခါတွင် ဝမ်း နှင့်ခြင်း ပျောက်အောင် ခဏမျှ အနားယူကာ အိပ်ချိန်ဖြစ်သော သန်းခေါင်ကာလမ်မှတပါး ကျန်အချိန်အားလုံး၌ ကမ္မဋ္ဌာန်းကိုဆင်ခြင်၍သာ နေလေသည်။

ဤရဟန်းမျိုးကို အသွားအပြန် နှစ်ပါးလုံး၌ ဆောင်သော ရဟန်းဟုခေါ်ဆိုရလေသည်။ တနည်းဆိုသော် ဂ်တပစ္စာဂတဝတ်ကို ဖြည့်ကျင့်သောရဟန်းဟု ခေါ်ဆိုရလေသည်။

ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်သဖြင့် ရရှိအပ်သော အကျိုး

ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်သောရဟန်းသည် ၎င်းဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်ဘိုရန် အကြောင်းတရား ပြည့်စုံခဲ့သော် ပထမအရွယ်မှာပင် ရဟန္တာဖြစ်ရသည်။

ယင်းသို့မဖြစ်မူ မဇ္ဈိမအရွယ်၌ ရဟန္တာဖြစ်ရသည်။

ယင်းအရွယ်၌မဖြစ်မူ သေခါနီးကာလ၌ ရဟန္တာဖြစ်ရသည်။

ယင်းကာလ၌မဖြစ်မူ နတ်ပြည်ဝယ် နတ်သားဖြစ်သောအခါ ရဟန္တာဖြစ်ရသည်။

နတ်သားဘဝ၌ မဖြစ်ခဲ့သော် ဘုရားမပွင့်မီ ရဟန်းဖြစ်ကာ ပစ္စေကဗုဒ္ဓါဖြစ်ရသည်။

ပစ္စေကဗုဒ္ဓါ မဖြစ်ခဲ့သော် ဘုရားရှင်တို့ အဆုံး၌ ဗာဟိယဒါရု စီရိယမထေရ်ကဲ့သို့ လျင်မြန်သော အဘိညာဏ်နှင့် ပြည့်စုံရသည်။

အရှင်သာရိပုတ္တရာ မထေရ်ကဲ့သို့ ဉာဏ်ပညာ ကြီးကျယ်သည်။

ရှင်မောဂ္ဂလာန် မထေရ်ကဲ့သို့ တန်ခိုး ကြီးကျယ်သည်။

အရှင်မဟာကဿပ မထေရ်ကဲ့သို့ ခံ့တင်ဖြင့် ဆုံးမဘတ်သောပုဂ္ဂိုလ်ဖြစ်ရသည်။

အရှင်အနုရုဒ္ဓါ မထေရ်ကဲ့သို့ ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် ပြည့်စုံရသည်။

အရှင်ဥပါလိ မထေရ်ကဲ့သို့ ဝိနည်းကို ဆောင်နိုင်သည်။

အရှင်ပုဏ္ဏ မထေရ်ကဲ့သို့ တရားဟောတတ်သော ပုဂ္ဂိုလ် ဖြစ်ရသည်။
အရှင်ရေဝတ မထေရ်ကဲ့သို့ အာရညကဓုတင်ကို ဆောင်နိုင်သည်။
အရှင်အာနန္ဒာမထေရ်ကဲ့သို့ မျှားသောအကြားအမြင်နှင့် ပြည့်စုံသည်။
အရှင်ရာဟုလာ မထေရ်ကဲ့သို့ သိက္ခာ သုံးပါးကို အလိုရှိသောပုဂ္ဂိုလ် ဖြစ်ရသည်။
ဤ အကျိုးမျှားကို ရနိုင်လေသည်။

ပဇ္ဈကဗုဒ္ဓ အလောင်းတော်တို့ ဖြည့်ကျင့်အပ်သော ပါရမီ

သတ္တဝါအမျှားကို သနားသောကရုဏာနှင့် သဗ္ဗညုတညာဏ်ကို ရခြင်းအကြောင်းခံ တတ်သိလိမ္မာသော ဉာဏ်ပညာကို အခြေခံ အုဋ္ဌမြစ်အနေထားရှိပြီး တွယ်တာကပ်ငြိမှု, ထောင်လွှား မာန်မှုမှု, မှားယွင်းသောယူဆမှုမျှား မပါစေဘဲ အား ထုတ် ဖြည့် ကျင့် အပ်သော ဒါန, သီလ စသော တရားအစုကို ပါရမီ ဟု ခေါ်ဆိုရကြောင်းဖြင့် စရိယာပိဋကအဋ္ဌကထာ၌ ပြဆိုထားလေသည်။

ဇိနာလင်္ကာရဋီကာ၌ကား- နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော ဒါန,သီလ စသော တရားတို့ကို ပါရမီ ဟု ခေါ် ဆိုရကြောင်း ပြဆိုထားလေသည်။

ဂင်းစကားနှစ်ရပ်တွင် စရိယာပိဋကအဋ္ဌကထာဆရာ စကားကို ဆုံးဖြတ်ချက်အနေဖြင့် သီလက္ခန် ဋီကာ သစ်၌ အောက်ပါအတိုင်း ဖွင့်ပြထားပြန်သည်။

သတ္တဝါအများကို သနားသော ကရုဏာနှင့် သဗ္ဗညုတညာဏ်ကို ရခြင်းအကြောင်းခံ တတ်သိလိမ္မာသောညာဏ်ပညာကိုအခြေခံထားရှိကာ ဖြည့်ကျင့် ဆည်းပူး အပ်သော ဒါန, သီလ စသော တရားများကိုသာ ပါရမီဟု ခေါ်ဆိုရလေသည်။

ဗောဓိဆု သုံးပါးတွင် တပါးပါးကိုမျှ မပန်ဆင် မတောင်းတာ ကရုဏာပညာတရားနှစ်ပါးလည်း မပါရှိဘဲ ဝဋ္ဌဆင်းရဲသို့ ရောက်အောင်သာ အားထုတ်အပ်သော ဒါန, သီလ စသော တရားများကိုကား ပါရမီ ဟု မခေါ်ဆိုရပေ။

အထက်ပါစကားနှစ်ရပ်တွင် စရိယာပိဋကအဋ္ဌကထာစကားရပ်သည် သမ္မာသမ္ဗောဓိဆုကို ပန်ဆင် တောင်းတသော သမ္မာသမ္မုဒ္ဓအလောင်းတော်များ ဖြည့်ကျင့်ရသော ပါရမီကို အဓိကရည်ရွယ်ချက်ထား၍ ပြဆိုခြင်းဖြစ်ပေသည်။

ဇာတလက်ဘရဋ္ဌကာ စကားရပ်သည်ကား ဗောဓိဉာဏ်သုံးပါးကို အသီးသီးပန်ဆင်ကြသော သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊သာဝကဗုဒ္ဓ အလောင်းတော်သုံးဦးလုံးနှင့် သက် ဆိုင်အောင် သာမည အားဖြင့် ပြဆိုထားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် သမ္မာ သမ္မုဒ္ဓ အလောင်းတော်များမှာ-ကရုဏာ, ပညာ တရားနှစ်ပါးကို အခြေခံထားကာ ဖြည့်ကျင့် ဆည်းပူးအပ်သော ဒါန, သီလ စသည်ကိုသာ ပါရမီဟု ခေါ်ဆိုရ၍ ယင်းတရားနှစ်ပါးမပါရှိဘဲ ဖြည့်ကျင့် ဆည်းပူးအပ်သော ဒါန, သီလ စသည်ကိုကား ပါရမီဟု မခေါ်ဆိုရပေ။

ပစ္စေကဗုဒ္ဓနှင့်သာဝကဗုဒ္ဓ အလောင်းတော်များမှာမူ ကရုဏာ, ပညာ တရားနှစ်ပါး ပါရှိရန်မလိုဘဲ နိဗ္ဗာန်သို့ရောက်လိုသော စိတ်ဆန္ဒ ရှိကာမျှဖြင့် ဒါန, သီလ စသော ကုသိုလ်များကို ဖြည့်ကျင့် ဆည်းပူးပါကပါရမီဖြစ်တော့သည်သာဟုမှတ်သားအပ်ပေသည်။

ပစ္စေကဗုဒ္ဓအလောင်းတော်များ ဝိပဿနာရှုပုံ

နောက်ဆုံးဘဝ၌ ပစ္စေကဗုဒ္ဓအလောင်းတော်များ ဝိပဿနာရှုပွားပုံကို စူဠနိဒ္ဒေသ အဌကထာ၌လာသည့်အတိုင်း အကျဉ်းမျှ ပြဆိုပေအုံ့။

ရုပ်,နာမ် တရားနှစ်ပါးကိုခွဲခြားမှတ်သားလိုသော အလောင်းတော်သည် ရူပစျာန် လေးပါး, အရူပစျာန် လေးပါး အားဖြင့် ရှစ်ပါးသော စျာန်တရားတို့တွင် တပါးပါးသောစျာန်ကို ဝင်စားလေသည်။

စျာန်မှ ထသောအခါ ဝိဘက်ဝိဿဝရ စသော စျာန်အင်္ဂါတရားနှင့် စျာန်ဌာယီသော ဖဿ, ဝေဒနာ, သညာစသော တရားများကို လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်အားဖြင့် ပိုင်းခြား မှတ်သား၊ လေသည်။

ထိုနောက် ဝိဘက်, ဝိဿဝရ စသော တရား အ ပေါင်း သည် အာရုံသို့ ရှေးဂ ညွှတ်တတ် သော ကြောင့် နာမ်တရား မည်၏။ ဤနာမ်တရားသည် ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပေါ် လာသည်။

ဟဒယ ဝတ္ထုရုပ် သည်လည်း မဟာဘုတ်လေးပါးကိုမှီ၍ ဖြစ်ပေါ်လာရသည်။ ဤသို့ အကြောင်းဖြစ်သော မဟာဘုတ်တရားနှင့် အကျိုးဖြစ်သော ဥပါဒါရူပ်မျိုးကို ဥေမြင်လေသည်။

ထိုတရားအားလုံးသည် အချမ်း, ဓာတု စသော အကြောင်းများနှင့် တွေ့ဆုံလေသော် မူလပကတိအတိုင်းမနေဘဲ တမျိုးတဖုံ ဖောက်ပြန်တတ်သောကြောင့် ရုပ်တရားမည်၏။ ဟု နာမ်နှင့်ရုပ်ကို ခွဲခြား မှတ် သား လေ သည်။ ဤကား သမထကို အခြေပြု၍ ဝိပဿနာရှုပုံ ဖြစ်သည်။

ဝိပဿနာသက်သက်ဖြင့် ရှုဆင်ခြင်ပုံ

ဝိပဿနာသက်သက်ဖြင့်ရှုဆင်ခြင်သောအလောင်းတော်သည် မဟာဘုတ်ခေါတ်ကြီး လေးပါးကို ဦးတည်ထားပြီး ယင်းကို မှီ၍ ဖြစ်ပေါ်ရသော ဥပါဒါရူပ်များကို ခွဲ ခြား ပြီး လျှင် ဤ တရား အပေါင်းသည် အချမ်း, အပူ စသော အကြောင်း တရားများနှင့် တွေ့ဆုံကြလျှင် မူလသဘောမှ ဖောက်ပြန်တတ် သောကြောင့် ချုပ်တရားမည်သည်။

စက္ခုပသာဒ, ရူပါရုံ, အာလောက, မ နသိ ကာ ရ စသော အကြောင်းတရားတို့ ပေါင်းဆုံဖြစ်ပေါ်လာကြလျှင် စက္ခုပသာဒ ရုပ်ကိုမှီပြီး စက္ခုဝိညာဉ်,သမ္ပဋိစ္ဆိုင်း, သန္တီရဏ် စသော တရားတို့ ဆက်ကာ-ဆက်ကာ ဖြစ်ပေါ်လာကြကုန်၏။

ဤတရားအားလုံးသည် အာရုံသို့ညွှတ်ခြင်း-ကိုင်းခြင်းသဘော ရှိကြသောကြောင့် နာမ်ဘရားမည်၏။

ဤသို့ ရုပ်,နာမ်ဘရားနှစ်ပါးကို ခွဲခြားမှတ်သားပြီးလျှင် ရုပ်, နာမ် တရားနှစ်ပါးသာရှိ၏။ယင်းမှတပါး ငါသူတပါးယောကျ်ား မိန်းမ, လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါဟူ၍ မရှိပေ။

ဥပမာပြဆိုရသော်-ရထားဟု ခေါ်ဆိုရာ၌ ဝင်ရိုးတခုထည်း ကိုဦး၊ ရထားဘီးတခုသည်းကိုဦး၊ ရထားသံ တခုထည်းကိုဦး ရထားဟု မခေါ်ဆိုဘဲ ၎င်းပစ္စည်း အားလုံးကို ပေါင်းစပ်ထားမှ သာ ရထားဟု ခေါ်ဆို ရသကဲ့သို့ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ ပေါင်းစပ် ဖြစ်ပေါ်နေမှုကို သူ-ငါ တပါး ယောကျ်ား-မိန်းမ လူ-နတ်-ဗြဟ္မာ သတ္တဝါဟု ခေါ်ဆိုကြခြင်း ဖြစ်ပေသည်ဟု ဒီဋ္ဌိ ဝိသုဒ္ဓိဉာဏ်ဖြင့် ရုပ်-နာမ်တရားကို ကွဲပြားခြားအောင် ဆင်ခြင်လေ သည်။

ကခ်ါဝိတရဏဝိသုဒ္ဓိ ဖြစ်ပုံ

ဤသို့ ရုပ်-နာမ် တရား နှစ်ပါးကို ပုဂ္ဂိုလ် သတ္တဝါဟု စွဲလမ်းနေသော အတ္တဒိဋ္ဌိပျောက်အောင် ဆင်ခြင်ပြီးလျှင်၊ ထိုရုပ်-နာမ် တရားနှစ်ပါးသည် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ သွေ့သဘာဝအလျောက် အလိုလိုဖြစ်ပေါ်လာကြ၏ဟု ယူဆလျှင် အဟေတုက ဒိဋ္ဌိဝါဒဖြစ်သည်။

ထိုသို့မဟုတ် ဗြဟ္မာ-ပိဿနိုးစသော တန်ခိုးရှင် နတ်-ဗြဟ္မာတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာကြသည် ဟု ယူဆပြန်လျှင် ဝိသမဟေတုက ဒိဋ္ဌိဝါဒဖြစ်သည်။ ယင်းဝါဒနှစ်ရပ်လုံး မှားယွင်းသော အယူအဆများဖြစ်သောကြောင့် ထိုကဲ့သို့ မယူဆအပ်ပေ။

အနာရောဂါကို တွေ့မြင်လျှင် ၎င်းအနာရောဂါကို ဖြစ်စေတတ်သော အကြောင်းသမူဋ္ဌာန်းကို ရှာဖွေသော ဆေးဆရာကဲ့သို့ ရုပ်-နာမ်တရားနှစ်ပါးကို ခွဲခြားသိရှိပြီးလျှင် ထိုတရားကို ဖြစ်ပေါ်စေတတ်သော အကြောင်းမှန်ကို ရှာဖွေလေသည်။

ရှာဖွေသောအခါ ဤရုပ်-နာမ်တရားနှစ်ပါးသည် အကြောင်းမရှိဘဲ သွေ့သဘာဝအလျောက် ပေါ်ပေါ်လာကြသည် မဟုတ်၊ ဗြဟ္မာ-ပိဿနိုးစသော တန်ခိုးရှင် နတ်-ဗြဟ္မာတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာကြသည်လည်း မဟုတ်။

အမှန်မှာ-အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ ဟူသော အကြောင်းများနှင့် စက္ခု ပသာဒ, ရူပါရုံ, အာလောက, မနသိကာရ စသော အကြောင်းများကြောင့် ဖြစ်ပေါ်လာကြသည်ဟု အကြောင်းမှန်ကို တွေ့မြင်လေသည်။

နာမ်-ရူပ်၏ အကြောင်းကို သိမြင်လျှင် ယုံမှားခြင်း ၁၆-ပါးကို ပယ်နိုင်ပုံ

နာမ်-ရူပ်၏ အကြောင်းများကို ပိုင်းခြား သိမြင်သော အလောင်းတော်သည်—

အတိတ်ကာလကိုစွဲ၍ ဖြစ်ပေါ်သော ယုံမှားခြင်း ၈ါးပါး၊
အနာဂတ်ကာလကိုစွဲ၍ ဖြစ်ပေါ်သော ယုံမှားခြင်း ၈ါးပါး၊
ပစ္စုပ္ပန်ကာလကိုစွဲ၍ ဖြစ်ပေါ်သော ယုံမှားခြင်း ခြောက်ပါး
အားဖြင့် ယုံမှားခြင်း(၁၆)ပါးကို လွန်မြောက်နိုင်၏။

အတိတ်ကာလကို စွဲ၍ဖြစ်သော ယုံမှားခြင်း၈ါးပါး

၁။ ၈ါသည် လွန်ခဲ့သောရှေးအခါက ဖြစ်ခဲ့ဘူးသလော။

၂။ ၈ါသည် လွန်ခဲ့သောရှေးအခါက မဖြစ်ခဲ့ဘူးသလော။

၃။ ၈ါသည် လွန်ခဲ့သော ရှေးအခါက အဘယ်သို့သောသူ ဖြစ်ခဲ့သနည်း၊ မင်း ဖြစ်ခဲ့သလော၊ သို့မဟုတ် ပုဏ္ဏားစသည် ဖြစ်ခဲ့သလော။

၄။ ၈ါသည် လွန်ခဲ့သော ရှေးအခါက အဘယ်ပုံ ဖြစ်ခဲ့သနည်း၊ ရှည်သောသူ ဖြစ်ခဲ့သလော၊သို့မဟုတ် တိုသောသူ ဖြစ်ခဲ့သလော။

၅။ ၈ါသည် လွန်ခဲ့သော ရှေးအခါက အဘယ်သို့သောသူ ဖြစ်ခဲ့၍၊ ယင်းမှတဖန် အ ဘယ် သို့ သော သူ ဖြစ်ပြန်သနည်း။

အနာဂတ်ကာလကို စွဲ၍ ဖြစ်သော ယုံမှားခြင်းငါးပါး

၁။ ငါသည် နောင်အခါ၌ ဖြစ်ရအံ့လော။
၂။ ငါသည် နောင်အခါ၌ မဖြစ်ရအံ့လော။
၃။ ငါသည် နောင်အခါ၌ အဘယ်သို့သောသူဖြစ်ရအံ့နည်း၊ မင်း ဖြစ်ရအံ့လော၊ သို့မဟုတ် ပုဏ္ဏားစသည် ဖြစ်ရအံ့လော။
၄။ ငါသည် နောင်အခါ၌ အဘယ်ပုံ ဖြစ်ရအံ့နည်း၊ ရှည်သောသူ ဖြစ်ရအံ့လော၊ သို့မဟုတ် တိုသောသူ ဖြစ်ရအံ့လော။
၅။ ငါသည် နောင်အခါ၌ အဘယ်သို့သောသူ ဖြစ်ရ၍၊ ယင်းမှတဖန် အဘယ်သို့သောသူ ဖြစ်ရအံ့နည်း။

ပစ္စုပ္ပန်ကာလကို စွဲ၍ ဖြစ်သော ယုံမှားခြင်းခြောက်ပါး

၁။ ငါ ဟုတ်ပါလေ၏လော။
၂။ ငါ မဟုတ်လေသလော။
၃။ ငါသည် အဘယ်သို့သောသူ ဖြစ်လေသနည်း။
၄။ ငါသည် အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်လေသနည်း။
၅။ ငါသည် အဘယ်ဘဝက လာခဲ့သနည်း။
၆။ ငါသည် အဘယ်ဘဝသို့ တဖန် သွားရောက်ရလေမည်နည်း။

ဤသို့ ရုပ်-နာမ်တရားတို့၏ အကြောင်းကို ဆင်ခြင်တတ်သော ဉာဏ်ကို ကာလသုံးပါးဌ ယုံမှားခြင်းကို လွန်မြောက်တတ်သော ကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ-ဟု ခေါ်ဆိုရ၏။

ဝိပဿနာ၏ ဘေးရန်(၁၀)ပါး

ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ-ဟု ဆိုအပ်သော နုံနယ်သော ဝိပဿနာဉာဏ်ကို ရရှိသော ယောဂီပုဂ္ဂိုလ်သည် ရုပ်-နာမ် ဓမ္မသင်္ခါရတရားတို့၏ ဖြစ်မှု-ပျက်မှုကို ရှုဆင်ခြင်သောအခါတွင်-

၁။ သြဘာသ၊	၆။ အဓိမောက္ခ၊
၂။ ဉာဏ၊	၇။ ပဂ္ဂဟ၊
၃။ ပီတိ၊	၈။ ဥပဋ္ဌာန၊
၄။ ပဿဒ္ဓိ၊	၉။ ဥပေက္ခာ၊
၅။ သုခ၊	၁၀။ နိကန္တိ၊

ဟု ဆိုအပ်သော ဝိပဿနာကို ညစ်ညူးစေတတ်သော ဘေးရန် ဆယ်ပါး ဖြစ်ပေါ်လာလေသည်။ ထိုတွင်-

၁။ သြဘာသ ဆိုသည်မှာ-ဝိပဿနာရှုစဉ်ခဏ၌ ဉာဏ်အား ကောင်းသောကြောင့် သွေး ကြည်လင်၏။ သွေး ကြည်လင် မှုကြောင့် စိတ်၌ဖြစ်ပေါ်လာသော အလင်းရောင် ဖြစ်လေသည်။

ယင်းသို့ ဖြစ်ပေါ်လာသော အရောင်အလင်းကို မြင်တွေ့ရ လေလျှင် ဝိပဿနာအရာ၌ မလိမ္မာသော ယောဂီသည် ငါ့အား မဂ်တရား ဖြစ်ပေါ်လာပြီဟု ထင်မှတ်ပြီး၊ ထို အလင်းရောင်ကို သာယာမိခဲ့သော် မိမိအား ထုတ်သော ဝိပဿနာ ညစ်ညူးဘို့ရန် ဘေးရန်တခု ဖြစ်လေသည်။

၂။ ဉာဏဆိုသည်မှာ-ဝိပဿနာ ရှုဆင်ခြင်သော အခါတွင် ဖြစ်ပေါ်လာသော အလွန် သန့်ရှင်းကြည်လင်သော ဉာဏ်အမြင် ဖြစ်လေသည်။

ထို ဉာဏ်သည် သင်္ခါရ တရားတို့ကို သုံးသပ် ဆင်ခြင်သော ယောဂီအား အလွန်သန့်ရှင်းကြည်လင်စွာ ဖြစ်ပေါ်၍ လာတတ်သည်။

ယင်းဉာဏ်ကို မြင်လေလျှင် ငါ့အား မဂ်တရားဖြစ်ပေါ်လာပြီဟု ထင်မှတ်ပြီး သာယာခဲ့မိသော် မိမိအားထုတ်သော ဝိပဿနာ ညစ်ညူးဘို့ရန် ဘေးရန်တခု ဖြစ်လေသည်။

၃။ **ပီတိဆိုသည်မှာ**-ဝိပဿနာ စိတ်နှင့်ယှဉ်သော နှစ်သက်မှု ဖြစ်လေသည်။ဥဒယဗ္ဗယဉာဏ်ဖြင့် ဖြစ်မှု-ပျက်မှုကို ရှုဆင်ခြင်သော ယောဂီအား ရှုဆင်ခြင်သောခဏ၌ ပီတိတရား ငါးပါး အစဉ်အတိုင်း ဖြစ်ပေါ်လာကြသည်။

ထိုပီတိကို ငါ့အား မဂ်တရား ဖြစ်ပေါ်လာပြီဟု ထင်မှတ်ပြီး သာယာမိခဲ့သော် မိမိအားထုတ်သော ဝိပဿနာ ညစ်ညူးဘို့ရန် ဘေးရန်တခု ဖြစ်လေသည်။

၄။ **ပဿဒ္ဓိဆိုသည်မှာ**-ဝိပဿနာစိတ်နှင့်ယှဉ်သော ငြိမ်းချမ်းမှု ဖြစ်လေသည်။ ထိုပဿဒ္ဓိ ဖြစ်ပေါ်လာသော အခါတွင် ကိုယ်စိတ်တို့လည်း မပူပန်၊ လေးလံဆိုင်းမှိုင်းခြင်းလည်း မရှိ၊ ကြွမ်းထမ်းခက်မာမှု၊ အမှုဋ္ဌ မခံ့မှု၊ ကျင်နာမှု၊ ကောက်ကျွှေ့မှု သဘောများ လည်း မဖြစ်တော့ချေ။

ဤသို့သော ငြိမ်းချမ်းမှုကို ဘွဲ့မြင်ရလျှင် ငါ့အား မဂ်တရား ဖြစ်ပေါ်လာပြီဟု ထင်မှတ်ပြီး သာယာမိခဲ့သော် မိမိ အားထုတ်သော ဝိပဿနာ ညစ်ညူးဘို့ရန် ဘေးရန်တခု ဖြစ်လေသည်။

၅။ **သုခဆိုသည်မှာ**-ဝိပဿနာ စိတ်နှင့်ယှဉ်သော စိတ်ချမ်းသာခြင်း ဖြစ်လေသည်။ ဥဒယဗ္ဗယ ဉာဏ်ဖြင့် ဖြစ်မှု-ပျက်မှုကို ဆင်ခြင်သောယောဂီအား တကိုယ်လုံး ပျံ့နှံ့အောင် စိုစွတ်လျက် အလွန်မွန်မြတ်သော ချမ်းသာခြင်း ဖြစ်ပေါ်လာတတ်သည်။

ထိုချမ်းသာကိုတွေ့မြင်ရလေလျှင် ငါ့အား မဂ်တရားဖြစ်ပေါ်လာပြီဟု ထင်မှတ်ပြီး သာယာမိခဲ့သော် မိမိ အားထုတ်သော ဝိပဿနာ ညစ်ညူးဘို့ရန် ဘေးရန်တခု ဖြစ်လေသည်။

၆။ **အဓိမောက္ခဆိုသည်မှာ**-ဝိပဿနာ ရှုဆင်ခြင်သော ခဏတွင် ဖြစ်ပေါ်လာသော အားကောင်းသောသဒ္ဓါ ဖြစ်လေသည်။

ဝိပဿနာရှုသော အခါတွင် စိတ်-စေတသိက်တို့ကို အလွန်ကြည်လင်စေတတ်သော အားကောင်းသောသဒ္ဓါ ဖြစ်ပေါ်လာတတ်သည်။

ထိုသဒ္ဓါ ဖြစ်ပေါ်လာသည်ကို တွေ့မြင်ရလေလျှင် ငါ့အား မဂ်တရား ဖြစ်ပေါ်လာပြီဟု ထင်မှတ်ပြီး သာယာမိခဲ့သော် မိမိ အားထုတ်သော ဝိပဿနာ ညစ်ညူးဘို့ရန် ဘေးရန်တခု ဖြစ်လေသည်။

၇။ **ပဂ္ဂဟ ဆိုသည်မှာ**-ဝိပဿနာစိတ် နှင့် ယှဉ်သော ဝီရိယ ဖြစ်လေသည်။ ဝိပဿနာရှုစဉ်ခဏတွင် ပျင်းရိခြင်း (ကောသဇ္ဇ) သို့လည်း မကျရောက်၊ ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ) သို့လည်း မကျရောက်အောင် မလျော့မတင်း အနေအားဖြင့် ကောင်းစွာ ချီးမြှောက်ဘင်ပို့တတ်သော ဝီရိယ ဖြစ်ပေါ်လာတတ်သည်။

ထိုဝီရိယဖြစ်ပေါ်လာလျှင် ငါ့အား မဂ်တရားဖြစ်ပေါ်လာပြီဟုထင်မှတ်ပြီး သာယာမိခဲ့သော် မိမိအားထုတ်သောဝိပဿနာ ညစ်ညူးဘို့ရန် ဘေးရန်တခု ဖြစ်လေသည်။

၈။ ဥပဒ္ဒဝနဆိုသည်မှာ-ဝိပဿနာစိတ်နှင့် ယှဉ်သော သတိ ဖြစ်လေသည်။ဝိပဿနာရှုစဉ်ခဏတွင် သဘောကိုမှတ်သောအား ဖြင့် အာရုံ၌ သတိတရား ထင်ရှားစွာ ဖြစ်ပေါ်လာတတ်၏။

ထိုသတိ ဖြစ်ပေါ်လာလျှင် ငါ့အား မဂ်တရား ဖြစ်ပေါ်လာ လေပြီဟုထင်မှတ်ပြီးသာယာမိခဲ့သော် မိမိအားထုတ်သော ဝိပဿ နာ ညစ်ညူးဘိုရန် ဘေးရန်တခု ဖြစ်လေသည်။

၉။ ဥပေက္ခာဆိုသည်မှာ-ဝိပဿနုပေက္ခာနှင့်အာဝဇ္ဇနုပေက္ခာ နှစ်ပါး ဖြစ်လေသည်။

ထိုတွင် အလုံးစုံသော သင်္ခါရတရားကို သုံးသပ်ဆင်ခြင်သော အခါ လျစ်လျူရှုသော အားဖြင့် ဖြစ်သောသဘောကို ဝိပဿနု ပေက္ခာဟု ခေါ်ဆိုသည်။

အလုံးစုံသော သင်္ခါရတရားကို သုံးသပ် ဆင်ခြင်သော အခါ လျစ်လျူရှုသောအားဖြင့် ဖြစ်ပေါ်လာသော မနောဒ္ဒါရာဝဇ္ဇန်း စိတ်နှင့်ယှဉ်သောစေတနာကို အာဝဇ္ဇနုပေက္ခာဟု ခေါ်ဆိုသည်။

တောဘူမကသင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်သော ယောဂီ အား ယင်း တရားနှစ်ပါး အလွန်အားကောင်းထက်သန်စွာ ဖြစ် ပေါ်လာတတ်သည်။

ထိုတရား ဖြစ်ပေါ်လာလျှင် ငါ့အား မဂ်တရားဖြစ်ပေါ်လာ ပြီဟုထင်မှတ်ပြီး သာယာမိခဲ့သော် မိမိအားထုတ်သော ဝိပဿနာ ညစ်ညူးဘိုရန် ဘေးရန်တခု ဖြစ်လေသည်။

၁၀။ နိကန္တိ ဆိုသည်မှာ- အားထုတ် အပ်သော ဝိပဿနာ၌ တွယ်တာကပ်ငြိတတ်သော အလွန် သိမ်မွေ့သော တဏှာ ဖြစ်လေ သည်။

ယင်းတဏှာသည် သိမ်မွေ့ နူးညံ့လှသောကြောင့် ကိုလေသာ ဟူ၍ပင် မသိနိုင်,မမြင်နိုင်သော သဘောရှိသည်။

အလင်းရောင် စသည်တို့၌ တွယ်တာ ကပ်ငြိလျက် သိမ်းမြှော်နှုးညှံ့စွာ ဖြစ်ပေါ်လာတတ်သည်။

ထို တဏှာဖြစ်ပေါ်လာလျှင် ငါ့အား မဂ်တရားဖြစ်ပေါ်လာပြီဟု ထင်မှတ်ပြီး သာယာမိခဲ့သော် မိမိအားထုတ်သောဝိပဿနာ ညစ်ညူးဘို့ရန် ဘေးရန်တခု ဖြစ်လေသည်။

သြဘာသစသော တရားဆယ်ပါး ဖြစ်ပေါ်လာခဲ့သော် စိတ်ပျံ့လွင့်ခြင်း မဖြစ်စေဘဲ ယင်း တရားများသည် ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်များ ဖြစ်သောကြောင့် ဝိ ပ သ နာ လမ်း မှန် မဟုတ်ချေ။

ညစ်ညူးကြောင်းကိလေသာမှလွတ်သော ဝိပဿနာဉာဏ်သည်သာ အရိယမဂ်ကိုရဘို့ရန် လမ်းမှန်သောတရား ဖြစ်ပေ၏ဟု ပိုင်းခြား သိမြင်သောဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-ဟု ခေါ်ဆိုရလေသည်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမှ စ၍ ဝိပဿနာဉာဏ် ရှစ်ပါးတို့၏ အထွဋ်အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်နှင့် သစ္စာလေးပါးကို သိမြင်ခြင်းငှာ စွမ်းနိုင်သော အနုလောမဉာဏ်ကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟု ခေါ်ဆိုရလေသည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို အလိုရှိသောယောဂိပုဂ္ဂိုလ်သည် သြဘာသ စသော ဝိပဿနာညစ်ညူးကြောင်း တရားများမှ လွတ်အောင် ဆင်ခြင်၍ ဝိပဿနာလမ်းမှန်သို့ရောက်သော ဥဒယဗ္ဗယဉာဏ်မှ စတင်ကာ အစဉ်အတိုင်း အ နု လော မ ဉာဏ် တိုင်အောင် ဝိပဿနာအဆင့်ဆင့်ဖြင့် ဝေဘူမကသင်္ခါရတရားတို့ကို လက္ခဏာယာဉ်သုံးပါးသို့တင်လျက် ပွားများ အားထုတ်အပ်လေသည်။

ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ပုံ

တေဘူမက သင်္ခါရတရားတို့၏ ဖြစ်မှု, ပျက်မှု ကို ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား အနိစ္စလက္ခဏာသည် ဟုတ်မှန်သည့်အတိုင်း ထင်ရှားပေါ်ပေါက်၍ လာလေသည်။

ဖြစ်ခြင်း, ပျက်ခြင်းတို့ဖြင့် အမြဲမပြတ် နှိပ်စက်ခြင်းကို ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား ဒုက္ခလက္ခဏာသည် ဟုတ်မှန်သည့်အတိုင်း ထင်ရှားဖြစ်ပေါ်လာလေသည်။

ဒုက္ခသည်သာလျှင် ဖြစ်၏၊ ဒုက္ခသည်သာလျှင် တည်၏၊ ဒုက္ခသည်သာလျှင် ချုပ်၏ဟု ရှုဆင်ခြင်သော ယောဂီ ပုဂ္ဂိုလ်အား အနတ္တလက္ခဏာသည် ဟုတ်မှန်သည့်အတိုင်း ထင်ရှား ဖြစ်ပေါ်၍ လာလေသည်။

ဘင်ဉာဏ် ဖြစ်ပေါ်ပုံ

ရူပ်,နာမ်,ဓမ္မ,သင်္ခါရတို့ကို လက္ခဏာသာဂ် သုံးတန်ဖြင့် တဖန်ဆင်ခြင်ပြန်သောအခါ တေဘူမက သင်္ခါရတရားတို့သည် လျင်မြန်စွာ ထင်ထင်ရှားရှားဖြစ်ပေါ်၍လာကြသောကြောင့် သင်္ခါရတရားတို့၏ ဖြစ်ပေါ်ပုံ အခြင်းအရာ အထူးကိုလည်း၊ ဌိသိုရောက်ခြင်း၊ ရင့်ရော်ခြင်းသဘောကိုလည်း၊ ဥပါဒိန္နကခန္ဓာတို့၏ဖြစ်ပေါ်ပုံကိုလည်း၊သင်္ခါရနိမိတ်ကိုလည်း အာရုံမပြုတော့ဘဲ ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းဟု ဆိုအပ်သော ခဏိကနိရောဓ၌သာ သတိခေါင်းဆောင်၍ ဉာဏ်အစဉ်ဖြစ်လေသည်။

ယင်းသို့ သင်္ခါရတရားတို့၏ ဖြစ်ခြင်းကို မရှုဘဲ၊ ပျက်ခြင်းကိုသာ ရှုဆင်ခြင်သောဉာဏ်ကို ဘင်ဉာဏ် ဟု ခေါ်ဆိုရလေသည်။

ဘယတုပဋ္ဌာနဉာဏ်ဖြစ်ပုံ

ယောဂီ ပုဂ္ဂိုလ်သည် ဘင်္ဂဉာဏ် ဖြစ်ပေါ်လာချိန်မှစ၍ ဤပစ္စုပ္ပန်ကာလ၌ ဖြစ်သော သင်္ခါရတရားတို့သည် ချုပ်ငြိမ်း ကွယ်ပျောက်၍သွားကြကုန်သကဲ့သို့ အတိတ်ကာလ၌ ဖြစ်ကုန်ပြီးသော သင်္ခါရ တရားတို့သည်လည်း ချုပ်ငြိမ်း ကွယ်ပျောက်၍ သွားကြလေကုန်ပြီ။ အနာဂတ်ကာလ၌ ဖြစ်ပေါ်လတ္တံသောသင်္ခါရတရားတို့သည်လည်း ချုပ်ငြိမ်း ကွယ် ပျောက် ၍ သွားကြကုန်လတ္တံဟု ချုပ်ငြိမ်း ကွယ်ပျောက်မှု တခုတည်းကိုသာ ဆင်ခြင်လျက် နေလေသည်။

ယင်းသို့ အပျက်ကိုသာ ဆင်ခြင်သော ဘင်္ဂဉာဏ်ကို အကြိမ်များစွာ လေ့လာပွားများသဖြင့် ဘဝသုံးပါး, ယောနိလေးပါး, ဂတိ ငါးပါး, ဝိညာဏဌိတိ ခုနှစ်ပါး, သတ္တာဝါသကိုးပါးတို့၌ အမျိုးမျိုးပျက်စီးကြသော သင်္ခါရတရားတို့သည် အလျှံပြောင်ပြောင်တောက်လောင်သောမီးကျီးတွင်းစသည်တို့ကဲ့သို့ ကြောက်မက်ဖွယ်အစစ် ဘေးကြီးဖြစ်၏ဟု ဉာဏ်အစဉ်တွင် ထင်မြင်၍ လာလေသည်။

ထိုသို့ သင်္ခါရတရားတို့ကို ကြောက်မက်ဖွယ်အစစ် ဘေးကြီးဖြစ်သည်ဟု တင်မြင်လာသောဉာဏ်ကို ဘယတု ပဋ္ဌာနဉာဏ် ဟု ခေါ်ဆိုရလေသည်။

အာဒီနဝါနုပဿနာဉာဏ်ဖြစ်ပေါ်ပုံ

တောဘုမကသင်္ခါရတရားတို့ကို ကြောက်မက်ဖွယ်အစစ် ဘေးကြီးဖြစ်၏ဟု ထင်မြင်လာအောင်ရှုဆင်ခြင်သော ဘယတုပဋ္ဌာနဉာဏ်ကို အကြိမ်များစွာ လေ့လာပွားများသော ယောဂီ ပုဂ္ဂိုလ်

အား အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဌိတိ, သတ္တာဝါသတို့သည် အလျှံပြောင်ပြောင် တောက်လောင်၍ နေသော မီးပုံကြီးကဲ့သို့ရင်း၊သန်လျှက်ကိုချိမိုး၍နေသော ရန်သူယောကျ်ားကဲ့သို့ရင်း ကိုးကွယ် အားထားရာမရှိ၊ အပြစ်မျှားသာ ရှိပေ၏ဟု ဉာဏ်အစဉ်တွင် ထင်မြင်၍လာလေသည်။

ယင်းသို့ တောဘူမက သင်္ခါရတရားတို့ကို အပြစ်မျှားသာရှိပေသည်ဟု အဖန်ဖန် ရှုဆင်ခြင်သော ဉာဏ်ကို အာဒီနဝါနုပဿနာ ဉာဏ်ဟု ခေါ်ဆိုရလေသည်။

နိဗ္ဗိဒါနုပဿနာဉာဏ် ဖြစ်ပေါ်ပုံ

တောဘူမကသင်္ခါရတရားတို့ကို ချမ်းသာမရှိဘေးအာဘိဖြစ်၏ဟု ရှုဆင်ခြင်သောယောဂီပုဂ္ဂိုလ်အား သင်္ခါရတရားတို့၏ ဘေးအတိ ရှိလေသောကြောင့် ဘဝ, ဂတိ, ယောနိ စသည်တို့၌ ဉာဏ်ဖြင့် ငြီးငွေ့ခြင်း, မမှေ့လျော်ခြင်း ဖြစ်ပေါ်၍လာလေသည်။

ယင်းသို့ သင်္ခါရတရားတို့၌ ငြီးငွေ့ဘွယ်, မမှေ့လျော်ဘွယ် အာဝဇ္ဇနဖြင့် အဖန်ဖန်ဆင်ခြင်သောဉာဏ်ကို နိဗ္ဗိဒါနုပဿနာဉာဏ်ဟု ခေါ်ဆိုရလေသည်။

မုဠိတုကမျတာဉာဏ် ဖြစ်ပေါ်ပုံ

တောဘူမက သင်္ခါရတရားတို့၌ ဉာဏ်ဖြင့် ငြီးငွေ့ခြင်း, မမှေ့လျော်ခြင်းဖြစ်သောယောဂီပုဂ္ဂိုလ်အား ထိုဘရားမှ ထွက်မြောက်လိုသောသဘော ဖြစ်ပေါ်၍ လာလေသည်။

ယင်းဘို့ တောဘူမက သင်္ခါရတရားမှ ထွက်မြောက် လိုသော ဉာဏ်ကို မုဠိတုကမျတာဉာဏ် ဟု ခေါ်ဆိုရလေသည်။

ပဋိသန်ဓေနုပဿနာဉာဏ် ဖြစ်ပေါ်ပုံ

တောဘုရားက သန်ဓေရတရားတို့မှ ထွက်မြောက်လိုသည့် အတွက် ဆိုသန်ဓေရတရားတို့ကိုပင် အနိစ္စ, ဒုက္ခ, အနတ္တဟု တဖန်ဆင်ခြင်ပြန်လေသည်။ယင်းသို့တဖန် ဆင်ခြင်သောဉာဏ်ကို ပဋိသန်ဓေနုပဿနာဉာဏ်ဟု ခေါ်ဆိုရလေသည်။

သန်ဓေရုပေကဋ္ဌဉာဏ် ဖြစ်ပေါ်ပုံ

ယောဂီပုဂ္ဂိုလ်သည် သန်ဓေရတရားတို့ကို လက္ခဏာယာဉ် သုံးပါးဖြင့် တဖန်ဆင်ခြင်သဖြင့် သန်ဓေရတရားတို့၌ အနတ္တလက္ခဏာကို ကောင်းစွာ မြင်သောကြောင့် ငါ့ကိုယ် ဟူ၍ရင်း, ငါ့ဥစ္စာ ဟူ၍ရင်း မစဲ့လမ်းရုံမျှမက ကြောက်ခြင်းသဘော, နှစ်သက်ခြင်းသဘောကိုပါ ပယ်စွန့်ပြီးလျှင် လျစ်လျူရှုနိုင် လေတော့သည်။

ယင်းသို့ သန်ဓေရတရားတို့၌ ကြောက်ခြင်း, နှစ်သက်ခြင်းမရှိဘဲ လျစ်လျူရှုသော ဉာဏ်ကို သန်ဓေရုပေကဋ္ဌာဉာဏ်ဟု ခေါ်ဆိုရလေသည်။

အလွန်ထက်မြက်သော သန်ဓေရုပေကဋ္ဌာဉာဏ် ဖြစ်ပေါ်လာသော ယောဂီပုဂ္ဂိုလ်အား ယခုအခါ ငါ့အား မဂ်တရားဖြစ်ပေါ်လာတော့မည်ဟု ဆင်ခြင်ကာ သန်ဓေရတရားတို့ကို လက္ခဏာယာဉ် သုံးရပ်ဖြင့် ရှုပွားပြီးနောက် ဘဝင်စိတ်ဖြစ်ပေါ်လာလေသည်။

ဘဝင်စိတ် နောင် မနောဒ္ဒါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံစိတ်မျှားသည် သန်ဓေရတရားကိုအာရုံပြုကာ အစဉ်အတိုင်းဖြစ်ပေါ်၍ လာကြလေသည်။

အနုလုံစိတ်နောင် ပုထုဇဉ်အနွယ်ကို လွန်မြောက်၍ အရိယာအနွယ်သို့ရောက်သော ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြုကာ ဖြစ်ပေါ်၍ လာလေသည်။

ဂေါတြဘုရားစိတ် ချုပ်သွားပြီးနောက် သောတာပတ္တိမဂ်သည် ဂေါတြဘုဉာဏ်က ပေး အပ် သော အ မှတ် သညာဖြင့် နိဗ္ဗာန်ကို အာရုံပြုပြီးလျှင် ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတ ပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ် သုံးပါးကို ပယ် သတ် လျက် ဖြစ်ပေါ် လာလေသည်။

သောတာပတ္တိမဂ် ဖြစ်ပေါ်လာပြီးသည့်နောက်တွင် နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့ ဆက်ကာဆက်ကာ ဖြစ်ပေါ်၍လာကြ ကုန်သည်။ နောက်ဆုံးဖြစ်သော ဖိုလ်စိတ်နောင် ဘဝင်စိတ်မျှား စွာ ဖြစ်ပေါ်လာလေသည်။

ထို့နောင် မနောဒ္ဒါရုဝဇ္ဇန်းစိတ်သည် ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်ဘို့ရန် ဘဝင်စိတ်ကိုဖြတ်ကာ ဖြစ်ပေါ် လာလေသည်။

မနောဒ္ဒါရုဝဇ္ဇန်းစိတ်ဖြစ်ပေါ်လာသောအခါ သောတာပန် ပုဂ္ဂိုလ်က ငါသည် ဤမဂ်ဖြင့်လာခဲ့၏။ ငါသည် မဂ်၏အကျိုး ဖြစ်သော ဖိုလ်ကို ရရှိခဲ့လေပြီ။ ငါသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သတ်ပြီး၍ ကျန် ကိလေသာများကို မပယ်သတ်ရသေးဟု မိမိ ရရှိသော မဂ်ဖိုလ်တရားနှင့်ပယ်ပြီး မပယ်ရသေးသော ကိလေသာ များကို ဆင်ခြင်လေသည်။

ထိုနောက် ငါသည် သေခြင်းကင်းရာ နိဗ္ဗာန်တရားကိုလည်း ထိုးထွင်း၍ သိအပ်ပေပြီဟု ဆင်ခြင်လေသည်။

ယင်းကဲ့သို့ သောတာပန်ပုဂ္ဂိုလ်အား မဂ်ဖိုလ်ပယ်အပ်ပြီးသော ကိလေသာ, မပယ်ရသေးသော ကိလေသာ, နိဗ္ဗာန် ဤတရား ငါးပါးကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော ငါးကြိမ် ဖြစ်ပေါ် လေသည်။

အထက် မဂ်ဖိုလ်ကို ရှိပုံ

သောတာပန်ပုဂ္ဂိုလ်သည် မဂ်,ဖိုလ်, ကိလေသာ, နိဗ္ဗာန်တရား များကို ဆင်ခြင်ပြီးလျှင် တဖန် သခ်ါရတရားတို့ကို လက္ခဏာ ယာဉ်သုံးရပ်ဖြင့်ရှုဆင်ခြင်ပြန်သောအခါ ကာမရာဂ ဗျာပါဒကို အားနည်းအောင် ပယ်သတ်လျက် သကဒါဂါမိမဂ်,သကဒါဂါမိ ဖိုလ်သို့ ရောက်လေ၏။

သကဒါဂါမ်ပုဂ္ဂိုလ်သည် တဖန် သခ်ါရတရားတို့ကို လက္ခဏာ ယာဉ် သုံးရပ်ဖြင့် ရှုဆင်ခြင် ပြန်သောအခါ ကာမရာဂ-ဗျာပါဒ ကို အကြွင်းအကျန်မရှိအောင် ပယ် သတ် လျက် အနာဂါမိမဂ်, အနာဂါမိဖိုလ်သို့ ရောက်လေ၏။

အနာဂါမ်ပုဂ္ဂိုလ်သည် တဖန် သခ်ါရတရားတို့ကို လက္ခဏာ ယာဉ် သုံးရပ်ဖြင့် ရှုဆင်ခြင်ပြန်သောအခါ ရူပရာဂ, အရူပရာဂ, မာန,ဥဒ္ဓစ္စ,အဝိဇ္ဇာ တရားများကို အ ကြွင်း အ ကျန် မ ရှိ အောင် ပယ်သတ်လျက် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်လေသည်။

အရဟတ္တဖိုလ်သို့ ရောက်ရှိပြီးချိန်မှစ၍ ပုဏ္ဏော်အထူးကို ခံယူ တော် မူထိုက်သော ပစ္စေကဗုဒ္ဓဘုရားရှင်ဟု ခေါ်ဆိုရလေသည်။

ဥာဏ်အဆင့်ဆင့်တက်၍ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ပုံ

ပြဆိုခဲ့ပြီးသည့်အတိုင်း ပစ္စေကဗုဒ္ဓါ အပြစ်သို့ ရောက်ရာ၌ ဝိပဿနာ ဉာဏ်သည် အကြောင်းရင်း ပဓာန မှန်သော်လည်း ယင်းဉာဏ်သည် အလိုအလျောက် ဖြစ်ပေါ်လာသည် မဟုတ်ဘဲ သံဝေဂဉာဏ်မှတဆင့် ဖြစ်ပေါ်လာရသည်။

ဉာဏ်အဆင့်ဆင့်တက်၍ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ပုံ ၅၁

သံဝေဂဉာဏ်ဖြင့်ပေါ်ရာတွင်လည်း တဦးနှင့်တဦး မတူကြဘဲ အချို့မှာ မိမိအလိုအလျောက် လွယ်ကူစွာ ဖြစ်ပေါ်လာကြသကဲ့သို့ အချို့မှာမူ သူတပါးတို့က ဟောကြားဆုံးမမှု ဖြစ်ပေါ်လာကြသည်။

မည်သို့ရှိစေ သံဝေဂဉာဏ် ဖြစ်ပေါ်လာလျှင် ယင်းဉာဏ်ကို အခြေခံကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကြပြီး ပစ္စေကဗောဓိဉာဏ်ကို ရရာတွင်ကား ကဲ့ပြားမှုမရှိဘဲ အတူတူပင် ဖြစ်ကြသည်။

ပစ္စေကဗုဒ္ဓ အလောင်းဟော်မျှားလည်း အကြောင်းတခုခုကို မှန်ကန်စွာ အာရုံပြု၍ သံဝေဂဉာဏ် ဖြစ်ပေါ်လာသော အခါ တောကူမက သခ်ါရတရားတို့၌ မမြဲမခဲလျှင် မခဲပျက်ပြိုက်သော သဘာဝလောက အနဘိရတိသညာ ဖြစ်ပေါ်လာကြသည်။

တနည်းဆိုရသော် ယခုကသုံးပါး တောကူမက သခ်ါရတရားတို့ကို ကြောက်ဘွယ်အတိ ဘေး ဘေးရှိ၏ဟု ထင်မှတ်သော ဘယဇာတုပဋ္ဌာနဉာဏ်နှင့် ကပ်၍နှိပ်စက်ပစ်သော အပြစ်များသော ဟု ထင်မြင်သော အာဒီနဝါနုပဿနာဉာဏ် ဖြစ်ပေါ်လာသည်။

ယင်းမှတပန်း ဘေးအဝဲ အပြစ်အနာများသောဟု ထင်မြင်နေသော သခ်ါရတရားမှ ထွက်မြောက်လိုသော မုဉ္စိတုကမ္မတာဉာဏ်နှင့် ထိုသခ်ါရဘရားအစုကို ချစ်ခြင်း, မုန်းခြင်း မပြုဘဲ လျှစ်လျူရှုသော သခ်ါရုပေက္ခာဉာဏ်သည် ပေါ်ထွန်းပြီးဘဆင့် တက်ကာ တက်ကာ ဖြစ်ပေါ်လာကြ၏။

ယင်းသို့ဖြင့် ဉာဏ် တခုမှ ဉာဏ် တခု သို့ တက်လှမ်းကြပြီး ပစ္စေကဗောဓိဉာဏ်ကိုရရှိတော်မူကာ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူကြလေသည်။

ပစ္စေကဗုဒ္ဓါအလောင်းတော်များသည် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူကြသည်နှင့်တပြိုင်နက် မိမိတို့ မူလနေထိုင်ရာ အရပ်ဒေသများ၌ နေထိုင် တော် မမူ ကြ ဘဲ ဟိမဝန္တာ တော တွင်း ရှိ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေ့ ရှိကြသည်။

ကြွသွားတော် မူကြခြင်း အကြောင်းမှာ- မိမိ၏ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်ပုံနှင့် သံဃ ဂ ဉာဏ် ရ ရှိ ပုံ ကို မိမိထက်ဦးစွာ ပစ္စေကဗောဓိဉာဏ်ကို ရရှိတော်မူကြသော အရှင်မြတ်များထံ လျှောက်ထားရန်အလို့ငှာ ကြွသွားတော်မူကြခြင်းဖြစ်လေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ဥပုသ်ပြုကြပုံ

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဥပုသ်နေ့ရောက်လျှင် ဂန္ဓမာဒန တောင်ရှိ မဉ္ဇူသက သစ်ပင်၏အနီး ရတနာ မျိုးစုံတို့ဖြင့် တင့်တယ်စွာ မွမ်းမံစီရင်၍ ထား အပ် သော တလင်းအပြင်၌ အာဃာတ်ရှိ ရေတောမှ ဥပုသ်ပြုတော်မူကြကုန်သည်။

ဥပုသ်ပြုကြရာတွင် စိတ်ကို ကိလေသာတို့မှ ကင်းဝေးအောင် ပြုအပ်၏။ စိတ်၏ ဆုတ်နစ်ခြင်းသို့ မရောက်စေအပ်ဟု အကျဉ်း ချုပ်နည်းဖြင့် ဥပုသ်ပြုတော်မူကြကုန်၏။ ယင်းသို့ မ ဟုတ် လျှင် ယနေ့ ဥပုသ်နေ့တည်းဟု ပြောဆိုခဲ့လည်း ပြုတော်မူကြ ကုန်၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ဘို့ ဥပုသ်ပြုရာ ဂန္ဓမာဒနတောင်သည် ဟိမဝန္တာတောအတွင်းရှိ စူဠကာလတောင်, မဟာကာလတောင်, နာဂပလိုဝေဌနတောင်, စန္ဒဂဗ္ဘာတောင်, သူရိယဂဗ္ဘ တောင်, သုဝဏ္ဏပဿတောင်, ဟိမဝန္တာတောင် ဤတောင်စဉ် ခုနစ်လုံးကို ကျော်ဖြတ်၍တည်ရှိ၏။

ထိုတောင်ဝယ် နန္ဒမူလက အမည် ရှိသော တောင်ဝှမ်းသည် မစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သီတင်းသုံး နေထိုင်ရာ ဌာနတခုဖြစ်၏။ ယင်းတောင်၌ ပတ္တမြားဂူ, ရွှေဂူ, ငွေဂူဟု ဂူကြီးသုံးလုံး ရှိသည့် အနက် ပတ္တမြားဂူဝတွင် အမြင့်အစောက်အား ဖြင့်ရင်း, အကျယ် အဝန်းအား ဖြင့်ရင်း တယူဇနာစီရှိသော မဟူသကသစ်ပင်ရှိသည်။ ထိုသစ်ပင်သည် ပစ္စေကဗုဒ္ဓါ ဖြစ်ခါစ အရှင်မြတ်များ ရောက်လာ သည့်နေ့တွင် ကုန်းပန်း, ရေပန်း စုံလင်စွာ ထူးထူးခြားခြား ဖူးပွင့် လေသည်။

ဂန္ဓမာဒနတောင်ထက်တွင် ရတနာ မျိုးစုံတို့ဖြင့် ညီညာစွာ ခင်းထားအပ်သော လွင်ပြင်ကခုရှိသည်။ ထိုလွင်ပြင်တွင် တံမြက် စည်းလှည်းသော လေက မြူမှုန် အမှိုက် သရိုက်များကို စင်ကြယ် အောင် စွန့်ပစ်ပေးပြီး၊ ညီညာအောင် ပြုသောလေက ရတနာမှုန့် အမျိုးမျိုးကိုညီညာအောင်ဖြန့်ခင်းပေးသည်။ ထို့ကြောင့် ရတနာ တလင်းအပြင်ဝယ် ပန်းမွေရာ, ပန်းကော်ဇော များကို အမြဲတမ်း ခင်းထားပြီး ဖြစ်နေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်သောနေ့နှင့် ဥပုသ်နေ့များတွင် ထိုအရပ်ရှိ ပစ္စေကဗုဒ္ဓါအရှင်မြတ်အားလုံး စုရုံး၍ ရတနာမှုန့် မျိုးစုံတို့ဖြင့် ခင်းထားအပ်သောလွင်ပြင်ဝယ် ထိုင်နေတော်မူလေ့ ရှိကြသည်။

ပစ္စေကဗုဒ္ဓါဖြစ်ခါစ အရှင်မြတ်သည် ဂန္ဓမာဒနတောင်သို့ ကြွရောက်လာကာ ပန်းမွေရာထက်၌ ထိုင်နေတော်မူလျှင် ထို တောင်ရှိ ပစ္စေကဗုဒ္ဓါအရှင်မြတ်များကလည်း ချက်ချင်းစည်းဝေး ကာ ပန်းမွေရာအသီးသီး၌ ထိုင်နေကြပြီး မိမိတို့အလိုရှိရာ သမာ ပတ်များကို ဝင်စားတော်မူကြသည်။

သမာပတ်မှုထလျှင် အကြီးအကဲဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်က အခုမှရောက်လာစဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို သင်သည် အဘယ် ကမ္မဋ္ဌာန်းကို အဘယ်ပုံ ဆင်ခြင်၍ ပစ္စေကဗောဓိဉာဏ်ကို ရသနည်းဟု မေးမြန်းလေသည်။

ရောက်လာစဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလည်း မိမိ ဆင်ခြင်သော ကမ္မဋ္ဌာန်းကို ဆင်ခြင်ပုံနှင့်တကွ ပြန်လည်ပြောပြ လေသည်။ယင်းသို့ပြန်လည်ပြော ပြရာတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ် အချင်းချင်း မေးမြန်းသဖြင့် ပြောပြခြင်းရှိသလို လူပုဂ္ဂိုလ်မျှားက မေးမြန်းသဖြင့် ပြောပြခြင်းလည်းရှိ၏။

အခါခြို့သော အရှင်မြတ်တို့မှာမူ မည်သူတဦးဟယောက်ကမျှ မေးမြန်းခြင်းမရှိဘဲ မိမိရှိခဲ့သော ပင်လမ်းစဉ်နှင့် အကျင့်လမ်းစဉ်ကို ဝမ်းမြောက်လှုံ့သာကြောင့် ဥဒါန်းကျူးရင်သည့် အနေဖြင့် ရွတ်ဆိုခြင်းလည်းရှိပေလသည်။

ပစ္စေကဗုဒ္ဓါဘုရင်မြတ်တို့၏ သီတင်းသုံးရာဌာန

ဂန္ဓမာဒန တောင်ခြေရှိ နန္ဒမူလိုဏ်ဂူသည် ပစ္စေကဗုဒ္ဓါဘုရင်မြတ်များ သီတင်းသုံးနေထိုင်ရာဌာနတခု ဖြစ်သကဲ့သို့ ရာဇဂြိုဟ်မြို့ကို ဝန်းရံနေသော တောင်ကြီး ငါးလုံးအနက် တလုံး အပါအဝင်ဖြစ်သော ဂျာသိဂိလိ တောင်သည်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သီတင်းသုံးနေထိုင်ရာ ဌာနတခု ဖြစ်လေသည်။

ဂေါတမမြတ်စွာဘုရားမပွင့်မီ ရှေးအခါက ပဒုမဝတီ မိဖုရားကြီး၏ သားတော်ဖြစ်ကုန်သော ငါးရာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ကာသီတိုင်း, ကောသလတိုင်း စသော ထိုထို မြို့, ရွာ

ဒေသတို့၌ ဆွမ်းခံလှည့်လည် သုံးဆောင်ကြပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွလာကြကာ စေတီတိုက်ခန်းတံခါးကို ဖွင့်သကဲ့သို့ ထိုတောင်ကို နှစ်ခြမ်းခွဲကာ အထဲသို့ဝင်ပြီးလျှင် နေ့အတွက်နေရာ ညအတွက် နေရာများကို အသီးသီးဖန်ဆင်းလျက် သမာပတ် ဝင်စားနေကြကုန်သည်။

အနီးအနားရှိလူတို့သည် တောင်အတွင်းသို့ ဝင်ရောက်တော်မူကြသော အရှင်မြတ်များကိုသာ မြင်ကြပြီး တောင်မှထွက်လာသော အရှင်မြတ်များကိုမမြင်ကြသဖြင့် ဤတောင်သည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကို မျိုဝါးတတ်၏ဟု ပြောဆိုရာမှစတင်ကာ ဣသိဂိလိတောင်ဟု အမည်တွင်လေသည်။

ထိုင်းရာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်များသည် အမိတဉ်ထည်းမှ အတူတကွဘဝချိန်တည်း၌မွေးဖွားလာကြသော ညီအစ်ကိုများဖြစ်ကြသလို ပစ္စေကဗောဓိဉာဏ်ကို ရရှိချိန်တွင်လည်း တချိန်တည်းမှာပင် ရရှိကြသောကြောင့် နေထိုင်သောအခါတွင်လည်း တကွဲတပြားစီမနေကြဘဲ ငါးရာအဘူပေါင်းစု၍ ဣသိဂိလိတောင်တွင် နေထိုင်တော်မူကြသည်။ ဣသိဂိလိ ဟူသော အမည်သည် ထိုအရှင်မြတ်တို့၏ နေထိုင်မှုကို အကြောင်းပြု၍ ရရှိသောအမည်ဖြစ်သည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်များသည် နန္ဒမူလိုဏ်ဂူနှင့် ဣသိဂိလိတောင်၌ နေထိုင်တော် မူကြသလို အခြား အခြားသော မိမိတို့အလိုရှိရာ ဘော,ဘောင်, လိုဏ်ဂူ, မြို့,ရွာ,နိုဂုမ်းနှင့် မင်း,ဥယျာဉ်စသည်များ၌လည်း နေထိုင်တော်မူကြသည်။

သို့သော် များများစားစား အစုအဝေးနှင့် နေထိုင်ရာ ဌာနကား နန္ဒမူလိုဏ်ဂူနှင့် ဣသိဂိလိတောင်ဖြစ်သည်။

ငါးရာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်များသည် ဣသိဂိလိ တောင်၌ နေထိုင်တော်မူကြစဉ် ဗာရာဏသီပြည်ကို အုပ်စိုးသော နန္ဒမင်း နှင့် မိဖုရားတို့၏ လျှောက်ထားချက်အရ ကြွလာတော်မူ ကြပြီးလျှင် မင်း, မိဖုရားတို့၏အလှူဝတ္ထုကို ခံယူတော်မူကြသည်။

မင်း, မိဖုရားတို့သည် အရှင်မြတ်တို့၏ခြေရင်းတွင် ဝပ်စင်းလျက် အရှင်မြတ်တို့လည်း ပစ္စည်းလေးပါးဖြင့် မပျင်ပန်းရအောင် ဒကာ တော်များမှာလည်း နေ့စဉ်နေ့တိုင်း ကုသိုလ်ကောင်းမှု ပြုလုပ်ရ အောင် အသက်ထက်ဆုံး ဤဥယျာဉ်တော်၌ပင် သီတင်းသုံးနေ ထိုင်ဘို့ရန် လျှောက်ထားကြသည်။ အရှင်မြတ်တို့ထံမှ ပဋိညာဉ် ရလျှင် ဥယျာဉ်တော်တွင် အရှင်မြတ်တို့ နေထိုင်စရာ- စင်္ကြံသွား စရာ-သစ်ရွက်မိုးကျောင်း ငါးရာစီတို့ကို ဆောက်လုပ် လှူဒါန်း ကြသည်။

ကျေးရွာဒေသတခုခု၌ ဆုပူသောင်းကျန်းသောသူများကို နှိမ်နှင်းရန်အတွက် နန်းတော်မှ မင်းကြီး ထွက်ခွါ သွားနေချိန်တွင် ငါးရာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် အသက် အပိုင်း အခြားကုန်ဆုံးကြသဖြင့် ညဉ့်သုံးယာမ်ပတ်လုံး စျာန်ကစားကြပြီး အရုဏ် တက်ချိန်တွင် တံကဲမှီ ပျဉ်ကိုမှီကာ မတ်တတ် ရပ်လျက် ပရိနိဗ္ဗာန်ပြုကြလေသည်။

ပရိနိဗ္ဗာန်စံပြီးသည့်နောက်နေ့တွင် အရှင်မြတ်များ နန်းတော် သို့ကြွလာတော်မူသဖြင့် မိဖုရားကြီးသည် အရှင်မြတ်တို့ နေထိုင် မ်ကောင်းများ ဖြစ်နေကြသလားဟု တွေးတောကာ ယောကျ်ား တယောက်ကို စုံစမ်းခိုင်းလေသည်။

သွားရောက်စုံစမ်းသောယောကျ်ားသည် ငါးရာသော ပစ္စေက ဗုဒ္ဓါအရှင်မြတ် အားလုံး ပရိနိဗ္ဗာန် စံနေသည်ကို တွေ့မြင်ရလျှင် နန်းတော်သို့ပြန်လာကာ မိဖုရားကြီးကို လျှောက်ထားလေသည်။

မိဖုရားကြီးသည် အရှင်မြတ်အားလုံး ပရိနိဗ္ဗာန်စံပြီဟုကြားရ လျှင် ငိုကြွေးမြည်တမ်းကာလူအများနှင့်အတူသွားပြီး အလောင်း တော်များကို မီးသင်္ဂြိုဟ်လျက် ဓာတ်တော်များကို စေတီ တည် ထား ကိုးကွယ်လေသည်။

သမ္မာသမ္ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓတို့ ခြားနားပုံ

သမ္မာသမ္ဗုဒ္ဓ အလောင်းတော်များမှာ- သမ္မာသမ္ဗောဓိ ဆုကို တောင်းဆိုရာတွင် အကြောင်းရှစ်ပါး ပြည့်စုံမှ နိယတဗျာဒိတ် ရသည်။

ပစ္စေကဗုဒ္ဓ အလောင်းတော်များမှာ- ပစ္စေက ဗောဓိ ဆု ကို တောင်းရာတွင် အကြောင်းငါးပါး ပြည့်စုံလျှင် နိယာတဗျာဒိတ် ရသည်။

ပါရမီဖြည့်ကျင့်ရာတွင် သမ္မာသမ္ဗုဒ္ဓအလောင်းတော်များမှာ လေးသင်္ချေနှင့်ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်း၊ တဆဲ့ ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ကျင့်ရသည်။

ပစ္စေကဗုဒ္ဓ အလောင်းတော်များမှာ-နှစ်သင်္ချေနှင့် ကမ္ဘာတ သိန်းမှစ၍ သုံး အသင်္ချေမပြည့်မီတိုင်အောင် ဖြည့်ကျင့်ရသည်။

သမ္မာသမ္ဗုဒ္ဓအလောင်းတော်များမှာ-ကရုဏာ,ပညာ နှစ်ပါး ကိုအခြေခံထားပြီး ကိုယ်ပိုင်ပစ္စည်းဥစ္စာကိုစွန့်လွှတ်၍ ဖြည့်ကျင့်မှု ပါရမီ၊ ခြေ,လက်,နား,နှာခေါင်းစသော ကိုယ်အင်္ဂါ ကြီးငယ်ကို စွန့်လွှတ်၍ဖြည့်ကျင့်မှု ဥပပါရမီ၊ အသက်ကိုစွန့်လွှတ်၍ဖြည့်ကျင့်မှု ပရမတ္ထပါရမီ၊ ဤသုံးလီတို့ဖြင့် ဖြည့်ကျင့်ရသည်။

ပစ္စေကဗုဒ္ဓ အလောင်းတော်များမှာ- ကရုဏာ,ပညာ တရား နှစ်ပါး ပါရှိရန်မလိုဘဲ နိဗ္ဗာန်သို့ရောက်လိုသောစိတ်ဖြင့် ပါရမီ, ဥပပါရမီ,ပရမတ္ထပါရမီများကို ထိုက်သင့်သလို ဖြည့်ကျင့်ရသည်။

နောက်ဆုံးဘဝ ရောက်လျှင်

သမ္မာသမ္ဗုဒ္ဓ အလောင်းတော်များမှာ-မင်းမျိုး, ပုဏ္ဏားမျိုး နှစ်မျိုးတို့တွင် တမျိုးမျိုးဌာ ဖြစ်တော်မူကြသည်။

ပစ္စေကဗုဒ္ဓ အလောင်းတော်များမှာ - မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး သုံးပါးတို့တွင် တမျိုးမျိုးဌာ ဖြစ်တော်မူကြသည်။

သမ္မာသမ္ဗုဒ္ဓ အလောင်းတော်များမှာ- နတ်,ဗြဟ္မာ များက သူအို-သူနာ-သူသေ-ရဟန်းဟူဆိုအပ်သော နိမိတ်ကြီးလေးပါးကို ပြမှ သံဝေဂဉာဏ် ရတော်မူကြသည်။

ပစ္စေကဗုဒ္ဓ အလောင်းတော်များတွင် အချို့မှာ အကြောင်း တခုခုကိုစဉ်ချ၍ မိမိတို့အလိုအလျောက် သံဝေဂဉာဏ် ရတော်မူကြ သည်။ အချို့မှာ သူတပါးတို့က ဟောကြားဆုံးမမှ သံဝေဂဉာဏ် ရတော်မူကြသည်။

သမ္မာသမ္ဗုဒ္ဓအလောင်းတော်များမှာ-ဘုရားအဖြစ်သို့ ရောက် သည်နှင့်တပြိုင်နက် ဒသဗလဉာဏ်, စတုဝေသာရဇ္ဇ ဉာဏ်တော် များနှင့် ဝေနေယျတို့၏ ဣန္ဒြေဒုံးနှုံးအရင့်ကိုသိသော ဣန္ဒြိယပရော ပရိယတ္တိဉာဏ်,ဝေနေယျတို့ကို လွန်စွာသနားတော်မူသော မဟာ ကရုဏာသမာပတ္တိဉာဏ်, ရေ-မီးအစုံအစုံဖြစ်အောင် တန်ခိုးပြနိုင် သော ယမကပါဋိဟာရိယဉာဏ်,သိသင့်သိထိုက်သော ဥေ္ဌယျဓမ္မ တို့ကို အကုန်အစင် ခွဲခြမ်းသိမြင်နိုင်သော သဗ္ဗညုတဉာဏ်, အပိတ် အပင်, အဆီးအတား မရှိသော အနာဝရဏ ဉာဏ်တော်များကို ရရှိတော်မူကြသည်။

ပစ္စေကဗုဒ္ဓ အလောင်းတော် များမှာ - ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်သောအခါတွင် ပစ္စေကဗောဓိဉာဏ်ကိုသာရပြီး ဒသဗလ စသော ဉာဏ်တော်များကို မရရှိကြပေ။ ထို့ကြောင့် သဗ္ဗညုဘုရား

ရှင်တို့နှင့်မတူဘဲ အသီးအခြား သစ္စာလေးပါးကို သိသောကြောင့် ပစ္စေကဗုဒ္ဓါဟု ခေါ်ဆိုရလေသည်။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်မျှားမှာ - တရားဟောရာတွင် သစ္စာလေးပါးတရားကို အနက်ရော ပါဠိပါ ခွဲခြမ်းစိတ်ဖြာ၍ သိတော်မူကြသဖြင့် ကိုယ်တိုင် သိတော်မူသလို သူတပါး တို့ကိုလည်း သိအောင် ပညတ်သို့တင်ကာ တဆင့်ဟောပြတော်မူနိုင်ကြသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်မျှားမှာမူ သစ္စာ လေး ပါး တ ရား ကို ကိုယ်တိုင်ထိုးထွင်း၍ သိမြင်ကြသော်လည်း အနက်အဓိပ္ပာယ်မျှကိုသာ သိပြီး ပါဠိခမ္ဓာကို မသိကြသဖြင့် သူတပါးတို့ သိအောင် ပညတ်သို့တင်ကာ တဆင့်ဟောမပြနိုင်ကြပေ။

ထို့ကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ တရား ဟော ရာ တွင် သတ္တဝါ တဦးတယောက်မျှ သစ္စာလေးပါးကိုသိမြင်ကာ မဂ်ဖိုလ်ကို ရသွားသည်ဟူ၍ မရှိပေ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်မျှား၏ သစ္စာလေးပါး သိပုံမှာ- မိမိမြင်မက်သော အိပ်မက်ကို သူတပါးတို့အား ပြန်ပြီး ပြောမပြနိုင်သော သူဆံ့-သူအ နှင့်တူကြောင်း၊ တနည်းဆိုရသော် မြို့သူ-မြို့သားတို့ သုံးဆောင် စားသောက်နေကြသည့် ကောင်းမြတ် သည့် ဘောဇဉ်အရသာကို တောတွင်အနေမျှားသော မုဆိုးတို့မသိပုံနှင့် တူကြောင်းဖြင့် အဋ္ဌကထာဆရာမျှား ဖွင့်ပြကြ၏။

ပစ္စေကဗုဒ္ဓါအရှင်မြက်တို့တရားဟောတော်မူကြပုံ

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ တရားဟောတော်မူကြရာတွင် တဦးနှင့်တဦး မတူညီကြပေ။ အချို့သောအရှင်မြတ်မျှားမှာ ဣဒ္ဓိတံ-ပတ္ထိတံ စသော နှစ်ဂါထာမျှကိုသာ ဟောကြားတော်မူကြသည်။

အချို့သော ဒရိမုခ သောဏက စသော အရှင်မြတ်များမှာမူ သဗ္ဗညုဘုရားရှင်များကဲ့သို့ ပုဂ္ဂိုလ်၏ အကြိုက် စရိုက်သို့ လိုက်ကာ ထိုက်သင့်သောတရားများကို အကျယ်အားဖြင့် ဟောကြားတော်မူကြသည်။

သို့သော် ဣစ္ဆိတံ - ပတ္ထိတံ စသော နှစ်ဂါထာကိုသာ ဟောကြားသည်ကများသောကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် တရားဟောတော်မူသောအခါ ဣစ္ဆိတံ-ပတ္ထိတံ စသော နှစ်ဂါထာကိုသာ ဟောကြားတော်မူကြ၏ဟု အဋ္ဌကထာဆရာများ ဖွင့်ပြကြခြင်းဖြစ်သည်။

အကျယ်အားဖြင့် ဟောကြားရာတွင်လည်း သတ္တဝါအများကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရရှိအောင် သစ္စာလေးပါးကို သမုတိသစ္စာသို့ တင်၍ ဟော်ပြနိုင်ခြင်းမရှိကြပေ။

ဒါနနှင့်စပ်သောတရား, သီလနှင့်စပ်သောတရား,နတ်ပြည်နှင့်စပ်သောတရား, ကာမဂုဏ်၏အပြစ်, ကာမဂုဏ်မှ ထွက်မြောက်ရခြင်း၏ အကျိုးများနှင့် စပ်သောတရား, ရဟန်းပြုလုပ်ရခြင်း၏ အကျိုးတရားများကိုသာ ဟောပြတော်မူကြလေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ဟောကြားတော်မူသော တရားတော်များသည် တပါးသောရဟန်းပုဏ္ဏားစသည်တို့ထံမှ ကြားနာရပြီး တဆင့်ပြန်လည်ဟောပြသော တရားတော်များမဟုတ်ချေ။

မိမိရရှိသော ပစ္စေကဗောဓိဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင် ကာ ဟောကြားတော်မူသော တရားတော်များသာ ဖြစ်သည်။

ထိုအချက်ကို ဒရိမုခ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုယ်တိုင် ဟောကြားတော်မူသော အောက်ပါစကားရပ်ဖြင့် သိနိုင်ပေသည်။

ဗြဟ္မဒတ်မင်းကြီး ငါသည် ဆိုခဲ့ပြီးသော စကားများ ကို ဘဝါးသော ရဟန်း,ပုဏ္ဏားတို့ထံမှ နာခံမှတ်သားရပြီး သင့်အား ဘဆင့်ဟောကြားခြင်းမဟုတ်ချေ။ ငါ၏ပစ္စေကဗောဓိဉာဏ်ဖြင့် ထိုးထွင်းသိမြင်ကာ ဟောကြားခြင်းသာဖြစ်၏။ ငါသည် ရှေးဘဝ များစွာက နေခဲ့ဘူး, ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ သိမြင်နိုင်ပေသည်။

ရဟန်းအသွင် ဖြစ်ပေါ်လာပုံ

ပစ္စေကဗုဒ္ဓါအလောင်းတော်များ သည် မိမိတို့ ပါရမီ အလျောက် လူဘဝဖြင့် ပစ္စေက,ဗုဒ္ဓါအဖြစ်သို့ ရောက်သူနှင့် ရဟန်းဘဝရောက်ပြီးမှ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်သူဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

ပထမအမျိုးအစားမှာ - ပစ္စေကဗောဓိဉာဏ်ကို ရသည်နှင့် တပြိုင်နက် ငါသည်ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လေပြီဟုသိသော် လည်း ရဟန်းအသွင် မဖြစ်ပေါ်လာသေးဘဲ မူလ လူအသွင်ဖြင့် ပင် ရှိနေကြသည်။

သူတပါးက ပစ္စေကဗုဒ္ဓါ အာရုံရှင်မြတ်တို့သည် သင်ကဲ့သို့ လူ အသွင်ဖြင့် မဟုတ်ကြကုန်။ သပိတ်,သင်္ကန်း စသော ပရိက္ခရာများ ကို ကိုယ်ဝယ် ဆင်မြန်းထားသော ရဟန်းအသွင်ဖြင့် ရှိကြကုန်၏ ဟု ပြောဆိုသောအခါ သတိရပြီး ဦးခေါင်းကို လက်ဖြင့်သုံးသပ် သောအခါတွင်မှ လူအသွင် ကွယ် ပျောက် ကာ ရဟန်းအသွင် ဖြစ်ပေါ်လာကြသည်။

ဒုတိယအမျိုးအစားမှာမူ ပစ္စေကဗောဓိဉာဏ်ကို မရမီအချိန် နှင့် ရပြီးချိန်များတွင် ထူးခြားမှုမရှိကြပေ။

အများထက်ထူးခြားသော ပစ္စေကဗုဒ္ဓါ

လူ့ဘဝဖြင့် ပစ္စေကဗောဓိဉာဏ်ကို ရလျှင်ရချင်း လူ့အသွင် ကွယ်ပျောက်ပြီး ရဟန်းအသွင်သို့ရောက်သော ပစ္စေကဗုဒ္ဓါတဆူ ကား ရှိသေး၏။ ထိုအရှင်မြတ်မှာ ဒရိမုခ ပစ္စေကဗုဒ္ဓါ ဖြစ်လေ သည်။

ထိုအရှင်မြတ်သည် ပစ္စေကဗောဓိဉာဏ်ကိုရသည်နှင့်တပြိုင်နက် လူ့အသွင်ကွယ်ပျောက်ပြီး ရဟန်းပုဂ္ဂိုလ်ဘုရာအစုံတို့ ကောင်းကင်မှ ကျလာကာ ကိုယ်၌ ဝတ်ရုံပြီးလျှင် ရဟန်းအသွင် ဖြစ်ပေါ်လာ လေ၏။ ယင်းသို့ ဖြစ်ပေါ်လာမှုသည် တို့အရှင်မြတ်၏ အခြား သော ပစ္စေကဗုဒ္ဓါများထက် ထူးခြားချက်တရပ် ဖြစ်လေသည်။

ပရဟိတလုပ်ငန်းကို ဆောင်ရွက်တော်မူကြပုံ

ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် အတ္တဟိတ မိမိ၏ အကျိုး စီးပွားရှိမှုကိုသာ ဆောင်ရွက်တော်မူကြသည်မဟုတ်၊ ပရဟိတ လုပ်ငန်းများကိုလည်း တိုက်သင့်သလိုဆောင်ရွက်တော်မူကြသည်။

ဆင်းရဲသားဝို့ သူဌေးဖြစ်အောင် ဆောင်ရွက်ပုံ

ထမင်းတနပ်စာ စားလိုသည့်အတွက် သူတပါးထံ အစေ အပါးခံနေသော ဆင်းရဲသားတယောက်သည် ရရှိသောထမင်းပွဲ ကို မိမိမသုံးဆောင်ဘဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုဆက်ကပ်လှူဒါန်း လေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဆင်းရဲသား၏ ဌေးတွင်ပင် ဘုဉ်း ပေး သုံးဆောင်တော်မူကာ နတ်အများ သာဓုခေါ်ကြအောင် ထိုနေ့တွင်ပင် သူဌေးအဖြစ်သို့ရောက်အောင် ပကာဋဌေသောပစ္စည်း ဥစ္စာကို ရရှိအောင် ချီးမြှောက်တော်မူလေသည်။

မာရ်နတ်ရန်ကို တွန်းလှန်ချီးမြှောက်တော်မူပုံ

ဂေနိုပါတ် ခဒိရင်္ဂါရဇာတ်၌ မာရ်နတ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အသက်အန္တရာယ်နှင့် ဘုရားလောင်း၏ အလှူအန္တရာယ် ဖြစ်ပေါ်အောင် ယုတ်မာသောစိတ်ထားဖြင့် ဆွမ်းရပ်တော်မူသော ပစ္စေကဗုဒ္ဓါဘုရှင်မြတ်၏အကြား၌ ရဲရဲတောက်သော ရှားမီးခဲတွင်းကြီးကို ဖန်ဆင်းထား၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုရှားမီးခဲတွင်းကြီး၌ ပွင့်ချပ်မျှားစွာရှိသော ပဒုမ္မာကြာ ပေါ်ပေါက်လာအောင် ပြုလုပ်ပေးခြင်း၊ ထိုကြာပွင့်ထိပ်၌နင်းလျက် ဘုရားလောင်း လှူဒါန်းသော ဆွမ်းကို ခံယူခြင်း၊ ဘုရားလောင်းမြင်စဉ် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူကာ ဘုရားလောင်း ဝမ်းမြောက် ဝမ်းသာဖြစ်အောင် ချီးမြှောက်ဘော်မူလေသည်။

ဒါနကုသိုလ်ထမြောက် အောင်ကြောက်ချီးမြှင့်တော်မူပုံ

မဟာဇနက မင်းမိဖုရားနှစ်ပါးတို့ လျှောက်ထားချက် အရ ပဒုမာဝတီ မိဖုရားကြီး၏ သားတော်ဖြစ်ကြသော ငါးရာ သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဂန္ဓမာဒနတောင်မှ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကာ အလှူဝတ္ထုကို ခံယူကာပြီး မဟာဇနက မင်းမိဖုရားနှစ်ပါးတို့ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်အောင် ချီးမြှောက်တော်မူကြလေသည်။

အင်တော်ဘေးကြီးမှ ကယ်တင်တော်မူပုံ

ဘုရားမပွင့်မီ ဇမ္ဗူဒီပ်တကျွန်းလုံး အင်တော်ဘေးကြီး ကျိုက်နေ ချိန်တွင် ဗာရာဏသီသူဌေးကြီးသည် အင်တော်ဘေး ဆိုက်လာလျှင် သုံးဆောင်ရန် ရည်ရွယ်ချက်ဖြင့် ခြောက် သောင်း သော စပါး

ဂိုဒေါင်တို့၌ အပြည့် သိုလှောင်ထားသော စပါးများနှင့် မြေ၌ စိုက်အပ်သော စပါး, အိုးကြီးတထောင်၌ သိုလှောင် ထား အပ်သော စပါး, ပြာသာဒ်နံရံတို့၌ မြေဖြင့်လိမ်းကျံပြီးထည့်ထားအပ်သောစပါးအားလုံးတို့ ကုန်ခဲ့လေရာ တကွမ်းစာမျှသာ ကျန်လေတော့သည်။

ယနေ့ ငါတို့သည် တကွမ်းစာမျှသောထမင်းကို စားပြီး သေကြရတော့မည်ဟု ကြံစည်ရင်း အိပ်နေသော သူဌေးကြီး၏အိမ်တံခါးဝတွင် ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါ အ ရှင် မြတ် တဆူ ကြွလာတော်မူကာ ရပ်နေလေသည်။

သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုမြင်လေ လျှင်သဒ္ဓါ ဘရားဖြစ်ပေါ်လာသဖြင့် မိမိ၏အသက် သေလိုကသေစေတော့ဟူ ဆုံးဖြတ်ကာ တကွမ်းစားချက် ထမင်းကို အရှင်မြတ်၏ သပိတ်၌ လောင်းလှူလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်ဆွမ်းကိုခံယူတော်မူကာဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူပြီး တန်ခိုးတော်ဖြင့် သူဌေးကြီး မြင်အောင်ပြကာ ငါးရာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့နှင့် အတူ ဘုဉ်းပေး သုံးဆောင်တော်မူလေသည်။

အစာမစားရသဖြင့် နွမ်းလျနေသော သူဌေးကြီးသည် ဆာလောင်လာသဖြင့်အိပ်ရာမှထလာကာ ရှင်မ ထမင်းအိုး၌ ထမင်းကျိုးများ ကျန်သေးသလား ကြည့်ပါဦးဟု သူဌေးကတော်ကြီးကို ပြောဆိုလေသည်။

သူဌေးကတော်ကြီးသည် ထ,သွားပြီး ထမင်းအိုးကိုဖွင့်ကြည့်လေရာ မှေးကြိုင်သော အနံ့ရှိသော သလေးထမင်းဖြင့် ပြည့်နေသည်ကို အံ့သြဘွယ်ရာတွေ့ရလေသည်။

ယင်းသို့ တွေ့မြင်ကြလေလျှင် သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစွာဖြင့် သလေးထမင်းကို ခူးခတ် စားသောက်ကြလေသည်။

ထမင်းအိုးဌ ထမင်းသည် ယောက်မဖြင့်ခူးခတ်ယူသော်လည်း ကုန်သွားသည် မရှိဘဲ ပြည့်မြဲသာ ပြည့်နေသဖြင့် သူဌေးကြီးနှင့် သူဌေးကတော်ကြီး တို့သာမက အိမ်သူ အိမ်သား အားလုံးနှင့် တမြို့လုံးရှိ လူအားလုံးတို့ စားသောက်ကြရလေကုန်သည်။

ထို့ပြင် သူဌေးကြီး၏ တသောင်းခြောက်ထောင်သော စပါးဂိုဒေါင်တို့ဌလည်း မှီးကြိုင်သောအနံ့ရှိသော သလေးစပါးမျိုးဖြင့် ပြည့်၍နေကြလေသည်။

ဇမ္ဗူဒီပ် တကျွန်းလုံးဌ နေထိုင်ကြသော လူအပေါင်းသည် သူဌေးကြီးအိမ်မှ စပါးမျိုးခစ့်ကိုယူကာ စိုက်ပျိုးစားသောက်ကြပြီး ချမ်းချမ်းသာသာ နေကြရလေသည်။

မင်းဖြစ်အောင် ချီးမြှောက်တော်မူပုံ

ဗာရာဏသီပြည်ကိုအုပ်စိုးသော ဗြဟ္မဒတ် မင်းကြီးတွင် သားတော်ပေါင်း တထောင်ရှိရာ အငယ်ဆုံး သားတော်သည် ဘုရားလောင်း ဖြစ်၏။

အလောင်းတော်မင်းသားသည် နန်းတော်သို့ ဝင်းဘုန်းပေးရန် ကြွလာတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်များကို မေးလျှောက်သည်။

တပည့်တော်သည် ဤဗာရာဏသီပြည်ဌ မင်းအဖြစ်ကို ရပါအုံ့လော။

ပစ္စေကဗုဒ္ဓါအရှင်မြတ်များ။ ။သင်မင်းသားသည် ဤဗာရာဏသီပြည်၌ မင်းအဖြစ်ကို မရလတံ့။ သို့သော် ဤဗာရာဏသီပြည်မှ ယူဇနာ ၁၇၀ ဝေးကွာသောအရပ်၌ တက္ကသိုလ်ပြည် ရှိ၏။ ထိုတက္ကသိုလ်ပြည်သို့ သွားရာလမ်းခရီးတွင် လာသမျှလူအများကို အာရုံငါးပါးဖြင့် လှည့်ပတ်ဖြားယောင်းပြီး မိမိအလိုသို့ လိုက်ပါသူကို သတ်ဖြတ် စားသောက်တတ်သော ဘီလူးများ ရှိ၏။ ထိုဘီလူးများကို လွန်မြောက်ပြီး သွားနိုင်လျှင် ခုနစ်ရက်မြောက်သောနေ့၌ မင်းဖြစ်လတံ့။

အရှင်မြတ်တို့၏စကားကိုကြားရလျှင် မင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အထံမှ ပရိတ်တရားတော်ကိုနာကြားကာ ပရိတ်သဲ, ပရိတ်ရေ, ပရိတ်ပန်း, ပရိတ်ချည်များကို ယူလျက် အဖော်ငါးယောက်နှင့်အတူ တက္ကသိုလ်ပြည်သို့ သွားလေသည်။

လမ်းခရီးတွင် အာရုံငါးပါးဖြင့် ဖြားယောင်းကြသော ဘီလူးမများ၏နောက်သို့ လိုက်မိကြသော အဖော်ငါးယောက်မှာ ဘီလူးမတို့၏ သတ်ဖြတ်စားသောက်ခြင်းကို ခံရလေ၏။

တယောက်ထည်းသာကျန်သော အလောင်းတော် မင်းသားသည် ကြောက်ရွံ့ အားလန့်ခြင်းမရှိဘဲ သမာဓိခိုင်ခိုင် ထားပြီး ပရိတ်သဲ,ပရိတ်ရေ,ပရိတ်ပန်း, ပရိတ်ချည် မျိုးကို အရုံအတားပြု၍ တက္ကသိုလ်ပြည်သို့ရောက်အောင်သွားနိုင်သဖြင့် အရှင်မြတ်တို့အမိန့်ရှိသည့်အတိုင်း မင်းအဖြစ်ကို ရလေသည်။

(ကေနိပါယ်၊ တေလမဟာဇာတ်)

အယူမှားသူကို အမြင်မှန်ရအောင် ချီးမြှောက်တော်မူပုံ

ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းတို့၏ မိဖုရားကြီးကို ဝိဇ္ဇာခိုရ်တယောက်သည် ဂါထာမန္တရား မန်းမှုတ်ကာ သန်းခေါင်ယာမ်အချိန်တွင် လာရောက်ဖျက်ဆီးလေသည်။

မင်းကြီးသည် မိဖုရားကြီးကပြောကြားသဖြင့် ထိုအကြောင်းကို သိလေရာ ဝိဇ္ဇာခိုရ်ကို ဘမ်းဆီးဘိုရန် မင်းချင်းယောကျ်းများကို စေခိုင်းလေ၏။ ဝိဇ္ဇာခိုရ်သည် ညဉ့်အချိန်တွင် မိဖုရားကြီးကိုလွန်ကျူးပြီး နေ့အခါသုသာန်တွင် နေကိုရှိခိုးပြီး ခြေတဖက်ထောက်ကာ ရပ်နေလေသည်။

မင်းချင်းယောကျ်းဘိုသည် ဝိဇ္ဇာခိုရ်ကိုမြင်လျှင် ဘမ်းဆီးဘိုရန် ဝိုင်းကြသော်လည်း ဝိဇ္ဇာခိုရ်သည် ဂါထာ၏အမှုကို လူအများသိသွားလေပြီကဲ့သို့ ယူဆကာ ဂါထာမန္တရား မန်းမှုတ်ပြီး ကောင်းကင်သို့ ပျံတက်သွားသောကြောင့် မမီသဖြင့် ပြန်လာခဲ့ကြလေသည်။

မင်းကြီး။ ။သင်တို့ ထိုယောကျ်းကို ဘမ်းမိခဲ့ကြသလော။ ထိုယောကျ်းသည် အဘယ်သူမျိုး ဖြစ်လဲနည်း။

မင်းချင်းများ။ ။ထိုယောကျ်းကို ဘမ်းဘို၍ ဝိုင်းကြစဉ် ကောင်းကင်သို့ ပျံတက်သွားသဖြင့် ဘမ်း၍ မမီကြောင်းပါ။ ထိုယောကျ်းသည် လူသာမဟုတ် ရဟန်းဖြစ်ပါသည်။

ထိုအခါ မင်းကြီးသည် ရဟန်းများသည် နေ့အခါ၌ ရဟန်းအသွင်ဖြင့် ဟန်ဆောင်ကျင့်၍ ညဉ့်အခါ၌ မူ လူသားပါး သားမယားကို လွန်ကျူးကြ၏ဟု အမျက်ထွက်ပြီး မှားသောအယူကို

ယူကာ ငါ၏နိုင်ငံတွင်းမှ ရဟန်း အား လုံး ကို နှင်ထုတ်ကြကုန်လေဟု အမိန့်ထုတ်လေသည်။

ရဟန်းအားလုံး တပါးသောဘုံ၊ပြည်သို့ ထွက်သွားကြလေလျှင် ပုဇနောသုံ၊ရာ အကျယ်အဝန်း ရှိသော ကာသီတိုင်းသားလူအများသည် ကုသိုလ် အကုသိုလ်တရားကို ဟော ကြား ဆုံးမ မည့်သူမရှိသ၊ဖြင့် ဒါန၊သီလ စသော ကုသိုလ် ကောင်းမှု များကို မပြုလုပ်ကြဘဲ ပါ၊ကောင်းပါ၊တစ်သော အ ကု သိုလ် တရားများကိုသာ ပြုလုပ်ကြ[illegible]ကြောင့် သေ လွန် သော အ ခါ နတ်ပြည်၌ ပဖြစ်ကြ[illegible]ဘဲ [illegible]ပါး၌သာ ဖြစ်ကြ၊လေသည်။

ထိုအကြောင်းကို သိကြားမင်း သိမြင်လေသော် ဝိဇ္ဇာမိုရ်ကို အကြောင်းပြု၍ ဖြ[illegible]သော ဗာရာဏသီမင်းကြီး၏ မိစ္ဆာအယူကို ပယ်ဖျောက်ဘို့ရန် [illegible]ကို လိုက်ဂုဏ်ယူသူသားကာ ပစ္စေကဗုဒ္ဓ၊အရှင်မြတ်တို့ကို အ.ကူအညီ တောင်းလေ၏။

သိကြားမင်းသည် ပစ္စေကဗုဒ္ဓ၊တဆူကိုရလျှင် အရှင်မြတ်ကို ရှေ့မှ ကြွစေကာ [illegible]ကြ[illegible]၏ သပိတ် သင်္ကန်းကို ယူပြီး နောက်မှ လိုက်လျက် အရှင်ပြ[illegible]ကိုယ်တိုင်ကာ မြို့ကိုသုံးပတ်ပတ်၍ နန်းတော်တံခါ၊အနီး ကောင်[illegible]ထက်တွင် ရပ်နေလေ၏။

ထိုအကြောင်းကို မင်းကြီး ကြားသိလေလျှင် နေရာမှ ထလာကာ လေသာပြူတင်းခွ၌ ရပ်လျက် လုလင်ကို မေး၏။

မင်းကြီး။ ။လုလင် - သင်သည် အလွန် အဆင်းလှသူဖြစ်လျက် အဘ ယ့်ကြောင့် အဆင်းမလှသောရဟန်း၏နောက်မှ သပိတ်-သင်္ကန်းကိုယူကာရှိခိုးနေသနည်း။ သင်၏ရှေ့ကရဟန်းသည် သင့်ထက်ပင် မြတ်လေသလော။ သို့မဟုတ် သင်နှင့် တန်းတူ ဖြစ်လေသလော။ ရဟန်း၏ အမည်နှင့် သင်၏အမည်ကို ငါ့အား ပြောကြား ပါလော။

သိကြားမင်း။ ။မင်းကြီး-ရဟန်းမည်သည် အရိုအသေပြု အပ်သော ပုဂ္ဂိုလ်မျိုး ဖြစ်သောကြောင့် ရဟန်း၏ အမည် ဖြင့် မခေါ်ဝေါ် မပြောဆိုအပ်ပေ။ ထို့ကြောင့် ရဟန်း၏ အမည်ကို မပြောကြားဘဲ ငါ၏အမည်ကိုသာပြောကြား အုံ့။ ငါကား သိကြားမင်း ဖြစ်ပေသည်။

မင်းကြီး။ ။သိကြားမင်း-အကျင့် သီလ နှင့် ပြည့် စုံသော ရဟန်းကို တွေ့မြင်၍ လက်အုပ်ချီမိုး ရှိခိုးသောသူသည် အဘယ်အကျိုးများကို ရရှိနိုင်ပါသနည်း။

သိကြားမင်း။ ။မင်းကြီး- အကျင့် သီလနှင့် ပြည့်စုံသော ရဟန်းကိုတွေ့မြင်၍ လက်အုပ် ချီ မိုး ရှိခိုး သော သူသည် ယခု မျက် မှောက် ဘဝ၌ လူအများ ချီးမွမ်း ခံရသည်။ နောက်ဘဝတွင်လည်း နတ်ပြည်သို့ ရောက်ရသည်။

သိကြားမင်း၏စကားကို ကြား လျှင် မင်း ကြီး သည် မိမိ၏ မိစ္ဆာအယူကိုပယ်စွန့်ပြီး မျှားစွာသော ကုသိုလ် ကောင်းမှုများကို ပြုလုပ်ပါတော့အုံ့ဟု ပြောဆိုကာ ပြာသာဒ်ပေါ်မှ ဆင်းလာပြီး လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရှိခိုး၍နေလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ကောင်းကင်ထက်၌ တင်ပလ္လင် ခွေ နေတော်မူလျက်၊ မင်းကြီး-ညဉ့်အချိန် သင် နန်း တော် တွင်း၌ ဖြစ်ပွားသောသူသည် ရဟန်းမဟုတ် ငိုကွေးမိုရ်ဖြစ်ပေသည်။

သင်မင်းကြီးသည် ယနေ့မှစ၍ လောကကြီးသည် အခွည်းနှီး မဟုတ်၊ တရားစောင့်သော ရဟန်းပုဏ္ဏားတို့ရှိပေ၏ဟု အသင်ကြား ထားကာ အလှူပေးလော့၊ သီလ ဆောက်တည်လော့၊ ဥပုသ် ကျင့် သုံးလော့ဟု ပြောဆို ပြီးလျှင် မိမိနေရာ နန္ဒမူ လိုဏ်ဂူသို့ကြွသွား တော်မူလေသည်။ (ဆက္ကနိပါတ်၊ ဝိဇ္ဇာဓရဇာတ်)

ဆင်းရဲသူကို ချမ်းသာအောင် ချီးမြှောက်တော်မူပုံ

ဘဝ တခုတွင် ဘုရား လောင်း သည် သူဆင်းရဲမျိုးဌာ်ဖြစ်၍ သူ့ဌေးတဦးအိမ်တွင် လခဖြင့် အလုပ်လုပ်ကာ အသက်မွေးရလေသည်။

သူဆင်းရဲသည် အလုပ်လုပ်ရန် အသွားတွင် လေးဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကိုမြင်လေသော် မိမိ၏နံနက်စာအတွက် ယူလာသော မုယောမုံ့လေးဆုပ်တို့ကို အရှင်မြတ်တို့အား လှူဒါန်းလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် သူဆင်းရဲ၏ရှေတွင်ပင် ဘုဉ်းပေးတော်မူကြကာ တရားဟောပြီး နန္ဒမူလိုဏ်ဂူသို့ ကြွသွားတော်မူကြကုန်သည်။

သူဆင်းရဲသည် ထိုဘဝမှ စုတေလျှင် ဗာရာဏသီမင်းကြီး၏ သားတော် ဖြစ်လာပြီး အဘ နတ်ရှာစံသောအခါတွင် မင်းအဖြစ်ကို ရရှိလေသည်။

မင်းဖြစ်သောအခါ ကြီးကျယ် ခမ်းနားသော မင်းစည်းစိမ် အသရေများကိုကြည့်လျက် ဤစည်းစိမ် ချမ်းသာသည် လေးဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား လှူဒါန်းခဲ့သော မုယောမုံ့ကုသိုလ်၏အကျိုးများဖြစ်ပေ၏ဟု သိမြင်သဖြင့် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတရားသည် အလွန်ကြီးမားလေစွဟု အောက်မေ့ကာ ဝမ်းမြောက်ဝမ်းသာ အောက်ပါဂါထာကို ရွတ်ဆိုလေသည်။

မြင့်မြတ်သော ပစ္စေကဗောဓိဉာဏ်ကို ရရှိတော်မူကြကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, နေရာထိုင်ခင်းပေးခြင်း စသည်ဖြင့် အရိုအသေ ပြုစုလုပ်ကျွေးခြင်းသည် မသေးမငယ် ကြီးကျယ်သော အကျိုးများကို ရရှိကြ၏။

ငါသည် ဆီမပါ သကာတင်လဲမရော ဆန်သက်သက်ဖြင့်သာ ပြုလုပ်ထားသော မုယောမုံကို လှူဒါန်းခဲ့သောကြောင့် မျှားစွာသော ဆင်,မြင်း,ကျွဲ,နွား, ပဘွာမြှား,ဂျို,ငွေ, ဆန်ရေစပါးမျှားကိုရင်း၊ ရေမြေပိုင်သ အစိုးရခြင်းနှင့် တကွ နတ်သမီးတမျှ စာင့်ဘယ် လှုပသော မိန်းမမျှားကိုရင်း ရရှိခဲ့ပေသည်။

(သတ္တတိနိပါတ်၊ ကုမ္မာသပိဏ္ဍဇာတ်)

အလောင်းတော်ကို မီးသင်္ဂြိဟ်၍ နတ်ပြည်သို့ရောက်အောင် ချီးမြှောက်ပုံ

ရှေးအခါ ဗာရာဏသီ ပြည်တွင် ဗြဟ္မဒတ် မင်းကြီးသည် သနဲ့ခေါင်ယာမ်၌ ဂျစ်ခွန်းသောအသံတို့ကို ကြားလေသည်။

ရှေးဦးစွာ နန်းတော်အနီး ညယ္ယာဉ်၌ နေသော ဗျိုင်း၏ အသံကို ကြားသည်။

နှစ်ကြိမ်မြောက် ဆင်တင်းကုပ်၌ နေသော ကျီးမ၏အသံကို ကြားသည်။

သုံးကြိမ်မြောက် နန်းတော် ပြာသာဒ်အတွင်း၌ နေသော ပိုး၏အသံကို ကြားသည်။

လေးကြိမ်မြောက် နန်းတော်၌ မြေးသားသော ဥယျာဉ်မ၏ အသံကို ကြားသည်။

ငါးကြိမ်မြောက် နန်းတော်၌ မြေးထားသော သမင်၏ အသံကို ကြားသည်။

ခြောက်ကြိမ်မြောက် နန်းတော်၌မြေးထားသော မျောက်၏အသံကို ကြားသည်။

ခုနစ်ကြိမ်မြောက် နန်းတော်၌ မွေးထားသော ကိုန္ဒရာ၏ အသံကို ကြားသည်။

ရှစ်ကြိမ်မြောက် နန်းတော် ပေါ်မှ ဖြတ်၍ ဥယျာဉ်သို့ ကြွသွားတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အသံကို ကြားသည်။

မင်းကြီးသည် ရှစ်ခွန်းသောအသံတို့ကို ကြားလျှင် ထိတ်လန့်သဖြင့် အန္တရာယ်ရှိ-မရှိ အလောင်းတော်ရှေ့ကို မေးမြန်းလေ၏။

အလောင်းတော်ရှေ့က မင်းကြီး-ရှစ်ခွန်းသော အသံတို့ကို ကြားရသဖြင့် သင်-မင်းကြီးမှာ အန္တရာယ်မရှိပေ။

မင်းကြီး-ဗျိုင်းသည် ရေကန်၌ငါးမရှိ၍ အစာမရသောကြောင့် အသံပြုခြင်း ဖြစ်၏။

ကျီးမသည် မိမိအသိုက်နှင့် သားငယ်များကို ဆင်ထိန်းက ပုတ်ခတ်ဖျက်ဆီးသဖြင့် ဆင်းရဲပင်ပန်းသောကြောင့် အသံပြုခြင်း ဖြစ်၏။

ပိုးသည် ပြာသာဒ်အထွဋ်ဘုံ၏ အတွင်း၌နေလျက် တိုင်၏ အကာကို စား၏။အကာကုန်လျှင် တိုင်၏အနှစ်ကိုလည်းမစား နိုင်၊ တိုင်အပြင်သို့လည်း မထွက်နိုင်သဖြင့် အသံပြုခြင်းဖြစ်၏။

ဥသြမသည် လွတ်လပ်စွာ မိမိ နေခဲ့ဘူးသော တောအုပ်ကို အောက်မေ့ သောကြောင့် အဘယ် အခါမှ ဤ လှောင်ချိုင့်မှ လွတ်မြောက်ပြီး တောအုပ်သို့ သွားရပါမည်နည်းဟု အသံပြုခြင်း ဖြစ်၏။

သမင်သည် မိမိ၏ မယားဖြစ်သော သမင်မကို အောက်မေ့ လွမ်းဆွတ်သောကြောင့် အသံပြုခြင်းဖြစ်၏။

မျောက်သည် ဟိမဝန္တာ၌ မျောက်မနှင့် ပျော်မွေ့စွာ နေစဉ်မှုဆိုးက ဘမ်းယူခဲ့သဖြင့်၊ ယခုအခါ မျောက်မရှိရာ ဟိမဝန္တာသို့ ပြန်လိုသောကြောင့် အသံပြုခြင်းဖြစ်၏။

ကိန္နရာသည် မိမိ၏ မယားဖြစ်သော ကိန္နရီမ၏ ကြင်နာယုယစွာ ပြုစုသောကျေးဇူး၊ ပြောဆိုသော စကားများကို သတိရအောက်မေ့ပြီး ကိန္နရီမရှိရာသို့ ပြန်လိုသောကြောင့် အသံပြုခြင်းဖြစ်၏။

မင်းကြီး-ရှစ်ကြိမ်မြောက်အသံသည်ကား ပရိနိဗ္ဗာန်ဝင်စံခါနီးဖြစ်သော တဆူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ ဝမ်းမြောက်လှသဖြင့် ရွတ်ဆိုတော်မူသော ဥဒါန်းကျူးရင့်သံ ဖြစ်ပေ၏။

မင်းကြီး-နန္ဒမူလိုဏ်ဌာနေတော်မူသော တဆူသောပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် မိမိ၏ အသက်အပိုင်းအခြား ကုန်တော့မည်ကို သိသဖြင့်၊ ငါသည် မင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုပေအုံ့။

ထိုသို့ပြုခဲ့သော် လူအများသည် ငါ၏ အလောင်းကို သာဓုကီဠနသဘင် ဆင်ယင်ကျင်ပပြီး အလောင်းတော်ကို မီးသင်္ဂြိုဟ်ပူဇော်ကြသဖြင့် နတ်ပြည်သို့ ရောက်ကြလေမည်ဟု ဆင်ခြင်ကာ လူ အများကို ချီးမြှောက် လိုသောကြောင့် လပြည့်နေ့ ညတွင် ဗာရာဏသီပြည်သို့ ကြွလာတော်မူ၏။

ကောင်းကင်ခရီးဖြင့် ကြွလာတော်မူစဉ် သင် - မင်းကြီး၏ နန်းတော်ပေါ်သို့ ရောက်လေသော်၊ ငါသည် အလွန် ဆင်းရဲလှသော ခန္ဓာဝန်ကို ပယ်စွန့်ကာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသော နိဗ္ဗာန်သို့ ဝင်ရောက်ရပေတော့အုံ-ဟု ဝမ်းမြောက်တော်မူသဖြင့် အောက်ပါဂါထာကို ကျူးရင့်တော်မူခြင်းဖြစ်သည်။

အသံ့သယံ ဇာတိ ခယန္တိဒဿီ၊
နဂဗ္ဘသေယ်ံ့ ပုနရာဝဇီသံ။
အယမန္တိမာ ပစ္ဆိမာ ဂဗ္ဘသေယျာ၊
ဒိဏောမေ သံသာရော ပုနဗ္ဘဝါယ။

ပဋိသန္ဓေ နေခြင်းကုန်ရာ နိဗ္ဗာန်ကို မြင်သောငါသည် အမိဝမ်းဌ် တဖန်ပဋိသန္ဓေ မနေရတော့ပြီ၊ ဤဘဝတွင် ပဋိသန္ဓေနေရမှုသည် ငါ၏နောက်ဆုံး ပဋိသန္ဓေနေရမှုဖြစ်၏၊ နောင်တဖန် ဘဝသစ်ဌ် ခန္ဓာအစဉ် မဖြစ်ရတော့ပြီ။

အလောင်းတော် ရသေ့သည် ဤသို့ပြောကြားကာ ဥယျာဉ်တော်တွင်းရှိ အင်ကြင်း ပင်ရင်းတွင် ပရိနိဗ္ဗာန် စံတော်မူသော ပစ္စေကဗုဒ္ဓါ အလောင်းတော်ကို မင်းကြီးအမှူးရှိသော စစ်သည်ဗိုလ်ပါ လူမျိုးစုဝန့်ဝန့်အတူ သာဂေကီဌနသဘင် ဆင်ယင်ကျက်သရေ မီး သင်္ဂြိုဟ်ကြပြီးလျှင် ဓာတ်တော်များကို ယူခါ လမ်းမလေးခုဆုံရာအရပ်တွင် စေတီတည်ထားလေသည်။

(အဋ္ဌနိပါတ်၊ အဋ္ဌသဒ္ဒဇာတ်)

မင်း-မိဖုရားတို့၏ အလှကိုခံယူ၍ တရားဟောတော်မူကြပုံ

ရှေးအခါ သိဝိတိုင်း ရောရှဝမြို့တွင် ရောရှဝ မင်းကြီးသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုလျက် ပုဂ္ဂိုလ်မရှေးအလှကြီးကို ပေးလှူလေ့ရှိသည်။

ကိုမင်း၏ သမုဒ္ဒဝိဇယာမည်သော မိဖုရားကြီးသည် ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသည်။

မင်းကြီးသည် တနေ့တွင် အလှမဏ္ဍပ်၌ သီလမရှိ, ဂုဏ်မရှိသော သူတို့ စားသောက်နေကြသည်ကို မြင်လျှင် နှစ်သက် ဝမ်းမြောက်ခြင်း မဖြစ်ဘဲ၊ သီလရှိကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို လှူဒါန်းလိုစိတ် ဖြစ်ပါ၏လေသည်။

ထိုအကြောင်းကို မိဖုရားကြီးအား ပြောကြားလေရာ၊ မိဖုရားကြီးက အရှင်မင်းကြီး-စိုးရိမ်တော်မမူပါလင့်၊ အကျွန်ုပ်တို့ပြုလုပ်ခဲ့သော ဒါန-သီလ-သစ္စာ တရားတို့၏ အာနုဘော်ဖြင့် ပန်းစည်းတို့ကို စေလွှတ်ကာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ကြွလာ အောင် ပင့်ဘိတ်ပါအုံ့-ဟု ပြောဆိုလေသည်။

မင်းကြီးသည် ကောင်းပြီဟု ပြောဆိုပြီး၊ ပရိသတ်နှင့် တကွ သီလဆောက်တည်ကာ အရှေ့အရပ်ကို မျက်နှာပြု ရှိခိုးပြီးလျှင်၊ အရှေ့အရပ်၌ သီတင်းသုံးနေတိုင်တော်မူကြကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ရှိခိုးပါသည်။

အရှင်မြတ်တို့သည် သနားခြီးမြှောက်တော်မူသော အားဖြင့် အကျွန်ုပ်တို့၏ ဆွမ်းကို ကြွရောက်ခံယူတော်မူကြပါကုန်လော-ဟု ပြောဆိုကာ အရှေ့အရပ်သို့ ပန်းစည်းတို့ကို ပစ်လွှင့်လေ၏။

ထိုသို့ ပင့်ဘိတ် ပါသော်လည်း အရှေ့အရပ်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ မရှိသောကြောင့် ကြွလာတော်မမူကြကုန်။

ဒုတိယနေ့၌ တောင်အရပ်ကို ရှိခိုး၍ ပင့်ဘိတ်သလို၊ တတိယနေ့၌ အနောက်အရပ်ကို ရှိခိုး၍ ပင့်ဘိတ်လေသည်။

ထိုအရပ်မျှားဌ်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ မရှိကြသောကြောင့် ကြွလာတော်မမူကြကုန်။

စတုတ္ထနေ့တွင် မြောက်အရပ်ကို ရှိခိုးပြီး ပန်းခုနစ်စည်းတို့ကို ပစ်လွှင့်၍ ပင့်ဘိတ်သောအခါ ပန်းစည်းတို့သည် ကောင်းကင်မှ

သွားကာ နန္ဒမူလိုဏ်ဌ် နေတော်မူကြကုန်သော ခုနစ်ဆူကုန်သော ပစ္စေကဗုဒ္ဓါတို့၏ရှေ့ဌ် ကျရောက်ကြလေကုန်၏။

(အဋ္ဌနိပါတ်၊ အာဒိတ္တဇာတ်)

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ပန်း ခုနစ်စည်းတို့ကို မြင်၍ ဆင်ခြင်လေသော် မိမိတို့ကို ရောရှဝမင်းကြီး ဆွမ်းစားပင့်ဘိတ်၏ ဟု သိသဖြင့် နောက်နေ့တွင် ကောင်းကင်ခရီးဖြင့် ကြွလာကာ နန်းတော်တံခါးဝ၌ ဆင်းသက်ကြကုန်သည်။

မင်းကြီးသည် ခုနစ်ဆူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့ကို မြင်လေလျှင် ဝမ်းမြောက်-ဝမ်းသာ ရှိခိုးပြီး နန်းတော်ပေါ်သို့ ကြွစေကာ မွန်မြတ်သော ခဲဘွယ်-ဘောဇဉ် တို့ဖြင့် ဆက်ကပ် လှူဒါန်းလေသည်။

ခုနစ်ရက် တိုင်တိုင် ဆက်ကပ်လှူဒါန်းကာ ခုနစ်ရက်မြောက် သောနေ့တွင် သက်နိုး,ထီး,ဘိနပ် စသော ရဟန်းအသုံးအဆောင် ပရိက္ခရာဗျားကို လှူဒါန်းပြီး ရှိခိုး၍နေကြကုန်သော မင်း-မိဖုရား တို့အား အကြီးဖြစ်သော အရှင်မြတ်က အောက်ပါအတိုင်း တရား ဟောလေသည်။

၁။ အာဒိတ္တသ္မိं အဂါရသ္မိं၊ ယံနီဟရတိ ဘာဇနံ။
တံ တဿ ဟောတိအတ္ထာယ၊ နောစ ယံ တတ္ထ ဍဟ္ယတိ။
ဧဝမာဒီပိတော လောကော၊ ဇရာယ မရဏေနစ။
နီဟရေထေဝ ဒါနေန၊ ဒိန္နံ ဟောတိ သုနီဟတံ။

၁။ မင်းကြီး မီးစွဲလောင်နေသောအိမ်၌ မီးမလောင်အောင် ထုတ်ဆောင်ယူငင်နိုင်သော ဝတ္ထုပစ္စည်းသည် အိမ်ရှင်သုံးဆောင် ရန်အတွက် အကျိုးစီးပွား ဖြစ်သကဲ့သို့၊ ဘုံအတွေ့ မိမိပိုင်ဆိုင်သော ဝတ္ထုပစ္စည်းကို နည်းမျှားမဆို လှူဒါန်းပေးကမ်းခြင်းဖြင့် အိုခြင်း,

သေခြင်းစသော မီးတဆဲ့တပါး၊တို့ဖြင့် အမြဲလောင်ကျွမ်းနေသော လောကကြီးမှ ကောင်းစွာထုတ်ဆောင်ရာ၏။

အကြီးဖြစ်သော အရှင်မြတ်သည် ယင်းကဲ့သို့ တရားဟော ကြားပြီး၊ မင်းကြီး-မမေ့မလျော့ နေရစ်ပေတော့-ဟု ဆုံးမကာ ကောင်းကင်သို့ပျံတက်၍ နန္ဒမူလိုဏ်ဂူသို့ ကြွသွားတော်မူလေ၏။

အရှင်မြတ် ကြွသွားတော်မူလျှင် အရှင်မြတ်အတွက် လှူဒါန်း ထားသော ပရိက္ခရာများသည်လည်း အရှင်မြတ်နှင့်အတူ ကောင်း ကင်သို့ ပျံတက်၍ လိုက်ပါသွားလေ၏။

ကျန် ခြောက်ဆူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့ကလည်း အောက်ပါအတိုင်း တဂါထာစီ ဟောကြားကာ မိမိတို့ ပရိက္ခရာ နှင့်အတူ ကြွသွားတော်မူကြကုန်၏။

၂။ ယော ဓမ္မလဒ္ဓဿ ဒဒါတိ ဒါနံ၊
ဥဒ္ဒာန ဝီရိယာဓိဂတဿ ဇန္တု။
အတိက္ကမ္မ သော ဝေတရဏိံ ယမဿ၊
ဒိဗ္ဗာနိ ဌာနာနိ ဥပေတိ မစ္စော။

၃။ ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု၊
အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။
အပ္ပမ္ပိ စေ သဒ္ဓဟာနေ ဒဒါတိ၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

၄။ ဝိစေယ္ယ ဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယ္ယာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

၅။ ယော ပါဏာဘူတာနိ အဟေဌယံ စရံ၊
ပရူပဝါဒါ နကရောတိ ပါပံ။
ဘီရုံ ပသံသန္တိ နတ္ထိ သူရံ၊
ဘယာ ဟိ သန္တော နကရောန္တိ ပါပံ။

၆။ ဟိနေန ဗြဟ္မစရိယေန၊
ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေနစ ဒေဝတ္တံ၊
ဥတ္တမေန ဝိသုဇ္ဈတိ။

၇။ အဒ္ဓါ ဟိ ဒါနံ ဗဟုခေါ ပသတ္ထံ၊
ဒါနဿစ ခေါ ဓမ္မပဒံ သေယ္ယော။
ပုဗ္ဗေ ဝ ဟိ ပုဗ္ဗတရေ ဝ သန္တော၊
နိဗ္ဗာနမေဝ ဇ္ဈဂမုံ သပညာ။

၂။ မင်းကြီး-အကြင်သူသည် ဝိရိယဖြင့် ကြိုးစားအားထုတ်၍ မဂ်-ဖိုလ်-နိဗ္ဗာန် တရားမြတ်ကို ရရှိတော်မူသော အရှင်မြတ်အား ဆက်ကပ်လှူဒါန်း၏။

တနည်းဆိုရသော်-စင်ကြယ်စွာ ကြိုးစားရှာဖွေ၍ ရအပ်သော လူဘွယ်ဝတ္ထုမှ ဦးဦးဖျားဖျား ကောင်းနိုးကုရာမျှားကို ရွေးချယ်ကာ သီလရှိသောပုဂ္ဂိုလ်တို့အား ဆက်ကပ်လှူဒါန်း၏။ ထိုသူသည် တဆဲခြောက်ရပ်မသော ဥာဏ်ပေရယ်နှင့်တကွ ငရဲကြီးရှစ်ထပ်ကို မကျရောက်ဘဲ နတ်ပြည်ခြောက်ထပ်သို့ ရောက်ရပေ၏။

၃။ မင်းကြီး-အလှူပေးခြင်းနှင့် စစ်ထိုးခြင်းကို သဘောတူ၏ဟု ပညာရှိတို့ ပြောဆိုကုန်၏။ တူပုံမှာ စစ်ထိုးရာတွင် အနည်းငယ်သော စစ်သည်က မျှားစွာသော စစ်သည်ကို အောင်မြင်နိုင်သလို၊ အလှူပေးရာတွင်လည်း အနည်းငယ်သော မုဇ္ဈစေတနာက

မျှားစွာသော နှမြှောဝန်တိုခြင်း, တွယ်တာခြင်း စသော ကိလေသာ အညစ်အကြေးများကို အောင်မြင်နိုင်၏။

အနည်းငယ်သော ဝတ္ထုပစ္စည်းပင် ဖြစ်စေကာမူ ကံ, ကံ၏ အကျိုးတရားကို ယုံကြည်ပြီး ပေးကမ်း လှူဒါန်းသော သူသည် ထိုကုသိုလ်စေတနာကြောင့် တမလွန်ဘဝတွင် ချမ်းသာရ၏။

၄။ မင်းကြီး-ရတတ်ရာရာကိုမလှူဒါန်းဘဲ ကောင်းမြတ်သော လှူဘွယ်ဝတ္ထုနှင့် မြင့်မြက်သော အလှူခံပုဂ္ဂိုလ်များကို ရွေးချယ် စီစစ်ကာ လှူဒါန်းခြင်းကို ဘုရားရှင်တို့ ချီးမွမ်းကြ၏။

ရေမြေကောင်းမွန်သော လယ်ယာမြေဘွင် စိုက်ပျိုးအပ်သော မျိုးစေ့သည် ဖွံ့ဖြိုးကြီးထွား စည်ကားသကဲ့သို့၊ ဘုရား စသော မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်ဘို့အား ပေးလှူအပ်သော အလှူဒါန သည် ကြီးကျယ်ထွန်းကား အကျိုးများပေ၏။

၅။ မင်းကြီး - သဘ္ဘာဝါများကို မည်ဉ်းဆဲဘဲ ကျင့်သောသူ သည် သူတပါးတို့ ကဲ့ရဲ့ စွပ်စွဲမည့်ဘေးမှ ကြောက်သောကြောင့် မကောင်းမှုကို မပြုလုပ်ပေ။

သူတပါးတို့ ကဲ့ရဲ့စွပ်စွဲမည့်ဘေးမှ ကြောက်တတ်သူကို ပညာ ရှိတို့ ချီးမွမ်းကြ၏၊ **မကြောက်တတ်သူကို** မချီးမွမ်းကြ။

မှန်ပေသည်၊ ပညာရှိတို့သည် သူတပါးတို့ ကဲ့ရဲ့စွပ်စွဲမည့်ဘေးမှ ကြောက်သောကြောင့် မကောင်းမှုကို မပြုလုပ်ကြကုန်၏။

၆။ မင်းကြီး-တိတ္ထိတို့ဘောင်ခွဲနေ၍ ကျင့်အပ်သောမေထုန်မှ ရှောင်ကြဉ်သော ယုတ်နိမ့်သော သီလ၊ သာသနာဘောင်ခွဲနေ၍ နတ်ပြည်တခုခုကို တောင်းတကာ ကျင့်သုံးအပ်သော ယုတ်နိမ့် သော သီလအကျိုးကြောင့် မင်းမျိုးခွဲဖြစ်ရ၏။

တိတ္ထိဘို့ဘောင်၌နေ၍ စျာန်၏ဥပစာရမျှကိုဖြစ်အောင် ကျင့်အပ်သော အလယ်အလတ်ဖြစ်သောသီလ၊ သာသနဘောင်၌နေ၍ စျာန်သမာပတ်ကိုဖြစ်အောင် ကျင့်အပ်သော အလယ်အလတ်ဖြစ်သော သီလအကျိုးကြောင့် နတ်ပြည် ဗြဟ္မာပြည်၌ ဖြစ်ရ၏။

တိတ္ထိဘို့ဘောင်၌နေ၍ သမာပတ်ရှစ်ပါးကို ဖြစ်အောင် ကျင့်အပ်သော မြတ်သော သီလ၊ သာသနဘောင်၌နေ၍ ဝိပဿနာပွားကာ အရဟတ္တဖိုလ်ကို ရအောင် ကျင့်အပ်သော မြတ်သော သီလ အကျိုးကြောင့် ကာမဂုဏ် ဝင့်ဆင်းရဲမှု စင်ကြယ်ရ၏၊ ထွက်မြောက်ရ၏။

၇။ မင်းကြီး-ဒါနကို မျှားစွာချီးမွမ်း ပြောဆိုရသော်လည်း အမှန်မှာ ဒါနတရားထက် သမထ-ဝိပဿနာ-နိဗ္ဗာန်တရားများကသာ အလွန်မြင့်မြတ်ပေ၏။

အဘယ့်ကြောင့် ဆိုသော် - ဤ ဘဒ္ဒကမ္ဘာ၏ ရှေးအခါက ပဉ္စင်တော်မူသွားကြကုန်သော ကဿပစသောဘုရားရှင်တို့နှင့် ဘဒ္ဒကမ္ဘာထက် ရှေးကျသော ကမ္ဘာများ၌ ပဉ္စင်တော်မူသွားကြကုန်သော ဝေဿဘူစသောဘုရားရှင်တို့သည် သမထဝိပဿနာတရားကို ပွားများအားထုတ်ကာ နိဗ္ဗာန်သို့ရောက်ကြကုန်သောကြောင့် ဖြစ်ပေသည်။

ဤသို့ ခုနစ်ဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် မင်းကြီးအား အမြိုက်နိဗ္ဗာန်တရားကို အသီးသီး ဟောကြားတော်မူကြပြီးလျှင် မမေ့မလျော့နေဘို့ရန် ဆုံးမကာ နန္ဒမူလိုဏ်ဂူသို့ ကွယ်ဝှက်တော် မူကြလေကုန်၏။

သမုဒ္ဒရာတွင်းခ္ဍ တွေ့ကြုံရမည့် အန္တရာယ်မှ ကယ်တင်တော်မူပုံ

ဘုရားအလောင်း သခ်ၤပုဏ္ဏားသည် ပစ္စည်းဥစ္စာ ရှာဖွေရန် သုဝဏ္ဏဘူမိအရပ်သို့ သင်္ဘောဖြင့်အသွား သမုဒ္ဒရာတွင်းခ္ဍ သင်္ဘောပျက်မည့်ဘေးရန်ကိုမြင်တော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုဘေးရန်မှကယ်တင်ရန်အတွက် သခ်ၤပုဏ္ဏားရှိရာသို့ ကြွလာတော်မူကာ ထီး-ဘိနပ်ကို အလှူခံယူတော်မူလေ၏။

သခ်ၤ ပုဏ္ဏားသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ထီး-ဘိနပ် လှူရသောကုသိုလ်ကံကြောင့် သမုဒ္ဒရာအတွင်း သင်္ဘောပျက်သော အခါ မဏိမေခလာနတ်သမီးက ကယ်တင်သဖြင့် အသက်ချမ်းသာ ရာ ရသည့်ပြင် မျှားစွာသော ပစ္စည်းဥစ္စာမျှားကိုလည်းရရှိလေ၏။

(ဒသနိပါတ်၊ သခ်ၤဇာတ်)

မာန်မာနကို ချိုးနှိမ်၍ စျာန်တန်ခိုးရအောင် ချီးမြှင့်တော်မူပုံ

ဘုရားအလောင်းရသေ့သည် အမျိုးမာန်တက်ကြွသဖြင့် စျာန်မရဘဲ ဖြစ်နေသည်ကို သိမြင်တော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အလောင်းတော်ရသေ့၏ မာန်မာနကို ချိုးနှိမ်ပြီး စျာန်သမာပတ် ရအောင် ချီးမြှောက်လိုသဖြင့် မိမိနေရာမှ လာကာ ရသေ့နေထိုင်ရာ ကျောက်ဖျာထက်၌ ထိုင်နေ၏။

အလောင်းဘော်ရသေ့သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုမြင်လျှင် ယမ်းပုံမီးကျ ဒေါသမာန်ဟုန်ထပြီး ပစ္စေကဗုဒ္ဓါ၏အနီးသို့ လာကာ လက်ဖျစ်တီးလျက် "သူယုတ်-ပျက်စီးလေလော၊ အဘယ့်ကြောင့် ငါ၏နေရာ၌ ထိုင်နေရသနည်း"ဟု ပြောဆိုလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က "သူတော်ကောင်း-ငါ့ကား သစ္စာ လေးပါးကို ထိုးထွင်းရှာသိပြီးသော ပစ္စေကဗုဒ္ဓါဖြစ်ပေသည်။

"သင်သည် သာမညပုဂ္ဂိုလ်မဟုတ်၊ ဤဘဒ္ဒကမ္ဘာ၌ပင် တရား အားလုံးကို ထိုးထွင်းရှာသိတော်မူသော သဗ္ဗညုဘုရား ဖြစ်မည့်သူ ဖြစ်ပေသည်။

"ပါရမီတရားများကို ဖြည့်ကျင့်လာသော ဘုရားအလောင်း တော်ဖြစ်ပါလျက် အ ဘယ့် ကြောင့် သင်သည် ဤမျှလောက် မာန်မာန တက်ကြွရဘိသနည်း။

"မာန်မာန တက်ကြွခြင်းသည် သင့်အား မလျောက်ပတ်ပေ" ဟု သတိပေး ဆုံးမတော်မူလေသည်။

ယင်းသို့ ဆုံးမသော်လည်း အလောင်းတော်ရသေ့ကမူ ဇာတိ မာန် တက်ကြွနေသဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရိုလည်းမခိုး အဘယ်အချိန်အခါ၌ ဘုရားဖြစ်မည်ကိုလည်း မ မေး မြန်း ဘဲ နေ လေသည်။

ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် "သူတော်ကောင်း-သင်သည် ဇာတိမာန် တက်ကြွမှုကြောင့် ငါ၏ ဂုဏ်ကျေးဇူး ကြီး မားပုံကို မသိရှာပေ။

"သင်တတ်နိုင်ခဲ့သော် ငါကဲ့သို့ ကောင်းကင်ဖြင့် သွားလေ လော့" ဟု ပြောဆိုကာ ကောင်းကင်သို့ပျံတက်လျက် ခြေမှုန့်တို့ကို ရသေ့၏ဆံကျစ်ပေါ်၌ ကြဲချပြီး ကြွသွားတော်မူလေသည်။

အလောင်းတော်ရသေ့သည် ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွသွား တော်မူသောအခါတွင်မှ ထိတ်လန့် ကြောက်ရွံ့ကာ မိမိကိုယ်ကို မိမိဆုံးမလျက် မာန်မာနကို ပယ်ရှားပြီး ကသိုဏ်း ပရိကံကို ပွား များသဖြင့် စျာန်သမာပတ်တရားတို့ကို ရရှိလေသည်။

(ပကိဏ္ဏကနိပါတ်၊ ပဋ္ဌေ၊ပေါသထဇာတ်)

မင်းအမတ်တို့အား ချီးမြှောက်တော်မူပုံ

ကောရဗျမင်းကြီးသည် မိမိအလှူသို့ လာရောက် စားသောက်ကြသောသူတို့တွင် ငါးပါးသီလကို စောင့်သူ၊ တယောက်မျှ မပါဝင်သောကြောင့် မကျေမနပ်ဖြစ်ကာ အတိုင်ပင်ခံ ဝိဓူရပညာရှိအမတ်ကို မေးမြန်းလေသည်။

ဝိဓူရပညာရှိ-ငါသည် မေဃုန်အမှုမှရှောင်ကြဉ်၍ မျှားသော အကြားအမြင်လည်းရှိ ကိုယ်ကျင့်တရားလည်းရှိသော မြတ်သော အလှူခံပုဂ္ဂိုလ်ကို လှူဒါန်းလိုသည်။

ထိုအလှူခံပုဂ္ဂိုလ်မျိုးကို သင်ရအောင် ရှာဖွေနိုင်အုံ့လော။

အရှင်မင်းကြီး- ရှာဖွေနိုင်ပါ၏ဟု ပြောဆိုကာ ဝိဓူရအမတ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ရှိရာ အရပ်သို့ရှိခိုးလျက် အရှင်မြတ်တို့သည် နက်ဖြန် တပည့်ဘော်ဘို၏ ဆွမ်းဘောဇဉ်ကို ခံယူတော်မူကြပါကုန် လော ဟု ပင့်ဖိတ်ကာ မုလေးပန်း ရှစ်ဆုပ်တို့ ကို ကောင်းကင်သို့ ပစ်လွှတ်လေသည်။

မုလေးပန်းစည်းတို့သည် ကောင်းကင်ခရီးဖြင့်သွားကာ ငါးရာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏အပေါ်၌ ကျရောက်ကြသဖြင့် ဝိဓူရအမတ် ဆွမ်းစားပင့်ဖိတ်ကြောင်းကို အရှင်မြတ်တို့ သိကြလေသည်။

နောက်နေ့တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ကောရဗျမင်းကြီးနှင့် ဝိဓူရအမတ်တို့ကား ချီးမြှောက်ခြင်းခံရ နန်းတော်သို့ကြွလာကြသဖြင့် မင်း,အမတ်နှစ်ဦးတို့သည် ကြွက်နွားစာ ခဲဘွယ်ဘောဇဉ်များကို ကျွေးမွေးပြီး သင်္ကန်းစသော ပရိက္ခရာတို့ကို ဆက်ကပ်လှူဒါန်းရကုန်သည်။

(ပကိဏ္ဏကနိပါတ်၊ ဒသမြောဟွဏဇာတ်)

မြတ်သောအလ္လကို ခံယူတော်မူထိုက်ပုံ

ကုဋ္ဌေရှစ်ဆယ် ကြွယ် ဝ သော သူ ကြွယ် တ ယောက် သည် တိုင်းသူပြည်သားတို့၏ အလိုဆန္ဒကို စုံစမ်းရအောင် ပုရောဟိတ်ပုဏ္ဏားနှင့်အတူ မထင်မရှား အရပ်သားအသွင်ဖြင့် ထွက်လာသော မင်းကြီးကို ဇရပ်တခုပေါ်တွင် တွေ့မြင်လေရာ ကြည်ညိုသဖြင့် မွန်မြတ်သော ဘုရားဟောတော်မူကို ဆက်ကပ်လေ၏။

ထိုအချိန်တွင် ဟိမဝန္တာတောမှ ဗျာန်အဘိညာဉ်ရ ရသေ့တပါးနှင့် နန္ဒမူလိုဏ်မှ ပစ္စေကဗုဒ္ဓါအရှင်မြတ် တ ပါး က လည်း ထိုဇရပ်သို့ ရောက်လာကြသည်။

မင်းကြီးသည် ရရှိသော ဘော ဇဉ် ကို မိမိ မ သုံး ဆောင် ဘဲ ပုရောဟိတ်ပုဏ္ဏားကိုပေး၏။ ပုရောဟိတ်ပုဏ္ဏားသည် ထိုဘောဇဉ်ကို မိမိမသုံးဆောင်ဘဲ ရသေ့ကိုလှူ၏။ ရသေ့သည် မိမိမသုံးဆောင်ဘဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုဘောဇဉ်ကိုမည်သူကိုမျှမဘိတ်ဘဲ ဘုဉ်းပေးတော်မူ၏။ သူကြွယ်သည် ထိုအချက်ကို သိလိုသဖြင့် မင်း, ပုရောဟိတ်, ရသေ့,ပစ္စေကဗုဒ္ဓါ လေးဦးတို့ကို အလှည့်ကျ မေးမြန်း လျှောက်ထား၏။

သူကြွယ်။ ။အရှင်မင်းကြီး- အ ရှင် သည် မိမိ ရ ရှိ သော ဘောဇဉ်ကို မိမိမသုံးဆောင်ဘဲ အဘယ့်ကြောင့် ပုဏ္ဏား ကို ပေးပါသနည်း။

မင်းကြီး။ ။သူကြွယ်-ဤပုဏ္ဏားသည် ငါ၏ဆရာလည်းဖြစ်၊ ငါ၏အမှုကိစ္စကိုလည်း ဆောင်ရွက် ပေးသဖြင့် ရှိသော လေးစား ဦးကိုင်သော ပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့် ငါမသုံး ဆောင်ဘဲ ဆရာပုဏ္ဏားကို ပေးခြင်းဖြစ်၏။

သူကြွယ်။ ။ဆရာပုဏ္ဏား-ဆရာသည် မိမိရရှိသောဘောဇဉ်ကို မိမိမသုံးဆောင်ဘဲ အဘယ့်ကြောင့် ရသေ့ကို လှူဒါန်းပါသနည်း။

ပုရောဟိတ်။ ။သူကြွယ် -. ငါသည် သားမယားတို့ဖြင့် လူကာမဂုဏ်ကို မက်မောစွာ ခံစားရှိနေသည်။

ဤရသေ့သည်ကား ကြာမြင့်စွာတောဘွဲ့နေလျက်ခြိုးခြံသောအကျင့်လည်းရှိ၏။ ပညာ ဂုဏ် လည်း ကြီး မား၏။ သီလ,သမာဓိ စသော ဂုဏ် ကျေး ဇူး ကို လည်း ရှာမှီးရှိနေသည်။ ထို့ကြောင့် ငါ့ထက်မြင့်မြတ်သော ရသေ့ကို လှူခြင်းဖြစ်၏။

သူကြွယ်။ ။အရှင်ရသေ့-အရှင်သည် မိမိရရှိသောဘောဇဉ်ကို မိမိ မသုံးဆောင်ဘဲ အဘယ့်ကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူဒါန်းပါသနည်း။

ရသေ့။ ။သူကြွယ်-ငါသည် ပိန်းဥ-ခြောက်ဥစသော စားသောက်ဘွယ်ရာများကို ရှာဖွေပြီး ချက်ပြုတ်စားသောက်သဖြင့် သိမ်းဆည်းမှုတဏှာ ရှိနေး၏။ ဤ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်ကား စားသောက်ဘွယ်ရာများကို ရှာဖွေ ချက်ပြုတ်ရှိလည်းမစား၊ သိမ်းဆည်းမှုတဏှာတရားလည်း မရှိ၊ ကြောင့်ကြဘွယ် ဝဋ်လမ်းဘွယ်လည်း မရှိတော့သဖြင့် ငါ့ထက် မြင့်မြတ်ပေ၏။ ထို့ကြောင့် ငါရသော ဘောဇဉ်ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းခြင်း ဖြစ်သည်။

သူကြွယ်။ ။အရှင်ဘုရား - အရှင်ဘုရားသည် မိမိရရှိသော ဘောဇဉ်ကို တပါးသူတို့အား မ ဘိတ် ကြား ဘဲ အဘယ့်ကြောင့် မိမိတဦးထည်း သုံးဆောင်ပါသနည်း။

ပစ္စေကဗုဒ္ဓါ။ ။သူကြွယ်-မင်း, ပုဏ္ဏား, ရသေ့ တို့သည် တဏှာ ဒိဋ္ဌိတို့ဖြင့် မြတ်နိုးခြင်း, စွဲလမ်းခြင်း, ငါ့ဥစ္စာဟု သိမ်းဆည်းခြင်း ရှိကြကုန်၏။ ငါသည်ကား ထိုအယုတ်တရား အားလုံးတို့ကို ပယ်စွန့်ပြီးလေသောကြောင့် ထိုပုဂ္ဂိုလ်တို့ လူဒါနိုးသော ဘောဇဉ်ကို ခံယူ သုံးဆောင်ထိုက်ပေ၏။ လူဒါနိုးသောသူကို တဖန်ပြန်၍ ဘိတ်ကြားမှုသည် မိစ္ဆာဇီဝ ယုတ်မာသော အလေ့အကျင့် ဖြစ်သောကြောင့် ငါ မဘိတ်ကြားခြင်း ဖြစ်၏။

ထိုစကားကိုကြားလျှင် သူကြွယ်သည် အ လွန် ဝမ်း မြောက်သဖြင့် အောက်ပါစကားကို ပြောကြားလေ၏။

ပြည့်ရှင်မင်းတို့သည် ဝိုင်းနိုင်ငံကို မက်မောကြကုန်၏။
ပုဏ္ဏားတို့သည် အမှုကြီးငယ်ကို မက်မောကြကုန်၏။
ရသေ့တို့သည် သစ်မြစ်သစ်သီးကို မက်မောကြကုန်၏။
ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် မည်သည့် အ ရာ ဌာ နကိုမျှ မက်မောမှုမရှိကြကုန်။
ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သူ ကြွယ်အား တ ရား ဟောပြီးလျှင် မိမိနေရာသို့ ကြွသွားတော်မူလေ၏။

(ပကိဏ္ဏကနိပါတ်၊ ဘိက္ခာပရမ္မရဇာတ်)

ပစ္စေကဗုဒ္ဓါ အလောင်းတော်များ

ဂဂါတမဘုရားရှင်လက်ထက်တော်၌ ပစ္စေကဗုဒ္ဓါ အလောင်း အလျှာခြောက်ဦး ပေါ်ပေါက်ခဲ့သည်။

ယင်းခြောက်ဦးမှာ-

၁။ ဒေဝဒတ်၊

၂။ အဇာတသတ်မင်း၊

၃။ သုမန ပန်းသည်ယောကျ်ား၊
၄။ လယ်စောင့်ယောကျ်ား၊
၅။ ဇီးကွက်ငှက်၊
၆။ ဦးဆောက်ပန်းလှူသော ယောကျ်ားတို့ ဖြစ်သည်။

၁။ ဒေဝဒတ်

မြတ်စွာဘုရားကိုသတ်၍ ဘုရားလုပ်ရန်ကြံစည်သော ဒေဝဒတ်သည် ဘုရားရှင်ကို အ မျိုး မျိုး မသ ကြောင်း ကြံ စည် ပါ သော်လည်း ဘုရားရှင်ကား မသေ၊ မိမိသာလျှင် ကိုးလတိုင်တိုင် မထနိုင်, မသွားနိုင်လောက်အောင် နာတာရှည်ရောဂါဖြစ်ပေါ်လာလေသည်။

နောက်ဆုံး အသက်ခန္ဓာဆုံးပါးရမည့် အခြေအနေကို သိမြင်လာသောအခါတွင် နောင်တရကာ ဘုရားရှင်ကို ကန်တော့လိုစိတ် ဖြစ်ပေါ်လာသဖြင့် ဘုရားရှင်ထံ ပို့ဆောင် ပေး ဘို့ ရန် မိမိ ဘပည့်များကို စေခိုင်းလေသည်။

ဘပည့်များ။ ။ဆရာ သည် ကျန်းကျန်းမာမာ နှင့် သွားလာနိုင်စဉ်အခါက ဘုရားရှင်ကို ရန်သူလုပ်ခဲ့သူဖြစ်သော ကြောင့် ဘုရားရှင်ထံသို့ ဘပည့်တော်ဘို့မပို့ဆောင်ဝံ့ပါ။

ဒေဝဒတ်။ ။ဘပည့်တို့-ငါသည် ဘုရားရှင်ကို ရန်သူလုပ်ခဲ့သော်လည်း ဘုရားရှင်ကမူ ငါ့အပေါ် ၌ တဆံခြည်ဖျားမျှ အာဃာတ မထားခဲ့ပေ၊ သို့ကြောင့် ငါမိုက်မှားခဲ့သည့် အပြစ်တွေကို ဝန်ချ တောင်း ပန် လို၏၊ ဘုရားရှင်ထံ ရောက်အောင်သာ ငါ့ကို ပို့ဆောင် ပေးကြပါလော။

ဒေဝဒတ်သည် လူမိုက်တို့၏နောင်တဖြင့် သံဝေဂရကာ ထပ်ခါ ထပ်ခါ တောင်းပန်နေရှာသောကြောင့် တပည့်များက သနားလာကာ ထမ်းစဉ်ဖြင့်ထမ်း၍ ဘုရားရှင်ထံ ပို့ဆောင်ကြလေ၏။

မြတ်စွာဘုရားထံ ဒေဝဒတ်လာကြောင်း ရဟန်းတော်များက ဘုရားရှင်အား လျှောက်ထားကြလျှင် ဘုရားရှင်က ရဟန်းတို့-ဒေဝဒတ်သည် ငါဘုရားထံလာသော်လည်း ငါဘုရားကိုမဖူးမျှော် ရုံလတ္တံဟု မိန့်တော်မူ၏။

သို့ဖြင့် ဒေဝဒတ်ကို ထမ်းဆောင်လာသော တပည့်တို့သည် ဇေတဝန်ကျောင်းအနီးရှိ ရေကန်နား အရောက် ရေချိုးလိုကြသဖြင့် ထမ်းစဉ်ကို မြေသို့အချတွင် ဒေဝဒတ်သည် ခြေနှစ်ဘက်ကို မြေကြီးပေါ်သို့နင်းလိုက်ရာ ခြေနှစ်ဘက်လုံး မြေကြီးအတွင်း သိုဝင်သွားလေ၏။

ဂင်းနောက် ခြေမျက်စိ၊ ဂင်းနောက် ဒူးဆက်၊ ဂင်းနောက် ခါး၊ ဂင်းနောက် ရင်ဘတ်၊ ဂင်းနောက် လည်ပင်း တိုင်အောင် မြေကြီးသို့ ဝင်သွားလေ၏။

မေးစေ့ မြေကြီးသို့ဝင်ကာနီးတွင် ဒေဝဒတ်သည်-

"နက်အားလုံးထက် မြတ်၍ ဆုံးမအပ်သော သတ္တဝါ အပေါင်းကို ဆုံးမတော်မူတတ်သော တရားအားလုံးကို သိမြင်တော်မူသည့်ပြင် မျှားစွာသော ဘုန်းကံပါရမီတော်ကြောင့် ရရှိတော်မူသော လက္ခဏာတော် ကြီးငယ်တို့နှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ် ဘုရားရှင်ကို ငါ၏အရိုးတို့ဖြင့် ပူဇော်ပါ၏။ ဘုရားရှင်ကို အကျွန်ုပ်၏ ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏"

ဟု လွန်မိခဲ့သမျှသော အပြစ်ဒေါသများကို ဝန်ချတောင်းပန်လေသည်။

ဒေဝဒတ်သည် တုန်လှုပ်ခြင်းမရှိသော မြတ်စွာဘုရားကို ပြစ်မှားသော အကုသိုလ်ကံကြောင့် အဝီစိငရဲ၌ မတုန်မလှုပ်နိုင်အောင် သံတံကျင် လျှိုခံရလေသည်။

အဝီစိငရဲမှ လွတ်မြောက်ပြီး ဤ ဘဒ္ဒကမ္ဘာမှနောက် ကမ္ဘာတသိန်းမြောက် ရောက်သောအခါတွင်ကား အဋ္ဌိသရ အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံဟု ဓမ္မပဒအဋ္ဌကထာ၌လာသည်။

၂။ အဇာတသတ်

အဇာတသတ်သည်ဒေဝဒတ်နှင့်ပေါင်းမိပြီး ဒေဝဒတ်၏အကြံပေး စေခိုင်းချက်အရ အဘဖြစ်သော ဗိဿိသာရမင်းကြီးကိုသတ်မိသဖြင့် ပိတုဃာတကံကိုထိုက်ကာ သောတာပတ္တိမဂ်ကို မရရှာဘဲ လောဟကုမ္ဘီငရဲ၌ ခံရလေသည်။

လောဟကုမ္ဘီငရဲ၌ ခံရသော်လည်း ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သော ကုသိုလ်ကံကြောင့်ရင်း, သာသနာတော်၏ မြင့်မြတ်သောကြောင့်ရင်းကြာရှည်စွာမခံစားရဘဲ ထိပ်မှအောက် အပြင်ထိနစ်မြှုပ်စဉ်အနှစ်သုံးသောင်း၊ အောက်အပြင်မှ ဘိုးနခမ်းထိ ပေါ်လာစဉ် အနှစ်သုံးသောင်း၊ ဤသို့ မြှုပ်ချီပေါ်ချီအတွင်း အနှစ်ခြောက်သောင်း ခံရပြီး ငရဲမှ လွတ်မြောက်လတ္တံ့။

ငရဲမှ လွတ်မြောက်သောအခါတွင် ပါရမီများကို ဖြည့်ကျင့်သဖြင့် ဝိဇိတာဝီအမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်ရလတ္တံဟု ဘုရားရှင် ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

(သုတ်သီလကွန်အဋ္ဌကထာ သာမညဖလသုတ်)

၃။ သုမနပန်းသည်ယောကျား

ဗိမ္မိသာရမင်းကြီးအဘွက် နေ့စဉ် ရှစ်ကွမ်းစာမျှလောက်သော မြတ်လေးပန်းတို့ကို ဆက်သနေသော ပန်းသည် ယောကျားသည် ပန်းမျှားကို ယူပြီး နန်းတော်သို့အသွား လမ်းခရီးအကြားတွင် ရောင်ခြည်တော်ခြောက်ပါးကို လွှတ်လျက် ဆွမ်းခံဝင်လာတော်မူသော ဘုရားရှင်ကို မြင် လျှင် အလွန်ကြည်ညိုလှသဖြင့် ငါ့ကို မင်းကြီးသတ်လိုက သတ်စေတော့ဟု ဆုံးဖြတ်ကာ ပါလာသော ပန်းမျှားကို ဘုရားရှင်အား လှူဒါန်းလေသည်။

မြတ်လေးပန်းတို့သည် ဘုရားရှင်ကို ဝဲယာ-ရှေ့နောက် ထက်အောက်ခြံရံကာ ဘုရားရှင်သွားလျှင် သွားခြင်း၊ ရပ်လျှင်ရပ်ခြင်း ပြုလျက် ကောင်းကင်ထက်မှ လိုက်ပါလာကြကုန်သည်။

အုံ့ညြောဘွယ်ရာ ထိုခြင်းရာကို တွေ့မြင်ကြရသော မြို့သူမြို့သား တို့သည် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ကောင်းချီးညြှာ ပေးကြကုန်သည်။

ပန်းသည်ယောကျား ရရှိလတ္တံ့သော အကျိုး တရားမျှားကို အရှင်အာနန္ဒာမထေရ်က လျှောက်ထားရာ-

ဘုရားရှင်က-

အာနန္ဒာ- ဤ ပန်းသည်ယောကျားသည် အနည်းငယ်သော ကုသိုလ်ကောင်းမှုကိုပြုလုပ်သည်ဟု သင် မမှတ်ထင်လေလင့်၊မိမိ၏ အသက်ကို စွန့်လွှတ်ကာ ငါဘုရားရှင်အား ပူဇော်ရခြင်း ဖြစ်၏။ ထိုကောင်းမှုကြောင့် ဤပန်းသည်ယောကျားသည် ကမ္ဘာတသိန်း တိုင်တိုင် အပါယ်လေးပါးသို့ မလားမရောက်ဘဲ လူပြည်,နတ်ပြည် မျှားဌာသာ ချမ်းသာကို ခံစားရပြီးနောက် သုမန အမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်ရလတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

(ဓမ္မပဒအဋ္ဌကထာ သုတ္တနိပါတအဋ္ဌကထာ)

၄။ လယ်စောင့်ယောကျ်ား

ဘုရားရှင်လက်ထက်တော်အခါက ရဟန်းတပါးသည် ဝိပဿနာအားထုတ်ရင်း ညချမ်းအချိန် လယ်အနီးမှ ဖြတ် သွား စဉ် မိုးရွာလာသဖြင့် လယ်သမား၏ မြက်မိုးတဲသို့ ဝင်၍နေလေ၏။

တဲအတွင်းရှိမြက်ခင်းအပေါ်တွင် ထိုင်နေပြီး ဝိပဿနာတရားအားထုတ်လေရာ အချမ်းအပူရာသီဥတုမျှတမှုကိုရသဖြင့် မကြာမီ ရဟန္တာအဖြစ်သို့ရောက်လေ၏။

လယ်စောင့်ယောကျ်ား။ ။ငါ၏ တဲ အတွင်းဌာ နေသူကား အဘယ်သူနည်း။

ရဟန္တာ။ ။ဒကာ-သင်၏ တဲ အတွင်းဌာ တထောင့်ငါးရာ ကိလေသာကို ပယ်ခွါပြီး နိဗ္ဗာန်ကို အာရုံပြု၍နေသော ရဟန်းတော်တပါးနေပေ၏၊သင်၏တဲသည်ရဟန္တာအရှင်မြတ် နေထိုင်သဖြင့် အကျိုးများပေ၏။ ဒကာ-သင့်မှာ ဤကောင်းမှုကံကြောင့် နေ့, ရက် များစွာ စီးပွား ချမ်းသာကို ရရှိပေလတံ့။

လယ်စောင့် ယောကျ်ား နှင့် ရဟန္တာ အရှင်မြတ်တို့ အပြန်အလှန် ပြောဆိုကြသော စကားသံကို ဒီဗွေသောတအဘိညာဉ်ဖြင့် ဘုရားရှင်ကြားတော်မူလေရာ လယ်စောင့်ယောကျ်ားကို အောက်ပါ ဂါထာများဖြင့် ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

ဒကာ-သင်၏မြက်မိုးတဲ၌ တည်ကြည်သောစိတ်လည်းရှိ, အာသဝေါတရားလည်း ကင်းစင်သော ရဟန္တာပုဂ္ဂိုလ်အရှင်မြတ် နေထိုင်ဘို့ရန်ခွင့်ပြုခဲ့သောကောင်းမှုကံကြောင့်သင်သည် (၃၆)ကြိမ် နတ်မင်းဖြစ်လတံ့၊ (၃၄)ကြိမ် စကြဝတေးမင်းဖြစ်လတံ့၊ ဤမျှမက နောက်ဆုံးဘဝရောက်လျှင် ရတနာကုဋေအမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်လတံ့။ (ထေရဂါထာ အဋ္ဌကထာ)

၅။ ဇီးကွက်ငှက်

ဘုရားရှင် ဝေဒိသကတောင် နပါပင်လိုဏ်ဂူတွင် သီတင်းသုံးနေထိုင်တော်မူစဉ် ဇီးကွက်ငှက်တကောင်သည် ဘုရားရှင် မြို့ရှာတခုခုသို့ ဆွမ်းခံ ဝင် တော်မူ လျှင် ခရီးတဝက်ခန့် လိုက်ပို့ပြီး ဆွမ်းခံရာမှ ပြန်ကြွလာလျှင် ခရီးတဝက်ခန့်ကဆီးကြိုလေ့ရှိသည်။

ထိုငှက်သည် တနေ့၏ညနေချမ်းအချိန်တွင် ရဟန်းအပေါင်း ခြံရံကာ ထိုင်နေတော်မူသော ဘုရားရှင်ကိုကြည်ညိုသောစိတ်ဖြင့် ဦးခေါင်းညွှတ်ပြီး အတောင်နှစ်ဘက်ကို လက်အုပ်သဘွယ် ချီမိုးကာ ရှိခိုးနေလေ၏။

ဘုရားရှင်သည် ထိုငှက်ကိုကြည့်ပြီး ပြုံးရယ်တော်မူလေသည်။

အာနန္ဒာမထေရ်က ပြုံးရယ်တော်မူခြင်းအကြောင်းကို ဘုရားရှင်အား လျှောက်ထားလေရာ၊ ဘုရားရှင်က အာနန္ဒာ-သင်သည် ဤဇီးကွက်ငှက်ကို မြင်ရဲ့မဟုတ်လား၊ ဤငှက်သည် ငါဘုရားရှင်နှင့် သံဃာတော်များအပေါ် ဝယ်ကြည်ညိုစိတ်ဖြစ်သောကြောင့် ကမ္ဘာတသိန်းတိုင်တိုင် လူ,နတ် ချမ်းသာကိုခံစားပြီးသည့်နောက်တွင် သောမနဿ အမည်ရှိသောပဇ္ဇေကဗုဒ္ဓါဖြစ်လတ္တံဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

(မူလပဏ္ဏာသ အဋ္ဌကထာ ၀-၃၂၂)

၆။ ဦးဆောက်ပန်းလှူသော ယောကျ်ား

ပန်းမျိုးစုံတို့ဖြင့်သီကုံးထားသော ဦးဆောက်ပန်းကိုယူဆောင်လာသော ယောကျ်ားတယောက်သည် ရ ဟန်း အ ပေါင်း ခြံရံလျက် ကောသလမြို့တွင်းသို့ ဆွမ်းခံကြွလာတော်မူသော ဘုရားရှင်ကို မြင်တွေ့လေလျှင် ရှင်လန်း တက်ကြွ ကြည်ညိုလှသဖြင့် အဆင်းအနံ့ သင်းပျံ့ကြိုင်လျှမ်း ဦးဆောက်ပန်းကို ဘုရားရှင်အား ဆက်ကပ်လှူဒါန်းလေသည်။

ဘုရားရှင်သည် ပန်းလှူသူယောကျ်ားကို ကြည့်ပြီး ပြုံးရယ်တော်မူသည်။

အဘယ့်ကြောင့် ပြုံးရယ်တော်မူပါသနည်းဟု အရှင်အာနန္ဒာက လျှောက်ထားရာ-

ဘုရားရှင်က အာနန္ဒာ - ဤ ပန်း လှူ သူ ယောကျ်ားသည် ငါဘုရားကို ကြည်ညိုသောစိတ်ကြောင့် (၇၄)ကမ္ဘာ တိုင်တိုင် အပါယ်လေးပါးသို့ မလား မရောက်ရဘဲ နတ်ပြည်၌ ဖြစ်လျှင် နတ်မင်းစည်းစိမ်, လူပြည်၌ဖြစ်လျှင် လူမင်းစည်းစိမ်ကို ခံစားရလတံ့။

နောက်ဆုံးဘဝရောက်သောအခါ ရဟန်း ပြု လုပ်ပြီး သစ္စာလေးပါးတရားကို ထိုးထွင်း သိမြင်ကာ ဝဋ်သက အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်လတံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

(နေတ္တိပါဠိတော်၊ သာသနပဋ္ဌာန)

၁။ မေတ္တာဗျာန်ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ထိုအရှင်မြတ်သည် ဘဝတခုတွင် ကဿပဘုရားရှင် သာသနာတော်၌ ရဟန်းပြုလုပ်ပြီး တောအရပ်၌ နေလေ့ရှိသော အာရည်ကင် ခုတင်ကို ဆောက်တည်ကာ အနှစ် နှစ်သောင်းကာလပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်လေသည်။

ထိုရဟန်းသည် ယင်းဘဝမှ စုတေလျှင် နတ်ပြည်၌ ဖြစ်ကာ ထိုမှတဖန် စုတေပြန်သော် ဗာရာဏသီပြည်ဝယ် မိဘုရားကြီးဝမ်း၌ ပဋိသန္ဓေ တည်နေလေသည်။

မိဖုရားကြီးသည်အချိန်တန်သောအခါဘုန်းကံနှင့်ပြည့်စုံသော သားယောကျ်ားကို ဖွားမြင်လေသည်။

မင်းသားကလေး တဆဲ့ခြောက်နှစ်အရွယ်သို့ရောက်လျှင် အဘဖြစ်သော မင်းကြီးက ထီးနန်းလွှဲအပ်သဖြင့် ဗြဟ္မဒတ်မင်းဟူသော အမည်ကိုခံယူကာ ဇမ္ဗူဒီပါတကျွန်းလုံးရှိ မြို့နှစ်သောင်းကို အုပ်စိုးရလေသည်။

ထိုမင်းသည် မြို့ပေါင်းနှစ်သောင်းကို အစိုးရသကဲ့သို့ ပြာသာဒ်ပေါင်း၊ ဆင်ပေါင်း၊ မြင်းပေါင်း၊ ရထားပေါင်း၊ ခြေသည်ပေါင်း၊ မိန်းမပေါင်း၊မောင်းမပေါင်း၊အမတ်ပေါင်း နှစ်သောင်းစီတို့ကိုလည်း အစိုးရလေသည်။

ဤမျှ ကြီးကျယ်ခမ်းနားသော မင်းစည်းစိမ်ကို ခံစားရှိနေရသော်လည်း ပါရမီဉာဏ်ရင့်သန်လာသောကြောင့် မင်းပြုရှိနေစဉ်မှာပင် ကသိုဏ်းပရိကံကို ပွားများသဖြင့် စျာန်အဘိညာဉ်များကို ရလေသည်။

တနေ့-တရားလွှတ်သဘင်၌ နေခိုက်တွင် လူအများ ဆူဆူညံညံ ပြောဆိုသံကိုကြားလေရာ ဤ အသံများသည် စျာန်သမာပတ် တရား၏ အနှောင့်အယှက် ဘေးရန်ဖြစ်သည် ဟု ဆင်ခြင်ပြီး ပြာသာဒ်ထက်သို့ တက်ကာ သမာပတ်ကိုဝင်စားလေသည်။

သို့သော် မင်းအပြစ်၌ စိတ်ရောက်နေသောကြောင့် သမာဓိ မရသဖြင့် မဝင်စားနိုင်ဘဲ သမာပတ်တရားများ ပျောက်ကွယ်သွားလေ၏။

ထိုအခါ မင်းအပြစ်နှင့် ရဟန်းတရား အဘယ် အရာက မြတ်သနည်းဟု ဆင်ခြင်လေသော် မင်းအပြစ်မှာ ချမ်းသာခြင်း နည်းပါး၍ အပြစ်သာများသည်။

ရဟန်းတရားမှာမူ မြတ်သောအကျိုးလည်းရှိ၊အရိယာသူမြတ်တို့လည်း မှီဝဲဆည်းကပ်ကြသည်ဟု သိမြင်လေသည်။

ထို့ကြောင့် တရားနှင့်အညီ အုပ်ချုပ်ဘို့ရန် အမတ်တယောက်ကို လွှဲအပ်ပြီးလျှင် ပြာသာဒ်ထက်သို့ တက်ကာ စျာန် သမာပတ်ချမ်းသာဖြင့် တယောက်ထည်း နေထိုင်လေသည်။

မင်းကြီးထံ တံပူဆက်သူ, ပွဲတော်အုပ် ပို့ဆောင်သူမှ တပါးမည်သူတဦးတယောက်မျှ ဝင်ရောက်ခွင့် မရကြပေ။

မိဖုရားကြီးသည် မင်းကြီးကို မတွေ့ရသည်မှာ ကြာလာသဖြင့် မေးမြန်းလေရာ အမတ်များက အကြောင်းစုံကိုလျှောက်ထားကြလေသည်။

ထိုအခါ မိဖုရားကြီးက အုပ်ချုပ်မှုဘာဝကာ ခရီးသွား အမတ်ကြီးထံ တိုင်းပြည်ကို အုပ်ချုပ်ဘို့ရန် တာဝန်ယူလျှင် မိဖုရားကိုလည်း သိမ်းပိုက်ဘို့ရန် တာဝန်ရှိပေသည်။

ထို့ကြောင့် မိမိကိုပါ သိမ်းပိုက်လေလေဟု တမန်စေလွှတ်လေသည်။

အမတ်ကြီးသည် **မိဖုရားကြီး၏**စကားကို ကြားရသောအခါ ဤစကားမျိုးကိုမ**ပြောဆိုသင့်**ဟု ကြံစဉ်းစားလေသည်။

မိဖုရားကြီးက သုံးကြိမ်သုံးခါစလွှတ်လိုက်ပို့ အမတ်ကြီးကလည်း သုံးကြိမ်သုံးခါ ငြင်းပယ်လေသည်။

အမတ်ကြီးက ငြင်းပယ်နေသောအခါ မိဖုရားကြီးက ငါ့ကို**မသိမ်းပိုက်**လျှင် သင့်ကို ရာထူးမှပြုတ်ကြစေအုံ့၊ သို့မဟုတ် သင်၏**အသက်ကိုသေစေအုံ့**ဟု ခြိမ်းချောက်ပြောဆိုလေသည်။

မိန်းမများသည် တစုံတခုကို ဆုံးဖြတ်မိလျှင် အမှန်ပြုလေ့ရှိကြ သည်၊မိဖုရားကြီးသည် ပြောဆိုသည့်အတိုင်း အမှန်ပင်လျှင်ပြုလုပ် ခဲပေအုံ့ဟု တွေးတောကြောက်ရွံ့ကာ အမတ်ကြီးသည် မိဖုရားကြီး နှင့် ဆက်ဆံမိလေသည်။

အမတ်ကြီးသည်အစတွင်ကြောက်ရွံ့စိတ်ရှိသော်လည်း နောက် ပိုင်းတွင် ကြောက်ရွံ့စိတ် မရှိတော့ဘဲ အိမ်ရှင်သဖွယ် ရဲတင်းစွာ မိဖုရားကြီးထံ မပြတ် ဝင်ထွက်သွားလာလေသည်။

အမတ်ကြီး နှင့် မိဖုရားကြီး တို့ ဆက်ဆံ ပုံကို မင်းချင်းတို့က ဗြဟ္မဒတ်မင်းကြီးအား သံတော်ဦး တင်ကြသဖြင့် မင်းကြီးသည် ကိုယ်တိုင် စုံစမ်းလေရာ အဖြစ်မှန်ကို သိမြင်လေ၏။

မင်းကြီးသည် ထိုအကြောင်းကို အမတ်များနှင့် တိုင်ပင်လေ သည်။

မင်းကြီး။ ။ကိုယ်ကျင့်တရား ပျက် ပြား သော အမတ်ကို ဘယ်ကဲ့သို့ အရေးယူသင့်သလဲ။

အမတ်များ။ ။အရှင်မင်းကြီးအား မလေးမခန့် ပြစ်မှားရာ ကျသောကြောင့် လက်,ခြေကို ဖြတ်ထိုက်၏၊ သို့မဟုတ် တံကျင်လျှိုကာ သတ်ထိုက်ပါ၏။

မင်းကြီး။ ။လက်,ခြေကို ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်းမျှားကို ပြုလုပ်လျှင် သူတပါးကိုညှဉ်းဆဲရာရောက်လိမ့်မည်၊ သတ် လျှင် ပါဏာတိပါတကံ ထိုက်လိမ့်မည်၊ သူပိုင် ပစ္စည်းကို သိမ်းယူလျှင် အဒိန္နာဒါနကံ ထိုက်လိမ့်မည်၊ ဒါကြောင့် ယင်းကဲ့သို့ မပြုလုပ်သင့်ပေ။

ထိုအမတ်ကို ဂါ၏နိုင်ငံမှသာ နှင်ထုတ်ကြလေလော။

အမတ်မျှားသည် မင်းကြီး၏ အမိန့်အတိုင်း ပြစ်မှားသော အမတ်ကို တိုင်းပြည်မှ နှင်ထုတ်ကြလေသည်။ နှင်ထုတ်ခံရသော အမတ်သည် မိမိပိုင် ပစ္စည်းဥစ္စာနှင့် သား,မယားမျှားကိုပါ ယူဆောင်ပြီးလျှင် တိုင်းတပါး မင်းကြီးထံ သွားရောက် ခစားနေလေသည်။

တိုင်းတပါးမင်းကြီးနှင့်အကျမ်းဝင်လာသောအခါ ထိုအမတ်က တနိုင်ငံမင်းကြီးကို သံတော်ဦးတင်လေသည်။

အမတ်။ ။အရှင်မင်းကြီး-ပျားကောင်မရှိသော ပျားအုံကို ကျွန်ုပ် တွေ့မြင်ပါ၏၊ ထိုပျားအုံကို စား လိုသော ဆန္ဒရှိတော်မမူပါသလော။

မင်းကြီး။ ။ပျားကောင်မရှိသော ပျားအုံဟူသည် ဘာကို ဆိုလိုသလဲ။

အမတ်။ ။ပျားကောင်မရှိသော ပျားအုံဆိုသည်မှာ ဗာရာဏသီပြည်ကို ဆိုပါသည်။

မင်းကြီး။ ။သင်အမတ်သည် ငါ့ကိုဗာရာဏသီပြည်သို့ လှည့်ဖြား၊ခေါ်ဆောင်ကာ သတ်ဘို့ရန်ကြံစည်လေသလော။

အမတ်။ ။ထိုသို့မဟုတ်ပါ၊ အရှင်မင်းကြီး ယုံကြည်တော်မမူပါလျှင် သူလျှိုယောကျ်ားများကို စေလွှတ်၍ စုံစမ်းတော်မူပါ။

တနိုင်ငံရှိမင်းကြီးသည် အမတ်၏စကားကို ဟုတ်,မဟုတ်စုံစမ်းလိုသဖြင့် သူလျှိုယောကျ်ားများကို ဗာရာဏသီပြည်သို့ စေလွှတ်လေသည်။

သူလျှိုယောကျ်ားများသည် မြို့တံခါးအောက်မှ တူးဖောက်ဝင်ရောက်ပြီးလျှင် ဗာရာဏသီမင်းကြီး၏ နန်းတော်သို့ တက်ကြလေသည်။

ဗြဟ္မဒတ် မင်းကြီးသည် သူလျှိုယောကျ်ားများကို တွေ့မြင်သောအခါ သင်တို့ အဘယ်ကြောင့် ငါ၏နန်းတော်တွင်းသို့ လာရောက်ကြသနည်းဟု မေးမြန်းလေသည်။

သူလျှိုယောကျ်ားတို့က အရှင်မင်းကြီး အကျွန်ုပ်တို့သည် ခိုးသူများ ဖြစ်ကြပါကုန်၏ဟု လျှောက်ထားကြသော အခါ အလိုရှိသော ပစ္စည်းများကို ပေးပြီးလျှင် သင်တို့သည် ဤ အမှုမျိုးကို နောင်မပြုကြလေလင့်ဟု ဆုံးမကာ လွှတ်လိုက်လေသည်။

ထို အကြောင်းကို တနိုင်ငံမင်းကြီး သိရလေလျှင် ဗာရာဏသီ မင်းကြီးသည် သီလရှိသော မင်းပေတည်းဟု ကြံစည်ကာ စစ်သည်များကိုစုရုံးပြီးလျှင် နယ်ခြားမြို့တမြို့ကိုဝင်ရောက်၍ မြို့ကိုမူလည်း ပေးအံ့လော၊ သို့မဟုတ် စစ်ကိုမူလည်း ထိုးအံ့လော ဟု မြို့စောင့်အမတ်ထံ တမန်စေလွှတ်လေသည်။

မြို့ပေါင်းအမတ်သည် ဗာရာဏသီ မင်းကြီးထံ မြို့ကိုမူလည်း ပေးရအံ့လော၊ သို့မဟုတ် စစ်ကို မူလည်း ထိုးရအံ့လော ဟု လျှောက်ထားစေလေသည်။

ဗြဟ္မဒတ်မင်းကြီးက စစ်မထိုးဘဲ မြို့ကို ပေ အပ်ခါ ငါတို့ရှိရာသို့ လာခဲ့လေလော ဟု တမန် စေသဖြင့် မြို့စောင့်အမတ်သည် စစ်မထိုးတော့ဘဲ မြို့ကိုပေးအပ်ကာ ဗြဟ္မဒတ်မင်းကြီးထံသို့သွားလေသည်။

တနိုင်ငံမင်းကြီးသည် အခြားသောမြို့များကိုလည်း ရှေးနည်းအတူ တမန် စေလွှတ်ကာ သိမ်းပိုက်ခဲ့လေသည်။

မြို့စောင့်အမတ်အား လုံး ဗြဟ္မဒတ်မင်းကြီးထံ ရောက်ကြသော အခါ မင်းကြီးကို သံတော်ဦးတင်ကြလေ၏။

အမတ်များ။ ။အရှင်မင်းကြီး- အကျွန်ုပ်တို့သည် တနိုင်ငံ မင်းနှင့် စစ်ခင်းပါကုန်အုံ့။

မင်းကြီး။ ။အမတ်အပေါင်းတို့ - သင်တို့ စစ်ထိုးခဲ့သော် ငါ့အား ပါဏာတိပါတကံ ထိုက်လိမ့်မည်၊ ထို့ကြောင့် စစ်ထိုးခြင်းကို ငါ ခွင့်မပြုနိုင်။

အမတ်များ။ အရှင်မင်းကြီး-အကျွန်ုပ်တို့သည် ရန်သူမင်းကို မသတ်ဘဲ အရှင်ဘမ်းဆီး ခေါ်ဆောင် လာပါမည်၊ အရှင်မင်းကြီး သည် လည်း အကျွန်ုပ်တို့နှင့်အတူ ကြွခဲ့ကြတော်မူပါ။

ဗြဟ္မဒတ်မင်းကြီး။ ။အမတ် အ ပေါင်း တို့ သင် တို့ သည် သတ္တဝါအများကို သက်ဖြတ် ညှဉ်းဆဲခြင်း မပြုလုပ်ကြလျှင် ငါလည်း သင်တို့နှင့်အတူ လိုက်ခဲ့ပေအုံ့။

အမတ်များ။ ။အရှင်မင်းကြီးအလိုမရှိသော အမှုများ ကို အကျွန်ုပ်တို့ မပြုလုပ်ကြပါ။ ကြောက်လန့်အောင် ခြိမ်းခြောက်၍သာ ပြေးပါစေကုန်အုံ့။

ဤသို့လျှောက်ထားကြပြီးလျှင် အမတ်များသည် စစ်သည်အများကိုစုရုံး၍ အိုးများ၌ ဆီမီးကို ထည့်ကာ ညအချိန်တွင် သွားကြလေသည်။

ရန်သူမင်းသည် ညအချိန်တွင် စစ်ကိုက်ဘုယ် ရှိမည် မဟုတ်တော့ဟု ယူဆကာ ဝတ်ထားသော ချပ်ဝတ်တန်ဆာ များ ကို ချွတ်ပြီးလျှင် စိတ်ချလက်ချ စစ်သည်များနှင့်အတူ အိပ်ပျော်၍

နေလေသည်။ ဗာရာဏသီမင်း၏ အမတ်တို့သည် ရန်သူစစ်တပ်တွင်းသို့ ဝင်ရောက်ကာ အိုးများ မှ ဆီမီးများကို ထုတ်ပြီးလျှင် တပ်ပြိုင်နက် အလင်းရောင်ပြုကာ ဟစ်အော် ကြေးကျော်ကြလေသည်။

ရန်သူမင်း၏အမတ်များသည်များစွာသောစစ်သည်အပေါင်းကို တွေ့မြင်ကြလေသော် ကြောက်ရွံ့ ထိတ်လန့်လျက် အရှင်မင်းကြီး ထ,တော်မူပါ၊ ပျားကောင်မရှိသော ပျားအုံကို သုံးဆောင်တော်မူပါဟု အော်ဟစ်ပြောဆိုကြလေသည်။

ရန်သူမင်းသည် အမတ်များ၏ အော်သံကြောင့် နှိုးလာကာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် သူတပါးစကားကို မစဉ်းစားဘဲ ယုံကြည်မိလေသောကြောင့် ရန်သူ လက် သို့ ရောက်ရပေပြီဟု ညည်းညူပြောဆိုလေသည်။

နောက်တနေ့တွင် ဗာရာဏသီမင်းကြီးထံ ဝန်ချ တောင်းပန်လေရာ၊ဗာရာဏသီမင်းကြီးက တရားဝမ္မပြင့်ဆုံးမ၍ အပြစ်မယူဘဲ သည်းခံသည့်ပြင် ဇနပုဒ်တခုခ္ခ် မင်းအဖြစ်ကိုလည်းပေးလေသည်။

ယင်းသို့ဖြင့် မင်းနှစ်ပါးတို့ ရင်း နှီး သော အဆွေ ခင်ပွန်းဖြစ်ကြပြီးသည့်နောက်တွင် နှစ်ဘက်စစ်သည်တို့ညီညွတ်စွာနေထိုင်ကြပုံကို ဗာရာဏသီမင်းကြီး မြင်ရလေရာ၊ ၎င်း၏ စိတ်ကို စောင့်ရှောက်နိုင်သဖြင့် ဤလူများမှာ ယင်ငယ်ကကောင် သောက်လောက်ရှိသော သွေး တပေါက် မျှ မဖြစ်ပေါ်ကြပေ။ သြော်-ကောင်းလေစု၊ သတ္တဝါခပ်သိမ်း ငြိမ်းချမ်း သာယာကြပါစေ၊ ဘေးရန်ဟူသမျှ ကင်းဝေးကြပါစေဟု မေတ္တာဈာန်ကို ပွားများလေသည်။

တဖန် ထိုစျာန်ကိုအခြေပြုကာ ဝိပဿနာ ရှုဆင်ခြင်သဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ သိရှိပြီးလျှင် ပစ္စေကဗုဒ္ဓါဘုရားရှင်အဖြစ်သို့ ရောက်တော်မူလေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူသည်ကို မသိကြသော အမတ်များက မင်းကြီးကို တိုင်းပြည်သို့ ပြန်ကြွဘိုရန် လျှောက်ထားကြလေသည်။

အမတ်များ။ ။အရှင်မင်းကြီး - တိုင်းပြည်သို့ ပြန်ကြွဘိုရန် အချိန်တန်ပါပြီ။ အောင်ပွဲရစစ်သည်များကို ချီးမြှောက်ခြင်း၊ စစ်ရှုံးသော စစ်သည်များကို ရိုက်နှာပေးကမ်းခြင်းများ ပြုသင့်ပါသည်။

ပစ္စေကဗုဒ္ဓါ။ ။အမတ်အပေါင်းတို့- ငါသည် မင်းမဟုတ်၊ ပစ္စေကဗုဒ္ဓါဖြစ်လေပြီ။

အမတ်များ။ ။အရှင်မင်းကြီး - အဘယ်ကဲ့သို့ ပြောဆိုပါသနည်း၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် အရှင်မင်းကြီးလို လူအသွင်နှင့်မဟုတ်ကြပါ။

ပစ္စေကဗုဒ္ဓါ။ ။ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့သည် ငါကဲ့သို့ လူအသွင်နှင့် မဟုတ်လျှင် အဘယ်အသွင်ဖြင့် ရှိကြကုန်သနည်း။

အမတ်များ။ ။ပစ္စေကဗုဒ္ဓါ အ ရှင် မြတ် တို့ သည် ရဟန်းပရိက္ခရာရှစ်ပါးကို လွယ်လျက် နှစ်လက်သင်းမျှလောက်သော ဆံမုတ်ဆိတ်ရှိသော ရဟန်းအသွင်ဖြင့်ရှိကြပါကုန်သည်။

ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သတိရသဖြင့် လက်ျာလက်ဖြင့် ဦးခေါင်းကို သုံးသပ်လေလျှင် လူ့အသွင် ကွယ်ပျောက်ကာ ရဟန်းပရိက္ခရာ ဆင်မြန်းလျက် ဝါခြောက်ဆယ်ရပြီးသော မထေရ်ကြီးကဲ့သို့ ရင့်ကျက်သော ဂုဏ်ရှိသော ရဟန်းအသွင် ဖြစ်ပေါ်လာလေ၏။

အမတ်များ။ ။အရှင်ဘုရားသည် အဘယ်ကမ္မဋ္ဌာန်းတရားကို အဘယ်ကဲ့သို့ ဆင်ခြင်သဖြင့် ပစ္စေကဗောဓိဉာဏ်ကို ရရှိခဲ့ပါသနည်း။

ပစ္စေကဗုဒ္ဓါ။ ။ငါသည် မေတ္တာ စျာန်ကို ဝိပဿနာတင် ဆင်ခြင်သဖြင့် ပစ္စေကဗောဓိဉာဏ်ကို ရရှိခဲ့ပေသည်။

အမတ်များ။ ။အရှင်ဘုရားသည် ယခုအခါ အဘယ်အရပ်သို့ ကြွတော်မူပါအုံးနည်း။

ပစ္စေကဗုဒ္ဓါ။ ။ငါသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ နေထိုင်ကြရာ ဂန္ဓမာဒနတောင်သို့ ကြွတော်မူအုံ့။

အမတ်များ။ ။အရှင်ဘုရားသည် တပည့်တော်တို့ကို မင့်မည်သာ စွန့်ခွာ၍သွားတော်မူအုံ့လော။

ပစ္စေကဗုဒ္ဓါ။ ။ငါသည် မိမိကိုစဲ့၍ဖြစ်သော အတြေးသား၊ အိပ်ရာအပြင် ပလွင် စ သည် ၌ ဖြစ် သော ခေတ္တေသား၊ အတတ်ပညာသင်ယူသော အန္တေဝါသိကသား၊ မြေးစားဘိုရန် ပေးအပ်သော ဒိန္နက သား၊ ဤ လေး ပါး တို့ တွင် အဘယ်သားကိုမျှ အလို မရှိတော့ပြီ ဖြစ် သော ကြောင့် သင်တို့လို အပေါင်းအဖော်များကိုမူ အဘယ်မှာ အလိုရှိတော့မည်နည်း။

သင်တို့တွင် ငါနှင့်အတူ လိုက်လိုသော သူ၊ ငါကဲ့သို့ ဖြစ်လိုသောသူများ ရှိခဲ့သော် တ ချောင်းတည်းသော ကြုံချိုကဲ့သို့ တယောက်ထည်းထည်းနေ၍ ကျင့်ကြလေ လောဟု မိန့်တော်မူပြီးလျှင်....

၁။ သဗ္ဗေသု ဘူတေသု နိဓာယဒဏ္ဍံ၊
အဝိဟေဌယံ အညတရမ္ပိ ဘေသံ။
နှ ပုတ္တမိစ္ဆေယျ ကုတော သဟာယံ၊
ဧကောစရေ ခဂ္ဂဝိသာဏကပ္ပေါ-

ဟူသော ဂါထာကို ရွတ်ဆိုတော်မူကာ-

လူအပေါင်း ကြည့်နေစဉ်ပင် ကောင်း၊ ကင် သို့ ပျံတက်ပြီး ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"သတ္တဝါအားလုံးကို ညှဉ်းဆဲဘတ် ပျက်စီးစေတတ်သော ဒုစရိုက်ဆယ်ပါးနှင့် ဓား-လုံစသော လက်နက်များကို ပယ်စွန့်ပြီး လျှင် သတ္တဝါတဦးတယောက်ကိုမျှ ညှဉ်းဆဲခြင်း မပြုဘဲ မေတ္တာ စျာန်ကို စီးဖြန်းကာ ဝိပဿနာတင် ဆင်ခြင်သဖြင့် ပစ္စေကဗောဓိ ဉာဏ်ကို ငါရရှိခဲ့ပေသည်။

ထို့ကြောင့် သားလေးမျိုးတို့တွင် အဘယ်သားကိုမျှ အလိုမရှိ တော့ပြီ၊ သင်တို့လိုအပေါင်းအဖော်များကိုမူ အဘယ်ဆိုဘွယ်ရာ ရှိတော့အုံးနည်း။

ငါနှင့်အတူ လိုက်ပါလိုသော သူရှိခဲ့ လျှင် တချောင်းတည်း သောကြုံချိုနှင့်တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၅။ သောက မီးတောက်ကို ငြိမ်းဖျောက်တော်မူသော ပစ္စေကဗုဒ္ဓါ

ထိုအရှင်မြတ်သည် အလောင်းတော် ဖြစ် စဉ် ဘဝတခုတွင်· ကဿပဘုရားရှင် သာသနာတော်၌ ရဟန်း ပြု လုပ် ကာ အနှစ်နှစ်သောင်းတိုင်အောင် ရဟန်းတရားကို အားထုတ်သဖြင့် ပထမစျာန်ကို ရရှိပြီး သေလွန်သောအခါတွင် ဗြဟ္မာ့ပြည်၌ဖြစ်လေ၏။

ယင်းမှတဖန် စုတေပြန်သော် ဗာရာဏသီမင်းကြီး၏ သားတော် ဖြစ်လာလေသည်။ မင်းသားကလေးသည် ယောကျ်ား-မိန်းမဟု ခွဲခြားကာ သိလာသော အချိန်မှစ၍ မိန်းမတို့၏ လုပ်ကျွေးပြုစုမှုကို လက်မခံတော့သဖြင့် ယောကျ်ားများကသာ ပြုစုရလေသည်။

နို့ချိုတိုက်ကျွေးသော မိန်းမ သည်ပင် ယောကျ်ားအသွင် ဝတ်ဆင်ကာ နို့ချိုတိုက်ကျွေးရသည်။ မိန်းမ၏ အနှံ့ကို နံလျှင်ဖြစ်စေ၊ မိန်းမ၏အသံကိုကြားလျှင်ဖြစ်စေ ငိုကြွေးတတ်သည်။

ထို့ကြောင့် ထိုမင်းသားကလေးကို မိန်းမ၏အနှံ့ကို အလိုမရှိသော(အနိုတ္ထိဂန္ဓ)မင်းသားဟု ခေါ်ဝေါ်ကြလေသည်။

မင်းသား တဆယ့်ခြောက်နှစ် အရွယ် သို့ ရောက် လေ သော် မင်းကြီးသည် သင့်တော်သော အမျိုး သမီး များ ကို မင်းသား အား ဖျော်ဖြေစေရန် အမတ်တယောက်ကို တာ ဝန် ပေး ထား လေသည်။

ထိုအမတ်သည် မင်း သား ၏ မနီး မ ဝေး တွင် ကန့်လန့်ကာ ကာရံစေ၍ ကခေါ်သည်မများကို သီဆိုကခုန်ကြရန် စေခိုင်းလေသည်။

ကချေသည်မတို့၏အသံကို မင်းသား ကြားလေရာ အမတ်ကို မေးမြန်းလေသည်။

မင်းသား။ ။ဤ အသံ များ သည် အဘယ်သူ၏ အသံဖြစ်သနည်း။

အမတ်။ ။အရှင်မင်းသား ပျော် မွေ့ စေ ရန် သီဆိုကခုန်၍ နေကြသော ကချေသည်မ များ၏ အသံ ဖြစ်ပါသည်။ အရှင်မင်းသားသည် ကြည့်ရှု နား ထောင်၍ မွေ့လျော်တော်မူပါလော။

မင်းသားသည် အမတ်၏စကားကို ကြားလျှင် ဒေါသထွက်သောကြောင့် အမတ်ကို ဒုတ်-လုံတံဖြင့် ရိုက်နှက်စေကာ နှင်ထုတ်လိုက်လေသည်။

ထိုအကြောင်းကို မင်းကြီးကြားသိရလေလျှင် မိဖုရားကြီးနှင့် အတူသွားကာမင်းသားကိုသည်းခံစေပြီးသော်အမတ်ကိုရှေးနည်းအတူ ပြုလုပ်ဘို့ရန် ထပ်မံ၍ စေခိုင်းလေသည်။

မိမိအလိုမရှိသော မိန်းမအာရုံဖြင့် အမြဲမပြတ် နှိပ်စက်ခံနေရသော မင်းသားသည် ယင်းအဖြစ်မှ လွတ်မြောက်ရန် အကြံဖြင့် ရှေပန်းထိမ်သည်များကို အလွန်လှပသော ရွှေမိန်းမရုပ်ဘုကို ထုလုပ်ခိုင်းပြီးလျှင် ဤ ရွှေရုပ် နှင့် တူသော မိန်းမကို ရခဲ့သော် သိမ်းပိုက်ပါအုံ့ဟု မိဘများထံ ပို့လိုက်လေသည်။

အမိ-အဘများသည် မင်းသား၏စကားကို ကြားရလေလျှင် ဝမ်း မြောက် ဝမ်း သာ ဖြင့် ဤရွှေရုပ်နှင့်တူသော မိန်းမကိုမရ ရအောင် ရှာဖွေကြဘို့ရန် အမတ်များကို စေခိုင်းလေသည်။

အမတ်တို့သည် ရွှေရုပ်ကို ယူဆောင်ကာ တဆဲ့ခြောက်နိုင်ငံသို့ လှည့်လည် သွားရောက် ရှာဖွေကြသော်လည်း ရွှေရုပ်နှင့် တူသော မိန်းမကိုမတွေ့ရှိကြပေ။

ဤတွင်တိုင်းငယ်ပြည်ငယ်ကလေးဖြစ်သောကြောင့်လှုပသော မိန်းမ ရှိမည်ထင်သဖြင့်မဝင်ရောက်ဘဲ ချန်ထားခဲ့သော မဒ္ဒရာဇ် ပြည်ကို နောက်ဆုံးအနေဖြင့် ဝင်ရောက် ရှာဖွေကြပြန်လေသည်။

မဒ္ဒရာဇ်တိုင်း သာဂလမြို့ဝယ် မဒ္ဒဝမင်းကြီး အုပ်စိုးရှိနေလေရာ၊ ထိုမင်းအား တဆဲ့ခြောက် နှစ် အရွယ် ချောမောလှပသော သမီးတော်တယောက် ရှိလေသည်။

ထိုအကြောင်းကို အမတ်များ သိရှိကြလေလျှင် မဒ္ဒဝမင်းကြီး သံ ဝင်ရောက်ကာ အကျိုးအကြောင်း လျှောက်ထားကြ သဖြင့် မင်းကြီးက သမီးတော်ကို ပေးအပ်လိုက်လေသည်။

အမတ်များသည် မင်းသမီးကိုခေါ်ဆောင်ကာ သာဂလမြို့မှ ထွက်လာကြ ပြီးလျှင် ရှေရှပ်နှင့် တူသော သတ္တိသမီးကို ရရှိခဲ့ကြောင်းကို မင်းသားထံ အကြောင်းကြားလေသည်။

မင်းသားသည် ထိုအကြောင်းကိုကြားသိရသည်နှင့်တပြိုင်နက် လွန်စွာ စဲ့လမ်းခြင်း ရာဂ ဖြစ် သ ဖြင့် ရရှိထားသော ပထမဈာန် ဘရား ကွယ်ပျောက်သွားလေသည်။

အမတ်များသည် ဗာရာဏသီပြည်သို့ ပြန်ရောက်ကြလျှင် မြို့အပြင်ဘက်၌နေကာ ယနေ့ပင် မြို့တွင်းသို့ဝင်ရအုံ့လော- မဝင်ရအုံ့လောဟု မင်းကြီးထံလျှောက်ထားကြလေသည်။

မင်းကြီးက ဤ သတ္တိသမီးသည် မြင့်မြတ်သော အမျိုးမှ ဖြစ်သောကြောင့် ကြီးကျယ်ခမ်းနားသော အဆောင်အယောင်များ ဖြင့် မြို့တွင်းသို့သွင်းပေအုံ့၊ သို့အတွက် သင်တို့သည် ယနေ့တည ဥယျာဉ်တော်၌ နေကြကုန်လောဟု အကြောင်း ကြားလိုက်လေသည်။

ဥယျာဉ်တော်ဦးနေကြစဉ် မင်းသမီးသည် နှုးညံ့သိမ်မွေ့သော ကိုယ်ခန္ဓာ ရှိသည့်ပြင် ခရီးရှည်လာခဲ့ရသဖြင့် ပင်ပန်းလေသော ကြောင့် လေရောဂါဖြစ်ပေါ်ကာ ထိုညဦးပင် ကွယ်လွန်သွားလေသည်။

မင်းသမီးသေလွန်သွားလေလျှင် အမတ်များ၊ ငိုကြွေးကြသကဲ့သို့ ဗာရာဏသီမင်းကြီးနှင့်တကွ ပြည်သူပြည်သား အားလုံးတို့သည် ငိုကြွေးကြသဖြင့် ဗာရာဏသီတပြည်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေသည်။

ထိုအကြောင်းကို မင်းသားကြားသိရလေလျှင် အလွန်ပူဆွေးသောက ဖြစ်ပေါ်ရလေသည်။ တဖန် သတိရလာသောအခါ စိုးရိမ် ပူဆွေးခြင်း သောက တရားသည် ပဋိသန္ဓေ နေသောသူ အားသာ ဖြစ်ပေါ်ရသည်။

ပဋိသန္ဓေ နေရမှုသည်လည်း ရှေးဘဝများစွာက အားထုတ်ပြုလုပ်ခဲ့သော လောဘီကုသိုလ်, အကုသိုလ် ကံတရားများကြောင့် ဖြစ်ပေါ်ရသည် စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် တရားကို အကြောင်းအကျိုးဆက်ကာ ဆင်ခြင်လေသည်။

ယင်းမှဘဖန် သခ်ါရတရားတို့ကို ဝိပဿနာတင် ရှုဆင်ခြင်ပြန်သဖြင့် နန်းတော်ဦးနေစဉ်ပင် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူလေသည်၊

ငြိမ်သက်အေးချမ်းသော မဂ်ဖိုလ်ချမ်းသာဖြင့် တည်ကြည်ငြိမ်သက်စွာထိုင်နေသော မင်းသားကိုမြင်ကြလေလျှင် အမတ်များက စိုးရိမ် ပူဆွေးနေသည် အထင်ဖြင့် "အရှင်မင်းသား-စိုးရိမ်တော်မမူပါလင့်၊ ဤ မင်းသမီးထက် သာလွန် လှပသော မင်းသမီးကို မရ, ရအောင် ရှာဖွေယူဆောင်၍ ပေးပါအုံ့" ဟု လျှောက်ထားကြလေသည်။

ပစ္စေကဗုဒ္ဓါ။ ။အမတ်တို့- ငါသည် သင် တို့ ထင် မြင် ကြ သကဲ့သို့ စိုးရိမ်ခြင်း မဖြစ်ပေ၊ ငါသည် စိုးရိမ်ပူဆွေးခြင်း၊ ကင်းသော ပစ္စေကဗုဒ္ဓါ ဖြစ်လေပြီ။

အမတ်များ။ ။အရှင်ဘုရားသည်အဘယ်ကမ္မဋ္ဌာန်းတရားကို ရှုဆင်ခြင်၍ ပစ္စေကဗောဓိဉာဏ်ကိုရရှိတော်မူပါသနည်း။

ပစ္စေကဗုဒ္ဓါ။ ။ငါသည် ချစ်ခင်နှစ်သက်ခြင်းကြောင့် ဖြစ်ပေါ်လာသော စိုးရိမ်ပူဆွေးငိုကြွေးရခြင်းစသော ဆင်းရဲဒုက္ခ၏အကြောင်းရင်းကိုပယ်စွန့်ကာ ဝိပဿနာ ရှုဆင်ခြင်သဖြင့် ပစ္စေကဗောဓိဉာဏ်ကို ရရှိခဲ့ပေသည်။

အမတ်များ။ ။အရှင်ဘုရား- ယခုအခါ တပည့်တော် တို့သည် အဘယ်အမှုကို ပြုရပါအံ့နည်း။

ပစ္စေကဗုဒ္ဓါ။ ။သင်တို့တွင်ဖြစ်စေ၊ တပါးသောသူတို့တွင် ဖြစ်စေ စိုးရိမ် ပူဆွေး ငိုကြွေးရခြင်းစသော ဆင်းရဲဒုက္ခ အပေါင်းမှလွတ်မြောက်လိုသောသူသည် ချစ်ခင်နှစ်သက်ခြင်းကြောင့်ဖြစ်ပေါ်လာသော အပြစ်များကို ဝိပဿနာ ဉာဏ်ဖြင့်ရှုဆင်ခြင်ပြီးလျှင် တချောင်းတည်းသောကြံ့ခိုနှင့်တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ကြရမည်။

ယင်းသို့ မိန့်တော်မူပြီးလျှင်-

၂။ သံသဂ္ဂေါတသ ဘဝန္တိ သ္နေဟာ၊
သ္နေဟန္ဒယံ ဒုက္ခမိဒံ ပဟောတိ။
အာဒီနဝံ သ္နေဟဇံ ပေက္ခမာနော၊
ဧကောစရေခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူကာ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

၇ါထား၏အဓိပ္ပာယ်မှာ-

"ယောကျား-မိန်းမ အချင်းချင်း မြင်တွေ့ကြသဖြင့် စဲ့လမ်း ငြိတွယ်မှု ဤမည်သော ယောကျား - မိန်းမသည် အဆင်းရူပ အလွန်လှ၏ဟု သူတပါး တို့ ပြောဆိုသံကို ကြားရ၍ ဖြစ်စေ၊ သို့မဟုတ် မိမိကိုယ်တိုင် ရယ်ရှင် ပြောဆိုသောအသံကို ကြားရ၍ ဖြစ်စေ စဲ့လမ်း ငြိတွယ်မှု၊ ယောကျား-မိန်းမအချင်းချင်း ကိုယ် အင်္ဂါ ကြီး ငယ် ကို ကိုင် တွယ် သုံး သပ် ရာ ၌ စဲ့လမ်း ငြိတွယ်မှု၊ ယောကျား-မိန်းမ အချင်းချင်း ခေါ် ဝေါ် ပြောဆိုရာ၌ စဲ့လမ်း ငြိတွယ်မှု၊ ယောကျား-မိန်းမအချင်းချင်း သုံးဆောင် ခံစား ရာ၌ စဲ့လမ်းငြိတွယ်မှုတို့တွင် တပါးပါးဖြင့် စဲ့လမ်းငြိတွယ်သောပုဂ္ဂိုလ် အား ချစ်ခင် ဖွဲ့ချည်တတ်သော ဘဏ္ဍာလောဘတရား တို့ ဖြစ်ပေါ် ၍ လာ ကြသည်။

ယင်းသို့ ချစ်ခင်ဖွဲ့ချည်သဖြင့် ယခုဘဝ နောင်ဘဝ နှစ်ဌာနခု စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းစသော ဆင်းရဲ ဒုက္ခများ ဖြစ်ပေါ် လာ ရသည်။

ထိုဆင်းရဲဒုက္ခကို ဖြစ်ပေါ် စေတတ်သော ချစ်ခင် စဲ့လမ်းမှု ဘဏ္ဍာလောဘတရားကို ပယ်စဲ့နိုင်လေသောကြောင့် ပစ္စေကဗောဓိ ဉာဏ်ကို ၇ါရရှိခဲ့ပေသည်။

ယင်းဒုက္ခများမှ ထွက် မြောက် လိုသော သူ သည် တချောင်း တည်းသော ကြံ့ခိုနှင့် တူစွာ တယောက်ထည်းထည်းနေ၍ ကျင့် ကြံရမည်"ဟူ၍ ဖြစ်လေသည်။

၃။ မိတ်ဆွေဖွဲ့မှု၌ အပြစ်ကိုရှုသော ပစ္စေကဗုဒ္ဓါ

ထိုအရှင်မြတ်သည် ပါရမီတရားများကို ဖြည့်ကျင့်တော်မူပြီး၍ နောက်ဆုံးဘဝရောက်လာသောအခါ ဗာရာဏသီပြည်၌မင်းပြုလုပ်၍ နေစဉ် ပထမဈာန်ကို ရရှိလေသည်။

ထိုနောက်တွင် မင်းအဖြစ်ထက် ရဟန်းတရားက မြင့်မြတ်ပုံကို သိမြင်သဖြင့် အမတ်များအား တိုင်းပြည်ကို လွှဲအပ်ကာ ရဟန်းတရားကိုသာ အားထုတ်၍ နေလေသည်။

အမတ်တို့သည် တံဆိုးလက်ဆောင်ယူကြပြီးလျှင် မဘရားဧသာနည်းဖြင့် တရားကို ဆုံးဖြတ်ကြကုန်သည်။

တနေ့တွင် မင်းကြီးနှင့် အကျွမ်းဝင်သူတယောက်ကို မဘရားသောနည်းဖြင့် တရားရုံးအောင် ဆုံးဖြတ်ကြလေရာ၊ ထိုသူသည် မကျေနပ်သဖြင့် မင်းကြီးသံ ဝင်ရောက်ပြီး အကြောင်းစုံကို လျှောက်ထားလေသည်။

မင်းကြီးသည် စုံဖမ်းလိုသည့်အနေဖြင့် တရားသဘင်သို့သွားလေသော်၊ လူအများက-

"အရှင်မင်းကြီး၊ အမတ်တို့သည် ဥစ္စာရှင်မဟုတ်သူကို ဥစ္စာရှင်ပြုလုပ်ကာ မတရားသဖြင့် တရားကိုဆုံးဖြတ်ကြပါကုန်၏"ဟု အော်ဟစ် တိုင်ကြားကြလေသည်။

မင်းကြီးသည် တရားဆုံးဖြတ်ရာ လွှတ်သဘင်မှ ပြန်လာပြီးလျှင် ပြာသာဒ်ထက်သို့တက်ကာ သမာပတ်ကို ဝင်စားလေသော် လူအများ အော်ဟစ်သောအသံဖြင့် စိတ်ပျံ့လွင့်နေသောကြောင့် ဈာန်မဝင်စားနိုင်ဘဲ ရှိလေသည်။

ထိုအခါ မင်းကြီးသည် "ငါ့အား မင်းပြုလုပ်၍ နေသဖြင့် အကျိုးမရှိ၊ ရဟန်းတရားသည်သာ မြင့်မြတ်လှပေ၏"ဟု ဆင်ခြင်ကာ မင်းအဖြစ်ကိုပယ်စွန့်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူလေသည်။

ပစ္စေကဗုဒ္ဓါဖြစ်ပြီးသော် ပွားများသော ကမ္မဋ္ဌာန်းတရားကို လူအများက လျှောက်ထားကြသဖြင့်-

၃။ မိတ္တေသုဟာဋေ အနုကမ္ပမာနော၊
ဟာပေတိအတ္ထံ ပဋိဗဒ္ဓစိတ္တော။
တေဘယ်သန္ဓေ ပေကွမာနော၊
ကောစရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုဘော်မူ.ကာ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

ချစ်ခင်ခြင်းလည်း ရှိ, ကောင်းမြတ်သော စိတ် နှလုံး လည်း ရှိသော အဆွေခင်ပွန်းအတွက် ဆင်း ရဲကင်း ပျောက် ချမ်းသာ ရောက်အောင် ရှက်ဆောင်လိုသောစိတ် ရှိသူသည် ယခုဘဝ ရရှိအပ်သောအကျိုး၊ နောင်ဘဝ ရရှိအပ်သောအကျိုး နှင့် နိဗ္ဗာန်အကျိုးတရားများကို ဆုတ်ယုတ် ပျက်စီးစေတတ်သည်။

ထိုကြောင့် မိတ်ဆွေဖွဲ့ရာ၌အကျိုးမပြုပဲ ဆုတ်ယုတ်ပျက်စီးစေ တတ်သော အပြစ်များကို ဆင်ခြင်ကာ ဝိပဿနာ ဗီဇပြန်းသဖြင့် ပစ္စေကဗောဓိဉာဏ်ကို ရရှိခဲ့ပေသည်။

ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံ့ခိုင်မှု နှင့်တူစွာ တယောက်ထည်းထည်း နေ၍ ကျင့်ရမည်- ဟူ၍ ဖြစ်လေသည်။

၄။ တဏှာ၏အပြစ်ကိုမြင်၍ ဝိပဿနာ ဆင်ခြင်သော ပစ္စေကဗုဒ္ဓါ

ပစ္စေကဗုဒ္ဓါ အလောင်းတော် သုံးယောက်တို့သည် ကဿပ ဘုရားရှင်သာသနာတော်၌ ရဟန်းပြုလုပ်ကြ၍ အနှစ် နှစ်သောင်း ကာလပတ်လုံး ဂတပစ္စာဂတဝတ်ကိုပြည့်ကျင့်၍နေကြပြီး စုတေ သောအခါ နတ်ပြည်၌ ဖြစ်ကြလေသည်။

ယင်းမှတဖန် စုတေကြပြန်သော် အကြီးဖြစ်သောအလောင်း တော်သည် ဗာရာဏသီပြည်၌မင်းဖြစ်၍ ကျန်နှစ်ယောက်တို့သည် ပစ္စန္တရာဇ်၌ မင်းဖြစ်ကြကုန်သည်။

ပစ္စန္တရာဇ်မင်းနှစ်ပါးတို့သည် မင်းအဖြစ်ကိုပယ်စွန့်၍ ရဟန်း ပြုကြပြီးလျှင် ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းကြသဖြင့် ပစ္စေက ဗုဒ္ဓါဖြစ်ကာ နန္ဒမူလကတောင်၇မ်း၌ နေကြလေကုန်သည်။

ထိုအရှင်မြတ်နှစ်ပါးတို့သည် ငါတို့သည် အဘယ်ကောင်းမှုကို ပြုလုပ်ခဲ့၍ ဤ လောကုတ္တရာချမ်းသာကို ရရှိလေသနည်းဟု ဆင် ခြင်လေသော်၊ ကဿပ ဘုရားရှင် သာသနာတော်၌ အားထုတ်ခဲ့ သော အကျင့်တရားကို တွေ့မြင်ကြလေသည်။

တဖန် မိမိတို့နှင့် အတူတကွ တရားအားထုတ်ခဲ့သော ပုဂ္ဂိုလ် ယယောက်ကိုသတိရ၍ဆင်ခြင်ပြန်သော် ဗာရာဏသီပြည်၌ မင်းပြု လုပ်၍နေသည်ကို တွေ့မြင်ကြလေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ် နှစ်ပါးသည် ဗာရာဏသီမင်းကြီးကို တရားအာရုံပြု၍ သံဝေဂရစေအံ့ဟု ကိုင်ပင်ကာ အခွင့်ကိုရှာ၍ နေကြလေသည်။

ယင်းသို့နေစဉ် တနေ့တွင် မင်းမြောက်တန်ဆာ ဝတ်ဆင်ကာဖြင့် တင့်တယ်စွာ ဥယျာဉ်တော်သို့ထွက်လာသောမင်းကြီးကို မြင်ကြလေလျှင် ကောင်းကင်ခရီးဖြင့် ကြွလာကာ ဥယျာဉ်တော်တံခါးဝရှိ ဝါးချုံအနီးဌာ ရပ်၍နေကြလေသည်။

မင်းကြီးသည် မိမိကို အားပါးတရ ကြည့်ရှု၍ နေကြသော လူအပေါင်းကို မြင်ရလေလျှင် ငါ့ကို လေးစားမပြု မကြည့်ရှုဘဲ နေသောသူများ ရှိသေးသလောဟု အကဲခတ်ရှာဖွေလေရာ၊ မိမိကို မကြည့်ဘဲ ငြိမ်သက်သောအမူအရာဖြင့်နေကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်နှစ်ပါးကို တွေ့မြင်လေသည်။

မြင်လိုက်သည်နှင့် တပြိုင်နက် မင်းကြီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်နှစ်ပါးအပေါ် ၌ ချစ်ခင်လေးစားမှုဖြစ်ပေါ်လာသဖြင့် ၊ ဆင်ကျောက်ကုန်းထက်မှ ဆင်းသက်ကာ ငြိမ်သက်သော အမူအရာဖြင့် အရှင်မြတ်များထံ ချဉ်းကပ်ပြီးလျှင် မေးမြန်းလျှောက်ထားလေသည်။

မင်းကြီး။ ။အရှင်ဘုရားတို့သည် အဘယ်အမည် ရှိကြပါကုန်သနည်း။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-ငါတို့သည် အသင့်မာန အမည်ရှိကြကုန်၏။

မင်းကြီး။ ။အရှင်ဘုရားတို့-အသင့်မာနဟူသည် အဘယ် အဓိပ္ပာယ်ကို ဆိုလိုပါသနည်း။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး - ကပ်ငြိခြင်းသဘော မရှိသော ကြောင့် အသင့်မာနဟု ခေါ်ဆိုကြကုန်သည်။

မင်းကြီး - ဥပမာပြဆိုသော် လေးဘက် လေးတန်မှ အကိုင်းအခက် ပင်စည်တို့ဖြင့် ပေ့လိမ် ရှုပ်ထွေးအောင် ပေါက်နေသော ဝါးချုံတခုကို အမြစ် အရင်းမှ ဖြတ်၍ မထုတ်ဆောင်မယူင်နိုင်သကဲ့သို့ သင်မင်းကြီးသည်လည်း တွင်းပြင်နှစ်စုံ အာရုံနှစ်ခုတို့၌ ငြိကပ် တွယ်တာနေသဖြင့် ကိလေသာတရားကို မပယ်စွန့်နိုင်ခဲ့ပေ။

ဝါးချုံအလယ်တွင် မည်သည့်ဝါးလုံးနှင့်မျှမထိမကပ်ဘဲ လွတ်လွတ်လပ်လပ် ပေါက်လာသော ဝါးလုံးတခုကို အဖျားကဖြစ်စေ၊ အရင်းကဖြစ်စေ လွယ်ကူစွာ ခုတ်ဖြတ်ယူဆောင်နိုင်သကဲ့သို့ ငါတို့ သည် မည်သည့် အာရုံ၌မျှ ငြိကပ် တွယ်တာမှုမရှိကြသဖြင့် မည်သည့် အရပ်ဒေသကို မဆို အလိုရှိသလို သွားလာနိုင်ကြသောကြောင့် အသင်္ခ္ယာန အမည်ရှိကြပေကုန်သည်။

ထိုသို့ပြောဆိုကြ ပြီးလျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့ သည် စတုဋ္ဌစျာန်ကိုဝင်စားကာ မင်းကြီးမြင်စဉ်၌ပင် ကောင်းကင်ခရီးဖြင့် နန္ဒမူလက တောင်ဝှမ်းသို့ ကြွမြန်းတော်မူကြလေကုန်သည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်မျှား ကြွသွားတော်မူပြီးသည့်နောက်တွင် မင်းကြီးသည် ဘယ်ခါကာလ ရောက်သောအခါမှ ငါသည်လည်း ထိုအရှင်မြတ်မျှားကဲ့သို့ တွယ်တာ ကပ်ငြိမှု မရှိဘဲ လွတ်လွတ်လပ်လပ်နေရပါအံ့နည်းဟု ဆင်ခြင်ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် လူအများက မေးမြန်းလျှောက်ထားကြသဖြင့်-

၄။ ဝံသော ဝိသာလော ဝ ယထာ ဝိသတ္တော၊
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။
ဝံသေ.ကဠီရော ဝ အသင္ဂမာနာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူကာ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ကျယ်ပြန့်သော ဝါး ချုံ သည် ပေ့ဝလိမ် ရှုပ်ထွေး သ ကဲ့ သို့ သားမယားစသည်တို့၌ ချစ်ခင်သော တဏှာအစေးသည် ငြိကပ် ရစ်ပတ်တတ်လေ၏။ ပေ့ဝလိမ်ရှုပ်ထွေးခြင်း မရှိသော ဝါးကို လွယ်ကူစွာ ခုတ်ဖြတ်နိုင်သကဲ့သို့ ငြိကပ် ရစ်ပတ် တတ် သော တဏှာကို ပယ်ဖြတ်ကာ ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါဘဝဖြစ်သို့ ရောက်ခဲ့ပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြိုးချိုနှင့်အတူ တယောက်ထည်းထည်း နေ၍သာ ကျင့်ရမည်''ဟူ၍ဖြစ်လေသည်။

၅။ သမင်ဘဝကို အာရုံယူကာ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ

ကသေးပဘုရားရှင် သာသနာတော်၌ ကမ္မဋ္ဌာန်း စီးပြန်းသော ရဟန်းတော်တပါးသည် ယင်းဘဝမှ စုတေ၍သော် ဗာဒုဏသိပြည်ဝယ် ပစ္စည်.ဥစ္စာ ကြွယ်ဝသော သူဌေး ဖြစ်၌ သူဌေးသား ဖြစ်လေသည်။

ထိုသူဌေးသားသည် သူတပါး သားမယားကို ပြစ်မှား သော ပရဒါရိကံကို လွန်ကျူးမိ သော ကြောင့် ငရဲ၌ ခံရပြီးလျှင် ယင်းမှတဖန် လူပြည်၌ ဖြစ်ပြန် သော အခါ သူဌေးသမီး ဖြစ်ရလေသည်။

ထိုသူဌေးသမီးသည် ကြင်း ကျန်သေး သော ပရဒါရိကံ ကြောင့် မွေးဖွားလာသည့်နေ့မှစ၍ မိဘ ဆွေမျိုး သားချင်းများ ပါမကျန် အခြွေအရံအားလုံးတို့၏ ရွံ့ရှာ မုန်းတီး ခြင်း ကို ခံရလေသည်။

အရှယ်ရောက်လတ်သော် သူဌေးသားတယောက်နှင့်လက်ထပ်ထိမ်းမြား ပေးလိုက်သော အခါတွင်လည်း လင်ယောကျ်ားနှင့် တကွ ယောကျ်မ သားချင်းတို့ကပါ ချစ်ခင်မှု မရှိကြဘဲ ရွံ့ရှာ မုန်းတီးမှုကိုသာ ခံရလေသည်။

နောက်တပ်ပွဲသဘင်ဆင်ယင်သောနေ့တနေ့တွင် သူဌေးသားသည် ဇနီးဖြစ်သူ သူဌေးသမီးနှင့်အတူ ပျော်ရွှင်စွာ မကစားလိုသည် ဖြစ်၍ ပြည့်တန်ဆာမတယောက်ကို ခေါ်ဆောင်ကာ ကစားလေသည်။

ထိုအကြောင်းကို သူဌေးသမီး ကြားသိရလျှင် သူဌေးသားထံ သွားကာ သနားစဘွယ် ပြောဆိုလေသည်။

သူဌေးသမီး။ ။အရှင့်သား - မိန်းမများမှာ တကျိပ်သော မင်းတို့၏ နှမငယ်ပင် ဖြစ်ပါစေ၊ သို့မဟုတ် လေးကျွန်းပိုင်သ အစိုးရသော စကြဝဠာတေးမင်းကြီး၏ သမီးတော်ပင် ဖြစ်ပါစေ လင်ယောကျ်ားများ၏ အလုပ်အကျွေးမျှသာဖြစ်ပါ၏။ လင်ယောကျ်ားများက စကားမပြော

ဘဲ စိမ်းကား၍နေခဲ့ပါလျှင် တံကျင် လျှို ခံ ရ သ ကဲ့ သို့ အလွန်နာကျင်သော စိတ်ဆင်းရဲခြင်း ဖြစ် ရ ပါ၏။ ထို ကြောင့် အကျွန်ုပ်ကို သနားကျင်နာပါက ပေါင်းသင်း ပါ၊ မပေါင်း သင်း လိုပါလျှင် စွန့်လွှတ်ပါ၊ အကယ်၍ စွန့်လွှတ်ခဲ့ပါလျှင် မိဘတို့အိမ်သို့ ပြန်ပါတော့မည်။

သူဌေးသား။ ။နှမ - ပြီးခဲ့သော ကိစ္စ မျှားကို တွေးတော ပူပန်သောက မဖြစ်ပါလင့်၊ နောက် တ ကြိမ် နက္ခတ်ပွဲ သဘင် ဆင်ယင်သောအခါတွင် ငါတို့နှစ်ယောက် အတူ ပျော်ပျော်ရှင်ရှင် ကစားကြပေဦး။

သူဌေးသမီးသည် ဤစကားကို ကြားရသောအခါ လွန်စွာ ကျေနပ်ဝမ်းမြောက်သည်ဖြစ်၍ နက္ခတ်ပွဲတော်ကို နှဲ့ပျော် ရန် အတွက် စားသောက်ဘွယ်ရာမျှားကို ကြိုတင်စီမံ ချက်ပြုတ်ထား လေသည်။

သို့ရာတွင် နက္ခတ်ပွဲသဘင် ဆင်ယင်သောနေ့တွင် သူဌေးသား သည် သူဌေးသမီးကို မခေါ်ဆောင်ဘဲ မိမိတယောက်ထည်းသာ သွားလေသည်။

သူဌေးသမီးသည် မိမိထံ အခေါ်လာမည့်သူကို စောင့်မျှော်၍ နေပါသော်လည်း တဦးတယောက်မျှ မလာရောက်သဖြင့် သူဌေး သားထံ စုံစမ်းလေရာ၊ သူဌေးသား တယောက်ထည်း နက္ခတ်ပွဲ သဘင်သို့ သွားကြောင်းကို သိရလေသည်။

ထိုအခါ သူဌေးသမီးသည် မိမိကိုယ်တိုင် စိမ်ချက်ပြုတ်ထား သော စားသောက် ဆွယ် ရာ မျှား ကို ယူဆောင်ကာ ယာဉ်စီး၍ ဥယျာဉ်သို့ ထွက်သွားလေသည်။

ထိုအခါနှင့် နိရောဓသမာပတ်မှ ထ,တော်မူသော ပစ္စေက ဗုဒ္ဓါအရှင်မြတ်တပါးသည် ယနေ့ အဘယ်အရပ်၌ ဆွမ်းခံရပါအုံ့နည်းဟု ဆင်ခြင်လေရာ၊ ငါ့၌ ကောင်းမှုကိုပြုသဖြင့် ရှေးဘဝက ပြုလုပ်ခဲ့သော ပရဒါရိုကကံသည် ကုန်ဆုံးလတ္တံဟု မြင်တော်မူသောကြောင့် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကာ သူဌေးသမီးသွားရာ လမ်းအနီး၌ဆင်းသက်၍ ကြွသွားတော်မူလေသည်။

သူဌေးသမီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်တွေ့လေလျှင် ယာဉ်ထက်မှဆင်းသက်ပြီး ရိုသေစွာရှိခိုး၍ သပိတ်ကိုယူပြီးလျှင် ခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြည့်စေလျက် ပဒုမ္မာကြာပွင့်တို့ဖြင့်ဖုံးအုပ်ကာ ဆက်ကပ်လှူဒါန်းပြီးသော် ဆုငါးပါးကို တောင်းဆိုလေသည်။

ပထမတောင်းသောဆု။ ။အရှင်ဘုရား - ဤ ကောင်း မှုကြောင့် ပဒုမ္မာကြာပန်းကို လူအများ နှစ်သက်မြတ်နိုးကြသကဲ့သို့ ဖြစ်လေရာဘဝများ၌ လူအများ၏ ချစ်ခင်မြတ်နိုးမှုကို ခံရပါစေသား။

ဒုတိယ တောင်းသောဆု။ ။အရှင်ဘုရား - အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းသည် အ လွန် ဆင်း ရဲ လှ သော ကြောင့် အမိဝမ်း၌ ပဋိသန္ဓေမနေရဘဲ ပဒုမ္မာကြာပွင့်၌သာ ပဋိသန္ဓေ နေရပါစေသား။

တတိယတောင်းသောဆု။ ။စကြဝဠာတေးမင်းကြီး၏ သမီးပင် ဖြစ်သော်လည်း လင်သား၏အလိုသို့ လိုက်ပါရသည် ဖြစ်၍ မိန်းမ ဘဝသည် စက် ဆုပ် ရွံ့ ရှာ ဘွယ် ရှိ သော ကြောင့်ဖြစ်လေရာ ဘဝတိုင်း၌ ယောကျ်ားသာ ဖြစ်ရပါစေသား။

စတုတ္ထတောင်းသောဆု။ ။အရှင်ဘုရား-သံသရာဝဋ္ဋဆင်းရဲ အဆုံးဌ် အရှင်ဘုရားတို့ ရတော်မူသော နိဗ္ဗာန်ချမ်းသာ ကို ရရှိနိုင်ပါစေသား။

ပဉ္စမတောင်းသောဆု။ ။အရှင်ဘုရား-အကျွန်ုပ်၏ အဆင်း အနုံသည် ဤပဒုမ္မာကြာပန်းကဲ့သို့ လှုပပြီး မွေ့ကြိုင်ပါ စေသား။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သ ပိတ် နှင့် ကြာ ပန်း ခိုင် တို့ကို ကိုင်တော်မူလျက်၊ သင်တောင်းဆိုသောဆုမှန်သမျှသည် တဆယ့် ငါးရက်နေ့ဌ် ပေါ်ထွက်လာသော လမင်းကြီးကဲ့သို့ အာဃာတ ပြည့်စေသတည်း-ဟု ဆုပေးပြီးလျှင် ငါ့ကို သူဌေးသမီး မြင်စေ သတည်း-ဟု အဓိဋ္ဌာန်ပြုကာ ကောင်းကင်ခရီးဖြင့် နန္ဒမူလက တောင်ဝှမ်းသို့ ကြွသွားတော်မူလေသည်။

ထိုသို့ ကြွ သွား တော်မူ သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို သူဌေးသမီးမြင်ရလေလျှင် အလွန်နှစ်သက် ဝမ်းမြောက်လှသော ကြောင့် ချဉ် သီး ဖြင့် ဆေး ကြော အပ်သော ကြေးနီအိုးပမာ ဘဝတခုက ပြုလုပ်ခဲ့သော ပရဒါရိကကံ အညစ်အကြေးသည် ထိုခဏဌ်ပင် ကုန်ဆုံး၍ သွားလေသည်။

ပရဒါရိကကံ ကုန် ဆုံး သည် နှင့် တပြိုင်နက် မိမိဘက်မှ ၎င်း၊ လင်ဘက်မှ ၎င်း ရှိကြသော အာဃာတသော ဆွေမျိုး သားချင်း များသည် သူဌေးသမီးကို သ တိ ရ ပြီး ချစ်ခင်စိတ် ဖြစ်ပေါ်၍ လာကြလေသည်။

လင်ယောကျ်ားဖြစ်သော သူဌေးသားသည်လည်း သတိရ သဖြင့် သူဌေးသမီးကို လျှင်မြန်စွာခေါ်ဆောင်ခဲ့ကြကုန်လေဟု အခိုင်းအစေများကို စေလွှတ်လေသည်။

သူ့ဌေးသမီးသည် ထိုအချိန်မှစ၍ ရင်ခွဲ လိမ်းကျံ အပ်သော စန္ဒကူးနှံသာ၊ လည်ခွံဆွဲအပ်သော ပုလဲသွယ်၊ ဦး ခေါင်း ဝယ် ပန်ဆင်အပ်သော ပန်းကုံးကဲ့သို့ လူအများ၏ ချစ်ခင်မြတ်နိုးမှုကို ခံရလေ၏။ ယင်းဘဝမှ စု တေ ခဲ့ သော် နတ် ပြည် ၌ ပဒုမ္မာ ကြာပန်းထက်ဝယ် နတ်သားဖြစ်လေသည်။

ထိုနတ်သားကို ပဒုမ္မာကြာပွင့်၌သာ သွားမှ, ရပ်မှ, ထိုင်မှ, အိပ်မှုများကို ပြု လုပ် သော-ကြောင့် မဟာ ပ ဒု မ နတ်သားဟု အများက ခေါ်ဝေါ်ကြလေသည်။

ထိုအချိန်တွင် ဗာရာဏသီမင်းကြီးမှာ အလုပ်အကျွေး မိန်းမ ပေါင်း နှစ်သောင်းရှိသည့်အနက် တယောက်မျှ သားယောကျ်ား မရကြသဖြင့် အမတ်များစည်းဝေးကာ အမျိုးအနွယ်ကို စောင့် ရှောက်တတ်သော သားယောကျ်ား ရှိသင့်ကြောင်းကို မင်းကြီး အား လျှောက်ထားကြလေသည်။

မင်းကြီးသည် မိဖုရားကြီးကိုထား၍ ကျန် မောင်းမများကို သားဆုပန်ကြဘို့ရန် စေခိုင်း လေ သည်။ မောင်းမအပေါင်းတို့ သည် မိမိတို့အလိုရှိရာအရပ်သို့သွားကာ သားဆုကို တောင်းကြ သော်လည်း တဦးတယောက်မျှ သားယောကျ်ား မရရှိကြပေ။

ထိုတွင် မင်းကြီးသည် မိ ဖု ရား ကြီး ကို သား ဆု ပန် ဘို့ ရန် တောင်းပန်ပြန်သဖြင့် မိဖုရားကြီးသည် ပြာသာဒ်ထက်သို့ တက်၍ ငါးပါးသီလ ဆောက်တည်ပြီးလျှင် သီလကိုဆင်ခြင်ကာ သားဆု ကို တောင်းလေသည်။

မိဖုရားကြီး၏ သီ လ တန်း ခိုး ကြောင့် သိ ကြား မင်း သည် ထိုအကြောင်းကိုသိလေသော် မိဖုရာကြီးထံလာပြီးလျှင် သားဆု ကို ပေးအံ့ဟု ပြောဆိုကာ ပြန်သွားလေသည်။

နတ်ပြည်သို့ ရောက်လျှင် မဟာပဒုမ နတ်သားထံ သွားကာ လူ့ပြည်သို့သွားဘို့ရန် တိုက်တွန်းပြောဆိုလေသည်။

သိကြားမင်း။ ။အမောင်ပဒုမနတ်သား-သင်သည် အတက်နတ်ပြည်သို့မသွားဘဲ လူ့ပြည်သို့ သွားပါလေလော။

ပဒုမနတ်သား။ ။အရှင်သိကြားမင်း - လူ့ပြည်သို့သွားဘို့ရန် မတိုက်တွန်းပါလင့်၊ လူ့ပြည်လောကသည် အလွန်စက်ဆုပ် ရွံရှာဘွယ်ကောင်းပါ၏။

သိကြားမင်း။ ။အမောင်ပဒုမနတ်သား-သင်သည် လူ့ပြည်က ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့သောကြောင့် ဤ နတ်ပြည်၌ ဖြစ်ရပေ၏။ ပါရမီတရားများကိုလည်း လူ့ပြည်၌ နေ၍သာ ဖြည့်ကျင့်ရပေ၏။ ထို့ကြောင့် လူ့ပြည်သို့သွားပါလော။

ပဒုမနတ်သား။ ။အရှင်သိကြားမင်း-လူ့ပြည်ဝယ် အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းသည် အလွန်ဆင်းရဲလှသောကြောင့် လူ့ပြည်သို့ မသွားလိုပါ။

သိကြားမင်း။ ။အမောင် ပဒုမနတ်သား-သင်သည် ပဒုမ္မာကြာပွင့်၌ ပဋိသန္ဓေမနေဘို့ရန် ဆုပန်ခဲ့လေသောကြောင့် အမိဝမ်း၌ ပဋိသန္ဓေမနေရလတံ့၊ ထို့ကြောင့် လူ့ပြည်သို့ သွားပါလော။

မဟာပဒုမနတ်သားသည် သိကြားမင်း၏ အဖန်ဖန်တိုက်တွန်းပြောဆိုမှုကြောင့် လူ့ပြည်သို့သွားဘို့ရန် ဝန်ခံ ကတိပေးလိုက်ရလေသည်။

ဝန်ခံကတိရှိသည့်အတိုင်း မဟာပဒုမနတ်သားသည် နတ်ပြည်မှ စုတေခဲ့၍ ဗာ ရာ ဏ သီ မင်း ကြီး ၏ ဥယျာဉ်တော်အတွင်းရှိ ရေကန်ဝယ် ပဒုမ္မာကြာပန်းငုံထဲ၌ ပဋိသန္ဓေ တည်နေလေသည်။

ထိုည မိုးသောက်ယာမ်အချိန်တွင် မိဖုရားကြီးသည် ရေကန်အတွင်းရှိ ပဒုမ္မာကြာပန်းငုံထဲမှ သားယောကျ်ား ရ ရှိကြောင်း အိပ်မက်မြင်မက်လေသည်။

မိဖုရားကြီးသည် နံနက်မိုးသောက် အလင်းရောက်သောအခါ အိပ်မက်အရ ဥယျာဉ်တော်သို့သွားသည်ရှိသော် ထူးဆန်းသော ပဒုမ္မာကြာပန်းတပွင့်ကို တွေ့မြင် ရ လေ လျှင် သားသမီးအသွင် ချစ်ခင်စိတ်ဖြစ်ပေါ်လာသဖြင့် ရေကန်တွင်းသို့ ကိုယ်တိုင်ဆင်း သက်ကာ ပဒုမ္မာကြာပန်းကို ယူဆောင်လေသည်။

ပဒုမ္မာကြာပန်းကို လက်နှင့် ကိုင်ယူလိုက်သည်နှင့် တပြိုင်နက် ရှက်ချစ်တို့သည် ပွင့်အာ၍လာပြီးလျှင် ရှေအဆင်းကဲ့သို့ ဝါဝင်း လှပသောသူငယ်ကို ရရှိလေသည်။

မင်းကြီးသည် ထိုသတင်းကို ကြားရသောအခါ အလွန် ဝမ်းမြောက်သည်ဖြစ်၍ နန်းတော်သို့ ယူ ဆောင် စေ ပြီး လျှင် နှစ်သောင်းသောမိန်းမတို့ကို နှိုးထိမ်းအဖြစ် ခန့်ထား လေသည်။

မင်းသားအလိုကျအောင် စားသောက်ဘွယ်ရာများကို ကျွေး မွေး ပြုစုနိုင်သောသူသည် ဆုဌေအဖြစ် အသပြာတထောင် ရရှိ လေသောကြောင့် တ ပြည်လုံး ရှိ လူ အ ပေါင်း သည် မင်းသား သုံးဆောင်ဘို့ရန် ကောင်းနိုးရာရာ စားသောက်ဘွယ်ရာများကို သူ့ထက်ငါ ပို့ဆောင် ဆက်သကြလေသည်။

မင်းသားသည် "ဤခဲဘွယ်ကို ခဲပါ၊ ဤအစာကို စားပါ"ဟု လူအများ ဝိုင်းအုံ၍ ပြောဆိုကြသော စကားများကို ငြိုးငွေ့လှ သည်ဖြစ်၍ တံခါးမုခ်ဝသို့သွားကာ ဂျင်ဖြင့် ကစား၍နေလေ သည်။

ထိုအချိန်တွင် ဣသိပတနတောဌ် နေ တော်မူ သော ပစ္စေက ဗုဒ္ဓါ အရှင်မြတ် တပါးသည် ဆွမ်း ခံရာ အရပ်ကို ကြည့်ရှုသည် ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူပြီးလျှင် တောင်းဆို သောဆုလေးပါးအနက် သုံးပါးသာပြည့်စုံ၍ ဆုဘပါးမပြည့်စုံ သေးသော မင်းသားကိုမြင်လေရာ၊ တ ခု သော အကြောင်းဖြင့် တရားအာရုံကို ပြုပေအုံ့ဟု ကြံစည်တော်မူပြီး မင်းသားအနီးသို့ ကြွသွားလေသည်။

မင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်လေလျှင် ရှင်ရဟန်း၊ ဤအရပ်သို့ မလာပါလင့်၊ ဤသူတို့သည် အရှင့်ကိုပါ ဤခဲဘွယ်ကို ခဲလော၊ ဤအစာကိုစားလော့ဟု တိုက်တွန်းပြောဆို ကြပါလိမ့်မည်ဟု ပြောဆိုလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မင်းသားပြောဆိုသော တခွန်း တည်းသောစကားဖြင့်ပင် ထိုအရပ်မှ ပြန်လာခဲ့၍ မိမိနေထိုင်ရာ ကျောင်းသခ်ိမ်းသို့ ကြွသွားတော်မူလေသည်။

ယင်းသို့ ပစ္စေကဗုဒ္ဓါအရှင်မြတ် ပြန်လည် ကြွ သွား သည် ကို မင်းသား မြင်လေလျှင် ဤ ရဟန်းသည် ငါ ပြောသော တခွန်း တည်းသောစကားဖြင့် ပြန်ကြွသွားပေ၏၊ ငါ့ကိုအမျက်ထွက်သွား လေသလော ဟု မင်းချင်း ယောကျ်ားတို့ကို မေး မြန်း လေ၏၊ ၎င်းတို့က အရှင်မင်းသား- ရဟန်းတို့မည်သည် အမျက်ထွက်လေ့ မရှိကြပါ၊ ကြည်ညိုသောစိတ်ဖြင့် သူတပါးတို့လှူဒါန်းသော ဝတ္ထု ပစ္စည်းဖြင့်သာ ရောင့်ရဲ မျှ တ လေ့ ရှိကြပါ၏ဟု ပြောဆိုကြလေ သည်။

သို့သော် မင်းသားကမူ မင်းချင်းယောကျ်ားတို့ ပြောဆိုသော စကားကို ယုံကြည်ခြင်းမရှိဘဲ ဤရဟန်းသည် အမျက်ထွက်သော ကြောင့်သာ ပြန်သွားတာ ဖြစ်ပေလိမ့်မည်၊ ငါသည် ရဟန်းကို

သည်းခံစေအုံ့ဟု ကြံစည်ပြီးသော် မိဘများကို ပန်ကြားပြီး ဆင်းစီးကာ ဂျာသိပတနတောသို့ သွားလေသည်။

မင်းသားသည် လမ်းခရီးအကြားတွင် သမင်အပေါင်းကို မြင်လေလျှင် မင်းချင်း ယောကျ်ားတို့ကို မေးမြန်းလေသည်။

မင်းသား။ ။ဤသတ္တဝါတို့သည် အဘယ်အမည် ရှိကြကုန်သနည်း။

မင်းချင်း။ ။အရှင်မင်းသား - ဤသတ္တဝါတို့သည် သမင် - အမည် ရှိကြပါကုန်၏။

မင်းသား။ ။ဤသမင်တို့ကို ဤခဲဘွယ်ကို ခဲကုန်လော၊ ဤ အစာကို စားကုန်လောဟု တိုက်တွန်း ပြောဆိုသောသူတို့ ရှိကြကုန်သလော။

မင်းချင်း။ ။အရှင်မင်းသား-ဤသို့တိုက်တွန်းပြောဆိုသော သူတို့မရှိကြပါ၊ ဤ သမင်များသည် စားသောက်ဘွယ်ရာ မြက်-ရေကို ရလွယ်ရာအရပ်များ၌သာ နေထိုင် သွားလာ-လေ့ ရှိကြပါ၏။

ထိုစကားကို ကြားရလေလျှင် မင်းသားသည် ငါသည်လည်း ဘယ်အခါများမှ ဤသမင်များလို အစောင့် အရှောက်မရှိဘဲ မိမိ အလိုရှိရာအရပ်၌ လွတ်လပ်စွာ နေတိုင် သွားလာ ရပါအုံ့နည်းဟု သမင် ဘဝကို အာရုံယူလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မိမိထံ မင်းသားလိုက်လာသည်ကို သိတော်မူသဖြင့် ကျောင်းသို့လာရာလမ်းနှင့် စကြံ်ကြွရာ အရပ်ကို ရင်း၊ နေ့ အခါ နေထိုင်သော အရပ်နှင့် ကျောင်းသခ်ိမ်းကိုရင်း တံမြက်လှည်း၍သန့်ရှင်းအောင်ပြုပြင်ကာ ဝင်သောခြေရာကိုသာ ပြလျက် ထွက်သောခြေရာကိုမပြဘဲ အရပ်တပါးသို့ကြွသွားတော်မူလေသည်။

မင်းသားသည် တံမြက်လှည်းရှိ သန့်ရှင်းအောင် ပြုပြင်ထားသောနေရာများကို မြင်ရသောအခါ ဤရဟန်းသည် နံနက်အခါကလည်း အမျက်ထွက်ဟန် ရှိပေ၏၊ ယခုတဖန် မိမိ နေထိုင်ရာအရပ်ကို ဆင်,မြင်းစသည်တို့နင်းနယ်ထားသည်ကို မြင်ရပြန်လျှင် ပိုရှိပင်အမျက်ထွက်ပေလိမ့်မည်၊ ထိုကြောင့် သင်တို့သည် ဤနေရာ၌နေရစ်ခဲ့ကြကုန်လော့ဟုပြောဆိုကာ ဆင်ထက်မှဆင်းသက်၍ မိမိတယောက်ထည်း ကျောင်းတွင်းသို့ ဝင်သွားလေသည်။

ကျောင်းတွင်း၌ စကြံ်သွားသောခြေရာကို မြင်သည် ရှိသော် ဤရဟန်းသည် ဤအရပ်၌ စကြံ်သွားပေ၏၊ကုန်သွယ်ခြင်းစသော လူတို့၏ အမှုကိစ္စများကို မကြံ့စည်ဘဲ မိမိ၏အကျိုးစီးပွားကိုသာ လျှင် ကြံ့စည်၍ နေပေလိမ့်မည်ဟု ကြည်ညိုစိတ် ဖြစ်ပေါ်လာလေသည်၊ဤသည်လည်း ဤရဟန်းကဲ့သို့ လူတို့၏ အမှုကိစ္စများမှ ကင်းဝေးအောင် ပြုလုပ်သင့်ပေသည်ဟု ကြံ့စည်လျက် သခ်မ်းကျောင်းသို့ ဝင်ရောက်ကာ ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင် ပုရောဟိတ်က ကမ္မဋ္ဌာန်းကို မေးမြန်းလျှောက်ထားသဖြင့် ဂေါဘင်းကင်ထက်၌ ရပ်ကာ-

၅။ မိဂေါ အရညမ္ပိ ယထာ အဗဒ္ဓေါ၊
ယေနိစ္ဆကံ ဂစ္ဆတိ ဂေါစရာယ။
ဝိညူ နရော သေရိတံ ဧပကွမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုပြီးလျှင် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏ အဓိပ္ပာယ်မှာ-

ရှာ-ရှာ၏ဥပစာမှ ပြင်ဘက်ဖြစ်သော တောအရပ်၌ မည်သည့် အနှောင်အဖွဲ့မျှမရှိသော သားသမင်သည် လွတ်လပ်စွာ မိမိအလို ရှိရာအရပ်သို့သွားလာနေထိုင်သကဲ့သို့ ငါသည်လည်း ဘယ်သော အခါမှ တဏှာတည်းဟူသော အနှောင်အဖွဲ့ကို ဖြတ်တောက်၍ လွတ်လပ်စွာသွားလာနေထိုင်ရပါအံ့နည်းဟု သမင်ဘဝကို အာရုံယူကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗောဓိ ဉာဏ်ကို ရရှိခဲ့ပေ၏၊ ကျိုး ကြောင်း သိ မြင် ပညာရှင်သည် သူတပါးတို့နှင့် မစပ်၊ မိမိ၏အလိုနှင့်သာ စပ်သော အသက်မွေးမှုကို မျှော်ရှုလျက် တချောင်းတည်းသော ကြံ့ ခိုကဲ့သို့ တယောက်ထည်းထည်းနေ၍ ကျင့်ရမည် ဟူ၍ဖြစ်လေသည်။

၆။ တောင်းဆိုပုံများသဖြင့် ငြီးငွေ့ကာ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီး၏ နန်းတော်၌ ညီလာခံတရပ် ကျင်းပနေချိန်တွင် အမတ်တယောက်သည် နှစ်ယောက်ချင်း ပြောကြားအပ်သော ကိစ္စတခုရှိသောကြောင့် ထောင့်ကြရာအရပ်တခုသို့ သွားခွင့်ပြုပါဟု မင်းကြီးကို တောင်းပန်ပြီးလျှင် နေရာမှ ထသွားလေသည်။

အမတ်တယောက်က လူအများ စည်းဝေးရာအရပ်၌ နေထိုင်ခွင့်ကိုတောင်းပန်သည်။

အမတ်တယောက်က ဆင်ကျောက်ကုန်းပေါ်၌ နေထိုင်ခွင့်ကို တောင်းပန်သည်။

အမတ်တယောက်က မြင်းကျောက်ကုန်းပေါ်၌နေထိုင်ခွင့်ကို တောင်းပန်သည်။

အမတ်တယောက်က ရွှေရထားပေါ်၌နေထိုင်ခွင့်ကို တောင်းပန်သည်။

အမတ်တယောက်က ထမ်းစင်၌နေ၍ ဥယျာဉ်သို့ သွားလာခွင့်ကို တောင်းပန်သည်။

ဗာရာဏသီမင်းကြီးသည် ညီလာခံမှုထွက်ခွါ၍လာစဉ် အမတ်တယောက်က ဇနပုဒ်၌ လှည့်လည်ခွင့်ကို တောင်းဆိုပြန်သည်။

မင်းကြီးသည် မိမိတို့ဆန္ဒအလိုက် အမျိုးမျိုး တောင်းဆိုကြသော အမတ်များကို ငြိုးငွေလာသည်ဖြစ်၍ မင်းအ ဖြစ်ကို စွန့်လွှတ်ကာ ရဟန်းပြုလုပ်သွားလေသည်။

ဎင်းနောက် အမတ်တယောက်သည် မင်းကြီးထံလာကာ ဤမည်သော ဇနပုဒ်ကို အကျွန်ုပ်အား ပေးသနားတော်မူပါဟု တောင်းဆိုပြန်လေရာ၊ ထိုဇနပုဒ်ကို ဤမည်သောအမတ်အုပ်ချုပ်၍ နေ၏ဟု မင်းကြီးကပြောဆိုသော်လည်း မနာယူဘဲ ဇနပုဒ်သို့ သွားကာ အုပ်ချုပ်သောအမတ်နှင့် ငြင်းခုန် ခိုက်ရန်ပြုလုပ်လေသည်။

ငြင်းခုန်ခိုက်ရန်ပြုကြသော အမတ်နှစ်ဦးလုံး မင်းကြီးထံလာကာ အချင်းချင်း လွှန်ကျူးသောအပြစ်ကို သူ့ထက်ငါ့ဦးအောင် လျှောက်ထားကြပြန်သည်။

ထိုအခါ မင်းကြီးသည် ဤအမတ်များကို ကျေနပ်မှုရအောင် ငါမစ္စမ်းဆောင်နိုင်တော့ပြီဟု ညည်းညူကာ အမတ်တို့၏ လိုချင်မှု အားကြီး ပုံ အ ပြစ် ကို ရှုမြင်၍ ဝိပဿနာတင် ဆင်ခြင်သဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက် သော အ ခါ အမတ်များက ဧမေးမြန်း လျှောက်ထားကြသဖြင့်-

၆။ အာမန္တနာ ဟောတိ သဟာယမဇ္ဈေ၊
ဝါသေစ ဌာနေ ဂမနေ စာရိကာယ။
အနဘိဇ္ဈတံ သေရိတံ ပေက္ခမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရှုတ်ဆိုတော်မူကာ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"အဆွေခင်ပွန်းတို့၏အလယ်၌နေထိုင်သွားလာစဉ် အကျွန်ုပ်၏ ဤမည်သောစကားကို နားထောင်တော်မူပါလော၊ အကျွန်ုပ်အား ဤမည်သောဝတ္ထုကို ပေးသနားတော်မူပါလော စသည်ဖြင့် တောင်းဆိုမှုအမျိုးမျိုးကို ငြီးငွေ့လာသောကြောင့် သူတပါး အလိုသို့ မ လိုက် ရ ဘဲ မိမိသဘောဆန္ဒ အတိုင်း အသက်မွေးနိုင်သည့်ပြင် တရားကိုလည်းကျင့်နိုင်သောရဟန်းဘဝသို့ဝင်ရောက်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်။ ငါကဲ့သို့ဖြစ်လိုသောသူသည် တချောင်းတည်းသော ကြီချို ကဲ့သို့ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၇။ သားငယ်သေမှုကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်၌ သားတယောက်သာ ရှိသောကြောင့် ကေ ပုတ္တက အမည်ရှိသော ဗြဟ္မဒတ်မင်းကြီးသည်အုပ်စိုးရှိနေလေ၏။

ထိုမင်းကြီးသည် သားငယ်ကို အလွန်ချစ်ခင် မြတ်နိုးသော ကြောင့် သူ့သား အခါ၌ ဖြစ်စေ၊ ရပ်သောအခါ၌ ဖြစ်စေ၊ ထိုင်သောအခါ၌ဖြစ်စေ၊ အိပ်သောအခါ၌ဖြစ်စေ၊ ဘယ်အခါ၌ မဆို ပွေ့ပိုက် ချီပိုး၍သာ နေလေ့ရှိသည်။

တနေ့တွင် မင်းကြီးသည် သားငယ်ကိုမခေါ်ဘဲ ဥယျာဉ်တော် သို့သွားစဉ် သားငယ်သည် ရုက်ဘရုက်ဖြစ်ပေါ်လာခဲ့သောရောဂါ ဖြင့် သေလွန်သွားလေသည်။

အမတ်တို့သည် ထိုအကြောင်းကို မင်းကြီးအား ပြောကြားခဲ့ သော် သောကမီးတောက်လောင်၍ နှလုံးကွဲရာ၏ဟု ကြံစည်ကြ ကာ မင်းကြီးအားမပြောကြားဘဲ သားငယ်ကို မီးသင်္ဂြိုဟ်လိုက် ကြလေသည်။

မင်းကြီးသည် ဥယျာဉ်တော်၌နေစဉ် သေအရက်သောက်စား မူးယစ်နေတတ်ပြီးမှ သားငယ်ကို သတိမရသော်လည်း နှစ်ရက် မြောက်သောနေ့ စားတော်ခေါ်ပြီးချိန်တွင် သတိရတတ်ပြန်၍ သားငယ်ကို ခေါ်ဆောင်ခဲ့ကြကုန်သလောဟု မြေးဆိုလေသည်။

ထိုအခါ အမတ်တို့သည် သားငယ် သေကံးကြောင်း ကို လျှောက်ထားကြလေရာ၊ မင်းကြီးသည် အလွန်ဝမ်းနည်း သောက ပူဆွေးလှသည်ဖြစ်၍ သားငယ်၌ ချစ်ခင် မြတ်နိုးခြင်းကြောင့် ငါ့အား စိုးရိမ်သောကဖြစ်ပေါ်ရ၏၊ သားငယ်၌ ချစ်ခင်မြတ်နိုး

ခြင်း မရှိခဲ့သော် ဤကဲ့သို့သော ပူဆွေးသောက ဖြစ်ပေါ်ရမည် မဟုတ်ချေဟု အကြောင်းအကျိုး ဆင်ခြင်ကာ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက် သော အ ခါ အမတ်မျှားက မေးမြန်းလျှောက်ထားကြသဖြင့်-

၇။ ခိဠာ ရတိ ဟောတိ သဟာယမဇ္ဈေ၊
ပုတ္တေသု ပေမံ ဝိပုလဉ္စ ဟောတိ။
ပိယဝိပ္ပယောဂံ ဝိဇိဂုစ္ဆမာနော၊
ကောစရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရှုတ်ဆိုတော်မူကာ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ချစ်ခင်ကြသော အပေါင်းအဖော်များအလယ်၌ နေထိုင်စဉ် မြူးတူးပျော်ပါးခြင်း၊ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်း၊ သားသမီးများအပေါ်၌ လွန်စွာချစ်ခင်ခြင်း သံဃောတရားများ ဖြစ်ပေါ်လာပြီးလျှင် တဖန် ထိုသူတို့နှင့် ကွေကွင်းခဲ့ခဲ့ကြရပြန်၏၊ ယင်းသို့ ချစ်ခင်သောသူတို့နှင့် ကွေကွင်း ခဲ့ခဲ့ရခြင်းကို စက်ဆုပ်လှသည်ဖြစ်၍ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ရပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံ့ခိုကဲ့သို့ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၈။ ဗြဟ္မစိုရ်တရားကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ကဿပဘုရားရှင် သာသနာတော်၌ ပစ္စေကဗုဒ္ဓါအလောင်းတော် ငါးယောက်တို့သည် အနှစ်နှစ်သောင်း ကာလပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ကြပြီးလျှင် သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ကြကုန်သည်။

နတ်ပြည်မှတဖန် စုတေကြပြန်သော် အကြီးဖြစ်သောသူသည် ဗာရာဏသီပြည်ဝယ် မင်းဖြစ်၍၊ ကျန် လေးယောက်တို့သည် မထင်ရှားသော မင်းတို့ ဖြစ်ကြကုန်သည်။

ထို မင်းလေးယောက်တို့သည် မင်းအဖြစ်ကို စွန့်လွှတ်ကာ ရဟန်းပြုကြပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းစီးပြန်းကြသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ကြ ပြီးသော် နန္ဒမူလကတောင်ဝှမ်း၌ နေတော်မူကြကုန်သည်။

တနေ့၊ သမာပတ်မှ ထကြသောအခါတွင် မိမိတို့ပြုခဲ့သော ရှေးကောင်းမှုကံနှင့် အခေါင်းအဖော်ကို ဆင်ခြင်ကြလေရာ၊ ဗာရာဏသီ မင်းကြီးကိုမြင်သဖြင့် မင်းကြီးအား တရားအာရုံ ပြုဘို့ရန် အခွင့်အလမ်းကို ရှာမှီ၍နေကြလေသည်။

ဗာရာဏသီ မင်းကြီးသည် တညဝယ် သုံးကြိမ်တိုင် တိုင် ကြောက်ရွံ့ထိတ်လန့်သည်ဖြစ်၍ ဖောက်ပြန်သောအသံဖြင့် အော်ဟစ်ကာ နန်းတော်ပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

ပုရောဟိတ်ပုဏ္ဏားသည် နံနက်စောစောအချိန် မင်းကြီးထံ လာပြီးလျှင် ညအချိန်က ချမ်းသာစွာစက်တော်ခေါ်ရမည်ဟု-မှာကို လျှောက်ထားလေရာ၊ ချမ်းသာစွာ အိပ်စက်ရမည်မှာ ညအချိန်က ဖြစ်ပျက်ပုံကို မင်းကြီးက ပြောကြားလေသည်။

ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် ငါ့အား စားပေါက်တခု ပေါ်လာပြီဟု ကြံစည်ကာ ကြောက်ရွံ့ထိတ်လန့်ခြင်းသည် အရှင်မင်းကြီး၏ မင်းအဖြစ်မှ ရှေ့လျှောခြင်း၊ သို့မဟုတ် အသက်အန္တရာယ်ဖြစ်ပေါ်ခြင်း၏အတိတ်နိမိတ်ဖြစ်ပါ၏၊ ယင်းအန္တရာယ်များကို ပယ်ဖျောက်စေလိုလျှင် ဆင်-မြင်းစသော သတ္တဝါများကို သတ်၍ ယဇ်နတ်ပူဇော်ပါဟု လျှောက်ထားလေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် တ ထောင် မျှ လောက် သော သတ္တဝါတို့ကို ယဇ်နတ်ပူဇော်ရန်အတွက် စုရုံး နေကြသည်ကို မြင်ကြလေရာ သတ္တဝါများကိုသတ်၍ ယဇ်နတ် ပူဇော်မိလျှင် မင်းကြီးအား မင်္ဂလာတရားကိုရရှိဘို့ရန် ခဲယဉ်း ပေ တော့ မည်၊ ယဇ်ပူဇော်ခြင်းအမှုကို မပြုလုပ်မီ ငါတို့သွားရ်ု စောင့်ရှောက်ကြကုန်အုံ့ဟု ကြံစည်ကာ နန်းယင်ပြင်သို့ကြွသွားကြလေကုန်သည်။

မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို မြင်တွေ့လိုက်ရလေလျှင် ချစ်ခင်မြတ်နိုးစိတ်ဖြစ်ပေါ်လာသဖြင့် ပင့်ဘိတ်စေကာ ခင်းထားအပ်သောနေရာ၌ နေစေပြီးသော် ဆွမ်းဘောဇဉ်တို့ဖြင့် ရိုသေစွာ ဆက်ကပ်လှူဒါန်းလေသည်။

ဆွမ်းစားပြီးလျှင် မင်းကြီးက လျှောက်ထားသည်မှာ-

မင်းကြီး။ ။အရှင်ဘုရားတို့သည် အဘယ်အမည် ရှိကြပါ ကုန်သနည်း။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-ငါတို့သည် စာတုဒ္ဒိသအမည်ရှိကြ ပေကုန်၏။

မင်းကြီး။ ။အရှင်ဘုရားတို့ - စာတုဒ္ဒိသဟူသည် အဘယ် သို့သော အနက်အဓိပ္ပာယ် ဖြစ်ပါသနည်း။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-အရပ်လေးမျက်နှာတို့တွင် အဘယ် အရပ်၌မျှ ဘေးရန်တမျိုးမျိုးသည်ရင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းသည်ရင်း၊ ငါတို့မှာ မရှိကြသောကြောင့် ငါတို့သည် စာတုဒ္ဒိသ အမည်ရှိကြပေကုန်သည်။

မင်းကြီး။ ။အရှင်ဘုရားတို့သည် အဘယ့်ကြောင့် ဘေးရန် အမျိုးမျိုးကို မကြောက်မရွံ့ကြပါသနည်း။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-ငါတို့သည် ဆင်းရဲသောသတ္တဝါ၊ ချမ်း,သာ သော သတ္တ ဝါ နှစ်ဦးလုံး အပေါ်၌ အဆင့် အတန်းမခွဲခြားဘဲ တန်းတူညီမျှချစ်ခင်ကြသောမေတ္တာ၊ ဆင်းရဲသော သတ္တဝါအပေါ်၌ သနားသော ကရုဏာ၊ ချမ်းသာသော သတ္တဝါ အပေါ်၌ ဝမ်းမြောက်သော မုဒိတာ၊ ဆင်းရဲ ချမ်းသာ နှစ်ဦးသော သတ္တဝါအပေါ်၌ သနားခြင်းလည်းမရှိ,ဝမ်းမြောက်ခြင်းလည်းမရှိရအောင် လျစ်လျူ||ရှုနိုင်သော ဥပေက္ခာ၊ ဤ ဗြဟ္မဝိဟာရဘရားလေးပါးကို အမြဲမပြတ် ပွားများ ကြ သော ကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်းမဖြစ်ကြပေ။

ထိုသို့မိန့်ကြားတော်မူပြီးလျှင် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူကြလေကုန်သည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ကြွသွားတော်မူလျှင် မင်းကြီးအား အကြံဖြစ်သည်မှာ- အရှင်မြတ်တို့က ဗြဟ္မ ဝိ ဟာ ရ တ ရား လေးပါးကို ပွားများကြသဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းမဖြစ်ဟု မိန့်တော်မူကြသည်၊ ပုဏ္ဏားတို့ကမူ များစွာသော သတ္တဝါတို့ကို သတ်၍ ယဇ်နတ်ပူဇော်ရမည်ဟု ပြောဆိုကြ၏၊ အဘယ်ပုဂ္ဂိုလ်တို့၏စကားသည် ယုတ္တိတန်၍ မှန်ကန်လေသနည်း၊ အရှင်မြတ်တို့

သည် စင်ကြယ်သော တရားဖြင့် မစင်ကြယ်သောအမှုကို ဆေးကြောသုတ်သင်ကြသည်၊ ပုဏ္ဏားတို့ကမူ မစင်ကြယ်သောတရားဖြင့် မစင်ကြယ်သောအမှုကို ဆေးကြော သုတ်သင် ကြသည်။ ပုဏ္ဏားတို့၏ စကားသည် ယုတ္တိလည်းမတန်၊ ဖြစ်ကောင်းသော သဘောလည်း မရှိသောကြောင့် အရှင်မြတ်တို့၏စကားသည်သာ မှန်ကန်နိုင်ပေရာသည်ဟု အသိဉာဏ်ပေါ်ပေါက်လာလေ၏။

ထို့ကြောင့် မင်းကြီးသည် ခပ်သိမ်းမျှားစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်ရှိကြပါစေ- စသည်ဖြင့် ဗြဟ္မဝိဟာရတရား လေးပါးကို ပွားများပြီးလျှင် ဖမ်းဆီးထားသော သတ္တဝါအားလုံးကို သင်တို့အလိုရှိရာအရပ်သို့ ချမ်းသာစွာ သွား ရောက် နေထိုင်ကြကုန်လောဟု ပြောဆိုကာ ဘေးမဲ့ ပေးလိုက်လေသည်။

မင်းကြီးသည် အဘေဘုခင်ပွန်းကောင်းဖြစ်သော အရှင်မြတ်တို့စကားကြောင့် ပါးပါးတိပါတ ကံမှ ငါ လွတ်ရပေသည်ဟု ဆင်ခြင်ကာ ဝိပဿနာကမ္မဋ္ဌာန်းကို စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်သောအခါ အမတ်တို့ကမေးမြန်းလျှောက်ထားကြသောကြောင့်-

၇။ စာတုဒ္ဒီသော အပ္ပဋိဃောစ ဟောတိ၊
သန္တုဿမာနော ဣတရီတရေန။
ပဋိဃယာနံ သဟိတာ အဆမ္ဘီ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူကာ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ကောင်-ဆိုး မရွေး ရသမျှသော ပစ္စည်း ဥစ္စာဖြင့် ကျေနပ်နှစ်သက်သောသူသည် အရပ်လေးမျက်နှာတို့၌ချမ်းသာစွာနေထိုင်ရသကဲ့သို့ တစုံဘယောက်သောသတ္တဝါ အပေါ်၌မျှ ဘေးရန်မထိပါးရအောင် နေသောသူသည် ခြင်္သေ့, သစ်, ကျား စသော အပြင်ဘေးရန်, ကာမစ္ဆန္ဒ စသော အတွင်းဘေးရန်များကို ခဏ္ဍီ-ဝိရိယ စသော တရားဟူပြင့် ပယောက်အောင်ကျင့်ဆောင်နိုင်သော ဂုဏ်ကျေးဇူးများကို ရရှိနိုင်ပေ၏ဟု သိမြင်ကာ ဝိပဿနာ ပွားများသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ ဖြစ်လိုသောသူသည် တချောင်းတည်းသော ကြံ့ခိုကဲ့သို့ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၉။ ပရိသတ်ကိုပြီးငွေ့၍ ဝိပဿနာတရားရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ဝယ် မိဖုရားကြီး နတ်ရှာစံပြီးနောက် အမတ်တို့က မိဖုရားတပါး ဆောင် ယူသင့် ကြောင်း လျှောက်ထားကြသဖြင့် ဗာရာဏသီမင်းကြီးသည် သင်-အမတ်တို့သာ သင့်လျော်အောင် ဆောင်ရွက်ကြကုန်လော ဟု မိန့်တော်မူလေသည်။

အမတ်တို့သည် မိဖုရားတင်မြှောက်ဘို့ရန် သင့်တော်သူကို ရှာဖွေကြလေရာ၊ အနီးဖြစ်သော တိုင်းပြည်တခု၌ မကြာမီက နတ်ရှာစံသွားသောမင်း၏ ကိုယ်ဝန်အရင့်အမာနှင့် ကျန်ရစ်ခဲ့သော မိဖုရားကို တွေ့မြင်ကြလေရာ၊ ဤမိဖုရားသည် ငါတို့ မင်းကြီးနှင့် သင့်တော်ပေသည်ဟု ကြံစည်ကာ မိဖုရားကို အကျိုးအကြောင်း လျှောက်ထားကြလေသည်။

ထိုအခါ မိဖုရားက သားဖွားပြီးသည့်တိုင်အောင် ဆိုင်းငံ့ နိုင်လျှင် သင်တို့၏ ဆန္ဒအတိုင်း ဖြစ်ပါစေအုံ့၊ အကယ်၍ ဆိုင်းငံ့၍ မနေနိုင်လျှင် တပါးသောမိဖုရားကို ရှာဖွေကြကုန်လောဟု ပြောဆိုလေ၏။

မိဖုရားကြီး၏စကားကို မင်းကြီးအားလျှောက်ထားကြလေရာ သင့်တော်လျှင် ကိုယ်ဝန်ရှိသည်ဖြစ်စေ ဆောင်ယူသာ ဆောင်ယူခဲ့ကြလော့ဟု မင်းကြီးက ပြောဆိုသဖြင့် အမတ်တို့သည် မိဖုရားကို ခေါ်ဆောင်ခဲ့ကြလေသည်။

မင်းကြီးသည် မိဖုရားကို အဘိသိက်သွန်း၍ မိဖုရားကြီးအရာတင်မြှောက်ရုံမျှမက မိဖုရား၏ အခြေအရံများကိုလည်း ထိုက်တန်သော ရာထူးဌာနအလိုက် ချီးမြှောက်ထောက်ပံ့ထားလေသည်။

မကြာမီတွင် မိဖုရားကြီးသည် သားယောကျ်ားဖွားမြင်လေရာ မင်းကြီးသည် သားရင်းသဖွယ် စိတ်ဝယ်ထင်မှတ်ကာ အလွန်ချစ်ခင် မြတ်နိုးလှသည် ဖြစ်၍ အမြဲတမ်းလိုလိုပင် မိမိ ရင်ခွင်ထက်၌ ချီပိုး၍နေလေ့ရှိပေသည်။

ယင်းကဲ့သို့ ချစ်ခင်မြတ်နိုးနေသည်ကိုမိဖုရား၏အလုပ်အကျွေးများက မနာလိုစိတ်ရှိကြသဖြင့် "အရှင်မင်းသားသည် ဤဗာရာဏသီမင်းကြီး၏ သားရင်း မဟုတ်ပေ၊ နတ်ရှာ စံလွှန်သွားသော အကျွန်ုပ်တို့ကျေးဇူးရှင်မင်းကြီး၏ သားဖြစ်ပေသည်၊ ထို့ကြောင့် အရှင်မင်းသားသည် ဤမင်းကြီးနှင့် အကျမ်းတဝင်မနေသင့်"ဟု ပြောဆိုလေသည်။

ထိုနေ့မှစ၍ မင်းသားကလေးသည် စိတ် ထား ပြောင်း သွားလေရာ မင်းကြီးကခေါ်ယူသောအခါတွင်လည်း ရှေးအခါကလို မင်းကြီးထံ မချဉ်းကပ်တော့ပေ။

မင်းကြီးသည် မင်းသားကလေး၏ အမှုအရာပြောင်းသွားပုံကို စဉ်းစားလေရာ၊မိဖုရားကြီး၏အလုပ်အကျွေးများက ပြောဆိုထားကြောင်းကို သိမြင်လေသည်၊ ငါသည် ဤသူတို့ကို ထိုက်တန်သလို ချီးမြှောက်မ,စ ထားပါလျက် ဤကဲ့သို့ ပြုရက်လေခြင်းဟု ပြောဆိုကာ ပရိသတ်ကိုဦးဇွေလှသဖြင့် မင်းအဖြစ်ကို စွန့်ခွာ၍ ရဟန်းပြုလုပ်သွားလေသည်။

မင်းကြီး ရဟန်းပြုလုပ်သွားလေလျှင် အမတ်များနှင့် အလုပ်အကျွေးများကလည်း ရဟန်းပြုကြလေသည်။

အလုပ်အကျွေး လူများနှင့် အတူ မင်းကြီး ရဟန်း ပြုသွားကြောင်းကို တိုင်းသူပြည်သားတို့ ကြား သိကြလေသော် ကောင်းမွန်သော ရဟန်းပရိက္ခရာ ပစ္စည်းများကို လှူဒါန်း ထောက်ပံ့ကြကုန်သည်၊

မင်းကြီးသည် ထိုပစ္စည်းများကို အကြီးအငယ် ဆင်ခြင်သင့်တင့် မျှတအောင် ဝေခြမ်း ပေးလှူစေသော်လည်း ပစ္စည်းကောင်းရရှိသောရဟန်းများကကျေနပ်မှုရကြ၍ ပစ္စည်းကောင်းမရသော ရဟန်းတော်များကမူ ငါတို့သည် ကျောင်းအရာမ်ခ်ုပ်ပြုက်လည်းခြင်း စသော ဝေယျာဝစ္စများကို ပြုလုပ်ရပါ၏ကုန်၏ ပစ္စည်းကောင်းသော ဆွမ်း,သင်္ကန်း စသော ပစ္စည်းများကိုသာ ရရှိကြပေ၏ဟု ပြောဆိုကဲ့ရဲ့ကြလေသည်။

ရဟန်းအချို့၏ ကဲ့ရဲ့သောစကားကို မင်းကြီး ကြားလေသော် ငါသည် မျက်နှာ မလိုက်ဘဲ ကြီးစဉ်ငယ်လိုက် ထိုက်သင့်အောင် ပေးကမ်း ချီးမြှောက်သည်ကိုပင် အပြစ်ရှာကာ ကဲ့ရဲ့ နေကြ၏၊ ဆက်လက်ပြီး ပရိသတ်ကို ချီးမြှောက်ဘို့ရန် မတတ်နိုင်ခဲတော့ပြီဟု ပြောဆိုကာ သပိတ်,သင်္ကန်းကို ယူဆောင်ကာ တခေါက်ထည်း

သည်း ဇေ,ဝသို့ဝင်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသော ကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်သောအခါ မိမိနေထိုင်ရာ အရပ်သို့ ရောက်လာကြသောသူတို့ မေးမြန်း လျှောက်ထားကြသဖြင့်-

၉။ ဒုဿင်္ဂဟာ ပဗ္ဗဇ်တာပိ ဧကော၊
အထော ဂဟဋ္ဌာ ဃရမာဝသန္တာ။
အပ္ပေါဿုက္ကော ပရပုတ္တေသု ဟုတ္ဝာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရှင်ဆိုတော်မူကာ ဂန္ဓမာဒန တောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"မရောင့်ရဲနိုင်သော,လောဘ တရားရှိကုန်သော အချို့သော ခဟန်းပုဂ္ဂိုလ်နှင့် လူပုဂ္ဂိုလ်တို့ကို ကျေနပ်အောင် မချီးမြှောက်နိုင်သောကြောင့် သူတပါးတို့ သားသမီးအပေါ် ချီးမြှောက် မ,စဘို့ရန် ခဲယဉ်းသောသဘောကို စက်ဆုပ်ရှံရှာသည်ဖြစ်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသာ ကြုံချိန်နှင့်တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၁၀။ ပျက်စီးသော ပင်လယ်ကသစ်ပင်ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ဝယ် လေးလ တကြိမ်ကျ ဥယျာဉ်တော်သို့ သွားလေ့ရှိသောကြောင့် စာတုမာသိက အမည်ရသော ဗြဟ္မဒတ် မင်းကြီးသည် နေ့ညတုအစ တန်ခူးလ၌ ဥယျာဉ်တော်သို့ သွားဆ

ဘွဲ့ နှစ်သက်ဘွယ်ရာကောင်းသော မြေအပြင်၌ စိမ်းညိုရှင်လန်းသောအရွက်တို့ဖြင့် ဖုံးအုပ်လျက်ပေါက်နေသော ပင်လယ်ကသစ်ပင်ကို မြင်သည်ရှိသော်၊ ထိုသစ်ပင်ရင်း၌ အိပ်ရာကိုခင်းစေလျက် ဥယျာဉ်တော်ဝယ် ပျော်ရွှင်စွာလှည့်ပတ်ကစား၊ပြီး ညချမ်းအခါ ရောက်လျှင် အိပ်စက်လေသည်။

တဖန် နေ့ညတုအလယ် ကဆုန်, နယုန်လ အရောက် ဥယျာဉ်တော်သို့ တခေါက် သွားပြန်လေသော်၊ ပင်လယ်ကသစ်ပင်သည် ရှေးယခင်ကနှင့်မဘူတမူထူးခြားကာ နှစ်သက်ဖွယ်ရာအဖူး,အပွင့်, အခိုင်တို့ဖြင့် စည်ကားမြိုင်ဆိုင်၍နေလေသည်။

ဤအကြိမ်တွင်လည်း မင်းကြီးသည်ရှေးနည်းမပျက်ထိုသစ်ပင်ရင်း၌ပင် အိပ်စက်ခဲ့လေသည်၊ နေ့ညတုအဆုံး ဝါဆိုလအရောက်နောက်တခေါက်သွားချိန်တွင်ကား ပင်လယ်ကသစ်ပင်သည်အဖူး, အပွင့်,ရွက်လက်မျှားစွာကြွေကျကာပျက်စီးနေသဖြင့် သစ်ခြောက်ပင်ကြီးသဖွယ်ဖြစ်၍ နေလေသည်။

မင်းကြီးသည် ပင်လယ်ကသစ်ပင်ကို သတိမထားဘဲ ဥယျာဉ်တော်ဝယ် ပျော်ရွှင်စွာ လှည့်လည်ကစား၊ပြီးလျှင် ညချမ်းအချိန် အိပ်စက်သောအခါတွင်မှ ပင်လယ်ကသစ်ပင်ကို မြင်လေရာ-

အို-အချင်းတို့ ဤသစ်ပင်သည် ဧရှေးအခါကဆိုလျှင် ပတ္တမြားညို အဆင်း နှင့်တူ သော အခက်မျှား အကြား၊တွင် ညီညာစွာ စီချယ်၍ထား၊အပ်သောအဖူး, အပွင့်တို့ဖြင့် ထူးတင့်လှပခဲ့ပေသည်။

သို့ကလောက်ပင် ရှုချင်စဖွယ်ကောင်းသော ဤ သစ်ပင်သည် ယခုအခါတွင်ကား သစ်ခြောက်ပင်ကြီး၊ပမာအကိုင်း၊အခက်မျှသာ ကျန်ရှိပေတော့သည်။

"အိုခြင်း-ဇရာတရားသည် အသက်မရှိသောသစ်ပင်ကိုပင် ဤမျှ နှိပ်စက်ဖျက်ဆီးပါက အသက်ရှိသော ငါတို့လို သတ္တဝါများကို မူကား အဘယ်မှာ မနှိပ်စက်,မဖျက်ဆီးဘဲ ရှိချေတော့မည်နည်း" ဟု ဆင်ခြင်ကာ အမြဲ မရှိ ဟု ထင်မြင်လာသော အနိစ္စသညာ ဖြစ်ပေါ်လာလေသည်။

ယင်းမှတဖန် ယိုယွင်းပျက်စီးနေသော ပင်လယ်ကသစ်ပင်ကို အာရုံယူကာ ငါ သည်လည်း လူအသွင် ကွယ်ပျောက်၍ ရဟန်း အသွင်သို့ ရောက်မူ ကောင်းလေစွဟု ကြံစည်ကာ လျောင်းစက်ရာ အိပ် ရာ ထက် ၌ ပင် ဝိ ပဿ နာ ကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ၏။

အမတ်တို့က နန်းတော်သို့ ပြန် ကြ ဘို့ ရန် လျှောက်ထားကြ သောအခါ အမတ်တို့ ငါ့ကား မင်း မဟုတ်တော့ပြီ ပစ္စေကဗုဒ္ဓါ ဖြစ်လေပြီဟု ပြောဆိုလျက်-

၁၀။ သြရောပယိတ္တာ ဂိဟိဗျဉ္ဇနာနိ၊
သဏ္ဌိန္ဒ္ရိယတ္တော ယထာ ကောဝိဒ္ဒါရော။
ဆေတ္ဝာန ဝိရော ဂိဟိဗျဉ္ဇနာနိ၊
ကေသ စရော ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူကာ ဂန္ဓမာဒန တောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ -

အသီး, အပွင့်, အရွက် အားလုံး ကြေကျနေသော ပင်လယ် ကသစ်ပင်ကဲ့သို့ ငါသည် ကာမဂုဏ်တို့၏ နှောင်ဖွဲ့ရာ ဖြစ်သော ဆံပင်,မုတ်ဆိတ်,ပန်း,နှုံသာ စသော လူတို့၏ အသွင် မူရာများကို

ပယ်စွန့်နိုင်မှု ကောင်းလေစ့ ဟု ကြံစည်ကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗောဓိဉာဏ်ကိုရရှိခဲ့ပေသည်၊ ငါကဲ့သို့ ဖြစ်လိုသော သူသည် တချောင်းတည်းသော ကြံ့ခိုင်နှင့် တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၁၁။ ပျင်းရိသောစိတ်ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ကဿပဘုရားရှင် သာသနာတော်၌ ပစ္စေကဗုဒ္ဓါ အလောင်းတော် နှစ်ယောက်တို့သည် ရဟန်းပြုလုပ်ကြ၍ အနှစ် နှစ်သောင်း ကာလပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ကြပြီးလျှင် စုတေသောအခါ နတ်ပြည်၌ ဖြစ်ကြလေသည်။

နတ်ပြည်မှ တဖန် စုတေကြ ပြန်သော် အကြီး ဖြစ်သော အလောင်းတော်သည် ဗာရာဏသီမင်း၏ သားတော်ဖြစ်၍ အငယ် ဖြစ်သော အလောင်းတော်ကမူ ပုရောဟိတ် ပုဏ္ဏား၏ သား ဖြစ်လေသည်။

ထိုလူနှစ်ယောက်တို့သည် တနေ့တည်း၌ပင် ပဋိသန္ဓေ နေကြ, မွေးဖွားလာကြ၍ ကစားဘက် အဆွေခင်ပွန်း ဖြစ်ကြကုန်သည်။

တနေ့တွင် ဉာဏ်ပညာအမြော်အမြင်ရှိသော ပုရောဟိတ်သား က-မင်းသားကို " အဆွ-သင်သည် အဘကွယ်လွန်သောအခါ မင်းဖြစ်ရလတံ့၊ ငါသည်ကား ပုရောဟိတ်ဖြစ်ရလတံ့၊ တိုင်းပြည် အုပ်ချုပ် မင်းလုပ်မည့်သူသည် အတတ်ပညာမျှားကို တတ်မြောက်ထားမှသာ တိုင်းပြည်ကို အေးချမ်း သာယာအောင် အုပ်ချုပ်နိုင်ပေလိမ့်မည်၊ ထို့ကြောင့် အတတ်ပညာ သင်ယူဘို့ရန် ငါတို့ သွားကြကုန်စို့" ဟု ပြောဆိုလေသည်။

ယင်းသို့ သူငယ်ချင်းနှစ်ယောက်တို့သည် မိမိတို့၏တိုင်းပြည်မှ ထွက်ခွာ၍ လာကြရာ၊ ဇနပုဒ်တခုသို့ရောက်ချိန်တွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးပါးကို ရှာသူ,ရှာသားတို့က မွန်မြတ်သော နေရာထိုင်ခင်းပေး၍ ခဲဘွယ်ဘောဇဉ်တို့ဖြင့် ရိုသေစွာဆက်ကပ်လှူဒါန်းသည်ကို တွေ့မြင်ကြလေသည်။

ထိုအခါ သူငယ်ချင်းနှစ်ယောက်တို့အားအကြံ ဖြစ်ပေါ်သည်မှာ ဤသူတို့သည် ငါတို့အားထမင်း,အဖျော်စသော အာဟာရများကို ပေးကမ်းလိုစိတ်ရှိသော အခါမှသာ ပေးကမ်းကြ၍ မရှိသောအခါတွင်မူ ပေးကမ်းလေ့မရှိကြပေ။ ဤရဟန်းတော်များကိုမူ ရိုသေသောစိတ်ထားဖြင့် ပေးကမ်းကြပေကုန်သည်။

ဤရဟန်းတို့သည် အတတ်ပညာတခုခုကို အမှန်ငင်သိမြင်ကြပေလိမ့်မည်။ ထိုအတတ်ပညာကို ငါတို့ သင်ယူကြကုန်အံ့ဟု တိုင်ပင်ကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ထံ ချဉ်းကပ်လျှောက်ထားကြလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က ငါတို့ကဲ့သို့ ရဟန်းမဟုတ်သော သူသည် ငါတို့သိသောအတတ်ပညာကို သင်ယူဘို့ရန် မဖြစ်နိုင်ပေဟု ပြောဆိုကြသဖြင့်၊ သူငယ်ချင်းနှစ်ယောက်တို့သည် အတတ်ပညာသင်ယူနိုင်ရန်အဟုက် ရဟန်းပြုလုပ်ကြလေကုန်သည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ရဟန်းသစ်နှစ်ပါးကို ရဟန်းတို့၏ ကျင့်ဝတ်သိက္ခာများကို သင်ကြား ပေးပြီးလျှင် နှစ်ပါးအတူတကွမနေဘဲ တပါးချင်း ပျော်ပိုက်အောင် နေနိုင်မှသာ သင်တို့ အလိုရှိသော အတတ်ပညာကို ရရှိကြ ပေလိမ့်မည်ဟု ပြောဆိုကာ တပါးစီ နေထိုင်ဘို့ရန် သစ်ရွက်မိုး ကျောင်းနှင်ဆောင်ကို ပေးအပ်လိုက်ကြလေသည်။

ပျင်းရိသောစိတ်ကိုအာရုံပြု၍ဝိပဿနာရှုသောပစ္စေကဗုဒ္ဓ ၁၄၃

ပုရောဟိတ်သား ရဟန်းသည် မိမိ၏ကျောင်းဌ နေထိုင်ချိန်မှ စ၍ စိတ်တည်ကြည်မှုကို ရရှိသော်လည်း မင်းသားရဟန်းမှာမူ စိတ်တည်ကြည်မှုကို မရရှိသ ဖြင့် တခဏချင်း ပျင်းရိလာကာ ပုရောဟိတ်သား ရဟန်းရှိရာသို့ လာရောက်လေ၏။

ပုရောဟိတ်သား ရဟန်း။ ။အဆွေ-သင်သည် အဘယ်ကိစ္စ ကြောင့် ငါ့ထံသို့ လာခဲ့သနည်း။

မင်းသားရဟန်း။ ။အဆွေ-ငါသည် တပါးထည်း နေထိုင်ရသည်ကို ပျင်းရိသောကြောင့် လာခဲ့ပေ၏။

ပုရောဟိတ်သားရဟန်း။ ။အဆွေ-ယင်းသို့ဖြစ်လျှင် ငါ၏ကျောင်းဌ ခဏနေပေဦးလော။

မင်းသားရဟန်း။ ။အဆွေ - ငါသည် တပါးထည်း နေရသည်ကို ပျင်းရိသည် မှန်ပေ၏၊ သို့သော် တပါးထည်း ပျော်မွေ့အောင်မနေနိုင်လျှင် ငါတို့လိုလားသော အဘတ်ပညာကို ရရှိနိုင်မည်မထင်ပေ။

ပုရောဟိတ်သားရဟန်း။ ။အဆွေ - သင်ပြောသည့်အတိုင်း မှန်သောကြောင့် ပျင်းရိစိတ်ကို ပယ်ဖျောက်ကာ သင်နေထိုင်ရာကျောင်းသို့သာ ပြန်သွားပါလေလော။

ပုရောဟိတ်သားရဟန်း ပြောဆိုမှုကြောင့် မင်းသားရဟန်းသည် မိမိနေထိုင်ရာကျောင်းသို့ ပြန်သွားလေသည်။

မင်းသားရဟန်းသည် ပျင်းရိစိတ် ဖြစ်ပေါ်လာတိုင်း ပုရောဟိတ်သားရဟန်းထံလာသည်မှာ သုံးကြိမ်သုံးခါ ရှိလေသည်။

ဤမင်းသားရဟန်းသည် ပျင်းရိစိတ်ဖြစ်ပေါ်လာတိုင်း ငါ့ထံသို့ မပြတ်လာနေလျှင် သူ၏အလုပ်ကိစ္စများ ပျက်ကွက်သကဲ့သို့ ငါ၏အလုပ်ကိစ္စများမှာလည်းပျက်ကွက်ပေလိမ့်မည်၊ ဤအရပ်၌နေသဖြင့် အကျိုးရှိမည်မဟုတ်ဟု ကြံစည်ကာ ပုရောဟိတ်သားရဟန်းသည် မမကျေဘင်းခြမ်နေတော့ဘဲ တောအရပ်သို့ ထွက်ခွာသွားလေသည်။

မင်းသားရဟန်းသည် တဖန် ပျင်းရိစိတ် ဖြစ် ပေါ် လာသဖြင့် လာပြန်လေရာ၊ ပုရောဟိတ်သားရဟန်းကို မတွေ့ မမြင်ရလေသော် စိတ်အကြံတမျိုးဖြစ်ပေါ်လာလေသည်။

ဤပုရောဟိတ်သားရဟန်းသည် လူဖြစ်စဉ်ကဆိုလျှင် လက်ဆောင်ပဏ္ဍာမများကိုယူဆောင်ကာ လာသော်လည်း လွယ်ကူစွာ ငါ့ကို တွေ့မြင်ခွင့်ရသောသူမဟုတ်ပေ၊ယခုအခါမှာမူ ထိုသူသည် ငါ့အား မြင်တွေ့ခွင့်ကို မ ပေး လို သည် ဖြစ် ၍ အရပ်တပါးသို့ ထွက်ခွာသွားခဲ့လေပြီ။

"အို.... ပျင်းရိသောစိတ်၊ သင်သည် ငါ့ကို လေးကြိမ်ဘိုင်အောင် သူတပါးကျောင်းသို့ ပို့ဆောင်ပေးခဲ့၏။ နောက်တဖန် သင့်အလိုသို့ ငါမလိုက်တော့အံ့"ဟု ကြံစည်ကာ ပြန်လာခဲ့ပြီးလျှင် မိမိဇကျောင်းတွင်းသို့ ဝင်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပုရောဟိတ်သားရဟန်းသည်လည်း တောအရပ်သို့ ဝင်ရောက်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ် နှစ်ပါးတို့သည် ဆေးဒန်း၊မြင်းသီလာအပြင်၌ နေထိုင်ကြကုန်လျက်-

၁၁။ သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယ္ယ သဗ္ဗာနိ ပရိဿယာနိ၊
စရေယ္ယ တေနတ္တမနော သတိမာ။ ။

နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂရညေဝ နာဂေါ။

ဟူသော နှစ်ဂါထာကို အသီးသီး ရှုတ်ဆိုတော်မူကာ ဂန္ဓမာဒန တောင်သို့ ကြွသွားတော်မူကြလေကုန်သည်။

ပထမဂါထာ၏ အဓိပ္ပာယ်မှာ-

"ပညာလည်းရှိ၊ ကောင်းမွန်စွာ နေထိုင်ခြင်းလည်းရှိသည့်ပြင် သင်္ကြ လုံ့လဝီရိယလည်းရှိသော တရားကျင့်ဘက် အဆွေခင်ပွန်း ကောင်းကို အကယ်၍ရရှိလျှင် ထိုသူ နှင့် အတူ ဘေးရန်များကို ပယ်ဖျောက်၍ မြတ်သောအကျင့်ကို ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

ဒုတိယဂါထာ၏အဓိပ္ပာယ်မှာ-

"ပညာလည်းရှိ၊ ကောင်းမွန်စွာ နေထိုင်ခြင်းလည်းရှိသည့်ပြင် ထင်ကြ လုံ့လ ဝီရိယရှိသော တရားကျင့်ဘက် အဆွေခင်ပွန်း ကောင်းကို မရရှိခဲ့သော် သုဘဿမမင်း၊ မဟာဇနကမင်းသည် တိုင်းပြည်ကိုပယ်စွန့်၍ တယောက်ထည်းသည်း ကျင့်သကဲ့သို့ဝင်း၊ ကိုယ်အင်္ဂါ ကြီးမားသော ဆင်ပြောင်ကြီးသည် တောအရပ်၌ တကောင်ထည်း သွားလာနေထိုင်သကဲ့သို့ဝင်း ဟယောက်ထည်း ထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၁၂။ အပြစ်မရှိအောင် သုံးဆောင်မှုကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ပင့်ဖိတ်၍ မြင့်မြတ်သောနေရာ၌ နေထိုင်စေပြီးလျှင် မေးမြန်းလျှောက်ထားသည်မှာ-

မင်းကြီး။ ။အရှင်ဘုရားတို့သည် အဘယ်အမည် ရှိကြပါ၊ ကုန်သနည်း။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး - ငါတို့သည် အနဝဇ္ဇဘောဇီ အမည်ရှိကြပေကုန်သည်။

မင်းကြီး။ ။ အရှင် ဘုရားတို့ - အနဝဇ္ဇဘောဇီ ဟူသည် အဘယ်ကဲ့သို့သော အနက်အဓိပ္ပာယ် ဖြစ်ပါသနည်း။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-ငါတို့သည် ကောင်းသော ဘောဇဉ်ကို ရသည်ဖြစ်စေ၊ မကောင်းသောဘောဇဉ်ကို ရသည်ဖြစ်စေ၊ စိတ်ဖောက်ပြန်မှု လုံးဝမရှိဘဲ သုံးဆောင်ကြသောကြောင့် အနဝဇ္ဇဘောဇီ အမည်ရှိကြပေကုန်သည်။

ထိုစကားကိုကြားသောအခါ မင်းကြီးသည် ဤရဟန်းတို့ပြောဆိုသောစကား ဟုတ်မှန်မှု ရှိ-မရှိ သိရအောင် စုံစမ်းပေအံ့ဟု ကြံစည်၍ကာ ဆန်ကဲ့ဖြင့်ချက်အပ်သော ဆွမ်းနှင့် ပဒုန်းရည်ဟင်းကို ဆက်ကပ်လှူဒါန်းလေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ကောင်းမြတ်သော အမြိုက်အရသာကို သုံးဆောင်ကြသကဲ့သို့ ဖောက်ပြန်မှုမရှိဘဲ ဘုဉ်းပေးသုံးဆောင်တော်မူကြလေကုန်သည်။

ယင်းသို့ သုံးဆောင်တော်မူကြသည်ကို မင်းကြီးမြင်လေလျှင် ဤရဟန်းတို့သည် ဝန်ခံစကား ပြောထားမိသောကြောင့်

ဤတနေ့သာ ဖောက်ပြန်မှုမရှိဘဲ သုံးဆောင်ကြသည် ထင်ပေသည်။ နောက်တနေ့တွင် တဖန်စုံစမ်းဦးအုံဟုကြုံစည်းကာ ဒုတိယနေ့၌လည်း ဆန်ကွဲဆွမ်း ပဒုန်းရည်ဟင်းကို သာ ဆက်ကပ်လှူဒါန်းပြန်လေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကမူ ပထမနေ့ကအတိုင်းပင် ဖောက်ပြန်မှု လုံးဝမရှိဘဲ သုံးဆောင်တော်မူကြလေကုန်သည်။

မင်းကြီးသည် တဖန် ကောင်းမြတ်သော ဘောဇဉ်ဖြင့်စုံစမ်းဦးအုံဟု ကြုံစည်ကာ နှစ်ရက် တိုင်တိုင်ပင် ဘိတ်၍ ကောင်းမြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းပြန်လေသည်။

ထိုအခါတွင်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဖောက်ပြန်မှု မရှိဘဲ သုံးဆောင်တော်မူကြပြီးလျှင် မင်းကြီး အား မင်္ဂလာတရား ဟောကြားကာ ကြွသွားတော်မူကြလေကုန်သည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ကြွသွားလေလျှင် မင်းကြီးသည် ဤ ရဟန်းတော်တို့သည် အနဝဇ္ဇဘောဇီ အမည်ရှိကြသကဲ့သို့ ငါသည်လည်း အနဝဇ္ဇဘောဇီဖြစ်အောင်ကျင့်နိုင်မှု ကောင်းလေစွဟု ကြုံစည်ကာ မင်းအဖြစ်ကို စွန့်လျှက် ရဟန်း ပြုပြီး သော် ဝိပဿနာကမ္မဋฐာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အကြောင်း မဋ္ဌုသက ဘာသာ ပင် ရင်းဝယ် နေတော်မူသောအခါ-

၁၂။ အဒ္ဓါ ပသံသာမ သဟာယ သမ္ဘုံ၊
သေဋ္ဌာ သမာသေဒိ ဘဗ္ဗာ သဟာယာ။
ဧတေ အလဒ္ဓါ အနဝဇ္ဇဘောဇီ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"အပေါင်းအဖော်ကို ဆည်းကပ်ပေါင်းသင်းရာတွင် မိမိထက် မြင့်မြတ်သူနှင့် မိမိနှင့်ဂုဏ်ရည်တူသူကိုသာ ဆည်းကပ်ပေါင်းသင်းအပ်လေ သည်။ ထိုကဲ့သို့ ဆည်းကပ် ပေါင်းသင်းခြင်း ကိုသာ ပညာရှိတို့ ချီးမွမ်းကြလေသည်။

အဘယ့်ကြောင့်ဆိုသော် မိမိထက်မြင့်မြတ်သူကို ဆည်းကပ်လျှင် မိမိ၌မဖြစ်သေးသောဂုဏ်တရားတို့ ဖြစ်ပေါ်လာနိုင်သကဲ့သို့ မိမိနှင့်ဂုဏ်ရည်တူသူကို ပေါင်းသင်း လျှင် လည်း အချင်းချင်း သံသယကင်းကာ ယုံကြည်မှုရှိကြသဖြင့် ရရှိပြီးသော ဂုဏ်တရားများ ဆုတ်ယုတ်ပျက်စီးခြင်း မဖြစ်သောကြောင့် ဖြစ်ပေသည်။

အကယ်၍ မိမိထက်မြင့်မြတ်သူနှင့် မိမိနှင့်ဂုဏ်ရည်တူသူကို မရရှိခဲ့သော် ယုတ်မာသောသူနှင့်မူ မ ပေါင်းသင်း မ ဆက်ဆံဘဲ ကောင်း, ဆိုးနှစ်ဝ ရသမျှသော ဘောဇဉ် ၌ အ ပြစ် မရှိအောင် သုံးဆောင်ကာ တခြောင်းတည်းသောကြံခြုံနှင့်အတူ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၁၃။ လက်ကောက်နှစ်ခုကိုအာရုံပြု၍ 'ဝိပဿနာရှုသော ပဇ္စကဗုဒ္ဓ'

ဗာရာဏသီပြည်ရှင် ဘုရင်တပါးသည် နေ့ကာလ နေ့အချိန် နေထိုင်ရာစံအိမ်တော်၌ နေခိုက်တွင် မိမိအနီးဟုင် စန္ဒကူး သွေးနေသော မောင်းတဖယောက်၏ လက်မောင်းဘဘက်ရှိ ရွှေလက်ကောက်နှစ်ခုတို့ တဝှန်းတခု ထိခိုက်ကြပုံကိုရှုမိ၊ လက်မောင်း

တဘက်ရှိလက်ကောက်တခု၏ ထိခိုက်မှုမရှိပုံကိုဆင်း တွေ့မြင်လေ သည်။

မင်းကြီးသည် လက်ကောက်နှစ်ခုကို နမူနာယူကာ ငါတို့မှာ လည်း အပေါင်းဘဝေဒနာနှင့်နေထိုင်လျှင် တဦးနှင့်တဦး ထိခိုက်မှု ရှိကြ၏၊ တယောက်ထည်းထည်းနေထိုင်လျှင် ထိခိုက်မှုမရှိနိုင်ပေ ဟု စဉ်းစားဆင်ခြင်ကာ မောင်းမကိုသာ ကြည့်နေလေသည်။

မင်းကြီး၏အမှုအရာကို ယပ်ခတ်ပေးလျက်ရှိသောမိဖုရားကြီး မြင်လေရာ၊ မင်းကြီးသည် ဤမောင်းမကို နှစ်သက်ပေသည်ဟု ယူဆကာ မောင်းမကို ထသွားစေပြီးလျှင် စန္ဒကူးကို မိမိကိုယ်တိုင် သွေးလေသည်။

မိဖုရားကြီး၏လက်တွင် လက်ကောက်မျှားစွာ ဝတ်ဆင်ထား သောကြောင့် တခုနှင့်တခု ထိခိုက်သောအခါတို့မှာ အလွန်ကျယ် စွာ မြည်ဟည်းလေရာ၊ မင်းကြီးသည် ကွဲပြားခြင်းငွေ့လာသဖြင့် လျှောင်း စက် နေ လျက် ပင် ဝိပဿနာပညာဖြင့် စိုးဂြုန်းသော ကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

မိဖုရားကြီးသည် မင်းကြီး ပစ္စေက ဗုဒ္ဓ ဖြစ်သွားသည်ကို မသိ သဖြင့် စန္ဒကူးလိမ်းပေးဘို့ရန် လျှောက်ထားလေသည်။

မိဖုရား။ ။အရှင်မင်းကြီးကို စန္ဒကူးခြေ အကျနှိပ်လိမ်းပေး ပါဘုံ။

မင်းကြီး။ ။ဘသင် မိဖုရား - ငါ့ကို စန္ဒကူးဖြင့် မလိမ်းကျံ လေလင့်၊ သင်မိဖုရားသည် ငါ၏ယံပါးမှ ထွက်ခွာသွား လေလော။

မိဖုရား။ ။အရှင်မင်းကြီး - အဘယ်ကြောင့် စန္ဒကူးဖြင့် မလိမ်းကျံလိုပါသနည်း။

မင်းကြီး။ ။မိဖုရား - ယခုအခါ ငါသည် မင်းမဟုတ်၊ ပစ္စေကဗုဒ္ဓါဖြစ်လေပြီ။

ယင်းသို့ မင်း-မိဖုရားနှစ်ပါးတို့ ပြော ဆို ကြ သော စကားကို အမတ်များ ကြားကြလေလျှင် မင်းကြီးထံလာကာ ပစ္စေကဗုဒ္ဓါ ဖြစ်ပုံကို လျှောက်ထားကြသဖြင့်-

၁၃။ ဒီသ္ဝာ သုဝဏ္ဏသ ပဘာသရာနိ၊
ကမ္မာရပုဏ္ဍေန သုနိဋ္ဌိတာနိ။
သံဃဋ္ဋမာနာနိ ဒုဝေ ဘုဇသ္မိံ၊
ဧကော စရေ ဂဏ္ဍဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရှင်အိုတော်မှုကာ ဂန္ဓမာဒန တောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ရွှေပန်းထိမ်ဆရာကောင်းစွာပြုလုပ်ထားသော လက်တဘက် ၂၂ဝတ်ဆင်အပ်သောလက်ကောက်နှစ်ခုသည် တခုနှင့်တခု ထိခိုက်မှု ရှိ၍ လက်တဘက်၌ ဝတ်ဆင်အပ်သော လက်ကောက်တခုမှာမူ ထိခိုက်မှုမရှိသလို လူတို့မှာလည်းအပေါင်းအဖော်နှင့်နေထိုင်လျှင် ဘဉီးနှင့်တဦး ထိခိုက်မှုရှိ၏၊ တယောက်ထည်းနေခဲ့သော် ထိခိုက်မှု မရှိနိုင်ပေ ဟု ကြံစည်ကာ ဝိပဿနာကမ္မဋ္ဌာန်း စီး ဖြန်း သော ကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်။ ငါကဲ့သို့ဖြစ်လို သောသူသည် တချောင်းတည်းသော ကြိုချိုနှင့်တူစွာ တယောက် ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၁၄။ တွယ်တာမှုတဏှာကိုအာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီးသည် ငယ်ရွယ်စဉ်ကပင်ရဟန်းပြုလိုသဖြင့် အမတ်တို့ကို သင်တို့သည် မိဖုရားကြီးကို သိမ်းပိုက်၍ တိုင်းပြည် အုပ်ချုပ် မင်းပြုလုပ်ကြကုန်လော၊ ငါသည် ရဟန်းပြုတော့အုံဟု ပြောဆိုလေသည်။

အမတ်များက - အရှင်မင်းကြီး မင်းမရှိသော တိုင်းပြည်ကို အကျွန်ုပ်တို့ မစောင့်ရှောက်နိုင်ပါ၊ အုပ်ချုပ်သောမင်း မရှိလျှင် တိုင်းတပါးရှိ မင်းများက တိုက်ခိုက် သိမ်းယူကြပါလိမ့်မည်။

ထို့ကြောင့် တိုင်းပြည်ကိုအုပ်ချုပ်သောမင်း ပေါ်လာသည့် တိုင်အောင် ဆိုင်းငုံတော်မူပါဟု လျှောက်ထားကြလေသည်။

မင်းကြီးသည် နှုးညံ့ ပျော့ပျောင်းသော စိတ်ရှိသည့်အတွက် အမတ်တို့ တောင်းပန်သည့်အတိုင်း စောင့်ဆိုင်း၍ နေ၍ပြီးလျှင် မိဖုရားကြီးကိုယ်ဝန်ရှိလာသောအခါတွင် ရဟန်းပြုဘုရန်ပြောဆို ပြန်လေသည်။

ဤအခါတွင်လည်း အမတ်များက သားပွားပြီးရုံမျှ ဆိုင်းငုံ နေဘုရန် လျှောက်ထားကြပြန်သဖြင့် တကြိမ်ဆိုင်းငုံ၍ နေရပြန် လေသည်။

မကြာမီ မိဖုရားကြီးသည် သားယောကျ်ားကို ဖွား မြင် လေ သော် မင်းကြီးက ရဟန်းပြုဘုရန် တဖန် ပြောကြားပြန်လေ၍ မင်းသားကလေး အရွယ်ရောက်သည့်တိုင်အောင် ဆိုင်းငုံနေဘုရန် လျှောက်ထားကြပြန်သဖြင့် ဤတကြိမ်လည်း ဆိုင်းငုံ၍ နေရပြန် လေသည်။

မင်းကြီးသည် မင်းသားကလေးအရွယ်ရောက်လာသောအခါ တွင် အမတ်တို့ကိုခေါ်ပြီးလျှင် မင်းသားကလေးသည် တိုင်းပြည် အုပ်ချုပ် မင်းလုပ်နိုင်သောအရွယ်သို့ ရောက်ခဲ့လေပြီ၊ ဘုံကြောင့် မင်းသားကလေးကို အဘိသိက်သွန်းရ၍ မင်းပြု လုပ် စေ လောဟ ပြောဆိုကာ နန်းတော်တွင်း၌ ရဟန်းပြုလုပ်၍ တော အရပ်သို့ ထွက်သွားလေသည်။

တိုင်းသူပြည်သား လူအများသည် ဝိုကြေးမြည်တမ်းကာ မင်း ကြီးနောက်သို့ လိုက်ပါသွားကြသဖြင့် မင်းကြီးသည် မိမိပိုင်နိုင်ငံ အဆုံးသို့ ရောက်လျှင် ဤအရေးအကြောင်းကို မည်သူမျှ ကျော် ဖြတ်၍ မလာရဟုပြောဆိုကာ တောင်ဝှေးဖြင့် အရေးအကြောင်း စည်းမျဉ်းကို တားလေသည်။

လူအများသည် မင်းကြီးရေးသားသောစည်းမျဉ်းကို မကျော် ဖြတ်ဝံ့သည် ဖြစ်၍ အရေးအသား စည်းမျဉ်း၌ ဦးခေါင်းဆိုက်၍ နေကြပြီးလျှင် မင်းသားကလေးကို မင်းကြီးထံသို့လိုက်သွားဘို့ရန် တိုက်တွန်းပြောဆိုကြလေသည်။

မင်းသားသည် မင်းကြီးတားခဲ့သော စည်းမျဉ်းကြောင်းကို ကျော်ဖြတ်ကာ ပြေးလိုက်သွားသဖြင့် မကြာမီပင် မင်းကြီးကိုမှီ လေသည်။

မင်းကြီးသည် မိမိထံလိုက်လာသောမင်းသားကိုခေါ်ဆောင် သွားလျှင်၊ ရှေးရှေးသောပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သီတင်းသုံး နေထိုင်သွားသော ကျောင်းကိုတွေ့မြင်သဖြင့် ထိုကျောင်း၌ပင်နေ ထိုင်လေသည်။

ကောင်းမွန်သော အိပ်ရာ၌ အိပ်လျက် ကောင်းမွန်သော အ စား အစာများကိုသာ စားသောက်ကာ ချမ်းသာစွာ ကြီးပြင်း၍ လာခဲ့သော မင်းသားကလေးသည် တောကျောင်း၌ ဆင်းရဲစွာ

နေထိုင်စားသောက်ရသော အခါတွင် ဆင်း ရဲ မှု ဒုက္ခကို မခံနိုင်သဖြင့် နှစ်ရက်,သုံးရက်ရှိလျှင် နေပူဒဏ်ချထားသော ပဒုမ္မာ ကြာပန်းသဖွယ် ညှိုးနွမ်း ပိန်ချုံးရှိလာလေသည်။

မင်းကြီးသည် မင်းသားကလေး၏ဖြစ်အင်ကိုမြင်ရသောအခါ "ချစ်သား-ဂျို့တောအရပ်သည် ဆင်းရဲ၏။ မြို့အရပ်သည် ချမ်းသာ၏။ ဤကြောင့် ချမ်းသာစွာနေရအောင် မြို့ကိုငါတို့သွားကြကုန်။" ဟု ပြောဆိုကာ မင်းသားကလေးနှင့်အတူ လားလမ်းအတိုင်း ပြန်လာခဲ့ကြလေ၏။

မိဖုရားကြီးသည်လည်း မင်းသားကို ခေါ်ဆောင်သွားသော မင်းကြီးသည် တောအရပ်တွင် ကြာရှည်စွာနေနိုင်လိမ့်မည်မဟုတ်ပေ။ မကြာမီ သား,အဘနှစ်ယောက် ပြန်ရောက်လာကြလိမ့်မည်ဟုကြိုတည်ကာ မင်းကြီးတားထားသော ညီးအနှားခွဲပင် ခေါင်ရန်း လာရုံ၍ နေထိုင်လေသည်။

မင်းကြီးသည် ထိုစောင်ရန်း၏မနီးမဝေးခွဲရပ်လျက် မင်းသားကို မိဖုရားကြီးထံပြန်လွှတ်လိုက်လေရာ၊ မင်းသား ပြန်ရောက်လာသည်ကိုမြင်လျှင် မိဖုရားကြီးသည် ခရီးဦးကြိုဆိုကာ မင်းကြီးပါလိုက်ပါလာကြောင်း သိရသဖြင့် မင်းချင်းယောကျ်ားတို့ကို မင်းကြီး၏ စေလွှတ်လိုက်လေသည်။

လိုက်သွားကြသော မင်းချင်းယောကျ်ားတို့ ပြန်ရောက်လာကြပြီး မင်းကြီးကို မတွေ့ကြောင်း လျှောက်ထားကြလေလျှင် မိဖုရားကြီးသည် လူအများကိုခေါ်ဆောင်ကာ မြို့သို့ပြန်လာပြီးသော် မင်းသားကို အဘိသိက်သွန်းရှိ မင်းမြှောက်လေသည်။

မင်းကြီးသည် တောကျောင်းခွဲနေလျက် ဝိပဿနာကမ္မဋ္ဌာန်းစီးပြန်းလေရာ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါဖြစ်ပြီးသော် နန္ဒမူလကတောင်သို့ ကြွတော်မူကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏အလယ်၌ နေတော်မူလျက်-

၁၄။ ဧဝံ ဒုတိယေန သဟာမ မယာ၊
ဝါစာဘိလာပေါ အဘိသင်္ခနော ဝါ။
ဧတံ ဘယံ အာယတိံ ပေက္ခမာနော၊
ကေဝ စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေ၏။

ဂါထာ၏အဓိပ္ပာယ်မှာ-

"မင်းသားငယ်နှင့် အတူ နေသောငါ့အား ဆင်းရဲကိုသည်းခံနုံ့ခြောင် ဖျောင်းဖျပြောဆိုရမှု၊ မင်းသားအပေါ်၌ တွယ်တာမှုသည် ဖြစ်ခဲ့ရပေ၏၊ တဖန် ထိုသို့ဖြစ်ပေါ်မှုကို ပစ္စေကဗောဓိ ဉာဏ်ကို တားဆီးတတ်သော ဘေးရန်ဟု ဆင်ခြင်ကာ မင်းသားကို စွန့်လွှတ် ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါဖြစ်ခဲ့လေသည်။ ငါကဲ့သို့ ဖြစ်လိုသော သူသည် ဘချောင်းတည်းသော ကြွံချုံနှင့်တူစွာ တယောက်ထည်းထည်း နေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၁၅။ နှစ်ကြိမ်နှစ်ခါ လူထွက်ပြီးမှ ဗောဓိဉာဏ်ကို ရသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ဝယ် သူဌေးသားတယောက်သည် ငယ်ရွယ်စဉ်ကပင် သူဌေးရာထူးကိုရရှိကာ ဥတုသုံးပါးနှင့်အညီ ဆောက်လုပ်ထားသော ပြာသာဒ်သုံးဆောင်တို့၌ တလှည့်စီ ချမ်းသာစွာ နေထိုင်လေသည်။

ထို သူဌေးသားသည် ရဟန်းပြုလိုစိတ် ဖြစ်ပေါ် လာသဖြင့် မိဘများကိုခွင့်ပန်လေရာ၊ မိဘများက ချစ်သား-သင်သည် နူးညံ့ပျော့ပျောင်းသောသဘောရှိ၏၊ ရဟန်းဘဝဟူသည် ဆင်းရဲလှ၍ လူတိုင်းနေထိုင်ခဲသောဘဝမျိုးဖြစ်သည်၊ ဥပမာဆိုသော် သင်ဓုန်းခားသွားထိပ်၌စကြံ်သွားရသည်နှင့်တူပေ၏ စသည်ဖြင့်အကြောင်းအမျိုးမျိုးပြကာ တားမြစ်ကြလေသည်။

မိဘများက မည်သို့ပင်တားမြစ်သော်လည်း သူဌေးသားကမူ စိတ်မလျော့ဘဲ ရဟန်းပြုခွင့်ကိုသာ တောင်းဆိုမြဲ တောင်းဆိုနေသောကြောင့် သားငယ်ကိုင့်ညှာသော မိဘတို့စေတနာဖြင့် အလိုမတူဘဲ ခွင့်ပြုလိုက်ရလေသည်။

အခွင့်ရလျှင် သူဌေးသားသည် လူအများ ငိုကြွေးကြသည်ကို ပင် ဂရုမစိုက်ဘဲ ဣသိပတနတောသို့သွားကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏အထံတွင် ရဟန်းပြုလုပ်လေသည်၊

ရဟန်းဖြစ်သောအခါတွင် လူဘဝတုန်းကလို ဂုံ-မွှေရာ-ကော်ဇော စသော ကောင်းသောအိပ်ရာ၌ မ အိပ် ရ တော့ ဘဲ ညောင်စောင်းထက်တွင် ဖျာခင်း၍သာအိပ်ရသောကြောင့် တညလုံးလုံးအိပ်၍မပျော်ဘဲ ဆင်းရဲမှုဒဏ်ကို ခံစားရင်းဖြင့်သာ မိုးလင်းသွားလေသည်။

မိုးလင်းပြန်သော် သပိတ်,သင်္ကန်းကိုယူကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့နှင့်အတူ ရှာတွင်းသို့ ဆွမ်းခံဝင်ရပြန်လေသည်။

ဆွမ်းခံရာတွင်လည်း သိက္ခာဝါကြီးသောရဟန်းတို့က ကောင်းမြတ်သော နေရာဦး ဆွမ်းဦးကိုရကြ၍ ရဟန်းငယ်များမှာမူ ယုတ်ညံ့သော နေရာနှင့် ကြမ်းထမ်းသော ဘောဇဉ်များကိုသာရလေ့ရှိကြသည့်အတိုင်း သူဌေးသား ရဟန်းငယ်သည်လည်း နေရာ ကြမ်း

ဆွမ်းကြမ်းကိုသာ ရသဖြင့် ဆင်းရဲမှု ဒဏ်ကို မခံနိုင်အောင် ဖြစ်၍ နေလေသည်။

ထို့ကြောင့် သူဌေးသားသည် နှစ်ရက်,သုံးရက်ရှိလျှင် ညှိုးကြုံ ပိန်လှီ ကိုယ်ရည်မလှဖြစ်ကာ ရဟန်းတို့၏ဒုက္ခကို သည်း မ ခံ နိုင် တော့သဖြင့် မိဘများထံအကြောင်းကြားကာ. လူထွက်သွားလေ သည်။

သူဌေးသားသည် လူဘဝတွင်ကောင်းသောအစားအသောက် တို့ကို စားသောက်ရသဖြင့် ခွန် အား ၇ လ ပြည့်၀ လာ ပြန် လျှင် တဖန် ရဟန်းပြုလုပ်ပြန်လေ၏။

ရဟန်းပြုလုပ်ပြီးနောက် ရဟန်းတို့၏ နေထိုင် စားသောက်ရမှု ဆင်းရဲဒုက္ခကို မခံနိုင်ပြန်လျှင် လူထွက်သွားပြန်လေသည်။

ယင်းသို့ခြင့် သူဌေးသားသည် နှစ်ကြိမ်တိုင်တိုင် လူထွက်ပြီး နောက်သုံးကြိမ်မြောက်ရဟန်းပြုလုပ်သောအခါတွင်ကား ရဟန်း တို့၏ဒုက္ခကို သည်းခံလာနိုင်သည်ဖြစ်၍ လူမထွက်တော့ဘဲ ဝိပဿ နာကမ္မဋ္ဌာန်းကိုပြီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက် လေ၏။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင် တပါးသော ပစ္စေကဗုဒ္ဓါ အ ရှင် မြတ် တို့ ၏ အလယ်၌ နေလျက် ဥ ဒါန်း ကျူး ရင့် သော အနေဖြင့်-

၁၅။ ကာမဟိ စိတြာ မခုရာ မနောရမာ၊
ဝိရူပရူပေန မထေန္တိ စိတ္တံ။
အာဒီနဝံ ကာမဂုဏေသု ဒိသ္မာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော၀ါထာကို ရွတ်ဆိုဟော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ချစ်ခင်သာယာအပ်သော မျှားစ္ဆာသော ကာမဂုဏ် တရား မျှားကိုပုထုဇဉ်လူသားတို့သည် သာယာဘွယ်, ကောင်းမွန်ဘွယ်ဟု ထင်မှတ်ကြကုန်၏၊ ထိုတရားတို့သည် ပုထုဇဉ်လူမိုက်တို့၏ စိတ်ကို ပျော်မွေ့နှစ်ခြိုက်စေသကဲ့သို့ ရဟန်းပြုလိုသောစိတ်ကိုလည်း တားမြစ်ဘတ်ပေ၏ဟုအပြစ်ကိုဆင်ခြင်ကာ ဝိပဿနာဂမ္ဘီရဉာဏ်စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ ဖြစ်လိုသော သူသည် တခြောင်းတည်းသော ကြံခါ့ုနှင့် တူစ္ဆာဘယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟု၍ ဖြစ်လေသည်။

၁၆။ အနာကြီးရောဂါ ဖြစ်ပေါ်မှုကို အာရုံပြု၍ ဝိပဿနာရှုသောပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီးအား အိုင်းအနာပေါက်လေရာ ဆေးဆရာ ဘို့က အရှင်မင်းကြီးဝေဒနာသည် ဆေး လိမ်းရုံဖြင့် မပျောက်ဘဲ ခဲ့စိတ်ကုသမှ ပျောက်ကင်းနိုင်မည်ဟု လျှောက်ထားကြ သဖြင့် ခဲ့စိတ်ကုသ ခံရလေသည်။

ဆေးဆရာမျှားသည် မင်းကြီး၏အနာကို ဓားငယ်ဖြင့် ခွဲ၍ သွေးပြည်ကို ထုတ်ယူပြီးလျှင် ပက်တီးစည်းပေးကာ ရှောင်ရမည့် အစာအာဟာရမျှားကို ရှောင်ကြဉ်ဘို့ရန် လျှောက်ထားကြလေ သည်။

ဆေးဆရာမျှား လျှောက်ထားကြသည့်အတိုင်း ရှောင်ရမည့် အစာ အာဟာရမျှားကို ရှောင်ကြဉ်သဖြင့် မင်းကြီးအနာသည် တနေ့တခြား ညှိုးပိန်လာလေသည်။

မင်းကြီးသည် အနာပျောက်သွားပြီဟုယူဆကာ ရှောင်ရမည့် အစာအာဟာရများကိုမရှောင်တော့ဘဲ ကောင်းမြတ်သောအစာ အာဟာရများကိုသုံးဆောင်သဖြင့် မူလအနာဟောင်းသည် တဖန် ပြန်၍ သွေးပြည်တည်ကာ နာကျင်ကိုက်ခဲ၍ လာလေသည်။

ထိုအခါ မင်းကြီးသည် ဆေးဆရာများကိုခေါ်ကာ ရှေးနည်း အတူ ခဲစိတ်ကုသမှုခံရပြန်လေသည်။

ယင်းသို့ဖြင့် မင်းကြီး၏အနာသည် ပျောက်လိုက်, ပေါ်လိုက် ဖြစ်ပေါ်နေရာ သုံးကြိမ် သုံးခါ ခဲစိတ်ကုသကြသော ဆေးဆရာ များသည် မိမိတို့လျှောက်ထားသော စကားကို မလိုက်နာသဖြင့် မကုသကြတော့ဘဲ ရှောင်လွှဲထွက်ခွာ၍ သွားကြလေသည်။

မင်းကြီးသည် အနာရောဂါနှိပ်စက်ဖန်များသဖြင့် ငြီးငွေ့လာ ပြီးမင်းအဖြစ်ကိုစွန့်ကာ ရဟန်းပြုလုပ်ပြီးလျှင်ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလေရာ ခုနစ်နှစ် ရှိသောအခါတွင် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင်-

၁၆။ ဤတီစ ဂဏ္ဍောစ ဥပဒ္ဒဝေါစ၊
ရောဂေါစ သလ္လဉ္စ ဘယဉ္စ မေတံ။
တေံ ဘယံ ကာမဂုဏေသု ဒိသ္မာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူကာ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေ၏။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ရာဂ စသော ကိလေသာတရား၊သည် အကျိုးမဲ့အောင် လာ ရောက်ဖြစ်ပေါ်တတ်သောကြောင့် ရန်သူဖြစ်သော ညှဉ်းဆဉ်နှင့် လည်းတူပေ၏၊ ထက်ဝန်းကျင်မှ ဖျက်ဆီး တတ် သော ကြောင့်

အိုင်းအနာနှင့်လည်း တူပေ၏၊ အကျိုးမဲ့အောင် လှမ်းမိုးနိုပ်စက်တတ်သောကြောင့် ဥပဒ္ဒဝေါနှင့်လည်း တူပေ၏၊ အကျင့်သီလကို ဖျက်ဆီးတတ်သောကြောင့် အနာရောဂါနှင့်လည်းတူပေ၏၊ ဖြစ်ပေါ်လျှင် နုတ်ပယ်နိုင်ခဲသောကြောင့် မြှားညှောင့်နှင့်လည်း တူပေ၏၊ကြောက်မက်ဘွယ်ကောင်းသောကြောင့် ဘေးရန်နှင့်လည်း တူပေ၏ဟု ဆင်ခြင်ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံ့ချိုနှင့်ဘူစွာ ကယောက်ထည်းထည်းနေ၍သာ ကျင့်ရမည်''ဟူ၍ ဖြစ်လေသည်။

၁၇။ တပ်မက်မှုတဏှာကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည့်ဝယ်ချမ်းသာစွာနေထိုင်လေ့ရှိသော ဗြဟ္မဒတ်မင်းတပါးသည်ရဟန်းပြုလုပ်ပြီးလျှင် တောအရပ်မြက်မိုးကျောင်းတခုတွင် နေထိုင်လေသည်။

ထိုအရပ်သည် လေဟာပြင်ဖြစ်သောကြောင့် အေးချိန်တွင် အလွန်အေးပြီး ပူချိန်ဘွင် အလွန်ပူအိုက်လေ၏၊ ဆွမ်းခံရာတွင်လည်း မျှတအောင်မရရှိဘဲ သောက်ရေမျှကိုပင် ခက်ခဲစွာ ရှာဖွေရသောအရပ် ဖြစ်လေသည်။

ဂဖန် မှက်, ခြင်, ကင်း, သန်း တို့ကလည်း ကိုက်ခဲကြပြန်ရာ ချမ်းသာစွာ နေထိုင်လေ့ရှိသော ထိုရဟန်းသည် ဝတ္ထုကြုံရသော ဘေးရန်များကိုသည်းမခံနိုင်သဖြင့် ဤအရပ်မှယူဇနာခွဲမျှလောက် ဝေးသောအရပ်တခုသည် ပစ္စည်းဥစ္စာပေါများသည့်ပြင်ဘေးရန် ဟူ၍လည်း တခုမျှမရှိပေ။

၎င်းသည် ထိုအရပ်သို့သွား၍ ချမ်းသာစွာနေထိုင်ရမှု လောကုတ္တရာတရားကို ရလိမ့်မည်ထင်၏ဟု အကြံအစည် ဖြစ်ပေါ်လာလေသည်။

ထိုအကြံအစည် ဖြစ်ပေါ်ပြီးသည့်နောက်တွင် ရဟန်းတို့မည်သည် ပစ္စည်းလာဘ်လာဘဌ မက်မောမှု မရှိသင့်ပေ၊ အကယ်၍ မက်မောစိတ် ဖြစ်ပေါ်လာခဲ့သော် တရားဖြင့် ဆုံးမ ပေ သင့် ဟု အကြံအစည် ဖြစ်ပေါ်လာပြန်သောကြောင့် သွားလိုသောစိတ်ကို ဆုံးမကာ ပစ္စည်းဥစ္စာပေါများသော ထိုအရပ်သို့ မသွားတော့ဘဲ နေမြဲအရပ်၌သာနေလေတော့သည်။

တိုရဟန်းသည် သုံးကြိမ်တိုင်အောင် ဖြစ်ပေါ်လာသော သွားလိုစိတ်ကို တားမြစ်၍ နေရင်းအရပ်၌ပင် ခုနစ်နှစ်ဝတ်လုံး နေထိုင်ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ၏။

ပစ္စေကဗုဒ္ဓါဖြစ်ပြီးသော်-

၁၇။ သီတဉ္စ ဥဏ္ဏဉ္စ ခုဒံ ပိပါသံ၊
ဝါတာတပေ ဍံသ သရီသပေစ။
သဗ္ဗာနိ ပေတာနိ အဘိဘ္ဘဝိတ္ဝာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူကာ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံး၌ ဓာတ် ချောက် ချား ခြင်းခြောင့် ဖြစ်ပေါ်သော အေးခြင်း, ပူခြင်း, ဆာလောင် မွတ်သိပ်

ခြင်းနှင့် လေ,နေပူ,မှက်,ခြင်,ကင်းသန်းတို့၏ တွေ့ထိ ကိုက်ခဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဘေးရန်အားလုံးကို ပယ်ဖျောက်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့လေသည်။ဂါ၀ါကဲ့သို့ဖြစ်လိုသောသူသည် တချောင်းတည်းသော ကြွံချိုနှင့်တူစွာ တယောက်ထည်းထည်းနေ၍သာ ကျင့်ရမည်''ဟူ၍ဖြစ်လေသည်။

၁၇။ တကောင်ထည်းသော ဆင်မင်းကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ရှင် မင်းတပါးသည် အနှစ်-နှစ်ဆယ် ကာလပတ်လုံး မင်းပြုလုပ်၍ နေပြီးလျှင် သေလွန်သောအခါ အနှစ်နှစ်ဆယ်ကာလ ၁တ်လုံး ငရဲ၌ ခံရလေသည်။

ယင်းမှဘဖန် စုဒဘပြန်သော် ဟိမဝန္တာတောဝယ် ပြေပြစ်လှပသောကိုယ်ခန္ဓာနှင့် တကိုယ်လုံး ဖြူသောအဆင်း ရှိပြီးလျှင် ဆင်အဝေါင်းကိုအုပ်စိုးရသော ဆင်မင်းဖြစ်လေသည်။

ထိုဆင်မင်းသည် မိမိစားရန် အတွက် ချိုးလိုက်သော သစ်ခက်မှန်သမျှကို ဆင်ငယ်မျှားက လုယက်၍ စားသောက်ကြသည်ပြင် ရေချိုးရာဘုံလည်း ဆင်ငယ်မျှားက ရှုံ့သွန်တို့ဖြင့် လိမ်းကျံကျိစယ်သဖြင့် ငြီးငွေ့လာကာ ဆင်အမျှားခါ လွှတ်ကင်းရာအရပ်သို့ ထွက်သွားလေသည်။

ဆင်အဝေါင်းသည် ရေခြောက်ကိုလျှောက်ကာ ဆင်မင်းနောက်သို့ လိုက်ကြပြန်လေသည်၊

ဆင်မင်းသည် သုံးကြိမ်တိုင်အောင်ထွက်ခွာသွားသော်လည်း

မိမိနောက်သို့ ဆင်အများလိုက်နေကြသဖြင့် ဆင်အများ မလိုက်နိုင်အောင် ရှေးဘဝက မြေးတော်ခဲ့ဘူးသော ဗာရာဏသီမင်း၏ ဥယျာဉ်သို့ ဝင်ရောက်နေထိုင်ဘို့ရန် အကြံအစည် ဖြစ်ပေါ်ကာ ဆင်အများ အိပ်ပျော်နေခိုက်တွင် ဥယျာဉ်သို့ဝင်သွားလေသည်။

ဥယျာဉ်စောင့်သည် ဥယျာဉ်တော်သို့ ဆင်ဖြူတော် ဝင်လာကြောင်းကို မင်းကြီးအား သံတော်ဦးတင်လေရာ၊ မင်းကြီးသည် ဆင်ဖြူတော်ကို ဘမ်းဆီးဘို့ရန် စစ်သည် များစွာဖြင့် ဝိုင်းရံလေသည်။

ဆင်မင်းသည် မင်းကြီးထံဘည့်တည့်လာလေရာ မင်းကြီးသည် မိမိထံလာသော ဆင်ဖြူတော်ကို ပစ်ဘို့ရန် စဉ်းသွားတပ်သော မြှားကိုတင်၍ ချိန်လေသည်။

ထိုအခါ ဆင်မင်းက လူတို့ဘာသာစကားဖြင့် ပြောဆိုသည်မှာ-

ဆင်မင်း။ ။မင်းကြီး - သင်သည် ငါ့ကို မ ပစ် လေ လင့်၊ ငါသည် အခြားသူမဟုတ် သင်၏အဘိုး ဖြစ်ပေ၏။

မင်းကြီး။ ။ဆင်မင်း-သင်သည် အ ဘယ် သို့ ပြောဆိုလေသနည်း၊ သင်သည် အဟိတ် တိရိစ္ဆာန်ဆင်ဖြစ်၍ ငါ၏ အဘိုးသည် လူသားဖြစ်သည်မဟုတ်လော။

ဆင်မင်း။ ။မင်းကြီး သင်ပြောသည်ကား မှန်၏။ သို့သော် ငါသည် ရှေးဘဝက ဤတိုင်းပြည်၌ မင်းဖြစ်ခဲ့၏၊ ယင်းမှ တဖန် ငရဲ၌ခံရပြီးလျှင် ယခုတဖန် ဤဆင်ဘဝ၌ ဖြစ်ခဲ့ရသည်။

ဆင်မင်းသည် ဆက်လက်၍ ဆင်ဘဝ၌နေထိုင်ရပုံအကြောင်းစုံကို ပြောပြလေလျှင် မင်းကြီးသည် ဆင်မင်းကို သနားသဖြင့်

သုံးဆောင် စားသောက်စရာ ပစ္စည်းများကို ပေးကမ်းကာ ဘေးရန် မရှိရအောင် ကောင်းမွန်စွာ စောင့်ရှောက်ထားလေသည်။

တနေ့တွင် မင်းကြီးသည် ဆင်ကျောက်ကုန်းထက်၌ နေစဉ် ဆင်မင်းကိုသတိရလျက် ဤ ဆင်မင်းသည် ရှေးဘဝက အနှစ်နှစ်ဆယ်လုံးလုံး ဤ ဗာရာဏသီပြည်ဝယ် မင်းပြုလုပ်ခဲ့ ပေ၏။ ထိုဘဝမှ တဖန် ငရဲ၌ခံရပြန်၏။ ငရဲမှ လွတ်သောအခါ အဟိတ်တိရိစ္ဆာန်ဆင်မျိုး၌ ဖြစ်ရပြန်၏။ ဆင်ဘဝတွင်လည်း ချမ်းသာစွာ မနေရဘဲ အပေါင်းအဖော်ဆင်များ၏ ထိပါးနှောင့်ယှက်မှုဒဏ်ကို သည်းမခံနိုင်သောကြောင့် ဥယျာဉ်တော်သို့ လာရောက်နေခဲ့ပေ၏။

အပေါင်းအဖော် နှင့် အတူကကွဲနေခြင်းသည် ဆင်းရဲ၍ တယောက်သည်းထည်းနေရခြင်းသာ ချမ်းသာ၊ စွဟု ကြံစည်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းကိုကြိုးသောကြောင့် ဆင်ကျောက်ကုန်းထက်၌ပင် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ၏။

အမတ်များက နန်းတော်သို့ ပြန်ကြသို့ရန် လျှောက်ထားကြလေရာ၊ ငါသည် မင်းမဟုတ် ပစ္စေကဗုဒ္ဓ ဖြစ်လေပြီဟု ပြောဆိုလျက်-

၁၇။ နာဂေါ ယုထာနိ ဝိပဒ္ဒလိတ္တာ၊
သဠာတ ခဒ္ဒာ ပဒုမ ဝဏ္ဏာ။
ယထာဘိရန္တံ ပါဟရံ အရညေ၊
ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပော။

ဟူသောဂါထာကို ရွတ်ဆိုတော်မူကာ ဝန်မထမ်းနိုင်တော်သို့ ကြွသွားတော်မူသေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ကိုယ်ခန္ဓာပြေပြစ်လျှင်၎င်း ဖြူသောအဆင်းရှိသော ဆင်မင်းကြီးသည် အပေါင်းအဖော်ဆင်များကို ရှောင်ခွာ၍ တကောင်ထည်း ပျော်မွေ့စွာ ဥယျာဉ်တော်၌ နေသလို၊ ငါသည်လည်း လူအပေါင်းကိုစွန့်ခွာ၍ တယောက်ထည်းထည်း တောအရပ်၌ နေထိုင်ရမူ ကောင်းလေစွဟု ကြံစည်ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့လေသည်။ ငါကဲ့သို့ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံချိန်နှင့် တူစွာ တယောက်ထည်းထည်းနေ၍သာ ကျင့်ရမည်'ဟူ၍ဖြစ်လေသည်။

၁၉။ အပေါင်းအဖော်ကိုစွန့်ခွာ၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီး၏ သားတော် မင်းသားသည် ငယ်ရွယ်စဉ်ကပင်ရဟန်းပြုလုင်လိုသဖြင့်မိဘတို့ကိုခွင့်တောင်းရာ ပထမအကြိမ်တွင်တားမြစ်ကြသော်လည်း အကြိမ်ကြိမ်တောင်းပန်နေမှုကြောင့် ရဟန်းပြုလုပ်ပြီးလျှင် တခြားအရပ်သို့ မသွားဘဲ ဥယျာဉ်တော်၌သာ နေပါမည်ဟူသော ကတိခံဝန်ချက်ဖြင့် ရဟန်းပြုခွင့်ရရှိလေသည်။

မင်းသားသည် ရဟန်းပြုလုပ်ပြီးလျှင် ဥယျာဉ်တော်၌နေထိုင်လေရာ၊ မိခင်ဖြစ်သော မိဖုရားကြီးသည် နံနက်စောစောကပင် မောင်းမ နှစ်သောင်းခြံရုံလျက် ဥယျာဉ်တော်သို့သွားကာ သားရဟန်းကို ယာဂုနဲ့ဘွယ်တို့ဖြင့် ဆက်ကပ်ပြီးလျှင် မွန်းတည့်ခါနီးမှ နန်းတော်သို့ ပြန်လာသည်။

အဘဖြစ်သော မင်းကြီးကလည်း မိဖုရားကြီး ပြန်လာချိန်တွင် ဆွမ်းခဲဘွယ်များကို ယူဆောင်ကာ ဥယျာဉ်တော်သို့ လာပြီးလျှင် သားရဟန်းကိုလည်းဆက်၀ပ်၊ မိမိလည်း သုံးဆောင်ကာ တနေ့ပတ်လုံးသားရဟန်းနှင့်အတူနေပြီးညချမ်းရောက်သောအခါတွင်မှ အစောင့်ယောကျ်ားများကိုထားခဲ့၍နန်းတော်သို့ပြန်လာခဲ့သည်။

ယင်းသို့ဖြင့် နေ့ရောညပါ လူတို့နှင့် ရောနှောလျက် နေသော မင်းသားရဟန်းကိုနန္ဒမူလကတောင်ခ္ခေနေတော်မူသောအာဒီစ္စဗန္ဓု အမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်က မြင်လေရာ၊ ဤမင်းသားသည် ရဟန်း ပြုလုပ်နိုင်ပါသော်လည်း တဏှာ အနှောင်အဖွဲ့ကို မဖြတ်နိုင်သေးပေ၊ တရားအာရုံ ပြကာ ငြိုးငွေ့စေအုံ့ဟု ဆင်ခြင်တော်မူကာ ဥယျာဉ်ဘော်သို့ ကြွလာ၍ ရပ်လျက်နေတော်မူလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွလာဘော်မူခြင်းကို မင်းချင်းတို့က မင်းကြီးအား လျှောက်ထားကြလေလျှင် မင်း ကြီး သည် ၎င်းသားရဟန်းနှင့်အတူ ပျော်ရှင်စွာနေထိုင်ဘို့ရန် အဖော်ရပေပြီဟု မိမိမြောက်၀မ်းသာစွာဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဥယျာဉ်တော်၌ အလိုရှိသလို နေထိုင်ဘို့ရန် လျှောက်ထားကာနေထိုင်စရာကျောင်းကို ဆောက်လုပ် လှူဒါန်းလေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ထိုကျောင်း၌ နေထိုင်ရင်းဖြင့် အခွင့်သာသောနေ့တနေ့တွင် မင်းသားရဟန်းနှင့် စကားပြောဆိုလေသည်။

ပစ္စေကဗုဒ္ဓါ။ ။သင်အည်အဘယ်ကဲ့သို့သောသူဖြစ်သနည်း။

မင်းသားရဟန်း။ ။အရှင်ဘုရား-အ ကျွန်ုပ် သည် ရ ဟန်း ဖြစ်ပါ၏။

ပဇ္ဇေကဗုဒ္ဓါ။ ။ရဟန်းတို့သည် ဘင်လို မဟုတ်ကြပေကုန်။ မင်းသားရဟန်း။ ။အရှင်ဘုရား-ရဟန်းတို့သည်အဘယ်ကဲ့သို့ သဘောရှိကြပါကုန်သနည်း။ ရဟန်းတို့နှင့်မလျောက်ပတ်သော အကျင့်ပ်၏အမှုအရာကား အဘယ်ပါနည်း။

ပဇ္ဇေကဗုဒ္ဓါ။ ။သင်သည် မိမိ၏မလျောက်ပတ်သော အမှုအရာကို မကြည့်ရှုပေ၊ နံနက်အချိန်မှစ၍ ညချမ်းအချိန်တိုင်အောင် သင့်မယ်တော်နှင့်ခမည်းတော်တို့သည် အခြံအရံများစွာဖြင့် လာကာ ဥယျာဉ်တော်ကို မ ဆိတ် ငြိမ်အောင် ပြုလုပ်ကြသလို၊ အစောင့်ယောက်ျားတို့ကလည်း တည်ပတ်လုံး မဆိတ်ငြိမ်အောင် ပြုလုပ်ကြသည် မဟုတ်လော။

ပဇ္ဇေကဗုဒ္ဓါအရှင်မြတ်သည် သိုက်ဆို့ပြောဆိုပြီးလျှင် ရဟန်းတို့၏သဘောကို မင်းသားရဟန်း သိရအောင် ဟိမဝန္တာ တောအရပ်ရှိ ကျောင်းတကျောင်းကို တန်ခိုးတော်ဖြင့် ပြသလေသည်။

မင်းသားရဟန်းသည် ကိုကျောင်းဌ် တကဲမှီပျဉ်ကိုမှီကာ ရပ်၍နေကြကုန်သော ပဇ္ဇေကဗုဒ္ဓါ အရှင်မြတ်တို့ကိုရင်း, စကြံ့သွားရှိ၍ နေကြကုန်သော ပဇ္ဇေကဗုဒ္ဓါအရှင်မြတ်တို့ကိုရင်း, သက်နှီးဆိုးခြင်း သက်နှီးချုပ်ခြင်း စသော တိုသိုအမှု ကိစ္စကို ပြုလုပ် ၍နေကြ ကုန်သော ပဇ္ဇေကဗုဒ္ဓါအရှင်မြတ်တို့ကိုရင်း မြင်ရသလော၊ ဤ အရှင်-မြတ်ဘို့သည် လူမျိုးရှိရာ အရပ်သို့ လာတော်မမူကြကုန်၊ ဤအရှင်မြတ်တို့ကို ရဟန်းတို့ဟူ၍ ခေါ်ဆိုအပ်ပါသလောဟု မေးမြန်းလေသည်။

ပဇ္ဇေကဗုဒ္ဓါအရှင်မြတ်က-

"ဤ အရှင်မြတ်တို့ကို ရ ဟန်း ဟု ၍ ခေါ်ဆိုအပ် ပေကုန်၏။ ရဟန်းဆိုသည်မှာ-ရဟန်းပြုသောအခါမှစ၍ မိမိ၌ မှီခိုအားထား

ရာကို ရရှိအောင် ပြုလုပ်ရန်နှင့် မိမိအလိုရှိသော အရပ်ဒေသကို သွားလာနိုင်အောင် ပြုလုပ်သင့်ပေ၏" ဟု ပြောဆိုကာ ကောင်းကင်၌ရပ်လျက်-

အဌာန တံ သင်္ကိုကာရတဿ၊
ယံ ဖဿယေ သာမယိကံ ဝိမုတ္တိ'။

ဟု-ရွတ်ဆိုတော်မူပြီးလျှင် နန္ဒမူလကတောင်သို့ကြွသွားတော်မူလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွသွားတော်မူလျှင် မင်းသားရဟန်းသည် မိမိကျောင်းသို့ဝင်၍ အိပ်လေသည်။

အစောင့်ယောကျ်ားသည် မင်းသားရဟန်းကား အိပ်လေပြီ၊ ယခုအချိန်တွင် အဘယ်အရပ်မျှသွားတော့မည်မဟုတ်ဟု ထင်မှတ်ကာ စိတ်ချလက်ချ အိပ်ပျော်သွားလေသည်။

မင်းသားရဟန်းသည် အစောင့်ယောကျ်ား အိပ်ပျော်နေချိန်တွင် သပိတ်, သင်္ကန်းကိုယူကာ တောအရပ်သို့သွားပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ကာ နန္ဒမူလကတောင်သို့ ကြွသွားတော်မူလေသည်။

နန္ဒမူလကတောင်သို့ရောက်သောအခါ အကြီးအကဲဖြစ်ဃောပစ္စေကဗုဒ္ဓါက မေးမြန်းသဖြင့်-

၁၉။ အဌာနတံ သင်္ကိုကာရတဿ၊
ယံ ဖဿယေ သာမယိကံ ဝိမုတ္တိ'။
အာဒီစ္စဗန္ဓုဿ ဝစော နိသမ္မ၊
ကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"အပေါင်းအဖော်ဌ မွေ့လျော်သော ပုဂ္ဂိုလ်အား လောကီသမာပတ်တရားကို ရနိုင်သော အကြောင်းအခွင့် မရှိပေဟု ဟောတော်မူသော အာဒီစ္စဗန္ဓုအမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ စကားကို ဆင်ခြင်သုံးသပ်၍ အပေါင်း အဖော်ဌ မွေ့လျော်မှုကို ပယ်စွန့်ကာဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ဖြစ်လိုသောသူသည်တချောင်းတည်းသော ကြွံချိုနှင့် တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၂၀။ ဆင်းရဲကင်းရာ နိဗ္ဗာန်ကို ဆင်ခြင်၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီ ပြည်တွင် ပြည့်ရှင် မင်းတပါးသည် ဆိတ်ငြိမ် ရာအရပ်ဌနေစဉ် လောကဌ အချမ်းစသည်ကို ပယ်ဖျောက်နိုင်သော အပူစသည်ရှိသလို၊ ဝဋ်ဆင်းရဲကိုပယ်ဖျောက်နိုင်သော ဝဋ်ကင်းရာတရား ရှိ-မရှိကို သိလိုသဖြင့် အမတ်များကိုမေးမြန်းလေ၏။

မင်းကြီး။ ။အမတ်တို့-ဝဋ်ဆင်းရဲရှိသလို ဝဋ်ဆင်းရဲ ကင်းရာတရားကို သင်တို့ သိကြကုန်သလော။

အမတ်များ။ ။အရှင်မင်းကြီး-ဝဋ်ဆင်းရဲကင်းရာ တရာ ကို အကျွန်ုပ်တို့ သိကြပါကုန်၏။

မင်းကြီး။ ။အမတ်တို့-သင်တို့သိသော ဝဋ်ဆင်းရဲ ကင်းရာ တရားကား အဘယ်နည်း။

အချို့သောအမတ်များက သတ္တဝါသခ်ါရတရားသည် မပျက်မစီးအမြဲတည်နေ၏-ဟူ၍ ဌင်း၊ အချို့သောအမတ်များက သတ္တဝါ

တယၚက်ိသည်သေသည်ရှိသော် ပြတ်၏, ဆုံး၏-ဟူ၍ၜင်း၊မိမိတို့ ယုံကြည် ယူဆထား၊သော သဿတ, ဥစ္ဆေဒ အယူအဆ မျိုးကို လျှောက်ထားကြလေသည်။

မင်းကြီးသည် ဤအမတ်တို့ကား ဝဋ္ဌဆင်းရဲကင်းရာ တရားကို အဟုတ် အမှန် မသိကြပေ၊ မိစ္ဆာဒိဋ္ဌိ အယူအဆမျိုးသာ ဖြစ်ကြ ပေကုန်၏ဟု သိမြင်လေသည်။

တဖန် မင်းကြီးသည် ကိုယ်ပိုင်ဉာဏ်ဖြင့် ဝဋ္ဌဆင်းရဲရှိလျှင် ဝဋ္ဌ ဆင်းရဲကိုပယ်ဖျောက်တတ်သောတရားသည်အမှန်ပင်ရှိပေရာ၏ဟု သိမြင်ကာ၊ ထိုတရားကို ငါသည် မရမနေ ရှာဖွေတော့အုံ့ဟု ဆုံး ဖြတ်လျက် မင်းအဖြစ်ကိုပယ်စွန့်ကာ ရဟန်းပြုလုပ်ပြီးသော် ဝိပဿ နာ ကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္ဆေကဗုဒ္ဓါ အဖြစ်သို့ရောက် လေသည်။

ပစ္ဆေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္ဆေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌ နေလျက်-

၂၀။ ဒိဋ္ဌိဝိသူကာနိ ဥပါတိဝတ္တော၊
ပတ္တော နိယာမံ ပဋိလဒ္ဓမဂ္ဂါ။
ဥပ္ပန္နဉာဏောမှိ အနညနေယျော၊
ကေနော စရေ ခဂ္ဂဝိသာဏကပ္ပေ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့် ထိုးထွင်း၍ သိအပ် ဖျက်ဆီးအပ်သော ကြောင့် ဝိသူကမည်သော မိစ္ဆာအယူ(၆၂)ပါးကို ပယ်သတ်နိုင် သည့်ပြင် အပါယ်လေးပါးသို့လည်း မကျရောက်စေ တက်သော သော တာပတ္တိ မဂ် ဉာဏ် ကို ရရှိ သဖြင့် ယင်းမှဘဝန် အထက်

မင်ဉာဏ်များကိုပါ ရရှိကာ သစ္စာလေးပါး တရားကို ကိုယ်တိုင် ထိုးထွင်း၍ သိနိုင်သော ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်ရှိခဲ့ပေသည်။ ငါကဲ့သို့ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံ့ချိုနှင့်တူ စွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ဖြစ်လေသည်။

၂၁။ လိုချင်မှုလောဘကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီး၏ ထမင်းချက်သမားသည် ကောင်းမြတ်သော ထမင်းဟင်းလျှာများကို ချက်ပြုတ်၍ ဆက်ကပ်ရလျှင် မင်းကြီးသည် ငါ့အား ဆုလာဘ် ဘဏ္ဍာ များကို ပေးကမ်းပေ ရာ၏ဟု အကြံရသဖြင့် နှစ်သက်ဘွယ်ရှိသော ကောင်းနိုးရာရာ စားဘွယ်ဟင်းလျှာများကို မင်းကြီးအား ချက်ပြုတ် ဆက်ကပ်လေသည်။

• မင်းကြီးမှာ အနှံ့နံ့ရုံမျှဖြင့် စားလိုစိတ် ဖြစ်ပေါ်လာရုံမျှမက ခံတွင်းမှ တံထွေးများပင် ဖြစ်ပေါ်လာပြီးလျှင် သုံးဆောင်သော အခါတွင် နတ်သုဒ္ဓါကို သုံးဆောင်ရသကဲ့သို့ အကြောပေါင်း ခုနှစ်တောင်စိမ့်အောင် အရသာဖြစ်ပေါ်လေသည်။

ထမင်းချက်သမားသည် - မင်းကြီးသည် ငါ့အား ဆုလာဘ်ကို ပေးလိမ့်မည်ဟု မပြတ်ကြံစည်၍နေသကဲ့သို့ မင်းကြီးကလည်း ငါသည် ထမင်းချက်သမားအား ဆုလာဘ်ကို ပေးခဲ့သော် ဗာရာဏသီမင်းကြီးသည် စားသောက်ဖွယ်ရာ အရသာ၌ တပ်မက်မောသောသဘော ရှိပေ၏ဟု ကဲ့ရဲ့သတင်း ဖြောဆိုခြင်းပြုကြ သတ်ဟု ကြံ စည်ကာ မည်သည့်စကားကို မျှ မပြော ဆိုဘဲ သုံးဆောင်မြဲ သုံးဆောင်၍သာ နေလေသည်။

မြော်လင့်ချက် ကြီးစွာထားသော ထမင်းချက်သမား သည် ပဲ့တော်တည်၍ ပြီးဆုံးသွားသော်လည်း မင်းကြီးထံမှ မည်သည့် ဆုလာဘ်ကိုမျှမရသောအခါ ဤမင်းကြီးသည် အရသာကောင်းကို သိတတ်သော လျှာရှိပုံမပေါ်ဟု ကြံစည်ကာ ဒုတိယနေ့တွင် အရသာမရှိသော ထမင်း·ဟင်းလျှာများကို ချက်ပြုတ်၍ဆက်တပ်လေသည်။

မင်းကြီးသည် အရသာမရှိသောဘောဇဉ်ကို သုံးဆောင်ရလေလျှင် ထမင်းချက်သမားကို အပြစ်ဒဏ်ပေးထိုက်၏ဟု သိသော်လည်း အပြစ်ဒဏ်ပေးနေလျှင် သူတပါးတို့ ကဲ့ရဲ့ကြမည်ကို စိုးရိမ်သဖြင့် မည်သို့မျှမပြောဆိုဘဲ သုံးဆောင်ပြန်လေသည်။

ထိုအခါတွင် ဂ မင်းချက်သမား သည် ဤမင်းကြီးကား အကောင်းအဆိုးကို ခွဲခြားမသိလေစွဟု ကြံစည်ကာ မျိုးရိုးကွာ ပစ္စည်းအားလုံးကို ယူဆောင်ပြီးလျှင် ကောင်း၊ မကောင်း၊ ခွဲခြားတော့ဘဲ အနည်းငယ်သောထမင်းဟင်းလျှာကို ဖြစ်သလိုချက်ပြုတ်၍ မင်းကြီးကို ဆက်ကပ်လေတော့သည်။

မင်းကြီးသည် ထမင်းချက်သမား၏ အပြုအမူကိုစဉ်းစားကာ အချင်းတို့-လိုချင်မှုလောဘတရားသည်အုံ့ဩဘုယ်ကောင်းလေစွ၊ မြို့ပေါင်းနှစ်သောင်းကို အစိုးရသော ငါမင်းကြီးသည်ပင် ထမင်းချက်သမား၏ လောဘကြောင့် ကျက်သော ထမင်းကိုမျှ မရခဲ့လေစွဟု ပြောဆိုကာ မင်းအဖြစ်ကို ငြီးငွေ့သဖြင့် ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌနေလျက်-

၂၁။ နိုလ္လောလုပေါ နိုက္ကုဟော နိုပ္ပိပါသော၊
နိုက္ခမ္မ နိုဒ္ဓန္ဓကသာဝမောဟော။
နိရာသယော သဗ္ဗလောကေ ဘဝိတ္ဝာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏ အဓိပ္ပာယ်မှာ-

"ငါသည် ရသာရုံ၌ တပ်မက်မောသော သဘောလည်းမရှိ၊ ကောင်းမြတ်သောဘောဇဉ်၌ သာယာဘွယ်ရှိအောင် ပြုပြင်စီရင်ခြင်းလည်းမရှိ၊ ကောင်းမြတ်သော့ဘောဇဉ်၌ မက်မက်မော မောစားလိုသော သဘောလည်းမရှိသည့်ပြင် မောဟတရား၊ ကို ပယ်စွန့်သလို၊ တဏှာ တရား ကို လည်း ပယ် စွန့် ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက် ခဲ့ ပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံ့ခိုင်မှုနှင့် တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၂၂။ ယုတ်မာဝသော အ ဆွေ ခင် ပွန်း ကို အာ ရုံ ပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်၌ ပြည့်ရှင်မင်းတပါးသည် မြို့ကို လှည့်ပတ်ကြည့်ရှုစဉ် စပါးဂိုဒေါင်မျှားမှ စ ပါး ဟောင်း မျှား ကို ထုတ်ဆောင် သယ်ယူနေကြသော လူအမျှားကိုမြင်သဖြင့် အမတ်မျှားကို မေးမြန်းလေသည်။

မင်းကြီး။ ။အမတ်တို့-ဤလူအများသည် အဘယ့်ကြောင့် စပါးဂိုဒေါင်မှစပါးများကိုထုတ်ဆောင် သယ်ယူကြလေသနည်း။

အမတ်များ။ ။အရှင်မင်းကြီး - ယခုအခါနှင်သည် ကောက်စပါးသစ်များ ပေါ်ခါနီးဖြစ်၍ ယင်းကောက်စပါးသစ်များ ကို ထည့်ထား ရန် အ တွက် စပါးဟောင်း များကို ထုတ်ဆောင် သယ်ယူနေကြခြင်း ဖြစ်ပါသည်။

မင်းကြီး။ ။အမတ်တို့ - စစ်သည်ဗိုလ်ပါ ရာထမ်း မှူထမ်း များကို ပေးကမ်းဘို့ရန် မျိုးရိကွာများ ပြည့်စုံစွာ ရှိကြပါရဲ့လား။

အမတ်များ။ ။အရှင်မင်းကြီး-ရာထမ်းမှူထမ်းများအတွက် မျိုးရိကွာ လုံခလောက်စွာရှိပါ၏။

မင်းကြီး။ ။အမတ်တို့-ယင်းသို့ပြည့်စုံမှုရှိလျှင် စပါးဟောင်း များကို အလဟာသမဖြစ်စေဘဲ မရှိနွမ်းပါးသော ဆင်းရဲ သားများကို ပေးကမ်း လှူဒါန်းပေအုံ၊ အလှူမဏ္ဍပ်များ ကို ဆောက်လုပ်ကြကုန်လော။

ထိုအခါ မိစ္ဆာအယူရှိသော အမတ်တယောက်က-

အရှင်မင်းကြီး - ပစ္စည်း ဥစ္စာကို ပေး ကမ်း လှူ ဒါန်း သဖြင့် အကျိုးတရားများကို ရသည်ဟူ၍မရှိပါ၊ ပစ္စည်းဥစ္စာ ကုန်ခန်းရုံ သာ ရှိပါ၏။ အလှူဒါနဆိုသည်မှာ-လူမိုက်တို့ ပညာတ်ထားသော အရာမျှသာ ဖြစ်ပါ၏။

လူမိုက်ဖြစ်စေ၊ လူလိမ်မာဖြစ်စေ သံသရာတခွင်မှာ ကျင်လည်ကြပြီး ဒုက္ခကုန်ဆုံးသောတနေ့တွင် အတူတူပင် ဖြစ်ပါသည်ဟု ပြောဆိုကာ အလှူကို တားမြစ်လေ၏။

မင်းကြီးက သုံးကြိမ်တိုင်အောင် လှုဒါန်းဘို့ရန် ပြောဆိုသလို မိစ္ဆာ အယူရှိသော အမတ်က လည်း သုံးကြိမ်လုံးပင် မလှူဘို့ရန် တားမြစ်လေသည်။

ထိုအခါတွင် မင်းကြီးသည် အို....အချင်းတို့ ငါသည် မိမိပိုင် ပစ္စည်းဥစ္စာကိုပင် ပေးလှူခွင့်မရလေစု၊ ဤမျှ မိုက်မဲသော အဆွေခင်ပွန်းတို့နှင့် ထတူတကွနေသဖြင့် ငါ့အား အဘယ် အကျိုးရှိအံ့နည်း-ဟု ပြောဆိုကာ မင်းအဖြစ်ကို ငြီးငွေ့သဖြင့် ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါ အ ဖြစ် သို့ ရောက် လျှင် မိစ္ဆာဒိဋ္ဌိအမတ်မိုက်ကို ဆုံးမလိုသည်ဖြစ်၍-

၂၃။ ပါပံ သဟာယံ ပရိဝဇ္ဇယေထ၊
အနတ္ထဒဿိံ ဝိသမေ နိဝိဋ္ဌံ။
သယံ နသေဝေ ပသုတံ ပမတ္တံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-
"အကျိုးစီးပွားကို အလိုရှိသော အမျိုးကောင်း သားသည် မိမိကိုယ်တိုင်က ယုတ်မာသည့်ပြင် သူ့တပါးတို့ကိုလည်း အကျိုးမရှိအောင် တိုက်တွန်းတတ်သော အဆွေခင်ပွန်းယုတ်ကို ဝေးစွာ ရှောင်ခွာရမည်။

မိစ္ဆာ အယူရှိသည့်ပြင် ကာမဂုဏ်တရားကိုလည်း လိုက်စားကာ ကုသိုလ်တရားများကို လုံးဝ ပြုလို စိတ် မရှိသော မိတ်ဆွေ

မျှားကိုလည်း မပေါင်းသင်း မဆက်ဆံဘဲ တခြောင်းတည်းသော ကြုံချိုနှင့်အတူ တယောက်ထည်းထည်းနေ၍သာ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၂၄။ ဗဟုသုတရှိလိုမှုကို အာရုံပြု၍ ဝိဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ဝယ် ပြည့်ရှင်မင်းတပါးသည် ရှစ်ဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို နန်းတော်သို့ပင့်ဖိတ်၍ အရှင်ဘုရားတို့သည် အဘယ်အမည် ရှိကြကုန် သနည်းဟု မေးလျှောက်လေသည်။

မင်းကြီး-ငါတို့သည် မျှားသော အကြားအမြင် ရှိကြသောကြောင့် ဗဟုဿုတ အမည်ရှိကြပေကုန်၏ဟု ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က ပြောဆိုကြလေကုန်၏။

မင်းကြီးသည်-ငါသည်ကား တရားစကားကို နာကြားတတ်သောကြောင့် သုတဗြဟ္မဒတ်အမည်ရှိ၏။တရားဟော်ကို နာကြာ။ ရာတွင် ကျေနပ်မှုမရရှိခဲ့သေးသော ငါသည် ဗဟုဿုတ အမည်ရှိသော အရှင်မြတ်တို့အထံမှ ဆန်းကြယ်သော တရား စကားကို နာကြားရပေတော့အုံ့ဟု ဝမ်းမြောက်စွာကြုံစည်လျက် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။

ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးလျှင် မင်းကြီးသည် အကြီးဆုံးဖြစ်သော အရှင်မြတ်ထံကပ်လျက် တရားစကား ဟောကြား ဘို့ရန် လျှောက်ထားလေသည်။

အကြီးဆုံးဖြစ်သောအရှင်မြတ်သည် မင်းကြီး - ချမ်းသာစေသတည်း၊ ရာဂ - ကုန်စေသတည်း ဟု ဟောကြားကာ နေရာမှ ထသွားတော်မူလေသည်။

မဲ့င်းကြီးသည် ဤအရှင်မြတ်ကား ဗဟုသုတ အမည်ရသော ပုဂ္ဂိုလ် ဟုတ်မည် မထင်သေး၊ ဒုတိယမြောက် အရှင်မြတ်သည် ဗဟုသုတ အမည်ရသောပုဂ္ဂိုလ်ဖြစ်လိမ့်မည် ထင်သည်။ နက်ဖြန်မှ ပင် ဒုတိယမြောက်အရှင်မြတ်၏ ဆန်းကြယ်သောတရားစကားကို နာကြားရတော့မည်ဟု ကြံစည်ကာ ပစ္စေကဗုဒ္ဓါ အရှင်မြတ် အားလုံးကို နက်ဖြန်အတွက် ဆွမ်းစားပင့်ဘိတ်လေသည်။

ဒုတိယနေ့တွင် ဒုတိယမြောက် အရှင်မြတ်ကလည်း မင်းကြီး-ချမ်းသာစေသတည်း၊ ဒေါသ ကုန်စေသတည်း-ဟု ဟောကြား ကာ နေရာမှ ထသွားတော်မူသည်။

မင်းကြီးသည် ရှစ်ဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို နေ့စဉ် ဆွမ်းစားပင့်၍ တလှည့်စီ တရားဟောခိုင်းလေရာ-

တတိယမြောက်အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ မောဟ ကုန်စေသတည်း။

စတုတ္ထမြောက်အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ ဂတိ ကုန်စေသတည်း။

ပဉ္စမမြောက် အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ ဘဝကုန်စေသတည်း။

ဆဋ္ဌမြောက်အရှင်မြတ်က မင်းကြီး - ချမ်းသာစေသတည်း၊ ဝဋ်ဆင်းရဲ ကုန်စေသတည်း။

သတ္တမမြောက်အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ ဥပဓိ ကုန်စေသတည်း။

ခြင်းနှင့် လေ,နေပူ,မှက်,ခြင်,ကင်းသန်းတို့၏ တွေ့ထိ ကိုက်ခဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဘေးရန်အားလုံးကို ပယ်ဖျောက်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့လေသည်။ ဂါကဲ့သို့ဖြစ်လိုသောသူသည် တချောင်းတည်းသော ကြံ့ချိုနှင့်တူစွာ တယောက်ထည်းထည်းနေ၍သာ ကျင့်ရမည်"ဟူ၍ဖြစ်လေသည်။

၁၈။ တကောင်ထည်းသော ဆင်မင်းကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ရှင် မင်းတပါးသည် အနှစ်-နှစ်ဆယ် ကာလပတ်လုံး မင်းပြုလုပ်၍ နေပြီးလျှင် သေလွန်သောအခါ အနှစ်နှစ်ဆယ်ကာလပတ်လုံး ငရဲ၌ ခံရလေသည်။

ယင်းမှာဖန် စုဘပြန်သော် ဟိမဝန္တာတောဝယ် ပြေပြစ်လှပသောကိုယ်ခန္ဓာနှင့် တကိုယ်လုံး ဖြူသောအဆင်း ရှိပြီးလျှင် ဆင်အဓိပါဓိုးကိုအုပ်စိုးရသော ဆင်မင်းဖြစ်လေသည်။

ထိုဆင်မင်းသည် မိမိစားရန်အတွက် ချိုးလိုက်သော သစ်ခက်မှန်သမျှကို ဆင်ငယ်များက လုယက်၍ စားသောက်ကြသည့်ပြင် ရေချိုးရာဘွဲ့လည်း ဆင်ငယ်များက ရွှံ့သွန်တို့ဖြင့် လိမ်းကျံကျီစယ်သဖြင့် ငြီးငွေ့လာကာ ဆင်အများ၏ လွတ်ကင်းရာအရပ်သို့ တွက်သွားလေသည်။

ဆင်အဓိပါဓိုးသည် ခြေရာကိုလျှောက်ကာ ဆင်မင်းနောက်သို့ လိုက်ကြပြန်လေသည်။

ဆင်မင်းသည် သုံးကြိမ်တိုင်အောင်ထွက်ခွာသွားသော်လည်း

မိမိနောက်သို့ ဆင်အမျှားလိုက်နေကြသဖြင့် ဆင်အမျှား မလိုက်နိုင်အောင် ရှေးဘဝက မြေးတော်ခဲ့ဘူးသော ဗာရာဏသီမင်း၏ ဥယျာဉ်သို့ ဝင်ရောက်နေထိုင်ဘို့ရန် အကြံအစည် ဖြစ်ပေါ်ကာ ဆင်အမျှား အိပ်ပျော်နေခိုက်တွင် ဥယျာဉ်သို့ဝင်သွားလေသည်။

ဥယျာဉ်စောင့်သည် ဥယျာဉ်တော်သို့ ဆင်ဖြူတော် ဝင်လာကြောင်းကို မင်းကြီးအား သံတော်ဦးတင်လေရာ၊ မင်းကြီးသည် ဆင်ဖြူတော်ကို ဘမ်းဆီးဘို့ရန် စစ်သည် မျှားစွာဖြင့် ဝိုင်းရံလေသည်။

ဆင်မင်းသည် မင်းကြီးထံဘည့်တည့်လာလေရာ မင်းကြီးသည် မိမိထံလာသော ဆင်ဖြူတော်ကို ပစ်ဘို့ရန် စဉ်းသွားတပ်သော မြှားကိုတင်၍ ချိန်လေသည်။

ထိုအခါ ဆင်မင်းက လူတို့ဘာသာစကားဖြင့် ပြောဆိုသည်မှာ-

ဆင်မင်း။ ။မင်းကြီး - သင်သည် ငါ့ကို မ ပစ် လေ လင့်၊ ငါသည် အခြားသူမဟုတ် သင်၏အဘိုး ဖြစ်ပေ၏။

မင်းကြီး။ ။ဆင်မင်း-သင်သည် အ ဘယ် သို့ ပြောဆိုလေသနည်း၊ သင်သည် အဟိတ် တိရိစ္ဆာန်ဆင်ဖြစ်၍ ငါ၏ အဘိုးသည် လူသားဖြစ်သည်မဟုတ်လော။

ဆင်မင်း။ ။မင်းကြီး သင်ပြောသည်ကား မှန်၏။ သို့သော် ငါသည် ရှေးဘဝက ဤတိုင်းပြည်၌ မင်းဖြစ်ခဲ့၏၊ ယင်းမှ တဖန် ငရဲ၌ခံရပြီးလျှင် ယခုတဖန် ဤဆင်ဘဝ၌ ဖြစ်ခဲ့ရသည်။

ဆင်မင်းသည် ဆက်လက်၍ ဆင်ဘဝ၌နေထိုင်ရပုံ အကြောင်းစုံကို ပြောပြလေလျှင် မင်းကြီးသည် ဆင်မင်းကို သနားသဖြင့်

သုံးဆောင် စားသောက်စရာ ပစ္စည်းများကို ပေးကမ်းကာ ဘေးရန် မရှိရအောင် ကောင်းမွန်စွာ စောင့်ရှောက်ထားလေသည်။

တနေ့တွင် မင်းကြီးသည် ဆင်ကျောက်ကုန်းထက်၌ နေစဉ် ဆင်မင်းကိုသတိရလျက် ဤ ဆင်မင်းသည် ရှေးဘဝက အနှစ်နှစ်ဆယ်လုံးလုံး ဤ ဗာရာဏသီပြည်ဝယ် မင်းပြုလုပ်ခဲ့ ပေ၏။ ထိုဘဝမှ တဖန် ငရဲ၌ခံရပြန်၏။ ငရဲမှ လွတ်သောအခါ အဟိတ်တိရိစ္ဆာန်ဆင်မျိုး၌ ဖြစ်ရပြန်၏။ ဆင်ဘဝတွင်လည်း ချမ်းသာစွာ မနေရဘဲ အပေါင်းအဖော်ဆင်များ၏ ထိပါးနှောင့်ယှက်မှုဒဏ်ကို သည်းမခံနိုင်သောကြောင့် ဥယျာဉ်တော်သို့ လာရောက်နေခဲ့ပေ၏။

အပေါင်းအဖော် နှင့် အတူ တကွနေ ခြင်း သည် ဆင်းရဲ၍ တယောက်ထည်းထည်း နေရခြင်းသာ ချမ်းသာ၏ စွဟု ကြံစည်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ဆင်ကျောက်ကုန်းထက်၌ပင် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ၏။

အမတ်များက နန်းတော်သို့ ပြန်ကြားရန် လျှောက်ထားကြလေရာ၊ ဤသည် မင်းမဟုတ် ပစ္စေကဗုဒ္ဓ ပြုပ်လေပြီဟု ပြောကိုလျက် -

၁၇။ နာဂေါ ယုထာနိ ဝိပဒ္ဒယိတ္ဝာ၊
သဠာတ ခဒ္ဒေ ပဒုမီ ဥဒဝါသ။
ယထာသုခံ ရဏ္ဍေ ဝိဟရံ အရညေ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူကာ ပန်းမသေနှုတော်သည် ကြွသွားတော်မူသေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ကိုယ်ခန္ဓာပြေပြစ်လှပ၍ ဖြူသောအဆင်းရှိသော ဆင်မင်းကြီးသည် အပေါင်းအဖော်ဆင်များကို ရှောင်ခွာ၍ တကောင်ထည်း ပျော်မွေ့စွာ ဥယျာဉ်တော်၌ နေသလို၊ ငါသည်လည်း လူအပေါင်းကိုစွန့်ခွာ၍ တယောက်ထည်းထည်း တောအရပ်၌ နေထိုင်ရမှု ကောင်းလေစွဟု ကြံစည်ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့လေသည်။ ငါကဲ့သို့ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံချိန်နှင့် တူစွာ တယောက်ထည်းထည်းနေ၍သာ ကျင့်ရမည်'' ဟူ၍ဖြစ်လေသည်။

၁၉။ အပေါင်းအဖော်ကိုစွန့်ခွာ၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီး၏ သားတော် မင်းသားသည် ငယ်ရွယ်စဉ်ကပင်ရဟန်းပြုလုင်လိုသဖြင့်မိဘတို့ကိုခွင့်တောင်းရာ ပထမအကြိမ်တွင်တားမြစ်ကြသော်လည်း အကြိမ်ကြိမ်တောင်းပန်နေမှုကြောင့် ရဟန်းပြုလုပ်ပြီးလျှင် တခြားအရပ်သို့ မသွားဘဲ ဥယျာဉ်တော်၌သာ နေပါမည်ဟူသော ကတိခံဝန်ချက်ဖြင့် ရဟန်းပြုခွင့်ရရှိလေသည်။

မင်းသားသည် ရဟန်းပြုလုပ်ပြီးလျှင် ဥယျာဉ်တော်၌နေထိုင်လေရာ၊ မိခင်ဖြစ်သော မိဖုရားကြီးသည် နံနက်စောစောကပင် မောင်းမ နှစ်သောင်းခြံရုံလျက် ဥယျာဉ်တော်သို့သွားကာ သားရဟန်းကို ယာဂုခဲဘွယ်တို့ဖြင့် ဆက်ကပ်ပြီးလျှင် မွန်းတည့်ခါနီးမှ နန်းတော်သို့ ပြန်လာသည်။

အဘဖြစ်သော မင်းကြီးကလည်း မိဖုရားကြီး ပြန်လာချိန်တွင် ဆွမ်းခဲဘွယ်များကို ယူဆောင်ကာ ဥယျာဉ်တော်သို့ လာပြီးလျှင် သားရဟန်းကိုလည်းဆက်၊ မိမိလည်း သုံးဆောင်ကာ တနေ့ပတ်လုံးသားရဟန်းနှင့်အတူနေပြီးညချမ်းရောက်သောအခါတွင်မှ အစောင့်ယောကျ်ားများကိုထားခဲ့၍နန်းတော်သို့ပြန်လာခဲ့သည်။

ယင်းသို့ဖြင့် နေ့ရောညပါ လူတို့နှင့် ရောနှောလျက် နေသော မင်းသားရဟန်းကိုနန္ဒမူလကတောင်ခ္ခနေတော်မူသောအာဒိစ္စဗန္ဓု အမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်က မြင်လေရာ၊ ဤမင်းသားသည် ရဟန်း ပြုလုပ်နိုင်ပါသော်လည်း တာဏှာ အနှောင်အဖွဲ့ကို မဖြတ်နိုင်သေးပေ၊ တရားအာရုံ ပြကာ ငြိုးငွေ့စေအုံ့ဟု ဆင်ခြင်တော်မူကာ ဥယျာဉ်ဘော်သို့ ကြွလာ၍ ရပ်လျက်နေတော်မူလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွလာတော်မူခြင်းကို မင်းချင်းတို့က မင်းကြီးအား လျှောက်ထားကြလေလျှင် မင်း ကြီး သည် ငါ့သားရဟန်းနှင့်အတူ ပျော်ရွှင်စွာနေထိုင်ဘို့ရန် အဖော်ရပေပြီဟု ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဥယျာဉ်တော်၌ အလိုရှိသလို နေထိုင်ဘို့ရန် လျှောက်ထားကာနေထိုင်စရာကျောင်းကို ဆောက်လုပ် လှူဒါန်းလေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ထိုကျောင်း၌ နေထိုင်ရင်းဖြင့် အခွင့်သာသောနေ့တနေ့တွင် မင်းသားရဟန်းနှင့် စကားပြောဆိုလေသည်။

ပစ္စေကဗုဒ္ဓါ။ ။သင်အည်အဘယ်ကဲ့သို့သောသူဖြစ်သနည်း။

မင်းသားရဟန်း။ ။အရှင်ဘုရား-အ ကျွန်ုပ် သည် ရ ဟန်း ဖြစ်ပါ၏။

ပစ္စေကဗုဒ္ဓါ။ ။ရဟန်းတို့သည် သင်လို မဟုတ်ကြပေကုန်။ မင်းသားရဟန်း။ ။အရှင်ဘုရား-ရဟန်းတို့သည်အဘယ်ကဲ့သို့ သဘောရှိကြပါကုန်သနည်း။ ရဟန်းတို့နှင့်မလျောက်ပတ်သော အကျွန်ုပ်၏အမှုအရာကား အဘယ်ပါနည်း။

ပစ္စေကဗုဒ္ဓါ။ ။သင်သည် မိမိ၏မလျောက်ပတ်သော အမှုအရာကို မကြည့်ရှုပေ၊ နံနက်အချိန်မှစ၍ ညချမ်းအချိန်တိုင်အောင် သင့်မယ်တော်နှင့်ခမည်းတော်တို့သည် အခြံအရံများစွာဖြင့် လာကာ ဥယျာဉ်တော်ကို မ ဆိတ် ငြိမ်အောင် ပြုလုပ်ကြသလို၊ အစောင့်ယောကျ်ားတို့ကလည်း တည်ပတ်လုံး မဆိတ်ငြိမ်အောင် ပြုလုပ်ကြသည် မဟုတ်ပလော။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုကဲ့သို့ ပြောဆိုပြီးလျှင် ရဟန်းတို့၏သဘောကို မင်းသားရဟန်း သိရအောင် ဟိမဝန္တာ တောအရပ်ရှိ ကျောင်းတကျောင်းကို တန်ခိုးတော်ဖြင့် ပြသလေသည်။

မင်းသားရဟန်းသည် ထိုကျောင်းဌာ် တကဲမှီပျဉ်ကိုမှီကာ ရပ်၍နေကြကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကိုရင်း, စကြ်ိုသွားရှိ၍ နေကြကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကိုရင်း, သက်န်းဆိုးခြင်း သက်န်းချုပ်ခြင်း စသော ထိုထိုအမှုကိစ္စကို ပြုလုပ် ၍နေကြ ကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကိုရင်း မြင်ရလေရာ၊ ဤ အရှင်မြတ်ဘုံသည် လူများရှိရာအရပ်သို့ လာတော်မမူကြကုန်၊ ဤအရှင်မြတ်တို့ကို ရဟန်းတို့ဟူ၍ ခေါ်ဆိုအပ်ပါသလောဟု မေးမြန်းလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က-

"ဤ အရှင်မြတ်တို့ကို ရ ဟန်း ဟု ၍ ခေါ်ဆိုအပ် ပေကုန်၏။ ရဟန်းဆိုသည်မှာ-ရဟန်းပြုသောအခါမှစ၍ မိမိ၌ မှီခိုအားထား

ရာကို ရရှိအောင် ပြုလုပ်ရန်နှင့် မိမိအလိုရှိသော အရပ်ဒေသကို သွားလာနိုင်အောင် ပြုလုပ်သင့်ပေ၏" ဟု ပြောဆိုကာ ကောင်းကင်၌ရပ်လျက်-

အဌာန တံ သင်္ကိုကာရတဿ၊
ယံ ဖဿယေ သာမယိကံ ဝိမုတ္တိ"။

ဟု-ရှတ်ဆိုတော်မူပြီးလျှင် နန္ဒမူလကတောင်သို့ကြွသွားတော်မူလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွသွားတော်မူလျှင် မင်းသားရဟန်းသည် မိမိကျောင်းသို့ဝင်၍ အိပ်လေသည်။

အစောင့်ယောကျ်ားသည် မင်းသားရဟန်းကား အိပ်လေပြီ၊ ယခုအချိန်တွင် အဘယ်အရပ်မျှသွားတော့မည်မဟုတ်ဟု ထင်မှတ်ကာ စိတ်ချလက်ချ အိပ်ပျော်သွားလေသည်။

မင်းသားရဟန်းသည် အစောင့်ယောကျ်ား အိပ်ပျော်နေချိန်တွင် သပိတ်,သင်္ကန်းကိုယူကာ တောအရပ်သို့သွားပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ကာ နန္ဒမူလကတောင်သို့ ကြွသွားတော်မူလေသည်။

နန္ဒမူလကတောင်သို့ရောက်သောအခါ အကြီးအကဲဖြစ်သော ပစ္စေကဗုဒ္ဓါက မေးမြန်းသဖြင့်-

၁၉။ အဌာနတံ သင်္ကိုကာရတဿ၊
ယံ ဖဿယေ သာမယိကံ ဝိမုတ္တိ"။
အာဒီစ္စဗန္ဓုဿ ဝစော နိသမ္မ၊
ကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရှတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ–

"အပေါင်းအဖော်ဌ မွေ့လျော်သော ပုဂ္ဂိုလ်အား လောကီသမ္ပာပတ်တရားကို ရနိုင်သော အကြောင်းအခွင့် မရှိပေဟု ဟောတော်မူသော အာဒီစ္စဗန္ဓုအမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ စကားကို ဆင်ခြင်သုံးသပ်၍ အပေါင်း အဖော်ဌ မွေ့လျော်မှုကို ပယ်စွန့်ကာဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ဖြစ်လိုသောသူသည်တခြောင်းတည်းသော ကြံ့ချိုနှင့် တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

---

၂ ၀။ ဆင်းရဲကင်းရာ နိဗ္ဗာန်ကို ဆင်ခြင်၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်တွင် ပြည့်ရှင် မင်းတပါးသည် ဆိတ်ငြိမ် ရာအရပ်ဌနေစဉ် လောကဌ အချမ်းစသည်ကို ပယ်ဖျောက်နိုင်သော အပူစသည်ရှိသလို၊ ဝဋ်ဆင်းရဲကိုပယ်ဖျောက်နိုင်သော ဝဋ်ကင်းရာ တရား ရှိ-မရှိကို သိလိုသဖြင့် အမတ်များကိုမေးမြန်းလေ၏။

မင်းကြီး။ ။အမတ်တို့-ဝဋ်ဆင်းရဲရှိသလို ဝဋ်ဆင်းရဲ ကင်းရာတရားကို သင်တို့ သိကြကုန်သလော။

အမတ်များ။ ။အရှင်မင်းကြီး-ဝဋ်ဆင်းရဲကင်းရာ တရာ ကို အကျွန်ုပ်တို့ သိကြပါကုန်၏။

မင်းကြီး။ ။အမတ်တို့-သင်တို့သိသော ဝဋ်ဆင်းရဲ ကင်းရာ တရားကား အဘယ်နည်း။

အချို့သောအမတ်များက သတ္တဝါသန်ခါရတရားသည် မပျက်မစီးအမြဲတည်နေ၏-ဟူ၍ ဌင်း၊ အချို့သောအမတ်များက သတ္တဝါ

တယၚက်သည်သေသည်ရှိသော် ပြတ်၏, ဆုံး၏-ဟူ၍ၜင်း၊မိမိတို့ ယုံကြည် ယူဆထားသော သဿတ, ဥစ္ဆေဒ အယူအဆ မျှားကို လျှောက်ထားကြလေသည်။

မင်းကြီးသည် ဤအမတ်တို့ကား ဝဋ္ဌဆင်းရဲကင်းရာ တရားကို အဟုတ် အမှန် မသိကြပေ၊ မိစ္ဆာဒိဋ္ဌိ အယူအဆမျှားသာ ဖြစ်ကြ ပေကုန်၏ဟု သိမြင်လေသည်။

တဖန် မင်းကြီးသည် ကိုယ်ပိုင်ဉာဏ်ဖြင့် ဝဋ္ဌဆင်းရဲရှိလျှင် ဝဋ္ဌ ဆင်းရဲကိုပယ်ဖျောက်တတ်သောတရားသည်အမှန်ပင်ရှိပေရာ၏ဟု သိမြင်ကာ၊ ထိုတရားကို ငါသည် မရမနေ ရှာဖွေတော့အုံ့ဟု ဆုံး ဖြတ်လျက် မင်းအဖြစ်ကိုပယ်စွန့်ကာ ရဟန်းပြုလုပ်ပြီး၊သော် ဝိပဿ နာ ကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္ဆေကဗုဒ္ဓါ အဖြစ်သို့ရောက် လေသည်။

ပစ္ဆေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္ဆေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌ နေလျက်-

၂၀။ ဒိဋ္ဌိဝိသူကာနိ ဥပါတိဝတ္တော၊
ပတ္တော နိယာမံ ပဋိလဒ္ဓမဂ္ဂေါ။
ဥပဿန္တဘဏ္ဍာမိ အနညနေယျော၊
ကေေ စရေ ခဂ္ဂဝိသာဏကပ္ပေ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့် ထိုးထွင်း၍ သိအပ် ဖျက်ဆီးအပ်သော ကြောင့် ဝိသူကမည်သော မိစ္ဆာအယူ(၆၂)ပါးကို ပယ်သတ်နိုင် သည့်ပြင် အပါယ်လေးပါးသို့လည်း မကျရောက်စေ တက်သော သောတာပတ္တိ မဂ် ဉာဏ် ကို ရရှိ သဖြင့် ယင်းမှတဖန် အထက်

မင်ဉာဏ်များကိုပါ ရရှိကာ သစ္စာလေးပါး တရားကို ကိုယ်တိုင်ထိုးထွင်းရှာ သိနိုင်သော ပဇွေကဗုဒ္ဓါအဖြစ်သို့ရောက်ရှိခဲ့ပေသည်။ ငါကဲ့သို့ဖြစ်လိုသောသူသည် တချောင်းတည်းသော ကြံ့ခိုင်နှင့်တူ စွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ဖြစ်လေသည်။

၂၁။ လိုချင်မှုလောဘကို အာရုံပြု၍ ဝိပဿနာရှုသော ပဇွေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီး၏ ထမင်းချက်သမားသည် ကောင်းမြတ်သော ထမင်းဟင်းလျှာများကို ချက်ပြုတ်၍ ဆက်ကပ်ရလျှင် မင်းကြီးသည် ငါ့အား ဆုလာภ် ဘဏ္ဍာများကို ပေးကမ်းပေ ရာ၏ဟု အကြံရသဖြင့် နှစ်သက်ဘွယ်ရှိသော ကောင်းနိုးရာရာ စားဘွယ်ဟင်းလျှာများကို မင်းကြီးအား ချက်ပြုတ် ဆက်ကပ် လေသည်။

မင်းကြီးမှာ အနှံ့နံ့ရှိမျှဖြင့် စားလိုစိတ် ဖြစ်ပေါ်လာရုံမျှမက ခံတွင်းမှ တံထွေးများပင် ဖြစ်ပေါ်လာပြီးလျှင် သုံးဆောင်သော အခါတွင် နတ်သုဒ္ဓါကို သုံးဆောင်ရသကဲ့သို့ အကြောပေါင်း ခုနှစ်ထောင်စိမ့်အောင် အရသာဖြစ်ပေါ်လေသည်။

ထမင်းချက်သမားသည် - မင်းကြီးသည် ငါ့အား ဆုလာภ် ကို ပေးလိမ့်မည်ဟု မပြတ်ကြံစည်၍နေသကဲ့သို့ မင်းကြီးကလည်း ငါသည် ထမင်းချက်သမားအား ဆုလာภ်ကို ပေးခဲ့သော် ဗာရာဏသီမင်းကြီးသည် စားသောက်ဖွယ်ရာ အရသာ၌ တပ်မက်မောသောသဘော ရှိပေ၏ဟု ကဲ့ရဲ့သတင်း ဖြောဆိုခြင်းပြုကြ သတဲ့ဟု ကြံ စည်ကာ မည်သည့်စကားကိုမျှ မပြော ဆိုဘဲ သုံးဆောင်မြဲ သုံးဆောင်၍သာ နေလေသည်။

မြော်လင့်ချက် ကြီးစွာထားသော ထမင်းချက်သမား သည် ပွဲတော်တည်၍ ပြီးဆုံးသွားသော်လည်း မင်းကြီးထံမှ မည်သည့် ဆုလာဘ်ကိုမျှမရသောအခါ၊ ဤမင်းကြီးသည် အရသာကောင်းကို သိတတ်သော လျှာရှိပုံမပေါ်ဟု ကြံစည်ကာ ဒုတိယနေ့တွင် အရသာမရှိသော ထမင်း·ဟင်းလျှာများကို ချက်ပြုတ်၍ဆက်တပ်လေသည်။

မင်းကြီးသည် အရသာမရှိသောဘောဇဉ်ကို သုံးဆောင်ရလေလျှင် ထမင်းချက်သမားကို အပြစ်ဒဏ်ပေးထိုက်၏ဟု သိသော်လည်း အပြစ်ဒဏ်ပေးနေလျှင် သူတပါးတို့ ကဲ့ရဲ့ကြမည်ကို စိုးရိမ်သဖြင့် မည်သို့မျှမပြောဆိုဘဲ သုံးဆောင်ပြန်လေသည်။

ထိုအခါတွင် ထမင်းချက်သမား သည် ဤမင်းကြီးကား အကောင်းအဆိုးကို ခွဲခြားမသိလေစွဟု ကြံစည်ကာ မျိုးရိုးကွာ ပစ္စည်းအားလုံးကို ယူဆောင်ပြီးလျှင် ကောင်း,မကောင်းမခွဲခြားတော့ဘဲ အနည်းငယ်သောထမင်းဟင်းလျှာကို ဖြစ်သလိုချက်ပြုတ်၍ မင်းကြီးကို ဆက်တပ်လေတော့သည်။

မင်းကြီးသည် ထမင်းချက်သမား၏ အပြုအမူကိုစဉ်းစားကာ အချင်းတို့-လိုချင်မှုလောဘတရားသည်အုံ့ဩဘွယ်ကောင်းလေစွ၊ မြို့ပေါင်းနှစ်သောင်းကို အစိုးရသော ငါမင်းကြီးသည်ပင် ထမင်းချက်သမား၏ လောဘကြောင့် ကျက်သော ထမင်းကိုမျှ မရခဲ့လေစွဟု ပြောဆိုကာ မင်းအဖြစ်ကို ငြီးငွေ့သဖြင့် ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌနေလျက်-

၂၁။ နိုလ္လောလုပေါ နိုက္ကုဟော နိုပ္ပိပါသော၊
နိုကွမ္မ နိုဒ္ဓနကသာဝမောဟော။
နိရာသယော သဗ္ဗလောကေ ဘဝိတ္ဝာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏ အဓိပ္ပာယ်မှာ-

"ငါသည် ရသာရုံ၌ တပ်မက်မောသော သဘောလည်းမရှိ၊ ကောင်းမြတ်သောဘောဇဉ်၌ သာယာဘွယ်ရှိအောင် ပြုပြင်စီရင်ခြင်းလည်းမရှိ၊ ကောင်းမြတ်သောဘောဇဉ်၌ မက်မက်မော မောစားလိုသော သဘောလည်းမရှိသည့်ပြင် မောဟတရားကို ပယ်စွန့်သလို၊ တဏှာ တရား ကို လည်း ပယ် စွန့် ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက် ခဲ့ ပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံ့ခိုင်နှင့် တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၂၂။ ယုတ်မာဝသော အ ဆွေ ခင် ပွန်း ကို အာ ရုံ ပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်၌ ပြည့်ရှင်မင်းတပါးသည် မြို့ကို လှည့်ပတ်ကြည့်ရှုစဉ် စပါးဂိုဒေါင်မျှားမှ စ ပါး ဟောင်း မျှား ကို ထုတ်ဆောင် သယ်ယူနေကြသော လူအမျှားကိုမြင်သဖြင့် အမတ်မျှားကို မေးမြန်းလေသည်။

မင်းကြီး။ ။အမတ်တို့-ဤလူအများသည် အဘယ့်ကြောင့် စပါးဂိုဒေါင်မှစပါးများကိုထုတ်ဆောင် သယ်ယူကြလေသနည်း။

အမတ်များ။ ။အရှင်မင်းကြီး - ယခုအချိန်သည် ကောက်စပါးသစ်များ ပေါ်ချိန်ဖြစ်၍ ယင်းကောက်စပါးသစ်များ ကို ထည့်ထား ရန် အ တွက် စပါးဟောင်း များကို ထုတ်ဆောင် သယ်ယူနေကြခြင်း ဖြစ်ပါသည်။

မင်းကြီး။ ။အမတ်တို့ - စစ်သည်ဗိုလ်ပါ ရာထမ်း မှူထမ်း များကို ပေးကမ်းဘို့ရန် မျိုးရိုးကွာများ ပြည့်စုံစွာ ရှိကြပါရဲ့လား။

အမတ်များ။ ။အရှင်မင်းကြီး-ရာထမ်းမှူထမ်းများအတွက် မျိုးရိုးကွာ လုံ့လောက်စွာရှိပါ၏။

မင်းကြီး။ ။အမတ်တို့-ယင်းသို့ပြည့်စုံမှုရှိလျှင် စပါးဟောင်း များကို အလဟာသမဖြစ်စေဘဲ မရှိနွမ်းပါးသော ဆင်းရဲသားများကို ပေးကမ်း လှူဒါန်းပေအုံ၊ အလှူမဏ္ဍပ်များ ကို ဆောက်လုပ်ကြကုန်လော။

ထိုအခါ မိစ္ဆာအယူရှိသော အမတ်တယောက်က-

အရှင်မင်းကြီး - ပစ္စည်း ဥစ္စာကို ပေး ကမ်း လှူ ဒါန်း သဖြင့် အကျိုးတရားများကို ရသည်ဟူ၍မရှိပါ၊ ပစ္စည်းဥစ္စာ ကုန်ခန်းရုံသာ ရှိပါ၏။ အလှူဒါနဆိုသည်မှာ-လူမိုက်တို့ ပညတ်ထားသော အရာမျှသာ ဖြစ်ပါ၏။

လူမိုက်ဖြစ်စေ၊ လူလိမ္မာဖြစ်စေ သံသရာတခွင်မှာ ကျင်လည်ကြပြီး ဒုက္ခကုန်ဆုံးသောတနေ့တွင် အတူတူပင် ဖြစ်ပါသည်ဟု ပြောဆိုကာ အလှူကို တားမြစ်လေ၏။

မင်းကြီးက သုံးကြိမ်တိုင်အောင် လှူဒါန်းဘို့ရန် ပြောဆိုသလို မိစ္ဆာ အယူရှိသော အမတ် က လည်း သုံးကြိမ်လုံးပင် မလှူဘို့ရန် တားမြစ်လေသည်။

ထိုအခါတွင် မင်းကြီးသည် အို....အချင်းတို့ ငါသည် မိမိပိုင် ပစ္စည်းဥစ္စာကိုပင် ပေးလှူခွင့်မရလေစု၊ ဤမျှ မိုက်မဲသော အဆွေခင်ပွန်းတို့နှင့် ထတူတကွနေသဖြင့် ငါ့အား အဘယ် အကျိုးရှိအံ့နည်း-ဟု ပြောဆိုကာ မင်းအဖြစ်ကို ငြီးငွေ့သဖြင့် ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါ အ ဖြစ် သို့ ရောက် လျှင် မိစ္ဆာဒိဋ္ဌိအမတ်မိုက်ကို ဆုံးမလိုသည်ဖြစ်၍-

၂၃။ ပါပံ သဟာယံ ပရိဝဇ္ဇယေထ၊
အနတ္ထဒဿိံ ဝိသမေ နိဝိဋ္ဌံ။
သယံ နသေဝေ ပသုတံ ပမတ္တံ၊
ကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"အကျိုးစီးပွားကို အလိုရှိသော အမျိုးကောင်း သားသည် မိမိကိုယ်တိုင်က ယုတ်မာသည့်ပြင် သူတပါးတို့ကိုလည်း အကျိုးမရှိအောင် တိုက်တွန်းတတ်သော အဆွေခင်ပွန်းယုတ်ကို ဝေးစွာ ရှောင်ခွာရမည်။

မိစ္ဆာ အယူရှိသည့်ပြင် ကာမဂုဏ်တရားကိုလည်း လိုက်စားကာ ကုသိုလ်တရားများကို လုံးဝ ပြု လို စိတ် မရှိသော မိတ်ဆွေ

မျှားကိုလည်း မပေါင်းသင်း မဆက်ဆံဘဲ တခြောင်းတည်းသော ကြံချိုနှင့်အတူ တယောက်ထည်းထည်းနေ၍သာ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၂၄။ ဗဟုသုတရှိလိုမှုကို အာရုံပြု၍ ဝိဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ဝယ် ပြည့်ရှင်မင်းတပါးသည် ရှစ်ဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို နန်းတော်သို့ပင့်ဖိတ်၍ အရှင်ဘုရားတို့သည် အဘယ်အမည် ရှိကြကုန် သနည်းဟု မေးလျှောက်လေသည်။

မင်းကြီး-ငါတို့သည် မျှားသော အကြားအမြင် ရှိကြသောကြောင့် ဗဟုသုတ အမည်ရှိကြပေကုန်၏ဟု ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က ပြောဆိုကြလေကုန်၏။

မင်းကြီးသည်-ငါသည်ကား တရားစကားကို နာကြားတတ်သောကြောင့် သုတဗြဟ္မဒတ်အမည်ရှိ၏။တရား တော်ကို နာကြား ရာတွင် ကျေနပ်မှုမရှိခဲ့သေးသော ငါသည် ဗဟုသုတ အမည်ရှိသော အရှင်မြတ်တို့ အထံမှ ဆန်းကြယ်သော တရား စကားကို နာကြားရပေတော့အုံ့ဟု ဝမ်းမြောက်စွာကြံစည်လျက် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်းဟောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။

ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးလျှင် မင်းကြီးသည် အကြီးဆုံးဖြင့်သော အရှင်မြတ်ထံကပ်လျက် တရားစကား ဟောကြား ဘို့ရန် လျှောက်ထားလေသည်။

အကြီးဆုံးဖြစ်သောအရှင်မြတ်သည် မင်းကြီး - ချမ်းသာစေသတည်း၊ ရာဂ - ကုန်စေသတည်း ဟု ဟော ကြား၊ ကာ နေရာမှ ထသွားတော်မူလေသည်။

မင်းကြီးသည် ဤအရှင်မြတ်ကား ဗဟုသုတ အမည်ရသော ပုဂ္ဂိုလ် ဟုတ်မည် မထင်သေး၊ ဒုတိယမြောက် အရှင်မြတ်သည် ဗဟုသုတ.အမည်ရသောပုဂ္ဂိုလ်ဖြစ်လိမ့်မည် ထင်သည်။ နက်ဖြန်မှ ပင် ဒုတိယမြောက်အရှင်မြတ်၏ ဆန်းကြယ်သောတရားစကားကို နာကြားရတော့မည်ဟု ကြံစည်ကာ ပစ္စေကဗုဒ္ဓါ အ ရှင် မြတ် အားလုံးကို နက်ဖြန်အတွက် ဆွမ်းစားပင့်ဘိတ်လေသည်။

ဒုတိယနေ့တွင် ဒုတိယမြောက် အရှင်မြတ်ကလည်း မင်းကြီး-ချမ်းသာစေသတည်း၊ ဒေါသ ကုန်စေသတည်း-ဟု ဟောကြား ကာ နေရာမှ ထသွားတော်မူသည်။

မင်းကြီးသည် ရှစ်ဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို နေ့စဉ် ဆွမ်းစားပင့်၍ တလှည့်စီ တရားဟောခိုင်းလေရာ-

တတိယမြောက်အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ မောဟ ကုန်စေသတည်း။

စတုတ္ထမြောက်အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ ဂတိ ကုန်စေသတည်း။

ပဉ္စမမြောက် အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ ဘဝကုန်စေသတည်း။

ဆဋ္ဌမြောက်အရှင်မြတ်က မင်းကြီး - ချမ်းသာစေသတည်း၊ ဝဋ်ဆင်းရဲ ကုန်စေသတည်း။

သတ္တမမြောက်အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ ဥပဓိ ကုန်စေသတည်း။

အဌမမြောက် အရှင်မြတ်က မင်းကြီး-ချမ်းသာစေသတည်း၊ တဏှာ ကုန်စေသတည်း-ဟု အသီးသီး တပုဒ်တူ-တပုဒ်ကဲ့ ပြုကာ တရားစကားကို ဟောကြား၍ ကြွသွားတော်မူကြကုန်သည်။

ထိုအခါ မင်းကြီးသည် ဤအရှင်မြတ်တို့သည် ဗဟုသုတ အမည်ရှိကုန်၏ဟု ပြောဆိုကြကုန်သော်လည်း ၎င်းတို့ဟောကြား သော တရားမျှားမှာ ဘာမျှဆန်းကြယ်မှု မရှိကြပေ။

သို့သော် အရှင်မြတ်တို့၏စကားကို စူးစမ်းအပ်ပေ၏ဟု ယူဆ ကာ ရှာဂကုန်စေသတည်း-ဟူသော စကားတရပ်ကို ဆင်ခြင် သုံး သပ်လေသော်၊ ရှာဂ ကုန်လျှင် ဒေါသ, မောဟ တရား နှင့် ကျန် ကိလေသာတရားအားလုံးတို့လည်း ကုန်ဆုံးလေ၏ဟု သိမြင်လေ ရာ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း ဖြစ်လေသည်။

မင်းကြီးသည် ဤအရှင်မြတ်တို့ကားမျှားသောအကြားအမြင် ရှိသော ဗဟုဿုတပုဂ္ဂိုလ်တို့ အစစ်အမှန်ဖြစ်ကြပေကုန်သည်။

ဥပမာဆိုရသော်-ယောကျ်ားတယောက်သည်မြေကြီးကိုဌင်း, ကောင်းကင်ကိုဌင်း လက်ညှိုးထိုး၍ ညွှန်ပြရာ၌ လက်ချောင်းရှိရာ အရပ်ကိုသာ ညွှန်ပြခြင်းမဟုတ်ဘဲ၊ မြေကြီးတခုလုံး, ကောင်းကင် တခုလုံးကို ညွှန်ပြနေသကဲ့သို့ ဤ အရှင်မြတ်တို့သည်လည်း တခု သော အနက်အဓိပ္ပါယ်ရှိသော စကားတခွန်းကို ဟောကြားကြ သော်လည်း တခုသော အနက် အဓိပ္ပာယ်ကိုသာ ညွှန်ပြခြင်း မဟုတ်ဘဲ၊ မျှားစွာသောအနက်အဓိပ္ပာယ်ဟူကို ညွှန်ပြတော်မူကြ ပေကုန်သည်။ မျှားသော အကြားအမြင် ရှိကြပေကုန်စွ။

ငါသည်လည်း ဤအရှင်မြတ်မျှားလို ဘယ်သော အ ခါ မှ ဗဟုဿုတပုဂ္ဂိုလ်ဖြစ်ရပါအုံးနည်း ဟု အကြားအမြင်မျှားမှုကို လို

လားတောင်းတသဖြင့် မင်းအဖြစ်ကိုစွန့်ကာ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌနေလျက်-

၂၄။ ဗဟုဿုတံ ဓမ္မဓရံ ဘဒ္ဒေထ၊
မိတ္တံ ဉဋ္ဌာရံ ပဋိဘာနဝန္တံ။
အညာယ အတ္ထာနိ ဝိနေယျကခ်ံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ပညာရှိသောပုဂ္ဂိုလ်သည် ပိဋကတ်သုံးပုံဟုဆိုအပ်သော ပရိယတ်တရားနှင့် မဂ်,ဖိုလ်,ဝိဇ္ဇာ,အဘိညာဉ်ဟုဆိုအပ်သော ပဋိဝေဓတရား၌ အကြားအမြင်လည်းရှိ၊ မြတ်သောပညာလည်း ရှိသော အဆွေခင်ပွန်းကောင်းကို မှီဝဲဆည်းကပ်ရမည်။ မြတ်သောနိဗ္ဗာန်အကျိုးကို သိမြင်၍ ယုံမှားသံသယကို ပယ်ဖျောက်ကာ ဝိပဿနာကမ္မဋ္ဌာန်းကိုစီးဖြန်းသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်ခဲ့ပေသည်၊ ဇါတိကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်း တည်းသော ကြီချိုနှင့် တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၂၅။ တန်ဆာ ဆင်လိုသော လောဘကို အာရုံ ပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်၌ မိမိကိုယ်ကို လှပအောင် ဝတ်စားဆင်ယင်တတ်သောကြောင့် ဝိဘူသကအမည်ရသော မင်းကြီးသည် နံနက်စောစောကပင် ပဲတော်စာ သုံးဆောင်ပြီးလျှင် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် မိမိကိုယ်ကိုကြည့်ကာ ကောင်းမြတ်သော အဝတ်တန်ဆာတို့ဖြင့် လှသထက်လှအောင် ပြုပြင် ဆင်ယင်၍ နေလေ့ရှိပေသည်။

တနေ့တွင် မင်းကြီးသည် ဝတ်စားဆင်ယင်မှုကိုပြုလုပ်၍မပြီးမီ ပဲတော်တည်ချိန် ရောက်လာသဖြင့် ဦးခေါင်းကို ပုဆိုးဖြင့်ရစ်ပတ်ကာ ပဲတော်စာ သုံးဆောင်ရလေသည်။

ပဲတော်စာ သုံးဆောင်ပြီးလျှင် အိပ်ချင်ပြန်သဖြင့် အိပ်ရာသို့သွားကာ အိပ်ပြန်လေသည်။ အိပ်ရာမှ ထလျှင် တဖန် ဝတ်စားဆင်ယင်မှုကို ပြုလုပ်ပြန်ရာ မပြီးမီ နေဝင်၍သွားပြန်လေသည်။

ယင်းကဲ့သို့ ပြုလုပ်ဖန်များလေသော် မင်းကြီးမှာ ခါးနာရောဂါစွဲကပ်လာလေသည်၊ ထိုအခါတွင် မင်းကြီးသည် သတိသံဝေဂရကာ ငါသည် ဆံ-မုတ်ဆိတ် စသည်ကို ကောင်းမွန်စွာ ပြုပြင်ပေးသောသူရှိပါလျက် ထိုသူဖြင့်ကျွန်ုပ်မှုမရှိဘဲ ကိုယ်တိုင် ပြုပြင်လိုသော လောဘတရားကို ဖြစ်ပေါ်စေခဲ့လေပြီ။

ထိုလောဘဘရားကို ပယ်ဖျောက်ပေကေ,ဘုံဟု ကြံစည်ကာ မင်းအဖြစ်ကို စွန့်၍ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်သွားလေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၂၅။ ခိုင်္ဂံ ရတီ ကာမသုခဉ္စ လောကေ၊
အနလက်ရိတ္ဘာ အနပေက္ခမာနော။
ဝိဘူသဒ္ဒါနာ ဝိရဒေါ သစ္စဝါဒီ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ဤလောကဌ် ကိုယ်နှုတ်တို့ဖြင့် မြူးတူးပျော်ပါး ကစားခြင်း, အာရုံငါးပါး ကာမဂုဏ်တရားတို့ဌ် မေ့လျော်ခြင်းနှင့် ကာမဂုဏ် ချမ်းသာများကိုတန်ဆာခြင်း, ငဲ့ကွက်ခြင်း မပြုလုပ်ဘဲ မှန်သော စကားကို ပြောဆိုကာ ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါဒေါ်ဖြစ်သို့ ရောက်ခဲ့လေသည်။ ငါကဲ့သို့ ဖြစ်လိုသော သူသည်တစေ့ချောင်းတည်းသော ကြံ့ခိုင်နှင့်တူစွာ တယောက်ထည်း ထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၂၆။ မင်းလုပ်ရခြင်းဌ် အကျိုးမရှိပုံကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီးမှာ သားတော်တပါး ရှိလေရာ ထိုသားတော်သည် အဘာဖြစ်သော မင်းကြီးက ထီးနန်းလွှဲအပ်သ ဖြင့် ငယ်ရွယ်စဉ်ကပင် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်၍နေရလေသည်။

ထိုမင်းသည် မင်းစည်းစိမ်ချမ်းသာကိုခံစား၍နေစဉ် ငါသည် မင်းပြုလုပ်၍နေသည်ရှိသော် တခါတရံတွင်ပြည်သူအများဆင်းရဲ ဒုက္ခရောက်ကြသောအမှုကိစ္စများကို ပြုလုပ်မိပေလိမ့်မည်၊ ထိုသို့ ပြုလုပ်မိလျှင် စင်ကြယ်သော အသက်မွေးခြင်း မဖြစ်နိုင်။

ထို့ကြောင့် မင်းပြုလုပ်နေသဖြင့် ကကျိုးရှိမည်မဟုတ်ဟု ကြံစည်ကာ မင်းအဖြစ်ကိုစွန့်၍ ရဟန်း ပြု လုပ် ပြီး လျှင် ဝိပဿနာ ကမ္မဋ္ဌာန်းစီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ အလယ်ဌ နေလျက်-

၂၆။ ပုတ္တဠ္ဠ ဒါရံ ပိတရဠ္ဠ မာတရံ၊
ဓနာနိ ဓညာနိစ ဗန္ဓဝါနိ။
ဟိတ္ဝာန ကာမာနိ ယထောဓိကာနိ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါသည် သား,မယား,မိဘများ နှင့် ဥစ္စာ,ဘဏ္ဍာရတနာ ကောက်စပါး စသော ပစ္စည်းဥစ္စာများ ကိုခွင်း၊ အနဆွဲခပ်ဖွန်းများ နှင့် ကာမဂုဏ် တရားများ ကိုခွင်း ပယ်စွန့်၍ ဝိပဿနာ ကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် [illegible] ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် [illegible] ကြီးချုံနှင့်တူစွာ တယောက်တည်းထည်း [illegible] ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၂၇။ လောဘနောက်သို့လိုက်မိပုံကို ဟောကြားပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်၌ ပါဒလောလ အမည်ရှိသော ပြဟ္မဒတ်မင်းသည် မင်းပြုလုပ်၍နေလေရာ၊ ထိုမင်းသည် နံနက်စောစောကပင်

ပဲ့တော်စာ သုံးဆောင်ပြီးလျှင် ပြာသာဒ်သုံးဆောင်တို့၌ နေကြ၏သော ကခြေသည်မမျှားကိုတလှည့်စီကြည့်ရှု၍ နေလေ့ရှိပေသည်။

ပြာသာဒ်တဆောင်တွင် မိမိထက် နှစ်ဆက်သုံးဆက် ရှေးကြသောမင်းများလက်ထက်မှ ကျန်ရှိခဲ့သော ကခြေသည်မကြီးများ နေထိုင်ကြသည်။

ပြာသာဒ်တဆောင်တွင် မိမိထက် တဆက်သာ ရှေးကြသောမင်းလက်ထက်မှ ကျန်ရှိခဲ့သော မကြီးမငယ် အရွယ်တော် ကခြေသည်မများ နေထိုင်ကြသည်။

ပြာသာဒ်တဆောင်တွင် မိမိလက်ထက် မှ ဖြစ်ပေါ် လာကြသော ငယ်ရွယ်သော ကခြေသည်မကလေးများ နေထိုင်ကြသည်။

မင်းကြီးသည် နံနက်စောစောကပင် ဦးစွာ ငယ်ရွယ်သော ကခြေသည်မကလေးတို့နေထိုင်ရာ ပြာသာဒ်သို့သွားလေရာ ကခြေသည်မကလေးများက မင်းကြီးကို အစွမ်းကုန် သီဆို ကခုန်ဖျော်ဖြေကြလေသည်။

မင်းကြီးသည် ကခြေသည်မကလေးများ၏ ဖျော်ဖြေမှုဖြင့် ကျေနပ်ခြင်း မရှိသောကြောင့် မကြီးမငယ် အရွယ်တော် ကခြေသည်မတို့နေထိုင်ရာ ပြာသာဒ်သို့ သွားပြန်လေသည်။

အရွယ်တော် ကခြေသည်မတို့ကလည်း မင်းကြီးကို အစွမ်းကုန် သီဆိုကခုန် ဖျော်ဖြေကြလေသည်။

ထိုတွင်လည်း မင်းကြီးသည် ကျေနပ်ခြင်းမရှိပြန်သဖြင့် ကခြေသည်မကြီးတို့နေထိုင်ရာ ပြာသာဒ်သို့သွားပြန်လေသည်။

ကခြေသည်မကြီးတို့ကလည်း မင်းကြီးကို အစွမ်းကုန် သီဆိုကခုန် ဖျော်ဖြေကြလေသည်၊ မင်းကြီးသည် ကခြေသည်မကြီးတို့၏ ဖျော်ဖြေမှုကိုလည်း ကျေနပ်မှုမရှိပြန်သောကြောင့် တဖန်

ကခ္ပေသည်မကလေးတို့ နေထိုင်ရာ ပြာသာဒ်သို့ သွား ပြန်လေသည်။

ဤသို့ဖြင့် မင်းကြီးသည် နေထိုင်ရာပြာသာဒ်တဆောင်မှ ပြာသာဒ်တဆောင်သို့ ကူးပြောင်းသွားလာ ကြည့်ရှုပါသော်လည်း ဘယ်နေရာမှာမှ ကျေနပ်မှု မရရှိခဲ့ပေ။

ထိုအခါတွင် မင်းကြီးသည် ငါသည်ကား-အတိုင်းအရှည် မရှိသော လောဘတရားကို တိုးပွားစေခဲ့ လေပြီ၊ လောဘတရားကို မပယ်ဖျောက်နိုင်လျှင် အပါယ်သို့ ကျရောက်ရလတံ့။

ထို့ကြောင့် လောဘတရားကို ပယ်ဖျောက်ပေတော့အုံ့ဟု ကြံစည်ကာ မင်းအဖြစ်ကိုပယ်စွန့်၍ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၂၇။ သင်္ခါ ဧသော ပရိတ္တာမေတ္ထ သောခ်ု၊
အပ္ပသာဒေါ ဒုက္ခမေဝေတ္ထ ဘိယ္ယော။
ဂဠ္ဍော ဧသော ဣတိ ဥတ္ဘာ မတိမာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ဆင်သည် နှုံညှင်း၌ နစ်မြှုပ်သကဲ့သို့ ပုထုဇဉ် သတ္တဝါအများသည် အာရုံငါးပါး ကာမဂုဏ်တရား၌ ကပ်ငြိတတ်သောသဘောရှိပေ၏၊ အာရုံငါးပါးကိုခံစားခြင်းချမ်းသာသည် လျှပ်စင်ပြက်၍ လင်းခိုက်အချိန်တွင် ကခ္ပေသည်မကို ကြည့်ရှုသလို အခိုက်အတန့်

အနည်းငယ်မျှသာ ရှိပေ၏။ အာရုံငါးပါး ကာမဂုဏ်တရားသည် သာယာဘွယ် နည်းသလောက် ဆင်းရဲဘွယ် များပေ၏၊ အာရုံ ငါးပါးကို မက်မောသောတဏှာတရားသည် သာယာဘွယ်ကိုပြု၍ ဆွဲငင်တတ်သောကြောင့် ငါးမျှားချိတ်နှင့်တူပေ၏ဟု သိမြင်သော ပညာရှင်သည် အာရုံငါးပါး ကာမဂုဏ်တရားကို ပယ်စွန့်၍ တခြောင်းတည်းသော ကြံ့ခိုနှင့်တူစွာ တယောက်ထည်းထည်း နေ၍သာ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၂၇။ တောမီး နှင့် ငါး ကြီး ကို အာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ကို အုပ်စိုးသောမင်းတပါးသည် စစ်မြေပြင်သို့ သွားသောအခါ တဘက်စစ်သည်ကို မအောင်မြင်ဘဲ ပြန်လာလေ့ မရှိသကဲ့သို့၊ ကိစ္စဟာခုခုကိုဆောင်ရွက်ရာတွင်လည်း ယင်းကိစ္စ မပြီး ဆုံးဘဲ ပြန်လာလေ့ မရှိသောကြောင့် အနိုဝတ္ထု ဗြဟ္မဒတ် မင်းဟု အမည်တွင်လေသည်။

ထိုမင်းသည် ဂန္ဓေ ဥယျာဉ်တော်သို့သွားစဉ် တောမီးသည် မြက်စို,မြက်ခြောက် စသည်မျှားကို လောင်ကျွမ်းလျက် နောက်သို့ မဆုတ်ဘဲ ရှေ့သို့တိုးရှိသော လာသည်ကို မြင်တွေ့ရ လေသည်။

ထိုအခါ မင်းကြီးသည် ဤတောမီးသည် နောက်သို့မဆုတ်ဘဲ ရှေ့သို့တိုးရှိသော လောင်လာသကဲ့သို့၊ ရာဂ,ဒေါသစသောမီးသည် လည်း သတ္တဝါအများကိုလောင်ကျွမ်းကာ ဆင်းရဲဒုက္ခကိုတိုးပွား ဖြစ်ပေါ်စေတတ်ပေသည်။

ဤ တောမီးသည် မြက်စို,မြက်ခြောက် စသည်မျှားကို လောင် ကျွမ်းသကဲ့သို့, ငါသည်လည်း အရိယာမဂ် တည်းဟူသော မီးဖြင့်

ကိုလေသာ တရားများကို လောင် မြိုက် ဖျက် ဆီး ကာ သွားရမှု ကောင်းလေစွ ဟု ကြံစည်မိလေသည်။

ထိုမှတဖန် အနည်းငယ် သွားပြန်ရာ မြစ်တွင်းဝယ် ငါးကြီး တကောင် ပိုက်ကွန်ကိုဖောက်ဖျက်၍ထွက်သွားလေပြီဟု ပြောဆို ကြသောတံငါသည်တို့၏စကားကိုကြားရပြန်လျှင် ငါသည်လည်း ထိုငါးကြီးလို ကွန်ယက်နှင့်တူသော တဏှာကို ဖျက်ဆီး၍ သွား နိုင်မှုကောင်းလေစွဟု ကြံစည်မိပြန်လေသည်။

ယင်းသို့ဖြင့် မင်းကြီးသည် တောမီးနှင့်ငါးကြီးကိုအာရုံပြုကာ မင်းအဖြစ်ကိုပယ်စွန့်၍ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလင်္ကာရ နေလျက်-

၂၀။ သန္ဒာလယိတ္ဌာန သံယောဇနာနိ၊
ဇာလံဝ ဘေတ္ဝာ သလိလမ္ဘုစာရီ။
အဂ္ဂိဝ ဒဟုံ အနိဒ္ဓမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါးကြီးသည် တံငါသည်တို့၏ ပိုက်ကွန်ကို ဖောက်ထွက်၍ သွားသလို၊ တောမီးသည် နောက်သို့ဆုတ်ကာ ဓာတုကို ကိုင်၍သော လောင်ကျွမ်းလာ သလို၊ သတ္တဝါအများကို ဆင်းရဲကြွေ ရောက် အောင် ချည်နှောင်ထားတတ်သော သံယောဇဉ် တရားများကို ပယ်ဖြတ်၍ ဝိပဿနာကမ္မဋ္ဌာန်းစီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ဖြစ်လိုသောသူသည်တခြောင်း

ဘည်းသော ကြွံချိုနှင့်တူစွာ တယောက်ထည်းထည်း နေ၍သာ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၂၉။ သူမယားကို စွဲလမ်းမိပုံကို အာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်တွင် စက္ခုလောလဗြဟ္မဒတ် အမည် ရှိ သော မင်းသည် နေ့စဉ် ကခြေသည်မများကို မပြတ်ကြည့်ရှု၍ နေလေ့ ရှိပေသည်။

ထိုမင်းသည် နန်းတော်တွင်းရှိ ကခြေသည်မများကို ကြည့်ရှု ရရုံဖြင့်မကျေနပ်သည်ဖြစ်၍တခြားဒေသရှိကခြေသည်မများကိုပါ သွားရောက်ကြည့်ရှုကာ တနေ့တခြား တဏှာရာဂ တိုးပွားနေ လေသည်။

တနေ့တွင် ထိုမင်းသည် ကခြေသည်မများကို ကြည့်ရှုရန်လာ သော လင်ရှိမယားတယောက်ကို မြင်တွေ့လေလျှင် စွဲလမ်းတပ် မက်စိတ် ဖြစ်ပေါ်လာလေသည်။

သို့သော် မကြာခင် သတိသံဝေဂရကာ ငါသည် ဤကဲ့သို့ သူ ဘပါးမယားကို စွဲလမ်းတပ်မက်ခြင်း တဏှာတရား တိုးပွားနေခဲ့ သော် အပါယ်လေးပါးသို့ ကျရောက်ပေလတ္တံ့။

ထို့ကြောင့် စွဲလမ်းမက်မောသောတဏှာတရားကို ပယ်ဖျောက် တော့အုံ့ဟုကြံစည်ကာ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌ နေလျက်-

၂၉။ သြက္ခိတ္တစက္ခု။ နစပါဒလောလော၊
ဂုတ္တိန္ဒြိယော ရက္ခိတမာနသော နော။
အနဝဿုတော အပရိဋ္ဌယ္ဟမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါသည် မျက်လွှာကိုအောက်သို့ချကာ လော်လီသော အားဖြင့် ထိုထိုအရပ်ဒေသသို့မသွားဘဲ မျက်စိ,နား,နှားခေါင်း,လျှာ, ကိုယ်, စိတ်မျှားကို ကိုယ်လသာ မဖြစ်အောင် စောင့်ထိန်း လျက်အတွင်းအပ နှစ်ဌာနဌ ကိုယ်သာမီး မလောင်ကျွမ်းရအောင် စိတ်ကိုဆုံးမကာဝိပဿနာကမ္မဋ္ဌာန်းစီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် ဘချောင်းတည်းသော ကြံ့ခိုင်နှင့်တူစွာ တယောက်ထည်းထည်း နေ၍ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၃၀။ သစ်နှစ်ပင်ကို အာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်တွင် ဓာတုမာသိကဗြဟ္မဒတ် အမည်ရှိသော မင်းတပါးရှိလေရာ ထိုမင်းသည် လေးလတကြိမ် မြူးတူးပျော်ပါးကစားရန် ဥယျာဉ်တော်သို့ သွားလေ့ရှိသည်။

ထိုမင်းသည် တနေ့ဘွဲ့ ဥယျာဉ်တော်သို့ သွားသောအခါ ဥယျာဉ်တံခါးအနီးဌ အဖူးအပွင့်တို့ဖြင့် စည်ကားဝေဆာ၍ နေသော ပင်လယ်ကသစ်ပင်ကိုမြင်လျှင် ပန်းတပွင့်ကို ဆွတ်ခူးကာ ဥယျာဉ်တော်သို့ ဝင်လေသည်။

ဆင်ကျောက်ကုန်းထက်၌ မင်းကြီးနှင့်အတူလိုက်ပါလာသော အမတ် တယောက်ကလည်း ပန်းတပွင့်ကို ဆွတ်ခူးပြန်လေ၊သည်။

သည်တွင်မက လိုက်ပါလာကြသော စစ်သည်ဗိုလ်ပါ အများကလည်း မိမိတို့လက်လှမ်းမှီရာ ပန်းပွင့်များကို ဆွတ်ခူးကြပြန်လေသည်။

အချို့ကမူအပွင့်ကိုသာမကအရွက်များကိုပါဆွတ်ခူးယူကြလေသောကြောင့် ပင်လယ်ကသစ်ပင်သည် အရွက်,အပွင့် မရှိတော့ဘဲ အရိုးကဲ့ကဲ့မျှသာ ကျန်ရစ်လေတော့သည်။

မင်းကြီးသည် ညနေစောင်းအချိန် ဥယျာဉ်တော်မှ ပြန်ထွက်လာရာ အရွက်,အပွင့်မရှိတော့ဘဲ အရိုးကဲ့ကဲ့ သာကျန်ရှိနေသော ပင်လယ်ကသစ်ပင်နှင့် ၎င်း၏အနီးအနားတွင် အဖူး,အပွင့် မရှိဘဲ အရွက်များတို့ဖြင့်သာ စည်ကားရှိနေသော ပင်လယ် ကသစ်ပင်ကို မြင်လေသည်။

ထိုသို့ သစ်နှစ်ပင်ကိုမြင်လေလျှင် ဤသစ်ပင်သည် အဖူး,အပွင့်တို့ဖြင့် စည်ကားနေသဖြင့် လူအများနှစ်သက်ကြသည်၊ လူအများနှစ်သက်ကြသဖြင့် ပျက်စီးခြင်းသို့ ရောက်ရပေသည်။

ဤသစ်ပင်မှာမူ အဖူး,အပွင့်မရှိသောကြောင့် လူအများ မနှစ်သက်ကြပေ၊ ထို့ကြောင့် ပျက်စီးခြင်းသို့ မရောက်ရပေ။

မင်းပြုလုပ်ရခြင်းသည် အဖူး,အပွင့်ရှိသော သစ်ပင်နှင့် တူ၍ လောဘတရား တိုးပွားရန်သာ ဖြစ်ပေသည်။

ရဟန်းပြုလုပ်ရခြင်းသည်ကား အဖူး,အပွင့်မရှိသော သစ်ပင်နှင့်ဘူသဖြင့် လောဘတရား နည်းပါးရန်သာ ဖြစ်ပေ၏ဟု သစ်နှစ်ပင်ကို အာရုံပြုကြံစည်ကာ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာ

ကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌ နေလျက်-

၃၀။ သြဟာရယိတ္ဝာ ဂိဟိဗျဉ္ဇနာနိ၊
သဏ္ဌာနပတ္တော ယထာ ပါရိဆတ္တော။
ကာသာယ ဝတ္ထော အဘိနိက္ခမိတ္ဝာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏ အဓိပ္ပာယ်မှာ-

"ငါသည် အဖူး, အပွင့်တို့ဖြင့် စည်ကား လှပသော ပင်လယ်ကသစ်ပင်နှင့်တူသော လူ့အသွင်သဏ္ဌာန်ဝတ်ကိုပယ်စွန့်၍ အရှက်တို့ဖြင့် စည်ကားသော ပင်လယ်ကသစ်ပင်နှင့် တူသော ရဟန်းဘဝသို့ ဝင်ရောက်ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်၊ ငါ့ကဲ့သို့ ဖြစ်လိုသောသူသည် ဘချောင်းတည်းသော ကြွေချိုနှင့် တူစွာ တယောက်ထည်းထည်း နေ၍ ကျင့်ရမည်"ဟု၍ ဖြစ်လေသည်။

၃၁။ ရသတဏှာကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေ က ဗုဒ္ဓါ

ဗာရာဏသီပြည်ကို အုပ်စိုးသောမင်းတပါးသည် အမတ်သားမျှားစွာနှင့်အတူ ဥယျာဉ်တွင်းရှိ ရေကန်ဝယ် ရေကစား၍နေစဉ် ထမင်းချက်သမား သည် အသားအားလုံးတို့ကို ရောစပ်၍ အရသာရှိအောင်ချက်ပြုတ်ကာမင်းကြီးကိုပွဲတော်စာဆက်ကပ်လေသည်။

မင်းကြီးသည် ပွဲတော်စာ အရသာကို အလွန် တပ်မက်မော သည်ဖြစ်၍ တစုံတခုသော စားသောက်ဘွယ်ကို မည်သူ တဦး တယောက်ကိုမျှ မပေးဘဲ မိမိချည်းသာ သုံးဆောင်လေသည်။

ရှေးအခါက မိမိနှင့်အတူ သုံးဆောင်ဘူးသော ပုဂ္ဂိုလ်များ အနက် တဦးတယောက်ကိုမျှ သတိမရရှိခဲ့ပေ။

ယင်းသည်နောက် စဉ်းစားဉာဏ်ဖြစ်ပေါ်လာသောအခါတွင် ငါသည် မကောင်းသောအမှုကို ပြုမိခဲ့လေပြီ၊ ရသာရုံ၌ တပ်မက်မောသောတဏှာ နှိပ်စက်ခံရသဖြင့် အပေါင်းအဖော်များ ကိုပင် သတိမရနိုင်ဘဲ တယောက်ထည်း သုံးဆောင်မိခဲ့လေပြီ။

ထိုတဏှာကို ပယ်ဖျောက်မှ တော်မည်ဟု ကြံစည်ကာ မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋฐာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၃၁။ ရသေသု ဂေဓံ အကရုံ အလောလော၊
အနညပေါသီ သပဒါနစာရီ။
ကုလေ ကုလေ အပ္ပဋိဗဒ္ဓစိတ္တော၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါသည် ချို, ချဉ်, ငန်, စပ်, ဖန်, ခါး ရသာရုံခြောက်ပါးဌာ ဇဖောက်ပြား လော်လီခြင်းမရှိသည့်ပြင် လုပ်ကျွေးမည့်သူ မရှိဘဲ မိမိတကိုယ်တည်းဖြင့် ခန္ဓာကိုယ် တည်တန့်ရုံသာ သုံးဆောင်ခဲ့

ပေ၏၊ ချမ်းသာဆင်းရဲမခွဲခြားဘဲ အိမ်စဉ်အဘိုင်း ဆွမ်းခံပြီးလျှင် မည်သည့်အမျိုးဌာ်မျှ ကပ်ငြိစိတ် မထားရှိဘဲ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ ပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် တချောင်းတည်းသော ကြံ့ ခိုင်နှင့် တူစွာ တယောက်ထည်းထည်းနေ၍သာ ကျင့်ရမည်'' ဟူ၍ ဖြစ်လေ သည်။

၃၂။ ပထမဈာန်ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေက ဗုဒ္ဓါ

ဗာရာဏသီပြည်ကို အုပ်စိုးသောမင်းတပါးသည် မင်းပြုနေစဉ် အတွင်း သမထကမ္မဋ္ဌာန်းကို အားထုတ်လေရာ ပထမဈာန်ကို ရရှိ လေသည်။

ထိုမင်းသည် ရရှိသောဈာန်ကို မပျောက်ပျက်အောင် စောင့် ရှောက်ရန်အတွက် မင်းအဖြစ်ကို ပယ်စွန့်၍ ရဟန်း ပြုလုပ်ကာ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက် လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌာနေလျက်-

၃၂။ ပဟာယ ပဋ္ဌာဝဝရဏာနိ စေတသော၊
ဥပဂ္ဂိုလေသေ ဗျပနုဇ္ဇ သဗ္ဗေ။
အနိသိတော ဆေဒ္ဒ သိနေဟဒေါသံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏ အဓိပ္ပာယ်မှာ-

"ငါသည် စျာန်,မဂ်စသော ကုသိုလ်စိတ် မဖြစ်ပေါ်အောင် ပိတ်ပင် တားဆီး၍ ထားတတ်သော နိဝရဏတရား ငါးပါးကို သမာဓိဖြင့် ပယ်ခွာသလို သမာဓိစိတ်ကိုပင် ညစ်နွမ်းအောင် နှိပ်စက်တတ်သော လောဘစသော ကိလေသာတရားများကို ဝိပဿနာဖြင့် ပယ်ခွာ ပြီးလျှင် ဘုံသုံးပါး၌ တွယ်တာ ကပ်ငြိတတ်သော တဏှာရာဂကို ပယ်ခွာခဲ့လေသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ဖြစ်လိုသောသူသည် တချောင်းတည်းသော ကြွံချုံနှင့်တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၃၃။ စတုတ္ထစျာန် ကို အာရုံပြု၍ ဝိပဿနာ ရှုသော ပစ္စေကဗုဒ္ဓ၊

ဗာရာဏသီပြည်ကို အုပ်စိုးသော မင်းတပါးသည် မင်းပြုလုပ်နေစဉ်အတွင်း သမထကမ္မဋ္ဌာန်းကို စီးပြန်းသဖြင့် စတုတ္ထစျာန်ကို ရရှိလေသည်။

ထိုမင်းသည် မိမိရရှိသော စျာန်တရားကို မပျောက်ပျက်ရအောင် စောင့်ရှောက်နိုင်ရန်အတွက် မင်း အဖြစ် ကို ပယ်စွန့်၍ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၃၃။ ဝိပိဋ္ဌိကတ္တာန သုခဒုက္ခံ၊
ပုဗ္ဗေစ သောမနဿ ဒေါမနဿံ။
လဒ္ဓါနုပေက္ခံ သမထံ ဝိသုဒ္ဓံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုဘော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ–

"ငါသည် ကိုယ်၌ဖြစ်သော ချမ်းသာမှု, ဆင်းရဲမှု နှင့် စိတ်၌ဖြစ်သော ချမ်းသာမှု,ဆင်းရဲမှုများကို ပယ်စွန့်၍ အလွန်စင်ကြယ်ငြိမ်းချမ်းသောစတုတ္ထဈာန်ကိုရရှိကာ ဝိပဿနာကမ္မဋ္ဌာန်းစီးပြန်းသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်၊ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းဘည်းလော ကြွံချိုနှင့်တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟု၍ ဖြစ်လေသည်။

၃၄။ ဇမ္ဗူဒိပ် တကျွန်းလုံး၌ မင်းဖြစ်အောင် ကြိုးနိုင်သောဥာဏ်ကို အာရုံပြုကာ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

တထောင်မျှလောက်သော စစ်သည်ဗိုလ်ပါရှိသော ပစ္စန္တရာဇ် မင်းတပါးသည် ငါအုပ်ချုပ်ရသော တိုင်းပြည်သည် သေးငယ်သော်လည်း ငါ၏ဉာဏ်ပညာသည်ကား ကြီးမားလှ၏၊ ငါ၏ဉာဏ်ပညာအစွမ်းဖြင့် ကြံစည်လိုက်လျှင် ဇမ္ဗူဒိပ် တကျွန်းလုံးကိုပင် အုပ်စိုးနိုင်ပေ၏ဟု အကြံဖြစ်ပေါ်လေသည်။

ထိုမင်းသည် အကြံဖြစ်ပေါ်သည့်အဘိုင်း တိုင်းဘပါးမင်းထံ ခုနစ်ရက်အတွင်း တိုင်းပြည်ကိုမူလည်း အပ်မည်လော၊ စစ်ကို မူလည်း ထိုးမည်လောဟု တမန် စေလွှတ်လိုက်လေသည်။

တမန်စေလွှတ်ပြီးနောက် အမတ်မျှားနှင့် တိုင်ပင် ဆွေးနွေးလေသည်။

မင်း။ ။အမတ်တို့-ငါသည် သင်တို့ကိုမပြောဆိုမကိုင်ပင်ဘဲ ဤမည်သောမင်းထံ တိုင်းပြည်ကိုမူလည်း အပ်မည်လော၊ စစ်ကိုမူလည်းထိုးမည်လောဟု တမန်စေခိုင်းလိုက်လေပြီ၊ ယခုအခါ ငါတို့ အဘယ်သို့ ပြုလုပ်လျှင် သင့်တော်ကြမည်နည်း။

အမတ်မျှား။ ။အရှင်မင်းကြီး-စေလွှတ်လိုက်သောတမန်ကို ပြန်၍ခေါ်လျှင် ဖြစ်နိုင်ပါသေးသလော။

မင်း။ ။အမတ်တို့- စေလွှတ်လိုက်သော တမန်သည် သွားလေပြီဖြစ်သောကြောင့်ပြန်၍ခေါ်ရန်မဖြစ်နိုင်တော့ပေ။

အမတ်မျှား။ ။အရှင်မင်းကြီး-ဤအတိုင်းဆိုလျှင်အကျွန်ုပ်တို့သည် သူတပါးဝေးဖြင့် အသတ်ခံရတော့မည်၊ သူတပါးဝေးဖြင့် အသတ်ခံရသည်ထက် မိမိကိုယ်ကို မိမိသတ်၍ သေရခြင်းက ကောင်းလေသောကြောင့် အချင်းချင်းရိုက်ပုတ်၍ သေကြကုန်အုံ၊ ကြိုးဆွဲ၍ သေကြကုန်အုံ၊ အဆိပ်စား၍ သေကြကုန်အုံ။

မင်း။ ။အမတ်တို့- သင်တို့ပြောဆိုသော သေခြင်းမျိုးကား အကျိုးမရှိရုံမျှမက သူရဲဘောနည်းသော သူတို့၏ အပြုအမူမျိုးဖြစ်၍ ရှက်ဖွယ်ကောင်းလေစု။

အိုအမတ်တို့-ငါ့မှာ ရဲစွမ်းသတ္တိရှိသော သူရဲကောင်းတွေ ရှိသည်မဟုတ်လော။

ယင်းသို့ မင်းကြီးကပြောဆိုလိုက်လျှင်-

အရှင်မင်းကြီး- အကျွန်ုပ် သူရဲကောင်းပါ ဟု ပြောဆိုကာ တ ထောင် မျှ လောက် သော သူရဲကောင်းတို့သည် ထ၍လာကြ လေ၏။

မင်းကြီးသည်သူရဲကောင်းများကိုစုံစမ်းလိုပြန်၍ ကြီးစွာသော ထင်းပုံကိုပြုလုပ်ခိုင်းပြီးလျှင် အိုသူရဲကောင်းတို့-ငါသည်စစ်တိုက် ဘို့ရန် အကြံအစည် ဖြစ်ပေါ်သည့်အတိုင်း ပြုခဲ့မိလေပြီ၊ ငါ၏ စစ်တိုက်ဘို့ရန်အကြံအစည်ကို အမတ်များကသဘောမတူကြပေ။

ထို့ကြောင့် ငါသည်ထင်းပုံသို့ဝင်၍ သေပေတော့အုံ၊ အဘယ် သူသည် ငါနှင့်အတူ ထင်းပုံသို့ဝင်၍သေရဲကြသနည်းဟု မေးမြန်း လေသည်။

ထိုအခါငါးရာသောသူရဲကောင်းတို့ကအရှင်မင်းကြီး-အကျွန်ုပ် တို့သည် အရှင်မင်းကြီးနှင့်အတူထင်းပုံသို့ဝင်၍ သေကြပါကုန်အုံ့ ဟု ပြောဆိုကြလေသည်။

ဤငါးရာသော သူရဲကောင်းတို့ကမူ အရှင်မင်းကြီး-ထင်းပုံသို့ ဝင်၍ သေပွဲဝင်အုံ့ဟူသော အကြံအစည်သည် ရဲစွမ်းသတ္တိရှိသော ယောကျ်ားတို့၏ အပြုအမူမျိုးမဟုတ်ပါ။

တဘက်မင်းထံ တမန်စေလွှတ်ပြီးသည့်အတွက် အကျွန်ုပ်တို့ သည် စစ်တိုက်ကာဖြင့် သေပွဲဝင်ကြပါကုန်အုံ့ဟု ပြောဆိုကြလေ သည်။

မင်းကြီးသည် သူရဲကောင်းတို့၏စိတ်ဓာတ်ကို သိရသောအခါ အားတက် လာပြီးလျှင် စစ်သည်တို့ ဘုရားပေါင်းကို စုရုံးကာ တဘက်နိုင်ငံ နယ်မြေအတွင်း၌ တပ်စွဲ၍နေလေ၏။

ထိုသတင်းကို တဘက်နိုင်ငံ မင်းကြားလေလျှင် အသေးအမှား မင်းအငယ်စားက ငါ့ကို အံတုဘက်ပြိုင် စစ်ထိုးနိုင် အုံ့လော ဟု

အမျက်ထွက်သဖြင့် မျှားစွာသော စစ်သည်ဗိုလ်ပါ စုရုံးကာ စစ်တိုက်ဘို့ရန် ထွက်လာခဲ့လေသည်။

မျှားစွာသော စစ်သည် ဗိုလ်ပါတို့ဖြင့် ရှေ့နောက်, ဝဲ-ယာ ချီတက်လာသော တဘက်နိုင်ငံမင်းကို ပစ္စန္တရာဇ်မင်းမြင်လေလျှင် မိမိ၏ စစ်သည်ဗိုလ်ပါအပေါင်းကို အုံစစ်သည်အပေါင်းတို့-ငါတို့မှာ စစ်သည်ဗိုလ်ပါ နည်းပါးသည်အတွက် တပ်ဖြန့်ပြီးတိုက်ခိုက်ဘို့ရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် စစ်သည်အားလုံးစုရုံးကြပြီးလျှင် သံလျက်-သားရေကာမျှားတို့ကိုခင်းဆောင်ပြီး ရန်သူမင်း၏ ရှေ့တည့်တည့်ကို ရဲဝံ့စွာထိုးဖောက် တိုက်ခိုက်ကြကုန်လေဟု အမိန့်ပေးလေသည်။

အမိန့်အရ ကြီး စစ်သည်ဗိုလ်ပါအပေါင်းတို့က ရဲပုံ့စွာချီတက်တိုက်ခိုက်ကြလေရာ တဘက်နိုင်ငံမင်း၏စစ်တပ်ကြီးသည် နှစ်ခြမ်းကွဲသွားကာ တဘက်နိုင်ငံမင်းကို အရှင်ဘမ်းမိလေသည်။

ပစ္စန္တရာဇ်မင်းသည် ကောင်းပန်းသဖြင့် တဘက်နိုင်ငံ မင်းကို မသတ်ဘဲ ကျေးဇူးသစ္စာ ကျိန်ဆိုစေပြီးလျှင် မိမိ လက်အောက်ခံ ပြုထားလေသည်။

ပစ္စန္တရာဇ်မင်းသည် ဘမ်းမိသောမင်းနှင့် အတူ ပူးပေါင်းကာ တပါးသောမင်းထံ တိုင် ပြည်ကိုမှလည်း အပ်မည်လော၊ စစ်ကိုမှလည်း ထိုးမည်လောဟု တမန် စေလွှတ်ပြန်လေသည်။

တပါးသောမင်းသည် စစ် မထိုးဝံ့သဖြင့် မိမိ၏ တိုင်းပြည်ကို ပစ္စန္တရာဇ်မင်းအား လွှဲအပ်ရလေသည်။

ဤနည်းဖြင့် ပစ္စန္တရာဇ်မင်းသည် ဗာရာဏသီမင်းကြီးနှင့်တကွ ရှိသမျှမင်းအားလုံးကိုဘမ်းယူကာ ဇမ္ဗူဒီပ်တကျွန်းလုံးကို အုပ်စိုးရ၍ နေလေသည်။

ထိုသို့နေစဉ် ငါသည် ရှေးအခါက ပြည်ငယ်ကလေးကိုသာ အုပ်စိုးခဲ့ရ သော်လည်း ယခုအခါတွင်ကား ငါ၏ဉာဏ်ပညာ ကြီးမား လှသောကြောင့် ဇမ္ဗူဒီပ်တကျွန်းလုံးကိုပင် အုပ်စိုးခဲ့ရ လေပြီ။

ဇမ္ဗူဒီပ်တကျွန်းလုံးကို အုပ်စိုးရအောင် ကြံဆောင်နိုင်သော ဉာဏ်သည် ကြီးမားသည်ဟုဆိုရပြီးသော်လည်း အမှန်မှာ လောကီရေးရာ ဉာဏ်မျှသာ ဖြစ်သဖြင့် သံသရာ ဝဋ္ဋဆင်းရဲမှ မထွက်မြောက်နိုင်သလို စွဲမက်တတ်သော တဏှာတရားကိုလည်း မပယ်သတ်နိုင်ပေ။

ငါသည် ဤလောကီပညာကို အခြေခံပြုကာ လောကုတ္တရာ တရားကို ရှာမှီးရမှု ကောင်းလေဟု အကြံအစည် ဖြစ်ပေါ်လာ သဖြင့် ဗာရာဏသီမင်းကြီးအား မိမိ၏ဆုတောင်းကိုလဲ အပ်ကာ ရဟန်း ပြုလုပ်၍ ဝိပဿနာကမ္မဋ္ဌာန်းပြုနိုးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါ၏ရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၃၄။ အာရဒ္ဓဝိရိယော ပရမတ္တပတ္တိယာ
အလီနစိတ္တော အကုသီဘဝတ္ထု။
ဒဠ္ဍနိက္ကမော ထာမဗလူပပန္နော
ဧကောစရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကို ရွတ်ဆိုဟော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါသည် နိဗ္ဗာန်သို့ရောက်ကြောင်း ဣန္ဒြေကိုပိတ်, ပျက်ခြင်းမရှိဘဲကို မထားဘဲ ပြင်းထန်လွန်ကဲသောဝီရိယဖြင့် အားထုတ်ခဲ့ လေပြီ။

ထိုသို့ ပြင်းထန်သော ဝိရိယတွင် ထက်မြက်သော ဉာဏ်အစွမ်းကို တင်ကာ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းခဲ့သောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်ခဲ့ရပေသည်။ ငါကဲ့သို့ ဖြစ်လိုသော သူသည် တခြောင်းတည်းသော ကြံ့မျှိုနှင့်တူစွာ တယောက်ထည်းထည်း နေ၍ ကျင့်ရမည်"ဟု၍ ဖြစ်လေသည်။

၃၅။ ဘုံသုံးပါးဌာဖြစ်သောအပြစ်ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ကို အုပ်စိုးသော မင်းတပါးသည် မင်းပြုနေစဉ်အတွင်း ဘုံသုံးပါးဌာ ပဋိသန္ဓေနေရခြင်းစသော ဘေးဒုက္ခများကို ရှုမြင်၍ သမထကမ္မဋ္ဌာန်းကိုစီးဖြန်းလေရာ ပထမဈာန်ကို ရရှိလေသည်။

ထိုမင်းသည် မိမိရရှိသောဈာန်ကို မပျောက်ပျက်ရအောင် စောင့်ရှောက်နိုင်ရန်အတွက် မင်းအဖြစ်ကိုပယ်စွန့်ကာ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌာ နေလျက်-

၃၅။ ပဋိသလ္လာနံ ဈာနမရိဉ္စမာနော၊
ဧမေသု ဒုစ္ခံ အနုဝမ္မစာရီ။
အာဒီနဝံ သမ္မသိတာ ဘဝေသု၊
ကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါသည်-ဘုံသုံးပါးဌာ ပဋိသန္ဓေနေရခြင်းစသော ဘေးဒုက္ခများကို ထိတ်လန့် ကြောက်ရွံ့သဖြင့် သတ္တဝါ သခင်ရတို့မှ ဝေးအောင်ဖဲခွာပြီးလျှင် ဝိပဿနာရှုထိုက်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အမြဲမရှိ စသည်ဖြင့် ရှုဆင်ခြင်သောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေ သည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံ့ခိုင်နှင့်တူစွာ တယောက်ထည်းထည်း နေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၃၆။ လင်ရှိမယားဌာ စွဲလမ်းသောတဏှာကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ရှင် မင်းတပါး သည် ကြီးကျယ် များပြားသော မင်းခမ်းမင်းနားဖြင့် မြို့ကိုလက္ခဏာရစ် လှည့်လည်ကြည့်ရှုလေရာ၊ တိုင်းသူပြည်သား လူအများသည် မင်းတို့၏အသရေနှင့် ကျက်သရေရှိလှသော မင်းကြီးကို အားမရနိုင်၊ တင်းမတ်မနိုင် သောစိတ်ဖြင့် သူ့ထက်ငါ တိုးဝှေ့၍ကြည့်ရှုကြလေသည်။

လောကီ လူသားတို့မှာ ဘုရားရှင်ကို ဖူးမြင်ရသောအခါ၌ ဖြစ်စေ၊ လပြည့်ဝန်းကို ကြည့်ကြသောအခါ၌ဖြစ်စေ၊ တိုင်းပြည် သခင် ဘုရင်မင်းကို တွေ့မြင်ရသောအခါ၌ဖြစ်စေ၊ မဟာသမုဒ္ဒရာ ကို တွေ့မြင်ကြသောအခါ၌ဖြစ်စေ ကြည့်ရှု၍ အားမရနိုင်၊ တင်း မတိမ်နိုင်ကြသည်မှာ လောက၏အစဉ်အလာတခု ဖြစ်လေသည်။

ယင်းသို့ မင်းကြီးကို ကြည့်ရှုကြသော သူတို့တွင် ပြာသာဒ်ထက် လေသာတံခါးကိုဖွင့်ကာ ကြည့်ရှုနေသော သူ့ကြယ်၏ မယားတယောက်လည်း အပါအဝင်ဖြစ်လေသည်။

မင်းကြီးသည် သူကြွယ်၏ မယားကို မြင်လေ လျှင် ချစ်ခင်စဲ့လမ်းသောစိတ် ဖြစ်ပေါ် လာသ ဖြင့် အမတ်ဘယောက်ကို ခေါ်ကာ လင်ယောကျ်ားရှိ-မရှိ စုံစမ်းခိုင်းလေသည်။

အမတ်သည် စုံစမ်း ပြီးလျှင် လင်ရှိ မိန်းမ ဖြစ်ကြောင်း ကို မင်းကြီးအား သံတော်ဦးတင်လေသည်။

မင်းကြီးသည် သတိသံဝေဂရကာ ငါသည် မိမိပိုင်ဆိုင်သော နှစ်သောင်းသော ကချေသည်မများ၌ ကျေနပ်မှုမရှိဘဲ သူတပါး ပိုင် လင်ရှိမယ်းအပေါ်၌ လွန်ကဲသောတဏှာတရားကို ဖြစ်ပွားစေခဲ့လေပြီ။

ယင်းတဏှာကိုမပယ်ဖျောက်နိုင်လျှင် အပါယ်ဘုံသို့ကျရောက်ရပေအုံ့ဟု ကြံစည်ကာ လင်ရှိမယားခ၌ စဲ့လမ်းသော တဏှာကို အာရုံပြုပြီးလျှင် မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြုလုပ်ကာ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၃ ၆။ တဏှာကွယံ ပတ္ထယမပ္ပမတ္တော၊
အနေဇမ္ဘေ ဝါ သုတဝါ သတိမာ။
သခ်ါတ မမ္မော နိယတော ပဝေနဝါ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါသည် ကာမဂုဏ် ဘုံဘဝများကို ခုံမင်စဲ့လမ်းတတ်သော တဏှာ၏ ကုန်ခန်းရာ နိဗ္ဗာန်ချမ်းသာကို လိုချင်လှသဖြင့် မမေ့

မလျော့သော သတိ၊ အပြစ်မရှိသော စကားကို ပြော ဆိုတတ်သောပညာ၊ ချမ်း သာ အောင် ဆောင် ရွက် နိုင်သော အကြားအမြင်စသော ကရားများနှင့် ပြည့်စုံလျက် ထက်မြက်သောဝီရိယဖြင့် ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်။ ငါကဲ့သို့ ဖြစ်လိုသော သူသည် တခြားတည်းသော ကြွံချိုနှင့်တူစွာ တယောက်သက်ထည်းနေ၍ ကျင့်ရမည်''ဟု၍ ဖြစ်လေသည်။

၃၇။ ခြသေ့, လေ, ကြာ တို့ကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်း၏ ဥယျာဉ်တော်သည် နန်းတော်နှင့်ဝေးကွာသောအရပ်၌ တည်ရှိလေရာ ဥယျာဉ်တော်သို့သွားလျှင် နံနက်စောစောကပင် သွားရလေသည်။

တနေ့တွင် မင်းကြီးသည် ဥယျာဉ်တော်သို့သွားခဲ့လျှင် လမ်းခရီးအကြားတွင် မျက်နှာသစ်ရန်အတွက် ယာဉ်ဘက်မှဆင်းကာ ရေရှိရာအရပ်သို့ သွားလေသည်။

ထိုအရပ်တွင် ခြသေ့မ တကောင်သည် သားငယ်ကို မွေးပွားပြီးလျှင် အစာရှာထွက်သွားလေရာ မင်းချင်းဒယာဝရှိသားများက ခြသေ့ငယ်ကိုတွေ့မြင်ကြသဖြင့် မင်းကြီးကို လျှောက်ထားကြလေသည်။

မင်းကြီးသည် ခြသေ့မည်သည် မည်သူကိုမျှ မခြောက်လန့်တတ်ဟု ကြားဘူးသဖြင့် မှန်းမှန် သိရအောင် စုံစမ်းကာ၍ စည်းကြီးများကို တီးခတ်ခိုင်းလေ၏။

ခြင်သေ့ငယ်သည် စည်ကြီးသံကို ကြားသော်လည်း ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ အိပ်မြဲ အိပ်၍သာ နေလေသည်။

မင်းကြီးသည် သုံးကြိမ်တိုင်တိုင် စည်ကြီးကို တီးခတ်စေရာ သုံး ကြိမ် မြောက် ထင် မှ ခြသေ့ငယ်သည် ခေါင်း ထောင် ကာ ပရိသတ်ကိုကြည့်ပြီးလျှင် တဖန်ပြန်၍ အိပ်နေလေသည်။

မင်းကြီးသည် ခြသေ့မကြီး ပြန်ရောက်မလာမီ ထို အရပ်မှ ထွက်လာခဲ့စဉ် ခြသေ့မည်သည် ခွန်အားဗလပြည့်ဝသော ခြသေ့ကြီးမျိုးကိုမဆိုထားဘိ၊ယနေ့မှမွေးဖွားခါစဖြစ်သော ခြသေ့ငယ်သည်ပင် ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိကြပေ။

ငါသည်လည်း ခြသေ့မျိုး မကြောက်လန့်သလို ကြောက်လန့်တတ်သော တဏှာဒိဋ္ဌိတရားများကိုပယ်စွန့်၍ အဘယ်အခါမှ မကြောက်မလန့်ဘဲနေရပါအုံ့နည်းဟု ကြံစည်မိလေသည်။

ယင်းသို့ ခြသေ့ငယ်ကိုအာရုံပြု၍ သွား နေ စဉ် မှာ ပင် တံငါသည်တို့ ငါးဘမ်းပြီး၍ သစ်ခက်၌ ဖြန့်လှန်းထားသော ပိုက်ကွန်ကို မသိခိုက်ဘဲ လွတ်လပ်စွာ သွားလာသော လေကိုမြင်ပြန်လေသည်။

ဤကွင်းလည်း မင်းကြီးသည် ပိုက်ကွန်ကိုမထိခိုက်ဘဲ လွတ်လပ်စွာ သွားလာနေသော လေကဲ့သို့ ငါသည်လည်း တဏှာ ဒိဋ္ဌိ ဒေါသတို့ဖြင့် မကပ်ငြိဘဲ လွတ်လပ်စွာ အဘယ်အခါမှ သွားလာနိုင်ပါအုံ့နည်းဟု လေကိုအာရုံယူ၍ သွားပြန်လေသည်။

ဉယျာဉ်တော်သို့ရောက်လျှင် လေတိုက်သောအခါ ယိမ်းနွဲ့၍ ရေ၌ ထိကြသော်လည်း ရေနှင့်မကပ်ငြိသော ကြာပန်းများကို မြင်ပြန်လေရာ၊ ဤ ကြာပန်းများသည် ရေ၌ ပေါက်ရောက်၍

နေကြသော်လည်း ရေနှင့် မကပ်ငြိကြသကဲ့သို့ ငါသည် လည်း အဘယ်အခါမှ လူအပေါင်းနှင့် မကပ်ငြိဘဲ နေရပါအုံ့နည်းဟု ကြာပန်းကို အာရုံယူပြန်လေသည်။

ယင်းသို့လျှင် မင်းကြီးသည် ခြင်သေ့,လေ,ကြာတို့ကို အာရုံပြု၍ မင်းအဖြစ်ကို ပယ်စွန့်ကာ ရဟန်းပြုလုပ်ပြီး လျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ဗစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၃၇။ သီဟာဝ သဒ္ဒေသု အသန္တသန္တော၊
ပါ၊တောဝ ဇာလမ္မိ အသင္ဇမာနော။
ပဒုမံဝ တောပေါနု အလိမ္ပမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ -

"ခြင်သေ့သည် စည်ကြီးသံ စသည်တို့ကို ထိတ်လန့် ကြောက်ရွံ့ခြင်း မရှိသကဲ့သို့ ငါသည်လည်း အနိစ္စစသော တရားတို့၌ နိစ္စစသည်ဖြင့် စွဲလမ်း၍ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိပါမူ ကောင်းလေစု။

ရွှေနောက်,ဝဲယာမှ တိုက်ခတ်လာသော လေသည် ပိုက်ကွန်၌ မကပ်ငြိသကဲ့သို့၊ ငါသည်လည်း ခန္ဓာအာယတန တရားတို့၌ ကပ်ငြိခြင်းမရှိပါမူ ကောင်းလေစု။

ကြာသည် ရေ၌မကပ်ငြိသကဲ့သို့ ငါသည်လည်း ကာမဂုဏ်ဘုံဘဝများ၌ ကပ်ငြိခြင်းမရှိပါမူ ဧကာင်းလေစွဟု ကြံစည်ကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်ခဲ့ပေသည်။ ငါကဲ့သို့ ဖြစ်လိုသော သူသည် တချောင်းတည်းသော ကြံ့ခိုင်နှင့်တူစွာ တယောက်ထည်းထည်း နေ၍ ကျင့်ရမည်"ဟု၍ ဖြစ်လေသည်။

၃၇။ ခြသေ့ဟောက်သံကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီမင်းကြီးသည် တိုင်းပြည်၏အစွန်အဖျားဖြစ်သော ရှာယမ်တရှာ၌ ပုန်ကန် သောင်းကျန်း နေသူများကို နှိမ်နှင်းရန် အတွက် များစွာသော စစ်သည်ဗိုလ်ပါဖြင့် ထွက်လာခဲ့လေသည်။

ရှာယမ်သို့ မရောက်မီ တောအုပ်တခုသို့ ရောက်လေလျှင် တောင်ခြေတခုတွင် နေပူစာလှိုက် နေသော ခြသေ့တကောင်ကို တွေ့မြင်လေသည်။

မင်းကြီးသည် ခြသေ့မည်သည့် အသံကို မထိတ်လန့်တတ်ဟု ကြားဘူးသဖြင့် ဟုတ်-မဟုတ်သိရအောင် စုံစမ်းလိုသောကြောင့် စည်ကြီး, ခရသင်း စသည်များကို တီးမှုတ်ခိုင်းလေသည်။

ခြသေ့သည် တကြိမ်-နှစ်ကြိမ် တီးမှုတ်ရာတွင် အိပ်မြဲအိပ်နေ၍ သုံးကြိမ်သုံးခါ တီးမှုတ်သော အခါတွင်ကား ငါ့ရန်သူရှိ၏ဟု ကြံပြီးလျှင် ခြေလေးချောင်းထောက်ခါ ကြီးစွာသောအသံဖြင့် ဟိန်းဟောက်လေသည်။

ခြသေ့ဟောက်သံကိုကြားရလေလျှင် ဆင်စီးသူရဲ,မြင်းစီးသူရဲ စသောသူတို့သည် ကြောက်လန့်ကာ ဆင်ထက် မြင်းထက်မှ ခုန်ဆင်းပြီးလျှင် သစ်ပင်ချုံပုတ် စသည်တို့၌ ပုန်းအောင်း၍ နေကြလေကုန်သည်။

ဆင်,မြင်း,စသော သတ္တဝါတို့သည်လည်း ကြောက်အားလန့်အားဖြင့် ခြေဦးတည့်ရာ ပြေးသွားကြလေကုန်သည်။

စီးတော်ဆင် သည်လည်း ကြောက်ရွံ့သဖြင့် ပြေးမိပြေးရာ ပြေးသွားလေရာ မင်းကြီးသည် ဆင်တော်ကို မထိန်းနိုင်သဖြင့် ဆင်ထက်မှ ကျ ကျန်ရစ်ခဲ့လေသည်။

မင်းကြီးသည် မြေသို့ ရောက်လျှင် လူတယောက် သွားသော ခြေလမ်းခရီးကိုတွေ့သဖြင့် ထိုလမ်းအတိုင်း လျှောက်သွားလေရာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သီတင်းသုံး နေထိုင်ရာ အရပ်သို့ ရောက်သွားလေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို တွေ့မြင်လေလျှင် မင်းကြီးက လျှောက်ထားမေးမြန်းလေသည်။

မင်းကြီး။ ။အရှင်ဘုရားတို့-အသံတသံကို ကြားလိုက်ကြပါကုန်သလော။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-အသံတသံကို ငါတို့ ကြားလိုက်ကြကုန်၏။

မင်းကြီး။ ။အရှင်ဘုရားတို့သည် အဘယ်သတ္တဝါ၏အသံကို ကြားလိုက်ကြပါကုန်သနည်း။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-ငါတို့သည် ရှေးဦးစွာ စည်ကြီးသံ, ခရသင်းသံများကို ကြားကြကုန်၏။ ၎င်းနောက် ခြသေ့ဟောက်သံကို ကြားကြကုန်၏။

မင်းကြီး။ ။အရှင်ဘုရားတို့သည် ခြသေ့ ဟောက် သံ ကို ကြား ရ သော အ ခါ ကြောက်လန့်တော်မမူကြ ပါကုန် သလော။

ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး- ငါတို့သည် ခြသေ့ဟောက်သံကို လည်း မကြောက်၊ ဘယ်ပုဂ္ဂိုလ်-ဘယ်သတ္တဝါတို့၏အသံ ကိုမျှလည်း မကြောက်ကြကုန်။

မင်းကြီး။ ။အရှင်ဘုရားတို့မှာ ကြောက်လန့်ခြင်း မရှိကြ သကဲ့သို့ အကျွန်ုပ်ကိုလည်း ကြောက်လန့်ခြင်းမရှိအောင် ပြုလုပ်ပေးနိုင်ပါသလော။

ပစ္စေကဗုဒ္ဓါ။ ။သင်မင်းကြီးသည် အကယ်၍ရဟန်းပြုလုပ် နိုင်လျှင် ကြောက်လန့်ခြင်းမရှိအောင် ငါတို့ပြုလုပ်ပေးနိုင် ပေကုန်၏။

မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏စကားကို ကြားရ လျှင် ရဟန်းအဖြစ်ကို တောင်း ပန် ၍ ရဟန်း ပြုလုပ် ပြီးသော် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၃၀။ သီဟော ယထာ ဒါဋ္ဌဗလီ ပသယှ၊
ရာဇာ မိဂါနံ အဘိဘုယျ စာရီ။
သေဝေထ ပန္တာနိ သေနာသနာနိ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသောဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"သားကောင် တိရိစ္ဆာန်အပေါင်းကို အားအစွမ်းဖြင့်နှိပ်စက်ခြိမ်းခြောက်ကာ မိမိအလိုသို့ လိုက်ပါစေတတ်သော ထက်သောအစွယ်အားရှိသော ခြင်္သေ့မင်းသည် တောမြို့ဝင်လျှိုကြားဌာနေထိုင်သကဲ့သို့၊ ငါသည်လည်း လူသူဝေးကွာ တောနေဈာန် နေထိုင်ကာဖြင့် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံ့ခိုင်နှင့်တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၃၉။ မေတ္တာစသောဈာန်တရားကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

မင်းတပါးသည် တိုင်းပြည် အုပ်ချုပ် မင်းလုပ်၍ နေစဉ် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းသဖြင့် မေတ္တာစသော ဈာန်တရားများကို ရရှိလေသည်။

ထိုမင်းသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍ နေခြင်းသည် ဈာန်ချမ်းသာ၏ အန္တရာယ်ဖြစ်ပေ၏ ဟု ကြံစည်ကာ ရရှိသော ဈာန်တရားကို စောင့်ရှောက်နိုင်ရန်အတွက် မင်းအဖြစ်ကို စွန့်၍ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်ဌာ နေလျက်-

၃၉။ မေတ္တံ ဥပေက္ခံ ကရုဏံ ဝိမုတ္တိ'၊
အာသေဝမာနော မုဒိတဉ္စ ကာလေ။
သဗ္ဗေန လောကေန အဝိရုဇ္ဈမာနော၊
ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါသည် သတ္တဝါအများ၏ စီးပွားချမ်းသာကို ဆောင်ရွက်လိုသော မေတ္တာ၊ သတ္တဝါအများ၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်ပေးလိုသော ကရုဏာ၊ သတ္တဝါအများကို မိမိဘိုရရှိထားသော စီးပွားချမ်းသာများမှ မဆုတ်ယုတ်မပျက်စီးစေလိုသော မုဒိတာ၊ ကောင်းမှုကိုပြုသော သတ္တဝါသည် ကြီးပွား ချမ်းသာကြလတံ့၊ မကောင်းမှုကိုပြုသော သတ္တဝါများသည် ဆင်းရဲဒုက္ခ ရောက်ကြရလတံ့-ဟူ၍သာ အာရုံပြု၍ သတ္တဝါများ၏ ချမ်းသာဆင်းရဲ ခံစားနေရမှုကိုအာရုံမပြုသော ဥပေက္ခာ၊ ဤစျာန်တရား လေးပါးကို မပြတ်ပွားများ၍ နေပေ၏။ ထိုပြင် အရပ်ဆယ်မျက်နှာ၌ ရှိကြသော သတ္တဝါ အားလုံးနှင့်လည်း ဆန့်ကျင်မှု မရှိအောင် နေပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းစီ ဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်ခဲ့ပေ၏။ ငါကဲ့သို့ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံခါနှင့်တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်"ဟူ၍ ဖြစ်လေသည်။

၄၀။ နောက်ဆုံးဖြစ်သော ပစ္စေကဗုဒ္ဓါ

ပစ္စေကဗုဒ္ဓါ အရှင်မြတ်အားလုံးတို့၏ နောက်ဆုံးဖြစ်သော မာတင်္ဂ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံရှာ ပြု၍နေချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် မယ်တော် မာယာဝမ်းဌာ် ပဋိသန္ဓေတည်နေလေသည်။

နတ်,ဗြဟ္မာ အပေါင်းတို့သည် ဘုရားအလောင်းကို ပူဇော်ဘို့ ရန် လာရောက်ကြစဉ် မာတင်္ဂပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို တွေ့မြင် သဖြင့်-

"အရှင်ဘုရား-ဤလောကဌ ဘုရားအလောင်း ပဋိသန္ဓေတည် နေပါပြီ"ဟု လျှောက်ထားကြလေ၏။

ထိုအခါ မာတင်္ဂ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နတ်,ဗြဟ္မာတို့ ပြောဆိုသော စကားကို ကြားရသည့်ပြင် မိမိ၏ အသက်ခန္ဓာ ကုန်ဆုံးဘို့ရန်ကိုလည်း မြင်တော်မူသဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ် အားလုံးတို့ ပရိနိဗ္ဗာန် စံဝင်ရာဖြစ်သော ဟိမဝန္တာတောတွင်းရှိ မဟာပပါတ တောင်သို့ ကြွသွားတော်မူလေသည်။

မဟာပပါတတောင်သို့ ရောက်လျှင် ရှေးအခါက ပရိနိဗ္ဗာန် ပြုသွားတော်မူကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ၏ အရိုးစု များကို ချောက်ကမ်းပါးအောက်သို့ ပစ်ချပြီးလျှင် ကျောက်ဖျာ အပြင်ဌ ထိုင်နေတော်မူကာ-

၄၀။ ရုဂဏ္ဍ ဒေါသဏ္ဍ ပဟာယ မောဟံ၊
သန္ဒာလယိတ္ဝာန သံယောဇနာနိ။
အသန္ဓသံ ဇိဝိတသင်္ခယမ္ပိ၊
ကေဝ စရေ ခဂ္ဂသာဏကပ္ပေ။

ဟူသောဂါထာကို ရွတ်ဆိုတော်မူပြီးလျှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ငါသည် ရာဂ,ဒေါသ,မောဟတရားများကို ပယ်စွန့်သကဲ့သို့ သံယောဇဉ် တရားများကိုလည်း ဖျက်ဆီးကာ ခန္ဓာ ကမ္မဇရုပ် အကြင်းအကျန်မရှိသော ချုပ်ငြိမ်းခြင်းမျိုးဖြင့် ချုပ်ငြိမ်းရပေတော့မည်။ ငါကဲ့သို့ဖြစ်လိုဇသာသူသည် တချောင်းတည်းသော ကြံ့ခိုနှင့်တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟူ၍ ဖြစ်လေသည်။

၄၁။ သာလျှင်နား-မသာလျှင်သွား တတ်သော လူသား တို့၏သဘောထားကို အာရုံပြု၍ ဝိပဿနာရှုသော ပစ္စေကဗုဒ္ဓါ

ဗာရာဏသီပြည်ရှင် မင်းတပါးသည် ပြင်းထန်သော အနာရောဂါဖြစ်ပေါ်လာသဖြင့် ကြီးစွာသော ဆင်းရဲဒုက္ခကိုခံစား၍ နေရလေသည်။

ထိုအချိန်တွင် နှစ်သောင်းသော မောင်းမ အပေါင်းတို့က မင်းကြီးဘုံနန်ရံကာ ပြုစုလုပ်ကျွေး၍နေကြသော်လည်း အမတ်များကမူ ငါတို့ မင်းကြီးသည် အသက်ရှင်တော့မည် မဟုတ်ပေ၊ ငါတို့သည် မိုခိုဘုံရန် ပုဏ္ဏားပေါ်ကြီးကို ရှာဖွေမှသင့်မည်ဟု ကြံစည်ကြကာ တိုင်းတပါးမင်းထံ သွားပြီးလျှင် ခစားရှိနေကြလေသည်။

ရင်းနှောက် မကြာမီ မင်းကြီးသည် အနာရောဂါ ပျောက်ကင်းချမ်းသာ၍ လာလေရာ အမတ်များကိုမမြင်သဖြင့် မေးမြန်းလေသည်။

တိုင်းတပါးမင်းထံ သွား၍ ခစားနေကြပုံကို သိရလေလျှင် ဘာမျှ မပြောမဆိုဘဲ ဦးခေါင်းကိုဘဲ ညိတ်လေသည်။

တိုင်းတပါးမင်းထံ သွားရောက် ခစားနေကြသော အမတ်များသည် ဗာရာဏသီမင်းကြီးသည် အနာရောဂါပျောက်ကင်း၍ ကျန်းမာလာပြီဟု ကြားသိရလေလျှင် ငါတို့သည် တိုင်းတပါးမင်းထံ သွားရောက်ခစားနေကြသော်လည်း လခရိုက်ခွာ မရကြသဖြင့် လက်ရှိရာထူးများမှ ဆုံးရှုံးရုံမျှသာ ဖြစ်ခဲ့ကြရပေသည်။

ထို့ကြောင့် ငါတို့သည် ဗာရာဏသီမင်းကြီးထံ ပြန်သွား၍ ခစားကြကုန်အုံ့ဟု တိုင်ပင်ကာ ပြန်လာခဲ့ကြလေသည်။

ပြန်ရောက်လာကြသော အမတ်များကို မင်းကြီးမြင်လေလျှင် အမတ်တို့-သင်တို့သည် ငါမကျန်းမမာဖြစ်နေစဉ်အခါက အဘယ် အရပ်သို့သွား၍ နေကြသနည်းဟု မေးမြန်းလေသည်။

"အရှင်မင်းကြီး-အကျွန်ုပ်တို့သည်အရှင်မင်းကြီးအနာရောဂါ ပြင်းထန်စွာခံစားနေရပုံကို မြင်ရသောအခါ ငါတို့မင်းကြီးသည် အသက်ရှင်တော်မူသည် မဟုတ်ပေ၊ မင်းကြီးမရှိလျှင် ငါတို့၏ သက်မွေးမှု ခက်ခဲလိမ့်မည်ဟုစိုးရိမ်သကြား ဤမည်သော အနုပုဒ်သို့ သွားရောက်နေထိုင်ကြပါကုန်၏"ဟု အမတ်များက လျှောက်ထားကြလေသည်။

မင်းကြီးသည် ဘာမျှမခပြောမဆိုဘဲ ဦးခေါင်းကိုသာညိတ်ကာ ဤအမတ်များသည် ရှေးကကဲ့သို့ ငါမကျန်းမမာဖြစ်လျှင် သွားကြဦးမည်လော, မသွားဘဲ နေကြဦးမည်လောဟု အမတ်များ၏ သဘောထားကို စုံစမ်းလိုသဖြင့် မကျန်းမမာယောင် ဆောင်၍ နေလေသည်။

မိမိ၏ အခွင့်အရေးတခုတည်းကိုသာ ကြည့်ကြသော အမတ်များသည် တကယ်ပင် မကျန်းမမာ ဖြစ်သည်ဟု ထင်ကြသဖြင့် မင်းကြီးသည် ဤအခါကား အမှန်ပင်နတ်ရှာစံလိမ့်မည်ဟု ယူဆကာ ရှေက ဝက်များအောင် လူအများကိုခေါ်ဆောင်၍ တိုင်းတပါးမင်းထံ သွားကြပြန်လေသည်။

နောက်တဖန် ဗာရာဏသီမင်းကြီး ကျန်းမာလာကြောင်းကို ကြားသိကြပြန်သောအခါ ရှေးနည်းအတူ ပြန်၍ လာကြပြန်လေသည်။

ယင်းသို့ဖြင့် မင်းကြီးက သုံးကြိမ်သုံးခါ မကျန်းမမာယောင်ဆောင်၍ နေသကဲ့သို့ အမတ်များကလည်း သုံးကြိမ်သုံးခါပင် ထွက်ခွာသွားကြလေသည်။

မင်းကြီးသည် သုံးကြိမ်သုံးခါ သွားလိုက်ပြန်လိုက် လုပ်နေကြသော အမတ်များကိုမြင်လေလျှင် ဤအမတ်များသည် ကိုယ်ကျိုးရှိမှုကိုသာ ကြည့်၍ ဤမျှ ဆင်းရဲဒုက္ခရောက်နေသော ငါ့ကိုပင် မညှာမတာ စွန့်ခွာ၍သွားရက်ကြလေစ၊လူတိုင်းပြုလုပ်နိုင်ခဲသော အမှုမျိုးကို ပြုလုပ်နိုင်လေစ။

ဤလောကကြီးသည် သာလျှင် နာ၍ မသာလျှင် သွားတတ်သော သဘောရှိလေစဟု စဉ်းစားကာ လူများ၏သဘောထားကို စက်ဆုပ်လှသဖြင့် မင်းအဖြစ်ကိုပယ်စွန့်ကာ ရဟန်းပြုလုပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ပစ္စေကဗုဒ္ဓါအရှင်တို့၏ အလယ်ဌာ နေလျက်-

၄၁။ ဘဇန္တိ သေဝန္တိစ ကာရဏတ္ထာ၊
နိက္ကာရဏာ ဒုလ္လဘာ-အဇ္ဇမိဘ္ဘာ။
အတ္တတ္ထပညာ အသုစိမနုဿာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ဤလောကဌ် လောကီလူသားများသည် ပစ္စည်းဥစ္စာ ရလိုကြသည့်အတွက် ပစ္စည်းဥစ္စာ ပေးကမ်းနိုင်မည့်သူကို ဆည်းကပ်ခစားကြပေသည်၊ အကြောင်းမဲ့ ဆည်းကပ်ကြခြင်း မဟုတ်ပေ။

ဤလောကတွင် ကျေးဇူးရှိအောင် ကူညီ ဆောင်ရွက်တတ်သော မိတ်ဆွေ, ဆင်းရဲချမ်းသာ မကွာကူမျှ ချစ်ခင်ကြသော မိတ်ဆွေ, အကျိုးရှိအောင် ညွှန်ပြပြောဆိုတတ်သော မိတ်ဆွေ, အစဉ်မကွာ ရှည်ကြာ စောင့်ရှောက်ဘက်သော မိတ်ဆွေ၊ ဤသို့သောမိတ်ဆွေကောင်းများကို ရနိုင်ခဲပေ၏။

လောကီလူအများသည် ကိုယ့်အကျိုးစီးပွားရှိမှုကိုသာ ကြည့်တတ်၍ သူတပါး၏အကျိုးစီးပွားကို မကြည့်တတ်ကြသလို၊ ယခုဘဝ၌ အကျိုးရှိမှုကိုသာ ကြည့်တတ်ပြီး နောင်ဘဝတွင် ရရှိမည့်အကျိုးတရားများကို မကြည့်ဘက်ကြပေ။

မကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှုများသာ ရှိကြပေ၏ဟု လောကီလူသားတို့၏ သဘောသားကို စက်ဆုပ်ကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ရပေသည်။

ငါကဲ့သို့ ဖြစ်လိုသောသူသည် တခြောင်းတည်းသော ကြံခိုင်နှင့်ကူးစွာ တယောက်သည်းထည်းနေ၍ ကျင့်ကုန်ကြ၏ ဖြစ်လေသည်။

၄၂။ ပဒုမဝတီမိဖုရား၏ သားတော်ဖြစ်သော ပစ္စေက ဗုဒ္ဓါ ငါးရာ

ဂေါတမမြတ်စွာဘုရား မပွင့်မီ ရှေးအခါက ဗာရာဏသီမြို့အနီးရှိ ရွာငယ်တရွာတွင် အမျိုးသမီးတယောက် ရှိလေသည်။

ထိုအမျိုးသမီးသည်လယ်စောင့်နေစဉ် ပစ္စေကဗုဒ္ဓါအရှင်မြတ်တဆူကိုမြင်လေရာ ငါးရာသော ပေါက်ပေါက်နှင့်အတူ ပဒုမ္မာကြာပန်းတပွင့်ကို ဆက်ကပ် လှူဒါန်းလေသည်။

ဤပေါက်ပေါက် လှူဒါန်းရသော ကောင်းမှုကြောင့် သားငါးရာရှိရပါစေသား၊ ပဒုမ္မာကြာပန်းလှူဒါန်းရာသော ကောင်းမှုကြောင့် ရေခြုလှမ်းတိုင်း လှပ်ခတ်ခြင်း ရေမြကြီးမှ ပဒုမ္မာကြာပန်းတို့ ပေါ်ထွက် လာပါစေသားဟု လည်း ဆုတောင်းလေသည်။

ထိုအချိန်ဘုရင် ငါးရာသော မုတိုးများကလည်း ကောင်းမြတ်သောအမဲကင်ကို ပစ္စေကဗုဒ္ဓါ ဒုရှင်မြတ်အား လှူဒါန်းပြီးလျှင် ဤ လယ်စောင့်အမျိုးသမီး၏ သား ငါးရာ ဖြစ်ရပါစေသားဟု ဆုတောင်းကြလေသည်။

လယ်စောင့် အမျိုးသမီးသည် အသက်ရှည်သမျှ လူပြည်၌ နေပြီးလျှင် သေလွန်သောအခါ နတ်ပြည်၌ ဖြစ်လေသည်။

နတ်ပြည်မှ တဖန် စုဝေပြန်သော် ရေကန်အတွင်းရှိ ပဒုမ္မာကြာဖူးတခုတွင် ပဋိသန္ဓေ တည်နေလေသည်။

အများထက်ထူးခြားသော ထိုကြာဖူးကို ရသေ့တပါးမြင်လေလျှင် ဆွတ်ခူးယူလေရာ ပဒုမ္မာကြာဖူးထဲမှ အမျိုးသမီးကလေးဘဉ်းကို ရရှိသဖြင့် ကျေးမွေးပြုစု၍ ထားလေသည်။

ဤအမျိုးသမီးကလေး ခြေဖြင့်သွားနိုင်သောအရွယ် ရောက်သောအခါ ခြေလှမ်းချီ သွားတိုင်းသွားတိုင်း မြေကြီးမှ ပဒုမ္မာကြာပွင့်တို့ ပေါ်ထွက်ကာ ခြေကို ခံကြလေသည်။

ထိုအချက်ကို အစဉ်ပြု၍ ရသေ့ကြီးက ပဒုမဝတီဟု နာမည်မှည့်ထားလေသည်။

ပဒုမဝတီ အမျိုးသမီးကလေး အရွယ် ရောက်လာချိန်တွင် မုဆိုး တယောက်က တွေ့မြင်သဖြင့် ဗာရာဏသီ မင်းကြီးအား လျှောက်ထားရာ မင်းကြီးကခေါ်ဆောင်ကာမိဖုရားကြီးမြှောက်ထားလေသည်။

ထိုနောက်တွင် ပဒုမဝတီမိဖုရားကြီးသည် မဟာပဒုမမင်းသားအပါအဝင် သားတော်ငါးရာကို တချိန်ထည်းမွေးဖွားလေသည်။

သားတော်ငါးရာ အရွယ်ရောက်၍ ဥယျာဉ်တော်၌ ရေကစားနေကြစဉ် အညာမှာကြာကျက်နေသောပဒုမ္မာကြာပန်းတို့ကို မြင်ကြလေသော်၎င်းကြာပန်းများကြွေကျပျက်စီးကြသကဲ့သို့ ငါ၏ခန္ဓာကိုယ်သည်လည်း ပျက်စီးရလတ္တံ့ဟု ဘုံဘဝတရားတို့၏ မပြုမြဲခြင်းသဘောကို အာရုံပြုကာ ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းကြသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ကြလေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် နန္ဒာသုလကလိုဏ်ဂူသို့ကြွတော်မူကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အလယ်၌ နေလျက်-

၄၂။ သရော်ရှဟံ ပဒုမပလ္လဝါပတ္တေ၊
သုပ္ပဝိတံ ဘမရဂဏာဝ ဒုစ်ဘိ။
အနိစ္စတာဝယုပဂတံ ဝိဒိတ္ဝာ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူကြလေသည်။

ဂါထာ၏အဓိပ္ပာယ်မှာ-

"ပျားပိတုန်းတို့ အမြဲ စားသုံးကြသော ပဒုမ္မာကြာသည် တင့်တယ်လှုပစ္စာ ဖူးပွင့်၍ နေသော်လည်း ခဏအကြာ အရွက် အပွင့်တို့ ညှိုးခြောက်ပြီးပျက်စီးခြင်းသို့ရောက်ပုံကို မြင်တွေ့ရသော အခါ ငါ၏ခန္ဓာကိုယ်သည်လည်း ဤကြာပန်းအသွင် အမှန်ပင် ပျက်စီးခြင်းသို့ ရောက်ရလတံ့ဟု ဆင်ခြင်ကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့ကြပေသည်။ ငါကဲ့သို့ ဖြစ်လိုသောသူသည် တချောင်းတည်းသော ကြိုးချိုနှင့် တူစွာ တယောက်ထည်းထည်းနေ၍ ကျင့်ရမည်" ဟု၍ ဖြစ်လေ သည်။

၄၃။ ဆက္ကနိပါတ် ဒရီမုခဇာတ်လာ ပဒစ္စေကဗုဒ္ဓါ

ရှေးအခါ ရာဇဂြိုဟ်ပြည်တွင် မဂဓမင်းကြီး အုပ်စိုးရှိနေစဉ် ဂဝါဝေမဘုရားအလောင်းတော်သည် ထိုမင်း၏ မိဖုရားကြီး ဝမ်း တွင် ပဋိသန္ဓေနေ၍ မွေးဖွားလာသောအခါ ဗြဟ္မဒတ်မင်းသားဟု အမည်တွင်လေသည်။

မင်းသား မွေးသောနေ့မှာပင် ပုဏ္ဏာဟိတ်ပုဏ္ဏားတို့ အိမ်တွင် လည်းသားဘယောက်မွေးဖွားရှိလာလေ၏၊ ထိုသားကိုအလွန်လှုပ သောမျက်နှာရှိသောကြောင့် ဒရီမုခဟု ခေါ်ဝေါ်ကြလေသည်။

ထိုသူငယ်နှစ်ယောက်တို့သည်သူငယ်တို့ဘာဝနန်းတော်တွင်ဌာ အတူကစားကြရင်း တဆဲ့ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ တက္ကသိုလ်ပြည်သို့ ပညာသင် သွားကြလေသည်။

တက္ကသိုလ်ပညာများတတ်မြောက်ပြီးကြသောအခါဒေသန္တရ ဗဟုသုတ ရှာမှီးကြရန်အတွက် တိုထို မြို့,ရွာ,နိုဂုမ်းများသို့ လှည့် လည် သွားကြလေသည်။

ဗာရာဏသီပြည်သို့ ရောက်လျှင် နတ်ကွန်းဌာနေလျက် နောက်တနေ့တွင် စားသောက်စရာရိက္ခာရှာရန် မြို့တွင်းသို့ဝင်ကြလေ၏။

ထို အခါန်တွင် အိမ်တအိမ်ဌာ ပုဏ္ဏားတို့ကို .ထမင်းကျေးရှိ မင်္ဂလာရှတ်ဆိုပဲ့ ပြုလုပ်ရန်အတွက် နွားသနာထမင်းများကို ချက်ပြုတ်ကာ နေရာထိုင်ခင်းများကို ခင်းကျင်းစီမံထားကြလေသည်။

လျှောက်လာကြသော သူဌေးချင်းနှစ်ယောက်ကို လူအများမြင်လေသော် မင်္ဂလာရှတ်ဆိုမည့်ပုဏ္ဏားတို့ ကြွရောက်လာကြပြီဟု ထင်မှတ်သဖြင့် အိမ်သို့ပင့်ဆောင်ကြပြီး. မင်းသားထိုင်ရန်အတွက် အဝတ်ဖြူ ကို ခင်းပေးကာ ပုရောဟိတ် သား ထိုင်ရန် အတွက် ကမ္ပလာနီကို ခင်းပေးကြလေသည်။

ဒရီမုခသည်ထိုအတိတ်နိမိတ်ကိုမြင်လော် ယနေ့ ငါ့သူဌေးချင်း မင်းဖြစ်လတ္တံ၊ ငါကား စစ်သူကြီးဖြစ်လတ္တံဟု သိလေသည်။

သူဌေးချင်း နှစ်ယောက်တို့သည် ထိုအိမ်ဌာ ထမင်းစားကြကာ မင်္ဂလာ စကားများကို ရှတ်ဆိုပြီး ထွက်လာကြလေရာ မင်း၏ ဥယျာဉ်တော်သို့ ရောက်ကြလေသည်။

ထိုအခါန်တွင် ဗာရာဏသီမင်းကြီး နှတ်ရှာစံပြု၍ ကျွန်နှောက်တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်မည့် မင်းညီမင်းသား မရှိသဖြင့် ပုရောဟိတ်ပုဏ္ဏားကစီမံကာ မင်းလောင်းရှာရန် မင်္ဂလာရထားကို လွှတ်ကြလေသည်။

မင်္ဂလာရထားသည် စစ်သည်များစွာခြံရံပြီး တူရိယာသံနှင့်စုံကို တီးမှုတ်ကာဖြင့် နန်းတော်မှ ထွက်လာခဲ့ရာ ဥယျာဉ်တော်တံခါးဝသို့ ဆိုက်ရောက်လာလေသည်။

ဒရီမုခသည် တူရိယာသံများကို ကြားရလေလျှင် ငါ့ဦးလေး ဘုရင်ကတွက် မင်္ဂလာရထားဆိုက်ရောက်လာပေပြီ ယနေ့ငါ့ဦးလေး မင်းဖြစ်ကာ ငါ့ကို စစ်သူကြီးခန့်လတ္တံ။

ငါသည် လူဘောင်၌နေသဖြင့် အကျိုးရှိမည် မဟုတ်၊ ရဟန်းပြုလုပ်စောဘုံဟု ကြံစည်ကာ မင်းသားကိုမတိုင်ပင်ဘဲ ထောင့်ကျသောတနေရာသို့ သွားကာ ပုန်းရှိနေလေသည်။

ပုရောဟိတ်ပုဏ္ဏားသည် ဥယျာဉ်တော်တံခါးဝတွင် မင်္ဂလာရထားကို ရင်ထားပြီး ဥယျာဉ်တွင်းသို့ ဝင်လာလေရာ မင်္ဂလာကျောက်ဖျာထက်၌ အိပ်စက်နေသော မင်းသားကို တွေ့မြင်လေသည်။

မင်းသား၏ခြေလက္ခဏာများကိုကြည့်ရှုလေသော် ဤသူသည် သာမည်ပုဂ္ဂိုလ် မဟုတ်ပေ၊ ကျွန်းယ် နှစ်ထောင် ဝန်းရံသော ကျွန်းကြီးလေးကျွန်းကိုပင် အုပ်စိုးနိုင်သော ဘုန်းကံသမ္ဘာ လက္ခဏာရှိသူ ဖြစ်ပေ၏ဟု သိလေသည်။

သို့သော် တည်ကြည်မှု ရှိ,မရှိ သိရှုအောင် စုံစမ်းဦးအံ့ဟု ကြံစည်ကာ တူရိယာမျိုးစုံကို တီးမှုတ်ခိုင်းလေသည်။

တူရိယာသံများကို ကြားလျှင် မင်းသားနိုးလာပြီး မျက်နှာမှ ပုဆိုးကိုဖွင့်၍ လူအများကို ကြည့်ပြီးလျှင် မျက်နှာကို ပုဆိုးဖြင့် တဖန်အုပ်ကာ အိပ်ပြန်လေသည်။

မင်းသားသည် မကြာမီအိပ်ရာမှထပြီးလျှင် ကျောက်ဖျာပြင်ထက်၌ တင်ပလ္လင်ခွေ၍ ထိုင်နေလေသည်။

ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် မင်းသားရှေ့၌ ဒူးထောက်ကာ အရှင်မင်းသားထံ ဗာရာဏသီပြည်ကြီးကို အုပ်ချုပ်ရမည့် မင်းအာဏာ ရောက်ရှိခဲ့ပါပြီ။

အရှင်မင်းသားသည် မင်းပြုလုပ်၍ ကိုင်းပြည်ကိုတရားနှင့်အညီ အုပ်ချုပ်တော်မူပါဟု လျှောက်ထားလေ၏။

မင်းသား။ ။အမတ်ကြီးဝို့- ဤတိုင်းပြည်ကို ဆက်လက် အုပ်ချုပ်မည့် မင်းညီ မင်းသား တဦးတယောက်မျှ မရှိ လေသလော။

ပုရောဟိတ်။ ။အရှင်မင်းသား - တဦး တ ယောက် မျှ မရှိ ကြောင်းပါ။

မင်းသား။ ။အမတ်ကြီးတို့ - ယင်းသို့မရှိလျှင် အကျွန်ုပ် သည်ပင် မင်းပြုလုပ်၍ အုပ်ချုပ်ပေအုံ့။

အမတ်တို့သည် ဘုရားလောင်းမင်းသားအား ဥယျာဉ်တော်၌ ပင် အဘိသိက်သွန်း၍ မင်းမြှောက်ကြလေသည်။

မင်းသားသည် မင်းအဖြစ်သို့ရောက်သောအခါ မျှားစွာသော ခြေရုံပရိသတ်တို့ဖြင့် ဝိုင်းဝိုင်း လည် နေ သည့် အလှက် မိစ်ဆေ ဒရိမုခကို သတိမရနိုင်ဘဲ ပရိသတ်နှင့်အဘို့ နန်းကော်သို့ တက် သွားလေသည်။

ပရိသတ်မျှား ပြန်သွားကြသောအခါ ဒရိမုခသည် ပုန်းနေရာ မှ ထွက်လာပြီး မင်းလာကျောက်ဖျ တက်၍ ထိုင်နေလေသည်။

ထိုအခါနောင်တွင် ဒရိမုခသည် မိပါရေ၌ ကြေကျလာသော သစ် ရွက်လျှော်ဘခုကိုမြင်လေရာ၊ ၎င်းကိုအာရုံယူပြီးလျှင် မိမိ၏ခန္ဓာ ကိုယ်ကို ဝိပဿနာတင်ဆင်ခြင်သုံးသပ်သဖြင့် မြတ်ကြီးတုန်လှုပ်ခါ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင်ရောက်ချင်း ဝတ္ထုအသွင်ကွယ် ပျောက်ကာ ပရိဘောဂရှစ်ပါးကိုလွယ်ထားသော ဝါခြောက်ဆယ် ရပြီး မထေရ်ကြီးအသွင် ထင်ရှား ဖြစ်ပေါ်လာလေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်ရှိပြီးနောက် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာတောတွင်းရှိ နန္ဒမူလကလိုဏ်ဂူသို့ ကြွသွားတော်မူလေ သည်။

ဘုရားလောင်း မင်းသားသည် မင်းပြုလုပ်နေစဉ် အနှစ် လေးဆယ်အတွင်းဌ ညီးညီးထိန်နေသော မင်းစည်းစိမ်များဖြင့် မှီးယစ်မေ့လျော့ရှိနေသဖြင့် မိတ်ဆွေ ဒရိမုခကို သတိမရဘဲရှိလေသည်။

အနှစ်လေးဆယ်လွန်လာသောအခါမှ ဒရိမုခကို သတိရယည် ဖြစ်၍ ငါ့မှာ ဒရိမုခ အမည်ရှိသော မိတ်ဆွေတယောက်ရှိသည်။ ငါ့မိတ်ဆွေသည် ယခုအခါ အဘယ်အရပ်ဌ နေလေသည်မသိ၊ သူ၏နေရာအရပ်ကို ပြောပြနိုင်သူအား မျှားစွာသော စည်းစိမ်ဥစ္စာကို ပေးအံ့ဟု နန်းတော်တွင်းဌင်း၊ ပရိသတ်စုံလင်ရာ ထိုထိုဒေရပ်ဌင်း ပြောဆို၍နေလေသည်။

ယင်းသို့ဖြင့် ဘုရားလောင်းမင်းကြီးသည် ဒရိမုခကို သဘိရအောက်မေ့လျက်နှင့်ပင် ဆယ် နှစ် လွန် မြောက် ၍ သွားပြန် လေသည်။

အနှစ် ၎င်းဆယ် လွန်မြောက် လာသော အခါတွင် ဒရိမုခ ပဇွေကဗုဒ္ဓါ အ ရှင် မြတ် က လည်း ဆင်ခြင်လေရာ၊ ငါ့မိတ်ဆွေ မင်းကြီးသည် ငါ့ကို လွန်စွာ အောက်မေ့ သတိရ နေကြောင်းကို သိမြင်လေသည်။

ယခုအခါ ငါ့မိတ်ဆွေမင်းကြီးသည် သားသမီးတွေ ပေါက်ဖွားပြီး သံယောဇဉ်တွေ တိုးပွားကာ အသက် အရွယ် ကလည်းကြီးရင့်၍ နေချေပြီ။

ငါသွားကာ တရားဟောပြီး ရဟန်းပြုလုပ်ရန် တိုက်တွန်းအံ့ဟု ကြံစည်ကာ ကောင်းကင်ခရီးဖြင့်လာ၍ ဥယျာဉ်တော်အတွင်းရှိ ကျောက်ဖျာထက်ဝယ် ထိုင်နေလေသည်။

ဥယျာဉ်စောင့်သည် ဒရိမုခပဇွေကဗုဒ္ဓါအရှင်မြတ်ကို မြင်လေလျှင် အရှင်ဘုရားသည် အဘယ်အရပ်မှ ကြွလာတော်မူပါသနည်းဟု လျှောက်ထားလေသည်။

ပစ္စေကဗုဒ္ဓါ။ ။ဒါယကာ - ငါသည် နန္ဒမူလက လိုဏ်ဂူမှ ကြွလာတော်မူခဲ့ပေသည်။

ဥယျာဉ်စောင့်။ ။အရှင်ဘုရားတို့သည် အဘယ်အမည်ရှိပါ ကုန်သနည်း။

ပစ္စေကဗုဒ္ဓါ။ ။ဒါယကာ - ငါသည် ဒရီမုခ ပစ္စေကဗုဒ္ဓါ အမည်ရှိပေသည်။

ဥယျာဉ်စောင့်။ ။အရှင်ဘုရားသည် တပည့်တော် တို့၏ မင်းကြီးကို သိတော်မူပါကုန်သလော။

ပစ္စေကဗုဒ္ဓါ။ ။ဒါယကာ-သိပေ၏၊ သင်တို့မင်းကြီးသည် လွှာဘဝက ငါ၏မိတ်ဆွေ ဖြစ်ခဲ့ပေသည်။

ဥယျာဉ်စောင့်။ ။အရှင်ဘုရား-ဤသို့ဖြစ်လျှင် ခဏမျှဆိုင်း နေတော်မူပါ၊ တပည့်တော် တို့၏ မင်းကြီး သည် အရှင် ဘုရားကို အလွန်တွေ့ချင်မြင်ချင်နေပါသည်။အရှင်ဘုရား ကြွလာတော်မူကြောင်းကို မင်းကြီးအား ပျော်ကော်ထား ပါရစေ။

ပစ္စေကဗုဒ္ဓါ။ ။ဒါယကာ - ကောင်းပြီ၊ သင်အလိုရှိသည့် အတိုင်း ပြုလုပ်လေလော။

ဥယျာဉ်စောင့်သည် လျင်မြန်စွာသွားကာ အရှင်မင်းကြီး၏ မိတ်ဆွေဖြစ်သော ဒရီမုခ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဥယျာဉ် တော်တွင်းရှိ ကျောက်ဖျာ ထက်တွင် ထိုင်နေပါ၏ကြောင်းဟု လျှောက်ထားလေ၏။

မင်းကြီးသည် မိတ်ဆွေ ဒရီမုခကြွရောက်လာသည်ဟု ကြားရ လျှင် အလွန်ဝမ်းမြောက်သည်ဖြစ်၍ ဥယျာဉ်တော်သို့ သွားလေ ရာ၊ ဒရီမုခ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုမြင်တွေ့လေသော် နှုတ်ဆက် စကား ပြောကြားပြီး သင့်တော်သောနေရာ၌ ထိုင်နေလေသည်။

ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်က မင်းကြီး - သင်သည် ပြည်သူအများကို နှိပ်စက်ညှဉ်းပန်းခြင်းမပြုလုပ်ဘဲ အဂတိတရား လေးပါးကိုလည်း မလိုက်စားဘဲ တရား နှင့်ညီစွာ မင်းပြုပါ၍ လား၊ ဒါန, သီလ စသော ကုသိုလ်တရားများကို မပြတ်ပြုလုပ်ပါ ရဲ့လား၊ သင်မင်းကြီးသည် အသက်အရွယ် ကြီးလာပြီ ဖြစ်သော ကြောင့် လောကီအာရုံ ကာမဂုဏ်များ ကို ပယ်စွန့်ပြီး ရဟန်း ပြုလုပ်ဘို့ အချိန်ရောက်လေပြီ-ဟု ပြောဆိုကာ အောက်ပါတရား ကို ဟောကြားလေသည်။

မင်းကြီး-လောကီအာရုံ ကာမဂုဏ်များသည် ရေ၌ပေါက် နေသော မြက်ပင်နှင့်လည်းတူ၏၊ မှော်နှင့်လည်းတူသည်၊ ကြာနှင့် လည်းတူသည်၊ ချုံစသည်နှင့်လည်း တူသည်။

အမြစ်သုံးခချောင်းတို့ဖြင့်သာ တွယ်ကပ်ပေါက်နေသော သစ် ပင်သည် ဘေးရန်များစွာရှိသကဲ့သို့ ကာမဂုဏ်များ သည်လည်း ဘေးရန်များစွာ ရှိ၏။ ဟု ဘုရား စသော သူတော်ကောင်းတို့ ဟောကြားတော်မူကြသည်။

ကာမဂုဏ် တရားများသည် မြူမှုန်နှင့်တူသလို မီးခိုးနှင့်လည်း တူပေသည်။ ထို့ကြောင့် သင်မင်းကြီးသည် ကာမဂုဏ်များကို ပယ်စွန့်ကာ ရဟန်း ပြုလုပ်ခဲ့ပေး။

ထိုအခါ မင်းကြီးက အရှင်မြတ် ဒရီမုခ လောကီအာရုံ ကာမ ဂုဏ်များသည် အကျွန်ုပ်ကို ပွဲချည်ရစ်ပတ်၍ နေပါ၏။ အကျွန်ုပ် ကလည်း လုံချင်မက်မော စဲလမ်းသောသဘော ရှိနေပါ၏။ လော ကီအာရုံ ကာမဂုဏ်များဖြင့် အသက်မွေးနေထိုင်လိုသောအကျွန်ုပ် သည် ထိုကာမဂုဏ်များကို ပယ်စွန့်၍ ရဟန်း မပြုလုပ်နိုင်သေးပါ။ သို့ပါသော် ဒါန, သီလ စသော ကုသိုလ် တရားများကိုကား လွှ

ဘဝဌ္ဌနေလျက်ပင် ပြုလုပ် သွားပါမည် ဟု လျှောက်ထားလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က ရဟန်း ပြုလုပ်စေလိုသည့် အတွက် ကာမဂုဏ်၏အပြစ်များနှင့် ရဟန်းပြုလုပ်ရခြင်း၏ အကျိုးတရား များကိုဟောကြားပါသော်လည်း မင်းကြီးကမူ ကာမဂုဏ်တရား များကို တွယ်တာမက်မော ဆန္ဒဇော သန်နေသည့်အတွက် ငြင်း ဆန်၍သာ နေလေသည်။

ထိုအခါတွင် အရှင်မြတ်က မင်းကြီး - ပြန်လည် စဉ်း စား သတိထားလော၊ သင်သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော် ရင်းခံ ဘုရားဖြစ်စေတတ်သော အကျင့်တရားများကို ကိုယ်ပိုင် ဉာဏ်ဖြင့် စူးစမ်း ရှာဖွေသောအခါ လောကီအာရုံ ကာမဂုဏ် များမှစွန့်ခွာ၍ကျင့်ရသော နေကွမ္မပါရမီကို တွေ့မြင်လေသည်။

ထိုအခါ သင်သည် မိမိကိုယ်ကို မိမိပြန်ပြောသည့် အနေဖြင့် သုမေဓာ-သင်သည် သဗ္ဗညုတဉာဏ်ကို အမှန်အလိုရှိ၍ လောကီ အာရုံ ကာမဂုဏ်များကို ပယ်စွန့်၍ နေ ကွမ္မပါရမီ ကို ဖြည့်ကျင့် လေလော။

အချုပ်ထောင်ခ် နှစ်ရှည် [illegible] ရောက်နေသောသူသည် ထို [illegible] မင်းဖမာ လိုချင်သောသဘောမရှိဘဲ ယင်းမှ ထွက်ခြေ[illegible] ကိုယာလျှင် အမြဲတစေ ရှာဖွေ၍နေသကဲ့သို့ သင်သည်လည်း [illegible] ပ်ခေါ်ခ် နှင့်တူသော (၃၁)ဘုံမှ ထွက်ခြောက်နိုင်မှသာ သဗ္ဗညုတဉာဏ်ကို ရရှိနိုင်ပေမည်ဟု ဆုံးမခဲ့သည် မဟုတ်ပါ[illegible]။

ထို့ကြောင့် သင်မင်းကြီးသည် ကာမဂုဏ်များကိုပယ်စွန့်ကာ ရဟန်းပြုလုပ်သင့်ပေသည်။

ယင်းသို့ ပြောဆိုသော်လည်း မင်းကြီးကမူ ကာမဂုဏ်များကို ပယ်စွန့်ကာ ရဟန်းမပြုလုပ်နိုင်သေးပါ ဟူ၍သာ ငြင်းဆိုမြဲ ငြင်းဆိုရ နေလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မင်းကြီးက ဘယ်လိုပင် ငြင်းဆိုသော်လည်း လက်လျှော့ခြင်းမပြုဘဲ၊ မင်းကြီး - အကြင်သူသည် ကြီးပွား ချမ်းသာ စေလိုရ . စိတ်ကောင်း - စေဘနာကောင်းထားကာ အကျိုးစီးပွားရှိမည့်စကားကို ပြောဆို သတိပေးပါလျက် မနာယူဘဲ ငါ၏အယူအဆသာ မှန်၏၊ မြတ်၏ဟု ထင်မှတ်၍ နေ၏။ ထိုသူသည် အမိုဝမ်းဌ ထပ်ကာ-ထပ်ကာ ပဋိသန္ဓေ နေရပေ၏။

မင်းကြီး-အမိုဝမ်းဌ ပဋိသန္ဓေနေရသောသူသည် သူတော်စင် အပေါင်းတို့၏ စက်ဆုပ်ဘွယ်ဟု သတ်မှတ်ထားသော ကျင်ကြီး ကျင်ငယ်စသည်တို့ဖြင့် ပြည့်သော အမိုဝမ်းဟုဆိုအပ်သော မစင် ဘင်ပုပ်ငရဲသို့ ရောက်၍နေရပေ၏။

မိမိ၏ခန္ဓာကိုယ်ကို တွယ်တာမက်မောနေကြသော သတ္တဝါများနှင့် လောကီအာရုံ ကာမဂုဏ်များကို ခုံမင်တွယ်တာ အာသာပြင်းပြ လိုက်စားနေကြသော သတ္တဝါများသည် အမိုဝမ်းဌ ပဋိသန္ဓေနေကြရပေ၏။

မင်းကြီး-သတ္တဝါအများသည် အမိုဝမ်းမှ မွေးဖွားလာကြ ရာတွင်လည်း နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံ ချယ်သ၍ မွေးကြိုင် သင်းပျံ့လှသော ပန်းကုံးများကို ပန်ဆင်ကာ မွေးဖွားလာကြရသည် မဟုတ်ပေ။

အမှန်တကယ် ရွံရှာဘွယ်အစစ် မစင်အညစ်အကြေး သလိပ်ခေး စသည်တို့ဖြင့် လိမ်းကျံပေရကာ မွေးဖွားလာခဲ့ကြရပေ၏။

မျက်စိ,နား,နှာ,ခြေ,လက် စသော ကိုယ်အင်္ဂါကို လိမ်းကျံ ပေရသော အညစ် အကြေး မှန်သမျှသည် စက်ဆုပ်ဘွယ်ရာ ဆင်းရဲခြင်းသက်သက်မျှသာ ဖြစ်ပေသည်။

မင်းကြီး- ငါဟောပြခဲ့သော တရားစကားများသည် အခြား သော ရဟန်း,ပုဏ္ဏားတို့ထံမှ နာခံမှတ်သားရသဖြင့် သင်မင်းကြီး အား တဆင့် ပြန်လည်ဟောပြသော စကားများ မဟုတ်ချေ။

ငါ၏ပိုင်. ပစ္စေကဗောဓိဉာဏ်ဖြင့် အမှန် သိမြင်သည့်အတိုင်း ဟောပြသော စကားများသာ ဖြစ်ပေသည်။

"ငါသည် ရှေးဘဝများစွာကနေထိုင်ခဲ့ဘူးသော ဘဝဖြစ်စဉ် ကိုအောက်မေ့ သိမြင်နိုင်ပေ၏ ။

ဤသို့လျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်က ကာမဂုဏ်ဘရားများကို မစွန့်ခွာနိုင်လျှင် ဒုက္ခရောက်ရပုံများ နှင့် ရဟန်းပြုလုပ်နိုင်လျှင် ချမ်းသာပုံများကို စုံလင်စွာ ဟောပြပါသော်လည်း မင်းကြီးမှာ ငြင်းမြဲသာ ငြင်းဍွန်နေလေရာ-

"မင်းကြီး - သင့်အလိုအတိုင်း ရဟန်းပြုလိုမူ ပြုလေလော၊ မပြုလိုမူ နေလေလော၊ ငါ သည် ကား မိတ်ဆွေကောင်းတို့၏ ဝတ္တရားနှင့်အညီ ဟောသင့်သလောက် ဟောပြီးလေပြီ။

သင်မင်းကြီးသည် မမေ့မလျော့ဘဲသာ နေရစ်ခဲ့ပေတော့"ဟု ပြောဆိုကာ၊ ရှေဟသ်ာမင်း အသွင် ကောင်းကင်သို့ ပျံတက်၍ တိမ်ထုတ်တိမ်ဘိုက်များကို နင်းကျော်ကာ နန္ဒမူလက လိုဏ်ဂူသို့ ကြွသွားတော်မူလေသည်။

ထို အခါတွင် အလောင်းတော် မင်းကြီး သည် လက်ဆယ် ချောင်းကိုဦးထိပ်တင်ကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရှိခိုးပြီး မမြင် ရသော အခါတွင်မှ သားတော်ကြီးကို တိုင်းပြည် လွှဲအပ်ကာ ရဟန်းပြုလုပ်လေသည်။

ရဟန်းပြုလုပ်ပြီးနောက် ဟိမဝန္တာတောသို့ဝင်ကာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းသဖြင့် စျာန်အဘိညာဉ်များကို ရရှိပြီးလျှင် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ရောက်လေသည်။

၄၄။ သတ္တကနိပါတ် ကုမ္ဘကာရဇာတ်လာ လေးဆူသော ပစ္စေကဗုဒ္ဓါ (ပထမ)

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးအုပ်စိုးချိန်နေစဉ် ဘုရားအလောင်းတော်သည် ဗာရာဏသီမြို့တံခါးအနီးရှိ ရွာတရွာတွင် အိုးထိန်းသည်အမျိုး၌ ဖြစ်လေသည်။

ထိုအချိန်တွင် ကာလင်္ဂတိုင်း၊ ဒန္တပုရမြို့ကိုအုပ်စိုးသောကရဏ္ဍကမင်းသည် ပရိသတ်များစွာခြံရံကာဖြင့် ဥယျာဉ်တော်သို့သွားလေရာ၊ ဥယျာဉ်တံခါးဝတွင် တပင်လုံး သီးနေသော သရက်ပင်ကို မြင်သဖြင့် ဆင် ကျောက်ကုန်းထက်၌ နေလျက်ပင် သရက်သီးတခုခုကို ခူးယူလေသည်။

မင်းကြီး ခူးယူပြီးသည့်နောက်တွင် အမတ်, ပုဏ္ဏား, သူကြွယ်စသော သူအားလုံးတို့ကလည်း အသီးသီး ဆွတ်ခူး စားသောက်ကြလေသည်။

နောက်မှ ရောက်လာကြသောသူများကမူ သရက်ပင်ထက်သို့ တက်ကာ အသီးမှန်သမျှ မကျန်ရအောင် တုတ်တို့ဖြင့် ရိုက် ခတ်ပစ်ချပြီး စားသောက်ကြလေသည်။

မင်းကြီးသည် ဥယျာဉ်တော်၌ လှည့်လည်ပျော်ပါး ကစားပြီး ညနေချမ်းအချိန်တွင် ပြန်ထွက်လာခဲ့ရာ၊ သရက်ပင်ကို မြင်သဖြင့် ဆင်ပေါ်မှဆင်းကာ သရက်ပင်ရင်းသို့ သွားလေသည်။

မင်းကြီးသည် သ ရက် ပင် ကို ကြည့် ကာ ဤသရက်ပင်သည် နံနက်အခါက မြင်ရသူတို့၏စိတ်ကို နှစ်သက်စေတတ်သော အသီး တို့ဖြင့် တင့်တယ်လှပခဲ့ပေသည်။

ယခုအခါတွင်မူ အသီးအရက်ဘို့ မရှိရုံမျှမက အကိုင်းအခက် များပါ ကျိုးပဲ့ပျက်စီးနေသဖြင့် တင့်တယ်လှပမှု မရှိတော့ပေဟု ကြံစည်မိလေသည်။

ထိုမှတဖန် အသီးမရှိသော သရက်တပင်ကို မြင်ပြန်လျှင်၊ ဤသရက်ပင်သည် အသီးမရှိသဖြင့် ဘေးရန်ကင်းကာ တင့်တယ် လှပစွာနေရပေ၏။ အသီးရှိသောဤသရက်ပင်မှာမူ အသီးရှိသည့် အတွက် လူအများနှစ်သက်ကာ ဖျက်ဆီးကြသောကြောင့် ပျက် စီးခြင်းသို့ ရောက်ရပေ၏ဟု သရက်နှစ်ပင်၏ခြားနားမှုကိုကြံစည် ပြန်လေသည်။

မင်းကြီးသည် ´သရက်နှစ်ပင်ကို ဥပမာထား၍ လူဘဝသည် အသီးရှိသော သရက်ပင်နှင့်တူ၍ ဘေးရန်များလှသည်။

ရဟန်းဘဝသည် အသီးမရှိသောသရက်ပင်နှင့်တူ၍ ဘေးရန် ကင်းပေ၏ဟု အသိဉာဏ်ဖြစ်ပေါ်ကာ သရက်ပင်ရင်းခံ ရပ်လျက် ဝိပဿနာတင်းဆင်ခြင်သုံးသပ်သောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင်-

"ငါသည် အမိဝမ်းခံ၍ တဖန်ပဋိသန္ဓေ မနေရတော့ပြီ၊ မစင် မြေနှင့် တူသော သံသရာလေးကြီးကို ပယ်နှုတ်ပစ်ခဲ့ပြီ။ မျက်ရည် တည်းဟူသော မဟာသမုဒ္ဒရာကို ခန်းခြောက်စေအပ် လေပြီ၊ အရိုးတည်းဟူသော မဟာရံတံတိုင်းကြီးကို ချိုးဖဲ့ဖျက်

ဆီးအပ်လေပြီ”ဟု ဆင်ခြင်တော်မူကာ လူအများကို အဆုံးအမ ပေးပြီး ကောင်းကင်ခရီးဖြင့် နန္ဒမူလကလိုဏ်ဂူသို့ ကြွသွားတော်မူလေသည်။

၄၅။ ဒုတိယ ပစ္စေကဗုဒ္ဓါ

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်တွင် နဂ္ဂဇီမည်သော မင်းတပါးသည် ပလ္လင်ပေါ်၌စံနေစဉ် မိမိအနီးတွင် လက်တဘက်စီ၌ ပတ္တမြားလက်ကောက် တခုစီဝတ်ကာ နံ့သာသွေးနေသော မိန်းမတယောက်ကို မြင်လေသည်။

မင်းကြီးသည် လက်ကောက်များကို ကြည့်ကာ ဤ လက်ကောက်များသည် ပေါင်းစုမနေဘဲ တခုစီနေသဖြင့် အချင်းချင်း ထိခိုက်မှုမရှိသောကြောင့် အသံ မမြည်ထွက်ကြပေဟု ကြံစည်မိလေသည်။

မကြာမီ ထိုမိန်းမသည် လက်ျာလက်မှ လက်ကောက်ကိုချွတ်ကာ လက်ဝဲလက်၌ ဝတ်ပြီးလျှင် လက်ျာလက်နှင့် နံ့သာခဲ ကို စုပုံကာ သွေးလေသည်။

ထို အခါတွင် လက်ဝဲဘက်တွင် ဝတ်ဆင်ထားသော လက်ကောက်နှစ်ခုသည် တခုနှင့်တခု ထိခိုက်ကာ အသံ မြည်ထွက်လာလေသည်။

မင်းကြီးသည် လက်ကောက်နှစ်ခုတို့ ထိခိုက်သဖြင့် ထွက်ပေါ်လာသောအသံကိုကြားလေရာ၊ ဤလက်ကောက်နှစ်ခုသည် တခုစီရှိသောအခါ ထိခိုက်စရာမရှိ၍ အသံမမြည်တွက်ကြပေ၊ နှစ်ခုအတူရှိသော အခါတွင်ကား တခုနှင့်တခု ထိခိုက်ပြီး အသံမြည်ထွက်လာကြပေသည်။

ဤ လက်ကောက်မျှား နည်းတူ သဘ္ဘဝါ အမျှားသည်လည်း တယောက်ထည်း နေထိုင်လျှင် ငြင်း ခုန် ခိုက် ရန် မှု မရှိကြပေ၊ နှစ်ယောက်, သုံးယောက်စသည် ပေါင်းစု၍နေထိုင်ကြမှု အချင်းချင်း ခိုက်ရန်ဒေါသ ဖြစ်ပေါ်ကြ၏ဟု လက်ကောက် နှစ်ခုကို အာရုံပြုကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေက-ဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

၄၆။ တတိယ ပစ္စေကဗုဒ္ဓါ

ဝိဒေဟတိုင်း မိထိလာပြည်တွင် နိမိမည်သောမင်းသည် နံနက်စာ သုံးဆောင်ပြီး ဘိုရန်ဟုတ် အမတ်မျှားခြံရုံကာ လေသာပြူတင်းကို ဖွင့်လျက် လမ်းခရီးကိုကြည့်ရှု၍ ကျေလေသည်။

ထိုအချိန်တွင် စွန် ဘကောင်သည် အမဲ ရေး မှ အသားတုံး တခုကို ချီဆောင်သွားလေရာ ထိုစွန်နှင့်ကပ်သို့ တိုသိုအရပ်မှ စွန်, ငှက်တစေ့သော ငှက်အပေါင်းတို့သည် ဝိုင်းအုံလိုက်ကုန်ကာ နှုတ်သီး ဖြင့်ထိုးကြ-ဆိတ်ကြ, အတောင်ခြေနှင့် ခတ်ကြ-ပုတ်ကြ, ခြေဖြင့် နင်းကြ ကုတ်ကြပြီး အသားတုံးကို ဆုတ်ယူခြိုးခဲကုန်သည်။

အသားတုံးကို ချီဆောင်သွားသော စွန်ကသည် အခြားသော ငှက်များ၏ ဝိုင်းဝန်း ထိုးဆိတ်, လုယက်ကြသည်ကို မခံနိုင်တော့သဖြင့် အသားတုံးကို စွန့်လွှတ်လိုက်ရလေသည်။

ထိုအသားတုံးကို စွန်ဘကောင်က ချီဆောင်ယူခြိုးရာ ထိုစွန်ကိုလည်း အခြားငှက်များက ဝိုင်းဝန်းထိုးဆိတ်ကာ လုယူကြပြန်လေသည်။

မင်းကြီးသည် တကောင်လက်မှ တကောင်လက်သို့ ရောက်အောင် အသားတုံးကိုလုယူနေကြသော ငှက်များကို မြင်လျှင် အသားတုံးကို ယူသောငှက်သည် ဆင်းရဲရ၏၊ အသားတုံးကို စွန့်လွှတ်သောငှက်သည် ချမ်းသာရသည်။

ဤငှက်များနည်းတူ ကာမဂုဏ်ငါးပါးကို ခံယူလိုက်စားသောသူသည် ဆင်းရဲဒုက္ခ တွေ့ကြုံရ၏၊ ကာမဂုဏ်ငါးပါးကို မခံယူဘဲ စွန့်လွှတ်နိုင်သောသူသည် ချမ်းသာသုခ ပြည့်စုံရ၏။

လောကီအာရုံ ကာမဂုဏ်များသည် တဦးထည်းပိုင် မဟုတ်ဘဲ အများဆိုင်ဖြစ်ပေသည်။ အသားတုံးကို စွန့်လွှတ်သော ငှက်သည် ချမ်းသာမှုကို ရသလို၊ ငါသည်လည်း လောကီအာရုံ ကာမဂုဏ်များကို ပယ်စွန့်နိုင်မှ ချမ်းသာရာရပေမည်ဟု ဆင်ခြင်ကာ ဝိပဿနာ ကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

၄၇။ စတုတ္ထ ပစ္စေကဗုဒ္ဓါ

ဥတ္တရပဉ္စာလတိုင်း ကပိလ မြို့၌ ဒုမ္မုခမည်သော မင်းသည် နံနက်စာသုံးဆောင်ပြီးသော် အမတ်များခြံရုံလျက် လေသာနန်းတံခါးကိုဖွင့်ကာ မင်းယင်ပြင်ကို ကြည့်ရှုနေလေသည်။

ထိုအချိန်တွင် နွားဧကျောင်းသားများသည် နွားများကိုခြံမှဖွင့်လွှတ်လိုက်လျှင် နွားသိုးများသည် ကိလေသာစိတ် တကြွသဖြင့် နွားမတကောင်ကို ဝိုင်းအုံကာ လိုက်ကြလေသည်။

နွားအုင်ထဲဘွင် ဦးချိုထက်သော နွားသိုး တကောင်သည် အခြားနွားသိုးတကောင်ကို ကိလေသာစိတ် ပြင်းထန်ပြီး မနာလိုဝန်တိုသဖြင့် ပေါင်ကြားကို တအားဝှေလေသည်။

အဝေ့ခံရသောနွားသိုးသည် အူများထွက်ကာ ထိုနေရာ၌ပင် ဘုန်းဘုန်းလဲ၍ သေပွဲဝင်ရလေသည်။

မင်းကြီးသည် သေဆုံးသွားသော နွားကို မြင်လေသော် တိရိစ္ဆာန်များကို အစထား၍ ဤသတ္တဝါများသည် ကိလေသာ၏ အလိုသို့ လိုက်နေကြသဖြင့် ဆင်းရဲဒုက္ခ ဖြစ်ကြရပေသည်။

ဤနွားသည်လည်းကိလေသာ၏အလိုသို့လိုက်မိသဖြင့် အသက်ဆုံးရှုံးရပေ၏၊ ငါသည် ဆင်းရဲဒုက္ခကို ဖြစ်ပေါ် စေတတ်သော ကိလေသာကို ပယ်စွန့်မှ တော်ပေမည်ဟု ကြံစည်ကာ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

တဖန်သောအခါတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ် လေးဆူတို့သည် ဆွမ်းခံချိန်မရောက်မီ နန္ဒမူလကလိုဏ်ဂူမှ ထွက်လာကြကာ အနဝတတ် အိုင်တွင် မျက်နှာသစ်ခြင်း၊ တန်ပူ စားခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းများကို ပြုလုပ်ကြပြီး ဗာရာဏသီမြို့၏အနီး တံခါးရှာသို့ ဆွမ်းခံဝင်ကြလေရာ ဘုရားလောင်း၏ အိမ်တံခါးဝသို့ ရောက်လာကြကုန်သည်။

ဘုရားလောင်းသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကိုမြင်လေလျှင် ကြည်ညိုစိတ် ဖြစ်ပေါ်လာသဖြင့် မိမိအိမ်သို့ ခေါ်ဆောင်ကာ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်များကို လှူဒါန်း ကျွေးမွေးလေသည်။

ဘုရားလောင်းသည် အရှင်မြတ်တို့ ဘုမ်းစားပြီးသောအခါ သင့်တော်ရာ အာရုပ်ဌာ နေလျက် အကြီးဆုံး မထေရ်ကို ရှိခိုးကာ အရှင်မြတ်တို့၏ရဟန်းဘဝသည် အလွန်တင့်ဘယ်ပါပေ၏၊ အရှင်မြတ်တို့၏ ဂုဏ်ဒြေသည် အထူးတည်ကြည်ကြသကဲ့သို့ အရေအဆင်းများသည်လည်း အထူးပင် စင်ကြယ်ကြပါပေသည်။

အရှင်မြတ်တို့သည် အဘယ်အာရုံကိုမြင်တွေ့ကြကုန်၍ ရဟန်း အဖြစ်သို့ ရောက်ကြပါကုန်သနည်းဟု မေးမြန်း လျှောက်ထားလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က မိမိတို့၏ ရဟန်းဘဝသို့ ရောက်လာရခြင်း၏ အကြောင်းများကို အောက်ပါအတိုင်း မိန့်ကြား တော်မူကြလေသည်။

ပထမအရှင်မြတ်။ ။ဒါယကာ-ငါသည် ဥယျာဉ်သို့ သွား သောအခါ စိမ်းညိုသော အဆင်းရှိသော အသီးတို့ဖြင့် တင့်တယ်စွာ သီးနေသော သရက်ပင်ကို မြင်တွေ့ရသည်။ တဖန် ဥယျာဉ်မှပြန်ထွက်လာချိန်တွင် လူအများ ပစ်ခတ် ဖျက်ဆီးထားကြသဖြင့် ကျိုးပဲ့ ပျက်စီး၍ နေသော ထို သရက်ပင်ကို မြင်တွေ့ရပြန်သည်။ ဤတွင် သံဝေဂဉာဏ် ဖြစ်ပေါ်ကာ ဝိပဿနာဂမ္ဘီရဉာဏ်စီးဖြန်းသောကြောင့် ရဟန်းဘဝသို့ ရောက်ခဲ့ရပေသည်။

ဒုတိယအရှင်မြတ်။ ။ဒါယကာ-ငါသည် မိန်းမဝေယျာဝတ်၏ လက်တွင် ပတ္တမြား လက်ကောက် နှစ်ခုကို တဘက် တကွင်းစီ ဝတ်ဆင်ထားသောအခါတွင် အသံမြည်ထွက် ကြပေ၊ တဖန် လက်ကောက်နှစ်ခုကို ပေါင်းစု၍ လက် တဘက်ထည်းတွင် ဝတ်ဆင်ထားသော အခါ တွင်ကား တခုနှင့်တခု ထိခိုက်ကြ၍ အသံ မြည်ထွက်လာလေသည်။ ဤသို့ဖြစ်ပုံကိုအာရုံယူကာ ဝိပဿနာဂမ္ဘီရဉာဏ်း စီးဖြန်း သောကြောင့် ရဟန်းဘဝသို့ ရောက်ခဲ့ရပေသည်။

တတိယအရှင်မြတ်။ ။ဒါယကာ-ငါသည် အသားတုံးတခု ကို ချီဆောင်လာသော ငှက်တကောင်ကို အခြားငှက် များက အစာရမှက်ကြောင့် ဝိုင်း အုံ ထိုး ဆိတ် ကြ ပုံ ကို

မြင်ရသဖြင့် သံဝေဂရကာ ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ရဟန်းဘဝသို့ ရောက်ခဲ့ရပေသည်။

စတုတ္ထအရှင်မြတ်။ ။ဒါယကာ-ငါသည် နွားအုပ်အလယ်တွင် ခွန်အားနှင့် ပြည့်စုံသော နွား သိုးတ ကောင်ကကိုလေသာစိတ်ထကြွကာ အခြား နွားသိုးတကောင်ကို သေအောင်ပွေကာ နှိပ်စက်ညှဉ်းပန်းပုံကိုမြင်တွေ့ရသဖြင့် သံဝေဂရကာ ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ရဟန်းဘဝသို့ ရောက်ခဲ့ရပေသည်။

၄၀။ ကောဒဿနိပါတ် ပါနီယဇာတ်လာ ငါးဆူသော ပစ္စေကဗုဒ္ဓါ (ပထမ)

ရှေးအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်စိုးရှိနေစဉ် ကာသီတိုင်း ရွာငယ်တရွာ၌ သူငယ်ချင်းနှစ်ယောက်ရှိရာ ထိုသူနှစ်ယောက်တို့သည် ရေဘူး ကိုယ်စီယူကာ လယ်တောသို့ သွားကြကုန်သည်။

လယ်ခတောသို့ခရောက်လျှင် သင့်ဘော်ရာအရပ်၌ ရေဘူးမျှားကို အဘူထားကာ လယ်ဝေးသို့ ခုတ်ထွင်ရှင်းလင်းကြသည်။

သူငယ်ချင်းတယောက်သည် ရေဆာလာသဖြင့် ရေဘူးထားရာသို့လာပြီး မိမိရေဘူးမှမရကို မသောက်ဘဲ သူတပါးရေဘူးမှ ရေကို ခိုးသောက်လေသည်။

ထိုသူသည် ညနေချမ်းအချိန် လယ်တောမှပြန်လာ ရေချိုးပြီး ရပ်နေစဉ် ယနေ့ငါ့မှာ တစုံတခုသောမကောင်းမှုကို ပြုမိတာမျှား ရှိလေ သ လား ဟု ဆင်ခြင်လေ ရာ သူငယ်ချင်း၏ ရေကို ခိုးသောက်မိသောအပြစ်ကို မြင်တွေ့လေသည်။

ယင်းသို့ မြင် တွေ့ လေ လျှင် မိမိလွန်ကျူးမိသောအပြစ်ကို အလွန်ထိတ်လန့် ကြောက်ရွံ့ကာ ဤလောဘတရား ကြီးပွားလာ ခဲ့သော် အပါယ်ဘုံသို့ ကျရောက်ရ ပေလိမ့်မည်၊ ဤ့လောဘကို မကြီးပွားမီ ပယ်စွန့်မှ သင့်တော်မည်ဟု ကြံစည်ကာ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ သည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်ပြီးနောက် မိမိရရှိသောတရား၏ ဂုဏ်ကျေးဇူးမျှားကို ဆင်ခြင်ပြီး ရပ်နေလေရာ နောက်မှ ရေမျှိုး ပြီး၍ တက်လာသော သူငယ်ချင်းက ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက် မှန်းမသိသဖြင့် မိတ်ဆွေ - ငါတို့ အိမ်ကိုပြန်ကြကုန်စို့-ဟု ပြော ဆိုလေသည်။

ပစ္စေကဗုဒ္ဓါ။ ။သင်သာ သားလေလော၊ ငါမှာ အိမ်သို့ ပြန်ဘွယ်ကိစ္စမရှိပြီ၊ ငါသည် ပစ္စေကဗုဒ္ဓါ ဖြစ်လေပြီ။

သူငယ်ချင်း။ ။မိတ်ဆွေ - သင်သည် အဘယ်သို့ ပြောဆို သနည်း၊ ပစ္စေကဗုဒ္ဓါအရှင်မြတ် တို့သည် သင်ကဲ့သို့ လူ အသွင် သဏ္ဌာန်နှင့် မဟုတ်ဘဲ ဆံ ပင် လက် နှစ် သစ် မျှ လောက်ရှိပြီး ဖန် ရည် စွန်း သော သင်္ကန်းကို ဝတ်ကာ မြောက် ဟိမဝန္တာရှိ နန္ဒမူလကလိုဏ်ဂူ၌ နေ့စောင်မူကြ ကုန်သည်။

ထိုစကားကိုကြားလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သတိရ ကာ ဦးခေါင်းကို လက်ဖြင့်သုံးသပ်သည်နှင့်တပြိုင်နက် လူ့အသွင် ကွယ်ပျောက်ပြီး ရဟန်းအသွင်ရောက်ကာ ကောင်းကင်ထက်၌ ခပ်လျက် သူငယ်ချင်းအား တရား ဟော ပြီး လျှင် နန္ဒမူလက လိုဏ်ဂူသို့ ကြွသွားတော်မူလေသည်။

၄၉။ ဒုတိယ ပစ္စေကဗုဒ္ဓါ

ကာသီခေါ် ရှာငယ်တရှာ၌ သူကြွယ်တယောက်သည် အိမ်စျေး၌ ထိုင်နေစဉ် လမ်း လျှောက် သွား သော လင် မ ယား နှစ်ယောက်ကို မြင်လေလျှင် ရုပ်ဆင်းအင်္ဂါ ချောမောလှပသော မိန်းမကို တွယ်တာမက်မော ကပ်ငြိသောတဏှာဇောဖြင့် လူကြီးဦးနှေပျက်လောက်အောင် ကြည့်ရှုမိလေသည်။

ယင်းသို့ကြည့်ရှုမှု တဖန် သတိရပြန်သောအခါတွင် ငါ့မှာ ဖြစ်ပေါ်လာသော ဤ တပ်မက်ခြင်း ဝိသမ လောဘတရားသည် အစဉ်တိုးပွားရှိလာချေသော် ငါ့ကို အပါယ်သို့ ပစ်ချမေလတံ့ဟု ထိတ်လန့်ကြောက်ရွံ့သော သံဝေဂဉာဏ် ဖြစ်ပေါ်လာသဖြင့် ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင် ကောင်းကင်၌ရပ်ကာ လူအများအား တရားဟောပြီးသော် နန္ဒမူလက လိုဏ်ဂူသို့ ကြွသွားတော်မူလေသည်။

၅၀။ တတိယ ပစ္စေကဗုဒ္ဓါ

ကာသီရွာ၌ နေကြသော သားအဘ နှစ်ယောက် တို့သည် အကယ်၍ ခိုးသား ဓားပြတို့ ဘမ်းမိလျှင် ငါတို့နှစ်ယောက် သားအဘ ဘော်စပ်ကြသည်ဟု မပြောစတမ်းဟု ကတိထားကာ ခရီးအတူသွားကြလေသည်။

အဘယ့်ကြောင့် ယင်းကဲ့သို့ ကတိထားကာ သွားကြသနည်းဆိုသော် တောစခန်း၌ လုယက် တိုက်ခိုက်နေကြသော ခိုးသားဓားပြများသည် သားအဘနှစ်ယောက်ကိုဘမ်းမိလျှင် သတ်သားကို ရွေးယူရန်အတွက် ငွေကြေးဥစ္စာ ယူဆောင်ခဲ့လောဟု ပြော

ဆိုကာ အဘကိုလွှတ်လိုက်၍ သားဖြစ်သူကို ချုပ်နှောင်ထား လေ့ ရှိကြသည်။

ညီအစ်ကိုနှစ်ယောက်ကို ဘမ်းမိလျှင် ညီကို ချုပ်နှောင်ထားကာ အစ်ကိုဖြစ်သူကို လွှတ်လေ့ရှိကြသည်။

ဆရာ-တပည့်နှစ်ယောက်ကို ဘမ်းမိလျှင် ဆရာကို ချုပ်နှောင်ထားကာ တပည့်ကို ပြန်လွှတ်လေ့ရှိကြ၏။

ယင်းသို့သော ခိုးသားဓားပြတို့၏ သဘောကို သိထားကြသဖြင့် ကတ်ထားကာ ခရီးသွားကြခြင်းဖြစ်လေသည်။

တောစခန်းအရောက်တွင် သားအဘနှစ်ယောက်ကို ခိုးသားဓားပြတို့ ဘမ်းမိကြလေရာ သင်တို့နှစ်ယောက် မည်သို့တော်စပ်ကြသနည်းဟု ခိုးသားဓားပြများက မေးလေသည်။

ငါတို့နှစ်ယောက် မည်သို့မျှ မတော်စပ်ကြ-ဟု လိမ်လည်၍ ပြောသဖြင့် သားအဘ နှစ်ယောက်ကို ခိုးသား ဓားပြ များက ဘမ်းဆီးထားရာမှ လွှတ်လိုက်ကြလေသည်။

သားအဘ နှစ်ယောက်တို့သည် ခိုးသား ဓားပြများ လက်မှ လွှတ်မြောက်လာခဲ့ကြရာ ညနေချမ်းအချိန်တွင် သားဖြစ်သူသည် မိမိ၏ကိုယ်ကျင့်သိလ စင်ကြယ်မှု ရှိ မရှိကို ဆင်ခြင် လေ သော် ခိုးသားဓားပြတို့အား လိမ်လည်၍ပြောဆိုခဲ့သော မကောင်းမှုကို တွေးမြင်လေသည်။

ငါသည် လိမ်လည်၍ ပြောဆိုသော မကောင်းမှုကို လွန်ကျူးမိခဲ့လေပြီ ဤမကောင်းမှုသည် ငါ့ကို အပါယ်သို့ ပစ်ချလတ္တံ့ ဟု ထိတ်လန့်ကြောက်ရွံ့သော သံဝေဂဉာဏ်ဖြစ်ပေါ်လာကာ ဝိပဿနာကမ္မဋ္ဌာန်း စီးပြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင် အဘအား တရားဟောပြီး နန္ဒမူလကလိုဏ်ဂူသို့ ကြွသွားတော်မူလေသည်။

၅၁။ စတုတ္ထ ပစ္စေကဗုဒ္ဓါ

ကာသီရာဇ်နေထိုင်သော ရှာစားတယောက်က သားကြီး-ငါးကြီးများကို မသတ်ရဟု မောင်းခတ်၍ တားမြစ်ထားချိန်တွင် လူအများသည် အခွန်အတုတ်ဆက်သဘို့ရန် စုဝေးလာရောက်ကြပြီး-

အရှင် ရှာစားမင်း - အကျွန်ုပ်တို့သည် သမင်, ဝက်, ကြက်စသော သတ္တဝါများကို သတ်ဖြတ်၍ နတ်တို့အား ဗလိနတ်စာ ပူဇော် ပ,သပါကုန်အံ့။

ဤအချိန်သည် ဗလိနတ်စာ ပူဇော်ပ,သသော အချိန်ဖြစ်ပါ၏ဟု ပြောဆိုကြလေသည်။

သင်တို့ ရှေးထုံးစံ ရှိကြသည့်အတိုင်း ပြုလုပ်ကြကုန်လေဟု ရှာစားက ပြောဆိုလေသော် လူ အများသည် များစွာ သော သတ္တဝါတို့ကို အလိုရှိတိုင်း သတ်ဖြတ်ကြလေသည်။

များစွာသော ငါး-အမဲတို့ကို ရှာစားမြင်လေရာ ဤလူအများသည် ငါ၏ တခွန်းတည်းသော စကားဖြင့် ဤမျှ များပြားသော သတ္တဝါတို့ကို သတ်ဖြတ်ကြ ပေ၏ ဟု စိတ်မ ကောင်းဖြစ် ကာ ဝိပဿနာတရားကို ပွားများသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင် ကောင်းကင်၌ ရပ်လျက် လူအများအား တရားဟောပြီး နန္ဒမူလက လိုဏ်ဂူသို့ ကြွသွား တော်မူလေသည်။

၅၂။ ပဌမ ပစ္စေကဗုဒ္ဓါ

ကာသီတိုင်းတွင် ရှာစားတယောက်သည် သေအရက်မျှားကို ရောင်းဝယ်ခြင်း မပြုရဟု တားမြစ် ပိတ်ပင် ထားလေသည်။

ထိုအချိန်တွင် လူအမျှားက-

"အရှင်ရှာစားမင်း-ဤအချိန်သည် သေရည်သေရက်သောက်စားသော ပဲ့လမ်းသဘင် ကျင်းပချိန်ဖြစ်ပါ၏၊ အကျွန်ုပ်တို့သည် မည်သို့ပြုရပါကုန်အုံ့နည်း" ဟု ပြောဆိုကြလေသည်။

ရှာစားက-

"သင်တို့ ရှေး ထုံးစံ ရှိကြသည်အတိုင်း ပြုကြကုန်လော" ဟု ပြောဆိုလေရာ၊ လူအမျှားသည် ပဲ့လမ်းသဘင်ပြုလုပ်ကာ သေအရက်မျှားကို သောက်စားကြပြီး ခိုက်ရန်ဒေါသ ပြုလုပ်ကြသဖြင့် ခြေ,လက်ကျိုးသူကျိုး၊ ဦးခေါင်းကွဲသူကွဲ၊ နားရွက်ပြတ်သူပြတ် ဖြစ်ကာ ဆင်းရဲဒုက္ခ ရောက်ကြလေသည်။

ရှာစားသည် ထိုလူမျှားကို မြင်လေသော် ငါသည် ဤပဲ့လမ်းသဘင်ကို အကယ်၍ ခွင့်မပြုခဲ့လျှင် ဤ လူ အမျှားသည် ဤမျှလောက် ဆင်းရဲဒုက္ခ ရောက်ကြမည် မဟုတ်ပေ။

ခွင့်ပြုမိတာ မှားလေစွဟု ပူပန်သောကဖြစ်ကာ ဝိပဿနာ၁ကမ္မဌာန်းစီးဖြန်းသောကြောင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ၏။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်လျှင် ကောင်းကင်ဌာရပ်ကာ သင်တို့သည် ကုသိုလ်ကောင်းမှုမျှားကို မမေ့မလျော့ကြကုန်လင့်" ဟု တရားဟောပြီး နန္ဒမူလကလိုဏ်ဂူသို့ ကြွသွားတော်မူလေသည်။

တနေ့သောအခါ ယို ငါးဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဗာရာဏသီမြို့တွင်းသို့ ဆွမ်းခံဝင်လာခဲ့ကြရာ မင်းနန်းတော်တံခါးဝသို့ ဆိုက်ရောက်ကြလေကုန်၏။

မင်းကြီးသည် ငါးဆူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကို မြင်လေလျှင် ကြည်ညိုစိတ်ဖြစ်ပေါ်သဖြင့် နန်းတော်သို့ပင့်ဆောင်ကာ ကောင်းမြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းလေသည်။

မင်းကြီးသည် အရှင်မြတ်တို့ ဆွမ်းစားခြင်း ကိစ္စ ပြီးဆုံးလတ်သော် သင့်တော်ရာအရပ်၌ထိုင်လျက် သိလိုသော အချက်များကို လျှောက်ထားလေသည်။

မင်းကြီး။ ။ပျိုမြစ်နုနယ် ပထမအရွယ်၌ အရှင်ဘုရားတို့ ရဟန်းပြုလုပ်ခြင်းသည် အလွန်တင့်တယ်ပါပေ၏၊ အရှင်ဘုရားတို့သည် လောကီအာရုံ ကာမဂုဏ်များ၌ အဘယ်အပြစ်များကို မြင်၍ ပထမ အရွယ်၌ ရဟန်းပြုကြပါကုန်သနည်း။

ပ-ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-ငါသည်သူငယ်ချင်းတယောက်၏ ရေကို မရိုးဖြောင့်သောစိတ်ထားဖြင့် ခိုးယူသောက်မိခဲ့ပေ၏၊သောက်ပြီးသည့်နောက်တွင် ငါသည်မကောင်းမှုအကုသိုလ်ကို ပြုမိလေပြီဟု သတိသံဝေဂ ရကာ ရေကို ခိုးသောက်မိသော မကောင်းမှုကို အာရုံပြု၍ ရဟန်းပြုခဲ့ခြင်း ဖြစ်ပေသည်။

ဒု-ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-ငါသည် သူတပါး၏ ကာမပိုင်မယားကို စွဲလမ်းမက်မောမိခဲ့၏၊ ထိုနောက်တွင် ငါသည် သူတော်ကောင်းတို့ မကြိုက်သော အကုသိုလ် ဒုစရိုက်ကို ပြုမိခဲ့လေပြီဟု သတိသံဝေဂရကာ ကာမဂုဏ်တို့၌ မက်မောဘတ်သော တဏှာကို အာရုံပြု၍ ရဟန်းပြုခဲ့ခြင်း ဖြစ်ပေသည်။

တ-ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-ငါတို့ သားအဘ နှစ်ယောက်ကို တောအုပ်၌ ခိုးသားဓားပြတို့ ဘမ်းဆီးမိစဉ် သင်တို့နှစ်ယောက် မည်သို့တော်စပ်ကြသနည်းဟု ခိုးသားဓားပြတို့ကမေးသောအခါ ငါတို့နှစ်ယောက် မည်သို့မျှမတော်စပ်ကြဟု လိမ်လည်ကာ ပြောကြားမိခဲ့၏၊ ထိုနောက်တွင် ငါသည် လိမ်လည်၍ပြောကြားသောမကောင်းမှုကို ပြုမိခဲ့လေပြီဟု သတိသံဝေဂရကာ လိမ်လည် ပြောဆိုသောမကောင်းမှုကို အာရုံပြု၍ ရဟန်းပြုခဲ့ခြင်း ဖြစ်ပေသည်။

ဘ-ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-လထွက်ခါစ ညချမ်းအခါနှင့် နတ်ပူဇော်ပွဲ သဘင် ကျင်းပသောအခါ လူအများသည် နွားနှင့်ဝက် စသော သတ္တဝါများကို သတ်ဖြတ်ကြလေ၏၊ ငါသည် ထိုနတ်ပူဇော်ပွဲကိုခွင့်ပြုခဲ့မိသည်။

ထိုနောက်တွင် ငါသည် သတ္တဝါအများကို သတ်ဘို့ရန် ခွင့်ပြုသော မကောင်းမှုကံကို ပြုမိခဲ့လေပြီဟု သတိသံဝေဂရကာ ထိုမကောင်းမှုကို အာရုံပြု၍ ရဟန်းပြုခဲ့ခြင်း ဖြစ်ပေသည်။

မ-ပစ္စေကဗုဒ္ဓါ။ ။မင်းကြီး-လူအများသည် သေအရက်ကို သစ်မည်စည်သီးမှည့်ကဲ့သို့ ထင်မှတ်ကာ ပွဲလမ်း သဘင် ကျင်းပသောအခါ သောက်စားမူးယစ်ပြီး အချင်းချင်း သတ်ဖြတ် ညှင်းဆဲကြကာ ဆင်းရဲဒုက္ခရောက်ကြလေ၏၊ ငါသည် သေ အရက် သောက်စားသော ထိုပွဲသဘင်ကို ခွင့်ပြုမိခဲ့သည်။

ထိုနောက်တွင် ငါသည် သေရည်သေရက် သောက်စားသော ပွဲလမ်းသဘင်ကို ခွင့်ပြု မိခဲ့လေပြီ ဟု သတိ

သံဝေဂရကာ ထိုမကောင်းမှုကို အာရုံပြု၍ ရဟန်းပြုခဲ့ခြင်းဖြစ်ပေသည်။

မင်းကြီးသည် ငါးဆူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ၏ စကားကို ကြာ နာရလျှင် အလွန်ကြည်ညိုသောစိတ် ဖြစ်ပေါ်သဖြင့် သက်နိုးလျှောပုဆိုးနှင့် ဆေး ပဇဉ်းများကို လှူဒါန်းလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည်လည်း မင်းကြီးအား တရားဟောပြီးလျှင် နန္ဒမူလကလိုဏ်ဂူသို့ ကြွသွားတော်မူကြလေသည်။

၅၃။ သောဏက ပစ္စေကဗုဒ္ဓါ

သင်္ဘီနိုပါဘ် သောဏကဇာတ်။ ထိုအရှင်မြတ်သည် ပြဆိုခဲ့ပြီးသော ဒရီမုခ ပစ္စေကဗုဒ္ဓါအရှင်မြတ်နှင့် လွှာဘဝ၌ဖြစ်ပုံ၊ ပစ္စေကဗောဓိဉာဏ်ကို ရရှိပုံ၊ လွှာဘဝက မိတ်ဆွေ ဖြစ်ခဲ့သော မင်းကြီးအား တရားဟောပုံများမှာ တူညီကြပြီး ဟောကြားသောတရားများသာ ကွဲပြားလေသည်။

ထို သောဏက ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ပြီးနောက်၊ အနှစ်(၅၀)မရောက်လာသောအခါ မိတ်ဆွေဖြစ်သော ဘုရားလောင်း အရိန္ဒမမင်းကြီးက မိခင်ကို တွေ့မြင်လိုပုံကို သိသဖြင့် မင်းကြီးထံသွားကာ တရားဟောပြီး ရဟန်းပြုဘို့ တိုက်တွန်းအံ့ဟု ကြံစည်ကာ မင်းဥယျာဉ်သို့ ကြွလာတော်မူလေသည်။

သောဏက ပစ္စေကဗုဒ္ဓါအရှင်မြတ် ကွယ်လွန်ခဏတ်ခြေကြာင်းကို အရိန္ဒမမင်းကြီး ကြားသိလေလျှင် ဝမ်းမြောက် ဝမ်းသာဖြင့် စစ်သည်ဗိုလ်ပါ ပရိသတ်ပေါင်းများစွာခြံရံကာ ဥယျာဉ်တော်သို့ ထွက်လာခဲ့လေသည်။

ဥယျာဉ်တော်တွင် အရှင်မြတ်ကိုမြင်လေသော် အား ကိုး ရာ မဲ့သော သူဆင်းရဲတယောက်အသွင် မှတ်ထင်သဖြင့်၊ အို-အမတ်တို့၊ ဦးခေါင်းတုံးကာ ဒုက္ခဋ္ဌသက်နှိုးကို ဝတ်ရုံသော ဤရဟန်းသည် အားကိုးစရာ မိဘဆွေမျိုးမရှိဘဲ ဆင်းရဲပင်ပန်းစွာ သစ်ပင်ရင်းခို သနားစဘွယ် မိုင်တွေ့ငေးမောရှိနေပေ၏-ဟု ပြောဆိုလေသည်။

ထိုစကားကို ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြားလေသော်၊မင်းကြီး၏စကားသို့လိုက်ကာ မင်းကြီး - ငါသည် လောကုဘ္ဘရာတရားကိုးပါးကို စိတ်ဖြင့် တွေ့ထိ သုံးသပ်၍နေသောကြောင့် သင်ထင်မှတ်သလို သနားစရာ အားကိုးရာမဲ့သော သူဆင်းရဲတယောက် မဟုတ်ပေ။

သင် မင်းကြီး သည်သာ သုစ ရိုက် တရားများကို ပယ်စွန့်ပြီး ဒုစရိုက်တရားများကို လိုက်စားပြုကျင့်၍နေသောကြောင့် သနားစရာ အားကိုးရာမဲ့သော သူဆင်းရဲတယောက် ဖြစ်ချေသည်ဟု ဘုရားလောင်း အရိန္ဒမ မင်းကြီးကို ကဲ့ရဲ့တော်မူလေသည်။

အရိန္ဒမမင်းကြီးသည် မိမိအား ကဲ့ရဲ့ပြောဆိုသည်ကို မသိဟန်ဆောင်ကာ အရှင်ဘုရားကား အကျွန်ုပ်၏ ဥယျာဉ်တော်သို့ ကြွရောက်လာသောအရှင်မြတ်အား ချမ်းသာစွာအိပ်စက်ရပါရဲ့လားဟု မေးမြန်းလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က မင်းကြီး-ဤအရပ်၌ဖြစ်စေ၊ တပါးသောအရပ်၌ ဖြစ်စေ၊ မည်သည့်အရပ်၌ပဆို ငါ့အား မချမ်းသာသည်ဟူ၍မရှိ၊ချမ်းသာခြင်းသာရှိ၏ဟု မိန့်တော်မူကာ သမဏသုခ ခေါ် ရဟန်းတော်များ၏ ချမ်းသာခြင်း တရား ရှစ်ပါးကို အောက်ပါအတိုင်း ဟောပြတော်မူလေသည်။

သမဏသုခတရား ရှစ်ပါး

"မင်းကြီး - ရဟန်းတော်များ ရရှိ ခံစားအပ်သော ချမ်းသာ ခြောင်းတရား ရှစ်ပါးရှိပေ၏။

ပထမချမ်းသာ။ ။မင်းကြီး-ရဟန်းတော်များမှာ တိုက်တာ ကျီကြွ၍သော်၎င်း၊ အိုးစရည်း၍သော်၎င်း၊ ခြင်းတောင်း၍ သော်၎င်း သိုမှီး သိမ်းဆည်း ထည့်သွင်း၍ ထားအပ်သော ဥစ္စာ စပါး မရှိကြကုန်၊ ကောင်းသော အကျင့် ရှိသော ရဟန်းတော်များသည် သူဘာပါးတို့ ချက်ပြုတ်၍ ကျက် လေပြီးသော အစာကို ဆွမ်းခံရှာဖွေ၍ ရသမျှဖြင့် ရောင့်ရဲ မျှတကာ အသက်မွေးကြ ပေ၏။ ယင်းသို့ အသက်မွေး ခြင်းသည်ပင် ရဟန်းတော်များ၏ ရှေးဦးစွာသော ချမ်း သာသုခ တခုဖြစ်ပေသည်။

ဒုတိယချမ်းသာ။ ။မင်းကြီး ရဟန်းတော်များသည် ဘုရား ရှင် တားမြစ်ထားသော မအပ်သောရှာမှီးခြင်းဖြင့် မရှာမှီး ဘဲ တရားနှင့်အညီ ဖြစ်ပေါ်လာသောဆွမ်းကို ပစ္စေဝက္ခ ဏာ ဆင်ခြင်ကာ မှီဝဲသုံးဆောင်ကြ၏။ ထိုဆွမ်းကို အမှီ ပြု၍ အနည်းငယ်မျှသော ကိုယ်လေးပါးတရားလည်း မပြစ် ပေါ်ကြပေ၊ ယင်းသို့ သုံးဆောင်ခြင်းသည် ရဟန်းတော် များ၏ နှစ်ခုမြောက်သော ချမ်းသာသုခတခုဖြစ်ပေသည်။

တတိယချမ်းသာ။ ။မင်းကြီး-ရဟန်းတော်များသည် ပြွမ်း အေးသောဆွမ်းကို (ရဟန္တာဖြစ်ယောဂီ သုံးဆောင် သောဆွမ်းနှင့် ပုထုဇဉ်ရဟန်းပြစ်ခဲ့သော် တရားနှင့်ညီစွာ ရရှိပြီး ပစ္စေဝက္ခဏာဆင်ခြင်ကာသုံးဆောင်သောဆွမ်းကို ပြွမ်းအေးသောဆွမ်းဟု ခေါ်သည်) သုံးဆောင်ကြ၏။

ထိုသို့သုံးဆောင်ကြသဖြင့် အနည်းငယ်သော ကိုလေ သာလည်း မဖြစ်ပေါ်ကြပေ၊ ယင်းသို့ သုံးဆောင်ခြင်း သည် ရဟန်းတော်များ၏ သုံးခုမြောက်သော ချမ်းသာ သုခတခု ဖြစ်ပေသည်။

စတုတ္ထ ချမ်းသာ။ ။မင်းကြီး - ရဟန်းတော် များ သည် အလုပ် အကျွေး ဒကာ·ဒကာမတို့ အပေါ်၌ တွယ်တာ ကပ်ငြိမှု မရှိသလို၊ မြို့, ရွာ, နိုဂုမ်း စသည်တို့၌ လှည့်လည် သွားလာပါသော်လည်း တွယ်တာကပ်ငြိမှု မရှိကြပေ။

ယင်းသို့ ဖြစ်ခြင်းသည် ရဟန်းတော်များ၏ လေးခု မြောက်သော ချမ်းသာသုခ တခု ဖြစ်ပေ၏။

ပဉ္စမချမ်းသာ။ ။မင်းကြီး-ဌက်များမှာ ကိုယ်ပိုင်ဥစ္စာဟူ၍ အကောင်သာရှိသလို၊ ရဟန်းတော်များမှာလည်း ကိုယ်၌ ဝတ်ရုံ၍ထားသော ပရိက္ခရာမျှသာ ရှိသောကြောင့် မြို့, ရွာ, နိုဂုမ်းကို မီးလောင်သော်လည်း ရဟန်းတော်များမှာ ကား မည်သည့်ပစ္စည်းကိုမျှ မီးလောင်ခြင်း မခံကြရပေ။

ယင်းသို့ ဖြစ်ခြင်းသည် ရ ဟန်း၊တော် မျှား ၏ ငါးခု မြောက်သော ချမ်းသာသုခ တခု ဖြစ်ပေ၏။

ဆဋ္ဌ ချမ်းသာ။ ။မင်းကြီး-ရဟန်းတော်များမှာ ပစ္စည်းဥစ္စာ ဆိုသည် ဝတ်ရုံသားသော ပရိက္ခရာမျှသာ ရှိသောကြောင့် ခိုးသားခားပြုတို့ လူအများကို ဖျက်ဆီးလုယက်ကြသော် လည်း ရဟန်းတော်များမှာ မည်သည့် ပစ္စည်းကိုမျှ လု ယက်ပျက်ဆီးခြင်း မခံကြရပေ။

ယင်းသို့ဖြစ်ခြင်းသည် ရဟန်းတော်များ၏ ခြောက်ခု မြောက်သော ချမ်းသာသုခ တခု ဖြစ်ပေသည်။

သတ္တမချမ်းသာ။ ။မင်းကြီး-ခိုးသား ဓားပြတို့ တိုက်ခိုက်လုယက်နေသော လမ်းခရီးကို ဖြစ်စေ၊ အခွန် အတုတ်ကောက်ခံသော ကင်းစောင့် သမားတို့ စောင့်ကြပ်နေသော လမ်းခရီးကိုဖြစ်စေ၊ ရဟန်းတော်များမှာ မိမိပိုင်ဆိုင်သောပရိက္ခရာကို လွတ်လပ်စွာယူဆောင်သွားလာခွင့်ရရှိကြပေ၏။

ယင်းသို့ လွတ်လပ်စွာ သွားလာရခြင်းသည် ရဟန်းတော်များ၏ ခုနစ်ခုမြောက်သော ချမ်းသာသုခ တခုဖြစ်ပေ၏။

အဋ္ဌမချမ်းသာ။ ။မင်းကြီး- ရဟန်းတော် များမှာ ကိုယ်ခ္ဍဝတ်ရုံထားသော ပရိက္ခရာအပြင် ကျောင်းခ္ဍ သိုမှီးထားသော ပစ္စည်းဟူ၍မရှိသောကြောင့် အရပ်တပါးသို့ သွားလိုလျှင် နေရာဟောင်းကို ငဲ့ကွက်ခြင်းမရှိဘဲ လွယ်ကူစွာ သွားလာနိုင်ပေ၏။

ယင်းသို့ သွားလာနိုင်ခြင်းသည် ရဟန်းတော်များ၏ ရှစ်ခုမြောက်သော ချမ်းသာသုခတခု ဖြစ်ပေ၏။

ဟင်းသို့ သောဏက ပစ္စေကဗုဒ္ဓါအရှင်မြတ်က ရဟန်းတော်များ၏ ချမ်းသာခြင်းတရားရှစ်ပါးကို ဟောပြောပါသော်လည်း အရှိန္ဒမမင်းကြီးသည် လောကီအာရုံ ကာမဂုဏ်များ၌ အလွန်မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍နေသောကြောင့် အရှင်မြတ်၏စကားကို ဖြတ်ကာ-

"အရှင်သောဏက သင်သည် ရဟန်းတော်များ၏ ချမ်းသာခြင်းတရားများကိုမည်သို့ပင်ချီးမွမ်းပြောကြားစေကာမူ အကျွန်ုပ်သည် လောကီအာရုံ ကာမဂုဏ်များကို မပယ်စွန့်နိုင်သေးပါ။

အမှန်ကိုလျှောက်ရသော် အကျွန်ုပ်သည် လူတို့၏ အာရုံငါးပါး ကာမဂုဏ်တရားများကိုသာ မက နတ်တို့၏ အာရုံ ငါးပါး ကာမဂုဏ်တရားများကိုပါ ရရှိခံစားနိုင်ဘို့ရန် ရည်သန် ကြံဆတောင်းတချ၍ နေပါ၏"ဟု လျှောက်ထားလေသည်။

ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်က မင်းကြီးအား အာရုံငါးပါး ကာမဂုဏ်တရားများကို လိုက်စားသဖြင့် ရရှိ ခံစားရသော အပြစ်များကို တဆဲ့နှစ်ဂါထာတို့ဖြင့် ဆက်လက်ကာ ဟောကြားတော်မူပြန်၏။

မင်းကြီး။ ။အာရုံငါးပါး ကာမဂုဏ်တရားများကို လိုချင်စုံမက် နှစ်သက်ကြသောသူများသည် ထိုကာမဂုဏ် ချမ်းသာကို ခံစားလိုသဖြင့် မကောင်းမှုဒုစရိုက် တရားများကို မိုက်မိုက်မှားမှား ပြုလုပ်မိကြသည်။

ယင်းသို့ ပြုလုပ်မိသောကြောင့် ထိုသူများသည် မကောင်းမှုကို ပြုလုပ်သောသူတို့ သွားရောက်ရာဖြစ်သော အပါယ်ဘဝရဲ့သို့ ကျရောက်ကြရလေ၏။

မင်းကြီး။ ။အာရုံငါးပါး ကာမဂုဏ်တရားများကို တံထွေးပေါက်ကဲ့သို့ နှမြောစုံမက်ခြင်းမရှိဘဲ လွတ်လွတ်စွန့်ကာ တောထွက်လာပြီးလျှင် ရာဂစသော ဘေးရန်ဟူ၍ တခုမျှ မဖြစ်ပေါ်ရအောင် တယောက်ထည်း နေထိုင်ကြသော ရဟန်းတော်များမှာ အပါယ်ဘဝရဲ့သို့ မကျရောက်ကြပေ။

မင်းကြီး။ ။ဤလောကဌ် အခ္ခါသော ပညာရှိ များသည် ဥပမာကောင်းရပ်ကို ကြားနာရရုံဖြင့် ဆိုလိုသော အနက်အဓိပ္ပာယ်ကို သိနိုင်ကြသောကြောင့် လူပြည်, နတ်ပြည်ဌ ရှိသော ကာမဂုဏ်ချမ်းသာများကို လိုလားတောင်းတနေသော သင်မင်းကြီးအား ဆင်ယောကောင်ပုပ်ကို တပ်မက်

သော ကျီးငှက်ကို ဥပမာထား၍ ငါဟောကြားဦးမည်၊ ရှေဘုဏ်ကွန်ယက်ဖြန့်လျက် နာကြားလေလော။

မင်းကြီး။ ။စဉ်းစားဉာဏ်လုံးဝမရှိသည့်ပြင် အလိုဆန္ဒလည်းကြီးလှသော ကျီးငှက်တကောင်သည် ဂင်္ဂါမြစ်လယ်တွင် ပေါလောပေါကာ မျှောလာသော ဆင် သေကောင်ကို တွေ့မြင်လေလျှင် ဆင်သေကောင်ထက်၌နားကာ နှစ်ရှည်လမျှား စားသောက်၍ မကုန်နိုင်သောအစာကို ငါရလေပြီ၊ တပါးသောအရပ်သို့ မသွားဘဲ့အံ့ဟု ဝမ်းမြောက်ဝမ်းသာ ကြံစည်ကာ နေလေသည်။

မင်းကြီး။ ။ထိုကျီးငှက်သည် ဆင်သေကောင်ထက်၌ နားနေပြီး ဆင်သားကို စားကာ ဂင်္ဂါမြစ်ရေကို သောက်လျက် နေလာခဲ့ရာမှ တဖြည်းဖြည်း ဂင်္ဂါမြစ်မှ သည် ကမ်းမြင့်-လမ်းမြင့်သော မဟာသမုဒ္ဒရာတွင်းသို့ရောက်သွားလေသည်။

သမုဒ္ဒရာတွင်းသို့ရောက်လျှင် အသားအရေ ကုန်ခန်းကာ အရိုးစုမျှသာကျန်သော ဆင်သေကောင်သည် ကျိုင်းလေပုတ်ခတ်သဖြင့် ရေထဲသို့ နစ်မြှုပ်သွားလေ၏။

ထိုအခါ ကျီးငှက်သည် စားစရာအစာ ကုန်ဆုံးသည့်ပြင် ခိုနားစရာ လည်းမရှိတော့သဖြင့် ရေပေါ်သို့ ပျံတက်ကာ နားစရာကိုရှာဖွေပါသော်လည်း မည်သည့်နေရာ၌မျှ ခိုနားစရာကို မရရှိတော့ပေ။

မင်းကြီး။ ။သမုဒ္ဒရာတွင်း၌ ထိုမှဤမှ ပျံသန်း နေရသော ကျီးငှက်သည် ပျံသန်းရဖန် မျှားလတ်သော် အတောင်ညောင်းကာ မပျံသန်းနိုင်ရှာတော့ဘဲ သမုဒ္ဒရာ တွင်း သို့ ကျဆင်း သေဆုံးရလေတော့သည်။

မင်းကြီး။ ။ဤဥပမာအဟူ သင်မင်းကြီးပင်ဖြစ်စေ၊ တပါး သူပင်ဖြစ်စေ၊မည်သူမဆို ကာမဂုဏ်ချမ်းသာကို ခံစားပြီး ထိုကာမဂုဏ်ချမ်းသာ မပယ်စွန့်နိုင်သောသူသည် ဆင်သေ ကို မက်မောသဖြင့် သမုဒ္ဒရာတွင်း၌ အသက်ဆုံးရှုံးရသော ကျီးငှက်နှင့် တူသောသူဟူ၍ ဘုရားအစရှိသော သူတော် ကောင်းတို့က သတ်မှတ်ထားကြကုန်၏။

မင်းကြီး။ ။ငါသည် သင်မင်းကြီး၏ အကျိုးစီးပွားကို လို လားသဖြင့် ကျီးငှက်ကိုဥပမာတင်ကာ ဆုံးမစကားပြော ကြားခဲ့လေပြီ။

ငါ၏ အဆုံးအမအတိုင်း လိုက်နာလျှင် သင် မင်းကြီး သည် သေလွန်သောအခါ နတ်ပြည်၌ ဖြစ်လိမ့်မည်၊မလိုက် နာလျှင် အပါယ်ငရဲ၌ ဖြစ်ရလိမ့်မည်။

ငါ၏ အဆုံးအမကို လိုက်နာမှ, မလိုက်နာမှုမှာ သင် မင်းကြီး၏ဆန္ဒအရသာ ဖြစ်ပေ၏၊ ငါသည်ကား သုံးဆဲ တဘုံမှ လွတ်မြောက်၍ နောက်ဇာတိ ပဋိသန္ဓေ မနေရ တော့ပြီ။

မင်းကြီး။ ။သနား ကရုဏာ ရှိသောသူသည် သူတပါးကို ပြောဆို ဆုံးမရာဝယ် တခွန်းသော စကား၊ သို့မဟုတ် နှစ်ခွန်းသော စကားမျှလောက်ဖြင့်သာ ပြောဆို ဆုံးမ ရာ၏၊ ထို့ထက်ပိုလွန်ပြီး မပြောဆို မဆုံးမရာ။

အဘယ့်ကြောင့်ဆိုသော် တခွန်း-နှစ်ခွန်းထက် ပိုလွန် ပြီး ပြောဆိုဆုံးမနေလျှင် အရှင်သခင်တို့အထံတွင် ပြော ဆိုသော ကျွန်နှင့်တူသောကြောင့် ဖြစ်ပေ၏ဟု ပြောဆို ကာ ကောင်းကင်သို့ ပျံတက်၍ နန္ဒမူလက လိုဏ်ဂူသို့ ကြွ သွားတော်မူလေသည်။

ထိုအခါ အလောင်းတော် အရိန္ဒမမင်းကြီးသည် ကောင်းကင်ခရီးဖြင့် ကြဲသွားခဲတော်မူသော မိတ်ဆွေ သောဏက ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မျက်စိတမြင် ကြည့်ကာ မမြင်ရခဲသော အခါတွင် ထိတ်လန့်ခြင်း သံ ၀ဝ ဂ ဖြစ်ပေါ်လာလေ၏။ ဤပုဏ္ဏားသည် အမျိုးယုတ်သူဖြစ်ပါလျက် အသမ္ဘိန္နခတ္တိယဖြစ်သော ငါမင်းမြတ်၏ ဦးခေါင်းထက်၌ ခြေမှုန့်များကို ကျဲချပြီးလျှင် ကောင်းကင်ခရီးဖြင့် သွားလေသည်။

ငါသည်လည်း ယနေ့ပင် ရဟန်းပြုလုပ်သင့်ပေ၏ဟု ကြံစည်ကာ သားတော်အား တိုင်းပြည်ကိုလွှဲအပ်၍ ရဟန်းပြုလုပ်သွားလေသည်။

၅၄။ မဟာမောရဇာတ်လာ ပစ္စေကဗုဒ္ဓါ

ပဂိုဏ္ဏက နိပါတ် မဟာမောရ ဇာတ် ၌ ဘုရားအလောင်း ဥဒေါင်းမင်းကို မိအောင်ဖမ်းဆီးနိုင်သောမုဆိုးသည် ပစ္စေကဗုဒ္ဓါ အလောင်းတော် ဖြစ်သည်။

ထို မုဆိုးသည် ပစ္စေကဗောဓိဉာဏ်ကို ရရှိနိုင်သော အခြေခံ ကံ ပါရမီရှိနေပါလျက် မိမိအိမ်သို့ ဝင်ထွက် သွားလာနေသော ဥစ္ဆေဒအယူရှိသည့် အစတ်မဆည်း ရဟန်းကြီးများကို ဆရာတင်ကာ ဆည်းကပ်မိသဖြင့် ကုသိုလ်, အကုသိုလ်မရှိ၊ ကုသိုလ်, အကုသိုလ်၏အကျိုး မရှိ၊ တမလွန်ဘဝ မရှိဟု ဥစ္ဆေဒအယူကို ယူပြီးလျှင် ဌက်များကို ဖမ်းဆီး သတ်ဖြတ်နေသည်။

သို့သော် နေရောင်ကို မြှောက်လင့်နေသော ပဒုမ္မာ ကြာသည် နေရောင်နှင့် တွေ့လျှင် ချက်ခြင်း ပွင့်လာသကဲ့သို့ ကုသိုလ်, အကုသိုလ်ရှိပုံ၊ ကုသိုလ်, အကုသိုလ်၏ အကျိုး ရှိပုံ၊ တမလွန်ဘဝ ရှိပုံများကို ဘုရားလောင်း ဥဒေါင်းမင်းက ရှင်းလင်းဟောပြသော

အခါ သံဝေဂဉာဏ်ဖြစ်ပေါ်လာပြီး သခ်ၤါရတရားကို သိမ်းဆည်းကာ ဝိပဿနာ ဆင်ခြင်သဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လျှင်-

တစံဝ ဇိဏ္ဏံ ဥရဂေါ ပုရာဏံ၊
ပဏ္ဍုပလာသံ ဟရိတော ဒုမောဝ။
ဧသပ္ပဟီနော မမ လုဒ္ဓဘာဝေါ၊
ဇဟာမဟံ လုဒ္ဓကဘာဝ မဇ္ဇတိ။

"အချင်းတို့-မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့၎င်း၊ စိမ်းစိုသောသစ်ပင်သည် သစ်ရွက်ယော်ကို စွန့်သကဲ့သို့၎င်း၊ ငါသည်သူ အသက်ကို သတ်ပေါ့ရှိသော မုဆိုးဘဝကို စွန့်ခဲ့ လေပြီ" ဟု ကျူးရင့်တော် မူလေသည်။

ပစ္စေကဗုဒ္ဓါအရှင် မြတ်သည် ဥဒါန်း ကျူးရင့်ပြီး နောက် ငါသည် အလုံးစုံသော ကိလေသာ အနှောင် အဖွဲ့များမှ လွတ်မြောက်ခဲ့သော်လည်း ငါ၏ အိမ်ဥ ပမ်းဆီး နှောင်ဖွဲ့ ထားသော ဌက်များစွာကား ရှိသေး၏၊ ထိုဌက်များကို အနှောင်အဖွဲ့မှ မည်သို့ လွတ်အောင် ပြုရမည်နည်းဟု ကြံစည်ကာ အကြောင်းကိုမသိမြင်သဖြင့် ဘုရားလောင်း ဥဒေါင်းမင်းကို မေးလေသည်။

ပစ္စေကဗောဓိဉာဏ်ကို ရရှိနေပါလျက် အဟိတ်တိရိစ္ဆာန် ဖြစ်သော ဥဒေါင်းမင်းကို အဘယ့်ကြောင့် မေးရသနည်း ဆိုသော် အကြောင်းအရာကိုသိတတ်သော ဉာဏ်အရာတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ဉာဏ်ထက် သဗ္ဗညုဘုရားလောင်းတို့၏ဉာဏ်က သာလွန်၍ သိတတ်သောကြောင့် မေးရခြင်းဖြစ်၏ ဟု အဋ္ဌကထာဆရာ အကြောင်းပြပေသည်။

ဘုရားလောင်း ဥဒေါင်းမင်းက ကိလေသာကို ပယ်သတ်ပြီး ပစ္စေကဗောဓိဉာဏ်ရရှိပုံကို အာရုံပြုကာ သစ္စာဆိုလေလော့-ဟု နည်းပေးသည်။

ထိုနည်းအတိုင်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်က သစ္စာ ဆိုသဖြင့် မိမိအိမ်၌ ဖမ်းဆီးထားသော ငှက်မျိုးသာမက ဇမ္ဗူဒီပ် တကျွန်းလုံးရှိ အဖမ်းအဆီးခံနေရသော သတ္တဝါအားလုံး အနှောင်အဖွဲ့မှ လွတ်မြောက်ကြလေသည်။

မုဆိုးသည် ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်သော်လည်း လူအသွင် မကွယ်ပျောက်သေးဘဲရှိရာ ဦးခေါင်းကို လက်ဖြင့်သုံးသပ်သော အခါတွင်မှ လူအသွင်ကွယ်ပျောက်ပြီး ပရိုက္ခရာအစုံအလင် ကိုယ်တွင်ဝတ်ဆင်ထားကာ ဝါခြောက်ဆယ်ရပြီးသည့် မထေရ်ကြီးအသွင် ဖြစ်ပေါ်လာလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သင်သည်-ငါ၏ကိုးကွယ်ရာ ဖြစ်ပါပေ၏ဟု ပြောဆိုလျက် ဘုရားလောင်း ဥဒေါင်းမင်းကို လက်အုပ် ချီမိုး ရှိခိုးကာ အရိုအသေပေးပြီး ကောင်းကင်ခရီးဖြင့် နန္ဒမူလကလိုဏ်ဂူသို့ ကြွသွားတော်မူလေသည်။

၅၅။ သီချင်းသံကိုအာရုံယူ၍ဝိပဿနာရှုသော ပစ္စေက ဗုဒ္ဓါ

ဘုရားမပွင့်မီ ကြားကာလတခု၌ ယောဂျားတယောက်သည် သား ခုနစ်ယောက်နှင့်အတူ တောမှ ပြန်လာစဉ်-

ညှိုးနွမ်းသောအရေကိုမှီသော ဤခန္ဓာကိုယ်ကို အိုခြင်းတရားက နှိပ်စက်သည်။

သေမင်း၏ စားသောက်ဘွယ်ရာ အစာဖြစ်သော ဤခန္ဓာကိုယ်သည် သေခြင်းတရားဖြင့် ပျက်စီးရသည်။

ဤခန္ဓာကိုယ်သည် ပိုးမျိုးရှစ်ဆယ်တို့၏ နေထိုင်ရာအိမ်လည်း ဖြစ်သည်။ များစွာသော အပုပ်အသိုးဖြင့်လည်း ပြည့်သည်။

ဤခန္ဓာကိုယ်သည် မစင် အညစ် အကြေး တို့၏ တည်ရာလည်း ဖြစ်သည်။ အနှစ်မပါ အကာလုံးလုံး အသုံးမကျ ငှက်ပျောတုံးနှင့်လည်း တူလှသည်။

ဟု ဆန်ဖွတ်သော မိန်းမတယောက် သီဆိုသော သီချင်းသံကို ကြားရလေလျှင် မိမိခန္ဓာကိုယ်ကို ဝိပဿနာတင် ဆင်ခြင်သဖြင့် သားခုနစ်ယောက်နှင့်အတူပဇွေကဗုဒ္ဓါအဖြစ်သို့ရောက်လေသည်။ (ပဠကနိပါတ် အဂုတ္တိရဋ္ဌိကာ၊ သုတ္တနိပါတ အဋ္ဌကထာ ၃ ၂ ၄။)

---

၅ ။ မြားဒဏ်ရာဖြင့် ပရိနိဗ္ဗာန်စံရသော ပဇွေကဗုဒ္ဓါ

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး အုပ်ချုပ်နေချိန်တွင် နန္ဒမူလိုဏ်ဂူမှ တဆူသော ပဇွေကဗုဒ္ဓါအရှင်မြတ်သည် မင်းကြီး၏ လျှောက်ထားချက်အရ နန်းတော်၌ ဆွမ်းဘုဉ်းပေးကာ ဥယျာဉ်တော်တွင် ကြာမြင့်စွာ သီတင်းသုံး နေထိုင်တော်မူလေသည်။

မင်းကြီးသည် အရှင်မြတ်၏ ဝတ်ကြီး, ဝတ်ငယ်ကို ဆောင်ရွက်ပေးရန်အတွက် သုမင်္ဂလအမည်ရှိသော ဥယျာဉ်စောင့်ကို တာဝန်ပေးထားသည်။

သုမင်္ဂလကလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရိုသေလေးစား စွာ ပြုစုလုပ်ကျေး၏။ တနေ့တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် သုမင်္ဂလကိုခေါ်ကာ-

သုမင်္ဂလ-ငါသည် နှစ်ရက်, သုံးရက်ခန့် ဤမည်သောရွာ၌ နေပြီး ပြန်လာခဲ့အုံ၊ မင်းကြီးကို လျှောက် ထား လေ လော့-ဟု ပြောဆိုကာ ကြွသွားတော်မူသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နှစ်ရက်, သုံးရက် ထိုရွာ၌နေထိုင်ပြီး နေ့ဝင်ချိန်တွင် ဥယျာဉ်တော်သို့ ပြန်ရောက်လာကာ မင်္ဂလာ ကျောက်ဖျာပေါ်၌ ထိုင်နေလေသည်။

သုမင်္ဂလသည် အရှင်မြတ်-ဥယျာဉ်တော်သို့ ပြန်ရောက်လာ သည်ကိုမသိဘဲ အိမ်သို့ပြန်လာရာ အိမ်တွင် ရောက်နေသည့် ဧည့် သည်များကို ကျွေးမွေးရန်အတွက် ဥယျာဉ်တွင်းရှိ ဘေးမဲ့ပေး ဆောင်းသောသမင်ကို သတ်ဘို့ရန် လေးမြားယူ၍ လာခဲ့လေသည်။

သုမင်္ဂလသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်လေလျှင် သမင် ဟု မှတ်ထင်ကာ လေးဖြင့် ပစ်လေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သုမင်္ဂလ ပစ်မှုန်း သိ လေ လျှင် သုမင်္ဂလကိုခေါ်ကာ မိမိကိုစူးနေသောမြားကို အနှုတ်ခိုင်းသည်။

သုမင်္ဂလသည် ရိုသေစွာရှိခိုးပြီး မြားကို နှုတ် ပေး ပါ သော် လည်း ဒဏ်ရာမှာ အလွန်ပြင်းထန်သောကြောင့် ထိုနေရာမှာပင် ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။

မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ် ပရိနိဗ္ဗာန်ဝင်စံကြောင်း ကို ကြားသိရလေလျှင် ပရိသတ် များ စွာ ဖြင့် ဥယျာဉ်တော်သို့

သွားကာ အလောင်းတော်ကို ခုနစ်ရက်တိုင်တိုင် ကြီးကျယ်ခမ်းနားစွာ မီးသင်္ဂြိုဟ်ပူဇော်ပြီး ဓာတ်တော်ကို စေတီတည်ထား၊ ကိုးကွယ်လေသည်။ (အဋ္ဌကနိပါတ်၊ သုမင်္ဂလဇာတ်)

၅၃။ ဂင်္ဂါမာလ ပစ္စေကဗုဒ္ဓါ

ရှေးအခါ ဘုရားအလောင်းတော်သည် သူဆင်းရဲမျိုးဌာပြစ်၍ သူ့ဌေးတဦးအိမ်တွင် လခစားဖြင့် အလုပ်လုပ်နေစဉ် နေ့ထက်ဝက် ဥပုသ်ကို စောင့်သုံးလေသည်။

ထိုဘဝမှ စုတေသောအခါ နေ့ထက်ဝက်ဥပုသ် စောင့်သုံးခဲ့သော ကံကြောင့် ဗာရာဏသီပြည်တွင် ဥဒယမင်းဖြစ်လေသည်။

ထိုမင်း၏ ဆံမုတ်ဆိတ်ကို သုတ်သင်ပေးသော ဆတ္တာသည် သည် ဂင်္ဂါမာလအမည်ရှိ၏။

ဂင်္ဂါမာလသည် ဤဥဒယမင်းကြီး သည်ကား ရှေးဘဝ သူဆင်းရဲဖြစ်ခဲ့စဉ်က နေ့ထက်ဝက်မှ စောင့်သုံးခဲ့သော ဥပုသ်ကံကြောင့် ဗာရာဏသီပြည်၌ ဤသို့ကြီးကျယ် ခမ်းနားသော မင်းအဖြစ်ကို ရ၏-ဟု သိရသောအခါ-

အနည်းငယ်သော ကုသိုလ်ကံသည်ပင် မင်းအဖြစ်ကိုရသောကြောင့် ကုသိုလ်ကံကို မျှားစွာ ပြုလုပ်သင့်၏-ဟု ဆုံးဖြတ်ကာ မင်းကြီးထံ ခွင့်တောင်းပြီး ရဟန်းပြုလေ၏။

ရဟန်းပြုလုပ်ပြီးနောက် ဟိမဝန္တာသို့ သွား ကာ ဝိပဿနာ ကမ္မဋ္ဌာန်း စီးပြန်းသဖြင့် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဂန္ဓမာဒနတောင်၌ ငါးနှစ်တိုင်တိုင် နေတော်မူကာ ဗာရာဏသီမင်းကြီးကို သတိရသဖြင့် ကြည့်ရှု စောင့်ရှောက်ရန် ဥယျာဉ်တော်သို့ ကြွလာပြီး မင်္ဂလာကျောက်ဖျာ၌ နေတော်မူလေသည်။

ဥယျာဉ်စောင့်က ဂင်္ဂါမာလ သည် ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်ကာ ဥယျာဉ်တော်သို့ ကြွလာကြောင်းကို မင်းကြီးအား သံတော်ဦးတင်လေရာ၊မင်းကြီးသည် မယ်တော်နှင့်တကွ ပရိသတ်များစွာ ခြံရံပြီး ဥယျာဉ်တော်သို့လာကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရှိခိုး၍ နေလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မင်းကြီးကို ဗြဟ္မဒတ်-သင်သည် မမေ့မလျော့ တရားနှင့်ညီညွတ်စွာ မင်းပြုပါ၍လား၊ ဒါန,သီလ စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပါ၍လား-ဟု အမျိုးမှ လာသော အမည်ဖြင့်ခေါ်ကာ မြောဆိုလေသည်။

ထိုစကားကိုကြားလျင် မင်း၏မယ်တော်သည် ဤဆတ္တာသည် ရဟန်းသည် မိမိကိုယ်ကို သူတပါး၏ အညစ်အကြေး သုတ်သင်ပေးရသော အမျိုးယုတ်သူ ဖြစ်မှန်းမသိဘဲ ရေမြေ့ရှင်ဖြစ်သော ဂါ့သားမင်းကို ဗြဟ္မဒတ်ဟူသော အမည်ဖြင့် ခေါ်ဝေါ်၏-ဟု အမျက်ထွက်သောကြောင့်-

ဂင်္ဂါမာလ-သတ္တဝါတို့သည် မိမိပြုလုပ်သော အကျင့်ဂုဏ်ဖြင့် ယုတ်မာမှုကို စွန့်လွှတ်ကြကုန်၏၊ သင်္ဃာသည်လည်း ရဟန်းအကျင့်ဖြင့် သင်၏ဆတ္တာသည်ဘဝကို စွန့်လွှတ်လေသလော။

သင်သည် မိမိ၏ရဟန်းအကျင့်ဖြင့် အနိုင်ယူကာ ဂါ့သားမင်းကို ဗြဟ္မဒတ်ဟု အမျိုးမှလာသောအမည်ဖြင့် ခေါ်ဝေါ်ခြင်းသည် သင့်လျော်ပါသလော-ဟု မြောဆိုလေသည်။

ထိုအခါ မင်းကြီးသည် မယ်တော် ဤသို့မပြောသိုသင့်-ဟု တားမြစ်ပြီး မယ်တော် - သည်းခံမှု အကျင့်သီလ ရှိမှုသည် လူအများ၏ ရှိခိုးပူဇော်ခြင်းကို ခံယူထိုက်ပေသည်။

မင်းအမတ်များနှင့်တကွ ငါတို့အားလုံး ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရှိခိုးကြကုန်၏။ မယ်တော် - ဤသို့ ရှိခိုးခံရခြင်းသည် သည်းခံမှု, အကျင့်သီလရှိမှု၏ မျက်မှောက်ဖြစ်သော အကျိုးဟု ရှုမြင်ပါ၊လော ဟု ပြောဆိုလေသည်။

မင်းကြီးက မယ်တော်ကို တားမြစ်လေလျှင် ကျန်လူအများသည် နေရာမှတကာ အရှင်မင်းကြီး-အမျိုးယုတ်သော ဤဆတ္တာသည် ရဟန်းသည် အရှင်မင်းကြီးကို ဗြဟ္မဒတ်အမည်ဖြင့် ခေါ်ဝေါ်ပြောဆိုဘို့ မသင့်ပါ-ဟု လျှောက်ထားကြလေသည်။

မင်းကြီးသည် ထိုလူအများကိုလည်း တားမြစ်ကာ အို-လူအပေါင်းတို့ သင်တို့သည် ဗောဓိပက္ခိယတရားကို ကျင့်ကြံ အားဘုတ်သဖြင့် ပစ္စေကဗောဓိဉာဏ်ကို ရရှိတော်မူသော အရှင်မြတ် ဂင်္ဂါမာလကို မည်သည့်စကားကိုမျှ မပြောဆိုကြကုန်လင့်။

စိုးရိမ်ခြင်းမရှိသော အရိယာသူတော်ကောင်းတို့သည် မဟာသမုဒ္ဒရာနှင့်ဝှေးသော သံသရာကြီးကို ကူးမြောက်တော်မူကြကုန်သကဲ့သို့၊ ဤ ဂင်္ဂါမာလ အရှင်မြတ် သည်လည်း သံသရာကို ကူးခမြောက်တော်မူလေပြီ-ဟု ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုလေသည်။

မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုရှိခိုးလျက် အရှင်မြတ်သည် အကျွန်ုပ်၏မယ်တော်အား သည်းခံတော်မူပါဟု လျှောက်ထားလေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က မင်းကြီး-ငါ သည်းခံ၏-ဟု ပြောဆိုလေသည်။

မင်းကြီးသည် မယ်တော်နှင့်တကွ ပရိသတ်အားလုံးကို ကန်တော့စေပြီးလျှင် ဤဥယျာဉ်တော်၌ အမြဲတမ်း သီတင်းသုံးနေထိုင်ဘို့ရန် လျှောက်ထားလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကား မင်းကြီး၏လျှောက်ထားချက်ကို လက်မခံဘဲ မင်းပရိသတ်အားလုံး မြင်စဉ် တွင် ကောင်းကင်၌ ရပ်ကာ မင်းကြီးအား ဆုံးမစကား ပြော ကြား ပြီး ဂန္ဓမာဒန တောင်သို့ ကြွသွားတော်မူလေသည်။

(အဋ္ဌကနိပါတ်၊ ဂဂ်ါမာလဇာတ်)

၅၀။ အမျှပေးဝေသင့်ပုံကို ဥပမာဖြင့် ဟောပြသော ပစ္စေကဗုဒ္ဓါ

ဘုရားမပွင့်မီ ကြားကာလတခု၌ မြို့တမြို့တွင် သုမနသူဌေးကို မိုခိုကာ ထမင်းစားရရန်အတွက် ကျွန်ခံ၍နေရသော အန္ဓဘာရ ခေါ် ဆင်းရဲသားတယောက်ရှိသည်။

သုမနသူဌေးသည် မိမိအိမ်တံခါးဝတွင် နေ့စဉ်မပြတ် မရှိန္ဒမ်း ပါးသော ဆင်းရဲသား ခရီးသွား သူတောင်းစားများကို အလှူ ကြီး ပေးလေ့ရှိသည်။

တနေ့တွင် ဥပရိဋ္ဌ အမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ် ဝင်စားတော်မူပြီး သမာ ပတ်မှ ထတော်မူသောအခါ ယနေ့ အဘယ်ပုဂ္ဂိုလ်ကို ချီးမြှောက် ရပါအုံ့နည်းဟု ဆင်ခြင်လေရာ အန္ဓဘာရကို တွေ့မြင်လေသည်။

ထို့ကြောင့် ဂန္ဓမာဒနတောင်မှကြွလာတော်မူကာ တောအုပ် မှ အိမ်သို့ ပြန်အလာ ရှာတံခါးဝသို့ရောက်နေသော အန္ဓဘာရ၏ ရှေ့တွင် ရပ်နေတော်မူသည်။

အန္ဓဘာရသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်ခဲလျှင် ရိုသေ စွာ ရှိခိုးကာ အရှင်ဘုရား-ဆွမ်း ရရှိတော်မူပါပြီလား ဘုရား-ဟု လျှောက်ထားသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဘုန်းရှိသောဒါယကာ - ဆွမ်းရှိ ပါလိမ့်မည်ဟု ပြောဆိုလေလျှင် အရှင်ဘုရား-ဤနေရာ၌ ခဏမျှ ရပ်တည်၍ နေတော်မူပါဟု လျှောက်ထားပြီး အနှဘာရသည် အိမ်သို့ မြန်စွာသွားလေသည်။

အိမ်သို့ရောက်သော် အိမ်ရှင်မကို မေးမြန်းပြီး မိမိအတွက် ချန်ထားသောထမင်းရှိမှန်းသိလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံသို့ သွားကာ သပိတ်ကို ယူဆောင်လာခဲလေသည်။

ရှင်မ - ငါတို့သည် ရှေးရှေးသော ဘဝများက ကုသိုလ် ကောင်းမှုကို မပြုလုပ်ခဲ့ကြသည့်အတွက် ဤဘဝတွင် စားစရာ ထမင်းကို ဆင်းရဲပင်ပန်းစွာ ရှာဖွေကြရသည်။

ငါတို့မှာ လူဒါန်းလိုသော စေတနာ ဖြစ်ပေါ်ပြန်လျှင်လည်း လှူဘွယ်ဝတ္ထုပစ္စည်းက မရှိ၊ လှူဘွယ် ဝတ္ထု ပစ္စည်း ရှိပြန်လျှင် လည်း အလှူခံပုဂ္ဂိုလ်နှင့် မကြုံကြုံက်။

ဤယနေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင် မြတ်ကို ငါတွေ့ကြုံခဲ့ရသည်။ လှူဒါန်းဘို့ရန် ငါ့မှာ ထမင်းလည်း ရှိသည်၊ သို့အတွက် ငါ့ဘို့ထား သော ထ မင်း ကို အရှင်မြတ်၏ သပိတ်ထဲသို့ယာ လောင်းထည့်လိုက်ပါလော။

ထို့သို့ အနှဘာရက ဝမ်းမြောဘိုလျှင် အိမ်ရှင်မ ကလည်း အသိ အမှတ်ပြု ပြုဖော်ပညာရှိသူဖြစ် ငါ၏ အိမ်ရှင်ယောကျ်ားသည် မိမိ အတွက်ထားသောထမင်းကို လူဒါန်းလျှင် ငါသည်လည်း ကုသိုလ် အသို့ကိုရှိမည်အောင် ငါ့အတွက် ထား သော ထမင်း ကိုလည်း လှူဒါန်းပေတော့ဒုံဟု ပြုံးပြုံးကာ နှစ်သိ်ပ် ယား အတွက် ထား သော ထမင်းများကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်းကြ လေသည်။

အနုဘာရသည် သပိတ်ကို ယူဆောင်ကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဆက်ကပ်ပြီးလျှင် ဆုတောင်းလေသည်။

အရှင်ဘုရား - ဤဆွမ်းလှူရသော ကောင်းမှုကြောင့် တပည့်တော်တို့သည် ဤဘဝလိုဆင်းရဲမျိုးမှ လွတ်မြောက်ရပါစေသား ဘုရား။

ဘုန်းရှိသော ဒါယကာ - သင် တောင်းဘဲ့ ဆု အဘိုင်း ပြည့်စုံစေ-ဟု ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဆုပေးသည်။

အနုဘာရသည် မိမိ၏ပုခုံးဘင်ပုဆိုးကို သင့်လျော်သောနေရာတွင် ခင်းလျက် အရှင်ဘုရား- ဤပုဆိုးပေါ်၌ ထိုင်ကာ ဘုဉ်းပေးတော်မူပါဘုရား-ဟု လျှောက်ထားသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ပုဆိုးပေါ်တွင်ထိုင်တော်မူလျက် ပစ္စဝေက္ခဏာဘာဝင် ဆင်ခြင်ကာ ဘုဉ်းပေးတော်မူသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်-

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပုဏ္ဏရသေါ ယထာ။

ဟု- ဆွမ်း အနုမောဒနာတရား ပေးကြား[illegible] ကြွသွားတော်မူသည်။

ထိုအချိန်တွင် သုမနသူဌေး ယိုးစောင့်နတ်သားသည် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဘုဒါနိုးသောလို[illegible]သည် အလွန်မွန်မြတ်သော [illegible] ဖြစ်လေ[illegible] [illegible]ကာ သာဓုခေါ်လေသည်။

ထို သာမုဏေါ်သံကိုကြားလျှင် သုမနသူဌေး ယိုးစောင့်နတ်သားကို မေးသည်။

သူဌေး။ ။အမောင် ထီးစောင့်နတ်သား-ငါ နေ့စဉ်မပြတ် လှူဒါန်းသည်ကို သင် မသိမမြင် လေသလော။

နတ်သား။ ။သူဌေးမင်း-ငါသည် သင် နေ့စဉ်လှူဒါန်းပေးကမ်းသည်ကို သာဓုခေါ်ခြင်းမဟုတ်၊ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား အနှဘာရ၏ ဆွမ်းအလှူကို ကြည်ညိုမှု သာဓုခေါ်ခြင်း ဖြစ်သည်။

နတ်သားက ဤသို့ ပြောဆိုလျှင် သုမန သူဌေးအား အကြံအစည်ဖြစ်လေသည်၊အနှဘာရ၏ဆွမ်းအလှူသည်အံ့သြဘွယ်ကောင်းလေစု၊ ငါသည် နေ့စဉ်မပြတ် လှူဒါန်းပေးကမ်း နေပါလျက် ထီးစောင့်နတ်သားသည် သာဓုတကြိမ်မျှမခေါ်ခဲ့ပေ။

ငါ့ကို မှီခိုနေရတဲ့ အနှဘာရကတော့ မြင့်မြတ်တဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူဒါန်းရသည့်အတွက် ဆွမ်း တထပ်စာ မျှ သော အနည်းငယ်သောအလှူကိုပင် နတ်သား၏ သာဓုခေါ်ခြင်းခံရပေသည်။

ငါသည် အနှဘာရအား ထိုက်သင့်သော အာဘိုးဌေကိုပေးပြီး သူလှူတဲ့ ဆွမ်းကို ငါ့ဆွမ်းဖြစ်အောင် ပြုလုပ်မှ တော်မည်။

ယင်းသို့ အကြံအစည်ဖြစ်သည့်အတိုင်း သုမန သူဌေးသည် အနှဘာရကိုခေါ်ကာ မေးမြန်းလေသည်။

သူဌေး။ ။အနှဘာရ-သင်သည် ယနေ့အာဘယ်ပုဂ္ဂိုလ်အား အာဘယ်ဝတ္ထုပစ္စည်းကို လှူဒါန်းပါသလဲ။

အနှဘာရ။ ။သူဌေးမင်း - အကျွန်ုပ်သည် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား အကျွန်ုပ်စားရန်ထားသော ထမင်းကို လှူဒါန်းလိုက်ပါတယ်။

သူဌေး။ ။အချင်းအနန္ဒာဘာရ-ဤငွေအသပြာကိုယူပါ၊ သင်လှူတဲ့ဆွမ်းကို ငါ့အား ပေးပါ။

အနန္ဒာဘာရ။ ။သူဌေးမင်း-အကျွန်ုပ် လှူတဲ့ ဆွမ်း အလှူကို မပေးနိုင်ပါ။

သုမန သူဌေးက တဖြည်းဖြည်း ငွေကို တိုးကာ တိုးကာဖြင့် တထောင်တိုင်အောင် ပေးၗ် ဝယ်ယူသည်။

အနန္ဒာဘာရကမူ တထောင် သော ငွေဖြင့်လည်း အကျွန်ုပ်၏ ဆွမ်းအလှူကိုမပေးနိုင်ပါဟု ပြောသည်။

ငွေမျှားစွာပေးၗ် ဝယ်ယူသော်လည်း မရသောအခါ သုမန သူဌေးက စကားတမျိုး ပြောပြန်သည်။

သူဌေး။ ။အချင်းအနန္ဒာဘာရ-သင် ယခုလို ငွေဖြင့် မရောင်းလိုလျှင်နေပါ၊ ငါ၏ငွေတထောင်ကို ယူကာ သင့်ဆွမ်းအလှူရဲ့ အဘို့ကိုသာ ငါ့အား အမျှ ပေးဝေပါလော။

အနန္ဒာဘာရ။ ။သူဌေးမင်း-ဆွမ်းအလှူရဲ့,အဘို့ကို သူတပါး အား အမျှပေးဝေလို ရ,မရဆိုသည်ကို အကျွန်ုပ်မသိပါ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို လျှောက်ထားကြည့်ပြီး အမျှ ပေးဝေလို ဖြစ်တယ်ဆိုလျှင် သူဌေးမင်းအား အကျွန်ုပ် ခွဲဝေပေးပါမည်။

အနန္ဒာဘာရသည် ယင်းသို့ပြောဆိုပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ် နောက်သို့ လိုက်ကာ ထိုအကြောင်းကို လျှောက်ထားသည်။

အနန္ဒာဘာရ။ ။အရှင်ဘုရား-သုမနသူဌေးသည် တပည့်တော် အား ငွေတထောင်ပေးကာ အရှင်ဘုရားကို,တပည့်တော် လှူတဲ့ ဆွမ်းအလှူရဲ့ အဘို့ကို အမျှပေးဝေဘို့ရန် တောင်းပန်နေပါတယ်၊ အမျှ ပေးဝေလို ရ, မရ သိလိုပါတယ် ဘုရား။!

ပစ္စေကဗုဒ္ဓါ။ ။ပညာရှိဒါယကာ - သင့်ကို ငါဥပမာတခု ပြောပြမည်၊ အိမ်ခြေပေါင်း တရာရှိတဲ့ ရွာတရွာ ရှိတယ် ဆိုကြပါစို့၊ အဲဒီရွာရှိ အိမ်တအိမ်မှာ ဆီမီးတိုင် တကိုင် ထွန်းထားတယ်၊ ကျန်တဲ့အိမ်မှာရှိတဲ့လူတွေက လောင်စာကို ဆီဆွတ်ပြီး ထွန်းထားတဲ့ဆီမီးတိုင်မှာ လာပြီး မီးကူးယူကြတယ်။

ဒီလိုယူကြတဲ့ အခါ ပထမအိမ်မှာထွန်းထားတဲ့ ဆီမီးရောင်ဟာ ကုန်ခန်းသွား သလား၊ သို့မဟုတ် နဂိုအတိုင်းပင် ရှိနေသလား။

အနုဘာရ။ ။အရှင်ဘုရား-ကုန်ခန်း၍ မသွားတဲ့အပြင် ပို၍ပင် အရောင်အလင်း တောက်ပ လာပါသေးတယ်ဘုရား။

ပစ္စေကဗုဒ္ဓါ။ ။ပညာရှိဒါယကာ-အဲဒီဥပမာလိုပင် တဇွန်းတယောက်မျှသော ဆွမ်းအလှူ၏ အဘိုးကို သူတပါးတို့အား အဘိုး တရာ, အဘိုး တထောင်ကိုပင် ပေးဝေသည်ဖြစ်စေ၊ ပေးဝေတိုင်း - ပေးဝေတိုင်း ထိုကုသိုလ်သည် တိုးပွားတိုးပွား၍သာ လာလေသည်၊ သင့်အလှူမှာ ဆွမ်းတထပ်စာ အလှူတခုသာဖြစ်သော်လည်း သုမနသူဌေးကို အမျှပေးဝေလိုက်လျှင် ဆွမ်းအလှူနှစ်ခု တိုးပွားလာမည်၊ တခုမှာ သင့်အတွက်ဖြစ်၍၊ တခုမှာ သုမနသူဌေးအတွက် ဖြစ်လေသည်။

အနုဘာရသည် အမျှပေးဝေပုံအဆုံးအဖြတ်ကို ကြားနာရပြီးသော် ပစ္စေကဗုဒ္ဓါရှင်မြတ်ကိုရှိခိုးပြီး သုမနသူဌေးထံ သွားကာ ဤသို့ပြောဆိုလေသည်။

အနုဘာရ။ ။သူဌေးမင်း-အကျွန်ုပ်၏ဆွမ်းအလှူကို သူဌေးမင်းအား အမျှပေးဝေပါတယ်၊ သာဓု ခေါ်တော်မူပါ။

သူဌေး။ ။အန္ဒဘာရ- ငါ သာဓုခေါ်ပါတယ်၊ ငါ၏ ဌေ
တထောင်ကိုလည်း အသင်ယူပါလော။

အန္ဒဘာရ။ ။သူဌေးမင်း-အကျွန်ုပ်၏ ဆွမ်းအလှူကို ဌေဖြင့်
ရောင်းခြင်း မဟုတ်ပါ၊ သဒ္ဓါစေတနာ သက်သက်ဖြင့်
ကုသိုလ်၏အဘို့ကို အမျှ ပေးဝေခြင်းသာဖြစ်ပါတယ်။

သူဌေး။ ။အမောင်အန္ဒဘာရ-သင်က သဒ္ဓါစေတနာသက်
သက်ဖြင့် ကုသိုလ်အဘို့ကို အမျှပေးဝေသလို ငါကလည်း
သင့်၏ဂုဏ်ကို တုံ့ပြန်ပူဇော်သည့် အနေဖြင့် ဌေတထောင်
ချီးမြှောက်ခြင်း ဖြစ်၏၊ ယူသာ ယူပါလော။

ဤသို့ဆိုလျှင် ကောင်းပါပြီဟု ပြောဆိုကာ အန္ဒဘာရသည်
သုမနသူဌေးပေးသော ဌေတထောင်ကို လှမ်းယူလေသည်။

သူဌေး။ ။အမောင်အန္ဒဘာရ-ဌေတထောင်ရတဲ့ အချိန်က
စပြီး အမှုကိစ္စမှန်သမျှကို သင့်လက်ဖြင့် ကိုယ်တိုင် မလုပ်
ကိုင်ရတော့ပြီ၊လမ်းမတခုတွင် အိမ်တဆောင်ဆောက်လုပ်
ကာ သင့်သဘောအတိုင်း နေထိုင်လေလော၊ သင် အလို
ရှိသည့် ဝတ္ထုပစ္စည်းများကိုလည်း ငါ့ဆီမှတောင်းယူ သုံး
ဆောင် လေလော။

ဤသို့လျှင် အန္ဒဘာရ ဆင်းရဲသားသည် နေ့ချင်း,ညချင်းပင်
ဆင်းရဲတွင်းမှ ထွက်မြောက်ကာ ခွမ်းသာဝေသာ ဘဝသို့ ရောက်
လေသည်။

ဤသို့ဖြစ်သည်မှာ နိဗ္ဗာန်သမာဓိတော်မှီသော ပစ္စေက
ဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူသော ကုသိုလ်စေတနာသည် အချိန်
ကြာမြင့်စွာ မဆိုင်းဘဲ ထိုနေ့မှာပင် အကျိုးပေးသောကြောင့်
ဖြစ်လေသည်။

ကုသိုလ်ကံသည် ထူးခြားလှသည်၊ သုမနသူဌေးသည် တပါးနေ့မျှားဌ် မင်းကြီးထံ အခစား ဝင်လျှင် အန္ဓဘာရကို တကြိမ်တခါမှ ခေါ်ဆောင်သွားလေ့ မရှိ၊ ထိုနေ့တွင်ကား ကုသိုလ်ကံ၏ လှုံ့ဆော်ချက်ကြောင့် အန္ဓဘာရကိုခေါ်ဆောင်ကာ မင်းကြီးထံ အခစား ဝင်မိလေသည်။

သုမန သူဌေး အခစား ဝင်ရောက်လာလျှင် မင်းကြီးသည် အန္ဓဘာရ၏ ဆံမ်းလှသော ကောင်းမှုကြောင့် သုမန သူဌေးကို မကြည့်ဘဲ အန္ဓဘာရကိုသာ ကြည့်၍နေသည်။

ထို အခြင်းအရာကို သုမနသူဌေး မြင်လေလျှင် မင်းကြီးကို ဤသို့ သံတော်ဦးတင်လေသည်။

သူဌေးကြီး။ ။အရှင်မင်းကြီးသည် ဤ ယောကျ်ားကို ထူးကဲစွာ ကြည့်ရှုတော်မူပါသလားဘုရား။

မင်းကြီး။ ။သူဌေးကြီး - မှန်ပေသည်၊ ဤ ယောကျ်ားကို အခြားသော နေ့မျှားက မတွေ့မမြင်ရဘဲ ဤနေ့တွင်မှ ထူးထူးခြားခြား တွေ့မြင်ရသောကြောင့် ဤသို့ ကြည့်ရှုခြင်းဖြစ်သည်။

သူဌေး။ ။အရှင်မင်းကြီး - ဤယောကျ်ားသည် သာမည မဟုတ်ပါ၊ ထူးကဲစွာ ကြည့်ရှုထိုက်သော ဂုဏ်ထူးရှိသူ ဖြစ်ပါသည်။

မင်းကြီး။ ။သူဌေးကြီး - ဤ ယောကျ်ားမှာ ထူးကဲစွာ ကြည့်ရှုထိုက်သော မည်ကဲ့သို့သောဂုဏ်ထူး ရှိပါသလဲ။

သူဌေး။ ။အရှင်မင်းကြီး-ဤယောကျ်ားသည် ယနေ့ မိမိ အတွက် ချန်ထားသော ထမင်းကို မိမိမစားဘဲ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူဒါန်းလိုက်ပါတယ်၊ ယင်းသို့

လူဒုဒါန်းသည်ကို ကြည်ညိုသဖြင့် အကျွန်ုပ်ပေးသော ငွေတထောင်ကို ရရှိသူဖြစ်ပါတယ်။

မင်းကြီး။ ။သူဌေးကြီး - ဤယောကျ်ား၏ နာမည်ကို မည်သို့ ခေါ်ကြသလဲ။

သူဌေး။ ။အနုဘာဝရဲ့ ခေါ်ကြကြောင်းပါ။

မင်းကြီး။ ။သူဌေးကြီး - ဤယောကျ်ားသည် သင့်ထံမှ ငွေတထောင်ရလျှင် ငါ့ထံမှလည်း ငွေတထောင် ရသင့်ပေသည်၊ ငါကလည်း ဤယောကျ်ားကို သင်နှင့်အတူ ပူဇော်ချီးမြှောက်ပေအုံ့။

ဟုပြောဆိုကာ မင်းကြီးကငွေတထောင်ချီးမြှောက်ပြန်သည်။

ဤမျှမက ဤယောကျ်ားနေထိုင်ရန်အတွက် အိမ်နေရာကိုပါ ရှာဖွေ ပေးကြရန်ကိုလည်း မင်းကြီးက မင်းချင်းများကို စေခိုင်းလေသည်။

မင်းချင်းတို့သည် မင်းကြီး၏ အမိန့်အရ အိမ်နေရာတခုကို ရှင်းလင်းသုတ်သင်ကြသည်။ ရှင်းလင်းစဉ် ပေါက်တူးဖြင့် ပေါက်တိုင်း-ပေါက်တိုင်းသော မြေထဲ၌ နှုတ်ခမ်းချင်းထိအောင်တည်နေသော ရွှေအိုးများကိုတွေ့ကြသဖြင့် မင်းကြီးအား သံတော်ဦးတင်ကြသည်။

မင်းကြီးက အချင်းတို့- ဤသို့ဖြစ်လျှင် သင်တို့သွားကာ တူးယူခဲ့ကြကုန်လော-ဟု မိန့်သည်။

မင်းကြီး၏အမိန့်အရ မင်းချင်းတို့ သွား၍ တူးကြသောအခါ ရွှေအိုးတို့သည် အထက်သို့ ပေါ်မလာဘဲ မြေအောက်သို့ မြှုပ်၍သာ သွားကြသည်။

ထိုအကြောင်းကို မင်းကြီးထံ တဖန်သံတော်ဦးတင်ကြပြန်ရာ မင်းကြီးက ယင်းသို့ဖြစ်လျှင် အန္ဒဘာရ၏ အမိန့်စကားဖြင့် တူးဖော်ကြည့်ကြကုန်လော့ဟု မိန့်သည်။

မင်းချင်းတို့သည် တဖန်ပြန်သွားကာ အန္ဒဘာရ၏ အမိန့်စကားဖြင့် ငါတို့ တူးကြကုန်၏ဟု ပြောဆိုပြီး တူးကြလေလျှင် ပေါက်တူးဖြင့် ပေါက်တိုင်း, ပေါက်တိုင်း ရွှေအိုးတို့သည် မှုံ့ဝုံ့မျှား ထွက်ပေါ်လာသလို မြေပေါ်သို့ ထွက်ပေါ်၍လာကြသည်။

မင်းချင်းတို့သည် ရရှိသောရွှေအိုးများကို ယူဆောင်ကြကာ မင်းကြီး၏အနီးတွင် စုပုံထားကြသည်။

မင်းကြီးသည် အမတ်များကိုစည်းဝေးစေပြီး ဤသို့မေးမြန်းလေသည်။

မင်းကြီး။ ။အမတ်တို့ - ငါတို့တိုင်းပြည်၌ ဤမျှလောက် များပြားသောဥစ္စာ အဘယ်ပုဂ္ဂိုလ်များမှာ ရှိကြသလဲ။

အမတ်များ။ ။အရှင်မင်းကြီး - ဤတိုင်းပြည်တွင် ဤမျှ များပြားသောဥစ္စာရှိသူ တဦးတယောက်မျှမရှိကြောင်း ပါ။

မင်းကြီး။ ။အမတ်တို့ - ယင်းသို့ဖြစ်လျှင် အန္ဒဘ၁ရကို ငါတို့တိုင်းပြည်တွင် မနေသင့်ဟု အမည်ပေးကာ သူဌေးကြီး ရာထူးကို ခန့်ထားကြလေလော။

အန္ဒဘာရသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဆွမ်းလှူသောနေ့မှာပင် ဆင်းရဲသားဘဝမှ လွတ်မြောက်ကာ သူဌေးကြီးရာထူးကို ရရှိလေသည်။

(ကေကနိပါတ, အဂ်ုတ္တရအဋ္ဌကထာ)

ပစ္စေကဗုဒ္ဓါအကြောင်း

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် သဗ္ဗညုဗုဒ္ဓတို့၏ အဆုံးအမ တည်းဟူသောသာသနာတော် ကွယ်ပျောက်နေချိန်တွင် ပွင့်တော်မူကြကာ သတ္တဝါအများတို့အား မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်အောင် ဟောကြားညွှန်ပြ မချီးမြှောက်နိုင်ကြသော်လည်း ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ ဟု ဆိုအပ်သော လူချမ်းသာ, နတ်ချမ်းသာများကိုမူ ရရှိအောင် ကူညီဆောင်ရွက် ပေးတော်မူကြသည်။

ထိုအချက်ကို ပြဆိုခဲ့ပြီးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ပရဟိတလုပ်ငန်း ဆောင်ရွက်ပေးတော်မူကြပုံကို ထောက်ဆကာ သိအပ်ပေသည်။

သာသနာတွင်းအခါကာလ ဖြစ်ခဲ့သော် သဗ္ဗညုဗုဒ္ဓဘုရားရှင်နှင့် အဂ္ဂသာဝကာ,မဟာသာဝကာ,ပကတိသာဝကစသော တပည့်တို့က ပါရမီအလျောက် မဂ်,ဖိုလ်,နိဗ္ဗာန် ရထိုက်သူများကို မဂ်, ဖိုလ်,နိဗ္ဗာန်တရားများကို ရရှိအောင်၊ မရထိုက်သေးသောသူများကို အပါယ် လေးပါးသို့ မကျ-မရောက်စေဘဲ လူ,နတ်,ဗြဟ္မာ ချမ်းသာများကိုရရှိအောင် ချီးမြှောက်တော်မူကြသည်။

ဗုဒ္ဓသာသနာ ကွယ်ပျောက်နေချိန်ဖြစ်ခဲ့သော် သဗ္ဗညုဗုဒ္ဓနှင့် တပည့်သာဝကများပါ ကွယ်ပျောက်ကြရုံမျှမက အဆုံးအမဖြစ်သော တရား တော်များ မှာ လည်း ကွယ် ပျောက် ၍ နေလေရာ လောကကြီးသည် နေ,လ ကွယ်ပျောက်၍ မှောင်မိုက်နေသော ညအချိန်အခါနှင့် တူလေသည်။

ယင်းသို့ ဗုဒ္ဓသာသနာ ကွယ်ပျောက်နေချိန်တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ ပွင့်တော်မူလာကြသည်မှာ နေရောင် - လ,ရောင်

ကွယ်ပျောက်နေချိန်တွင် ကြယ်တာရာအပေါင်းတို့ ပေါ်ပေါက်ထွန်းလာသည်နှင့် တူလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် အေးချမ်းဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ ဖလသမာပတ်ချမ်းသာကိုဝင်စား၍နေသော အတ္တဟိတကိုယ်ကျိုးသက်သက်ကိုသာဆောင်ရွက်တော်မမူကြဘဲ ကောင်းမှုကုသိုလ် ပြုလိုကြသော ပုဂ္ဂိုလ်များကိုသနားငဲ့ညှာပြီး ချီးမြှောက်သည့်အနေဖြင့် ထိုထိုမြို့,ရွာ,နိဂုမ်း,ဇနပုဒ်,ဥယျာဉ်,တောတောင်စသော လူတို့နှင့် နိုးရာဒေသများ၌ သီတင်းသုံး နေထိုင်တော်မူကြကာ ပရဟိတ လုပ်ငန်းကိုလည်း ဆောင်ရွက်တော်မူကြသည်။

ယင်းသို့ဖြင့် လောကတွင် သဗ္ဗညုဘုရားရှင်များကလွဲလျှင် အမြတ်ဆုံး အချွန်ဆုံး အမှန်ဆုံးဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် သာသနာပ အခါများတွင် ပွင့်တော်မူကြ၍ မိမိတို့အသက်တမ်းရှိကြသလောက် ပရဟိတလုပ်ငန်းကို တတ်စွမ်းတော်မူနိုင်သမျှ သည်ပိုးဆောင်ရွက်တော်မူကြပြီးသည့်နောက် ခန္ဓာဝန်အထုပ်အပိုးကို နောက်ဆုံးအနေဖြင့် စွန့်ပစ်တော်မူကာ အမတာနိဗ္ဗာန်နန်းသို့ ကြွမြန်းစံဝင်တော်မူကြလေသည်။

သဗ္ဗညုဗုဒ္ဓံ ဌပေတ္ဝာ၊
လောကေ အပ္ပဋိပုဂ္ဂလာ။
တေပိ မစ္စုဝသံ ယန္တာ၊
မာဒိသေသု ကထာဝကာ။

လောကေ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ နေရာ သတ်မှတ်ဘုံသုံးရပ်၌။ သဗ္ဗညုဗုဒ္ဓံ၊ အတုမရှိ မုနိထွဋ်ဖျား သဗ္ဗညုရှင်တော်ဘုရားကို။ ဌပေတ္ဝာ၊ ပြိုင်စံမမှီ ဂုဏ်ရည်လျှံငြား ခြင်းချန်

ထား၍။ အပ္ပဋိပုဂ္ဂလာ၊ သီလ,သမာ အစဖြာသည့် မျှားစ္ဓာဂုဏ်ချင်း ပြိုင်ဘက်ကင်းတော်မူကြကုန်သော။ တေပိ၊ ဘုရားကလွဲ လောကထဲတွင် ထူးကဲလွန်မြတ် ဗုဒ္ဓတ်သခင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ပင်သော်လည်း။ မစ္ဈေ၀သံ၊ ခန္ဓာပျက်ကြွေ စုတေပြောင်းဆက် သေမင်းလက်သို့။ ယန္တိ၊ ဂုဏ်သိရ်တန်ခိုး မည်သို့ဖြိုးလည်း အစိုးမရ လိုက်ပါတော်မူကြလေကုန်၏။ မာဒိသေသု၊ သောတာ ပန္နေ မဂ်လမ်းစမျှ မရသေးသူ ငါကဲ့သို့ သော လူတို့ဌာ် မူကား။ ကာ ကထာ၀၊ သေမင်းလက်မှ ကင်းကွက်ရလို ဆုပန်ဆိုလည်း အလိုမပြီး အချည်းနှီးမို့ အဘယ်ဆိုဘွယ်ရာ ရှိပါချေတော့အုံ့နည်း။

အထက်ပါ သံ၀ေဂကထာကို ရွတ်ဆိုကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အကြောင်းအရာမျှားကို တတ်နိုင်သမျှ မှတ်တမ်းတင်၍ ထားအပ်သော ပစ္စေကဗုဒ္ဓ၀င် ကျမ်းကို ဤမျှဖြင့်ပင် ရပ်နားလိုက်ရပေသတည်း။

ပစ္စေကဗုဒ္ဓ၀င် ပြီး၏။

၈ ။

ဇေယျဝတျာရာမေ သန္တေ၊ ဝသတာ ဣန္ဒဘိက္ခုနာ။
ကတောယံ ပစ္စေကဗုဒ္ဓ၊ ဝံသော ဂန္ဓာ ဥဒ္ဒရိယ။
*ကောတိ တိ သတ္ဘာဝဿ၊ သုနိဋ္ဌိတော ဖုဿ ဇုဏ္ဏော။
ယထာယံ အနာယာသေန၊ သက်ပ္ပာ ဟောန္တိ ပါဏိနံ။
ဣမိနာ ပုညကမ္မေန၊ တိက္ခဉ္ဇာဏော မဟီဒ္ဓိကော။
ပိယသီလော အရောဂေါ စ၊ ခိဏာသဝေါ ဘဝါမဟံ။
ဣမံ ဂန္ဓံ သုပသိယ၊ နာနာဂန္ဓေ မုဒါဟဋံ။
သုတကာမာ ပသာဒေန္တု၊ ပူရေန္တု ဝရမိစ္ဆိတာ။

သန္တေ၊ တဉ်းပဘေးရန် အတန်တန်တို့ တရုံမသန်း ငြိမ်းချမ်းအေးမြ ဆိတ်ငြိမ်လှသော။ ဇေယျဝတာရုံမေ၊ ရန်ကုန်တိုင်းပိုင်ကြည့်မြင်တိုင်ရပ် ခေါ်ဆိုအပ်သည့် နေရပ်ကိုမှီ ဇေယျဝတီဟု တွင်မည်သိုက်မြုံက ကျေးဇူးတိုက်ကြီး၌။ ဝသတာ၊ စာပြန်ပွဲဝင် ရဟန်းရှင်တို့ လိုအင်ဆန္ဒ ပြည့်ဝစေရန် စိတ်အကြံဖြင့် အမှန်စာပေ ပို့ချနေသော။ ဣန္ဒဘိက္ခုနာ၊ အနန္တဂုဏ်အင်ဆရာရှင်တို့ ခေါ်တွင်နာမ ဣန္ဒမည်ဆန်း ဝါရဟန်းသည်။ ဂန္ဓာ၊ ဘုရားဟောဖော်ပါဠိတော်အစ ထိုထို ကျမ်းဂန်များမှ။ ဥဒ္ဒရိယ၊ ဆိုင်ရာ-ဆိုင်ကြောင်း အချက် အလက် အပေါင်းကို ဦးဆောင်းရှာဖွေ ထုတ်ဆောင်ပေရှု။ ကတောဟု ပိဋကတ်စာပေ အခြေခံပါး ပုဂ္ဂိုလ်မျှားဟို့ မှတ်သားလွယ်ရန် စိတ်အကြံဖြင့် အမှန်ဖလားထား ရေးသားအပ်သော။ အယံပစ္စေကဗုဒ္ဓံသော၊ တရားအားလုံး သိမ်းကျုံးသိမြင် ဘုရားရှင်နှင့် အသင်မတူ တမူသိတတ် ပစ္စေကဗုဒ္ဓါ

အရှင်မြတ်တို့၏ ဖြည့်အပ်ပါရမီ အစချီကာ ကြောင်းခြင်းရာကို မှန်စွာထုတ်ဆင် ဤပစ္စေကဗုဒ္ဓဝင်သည်။

ကောတိ တိ သတ္တဝေယော၊ သက္ကရုင်ကောဇာ ဝေါဟာတွင် လစ် ၁,၃၃၇ - ခုနှစ်၌။ ဖုယော၊ ဖုသျှနက္ခတ် ယှဉ်လတ်ဆိုကြ ပြာသိုလ၌။ ဇုဏှေ၊ လဆန်းပက္ခ ခါသမယတွင်။ အနာဝယာသေန၊ ရောဂါဥပဒ် ငြိုကပ်မတွယ် စိတ်ဝယ်ညှိုးနွမ်း ပင်ပန်းစရာ မရှိပါဘဲ။ သုနိဒ္ဒိတော၊ ကောင်းစွာစုရုံး ပြီးဆုံးပေါက်ရောက် သိဒ္ဓိမြောက်ခဲ့လေပြီ။

အယံ၊ ပစ္စေကဗုဒ္ဓဝင် ခေါ်တွင် သတ်မှတ် ဤကျမ်းမြတ်သည်။ နိဒ္ဒိတောယဟု၊ ဘေးရန်မသန်း မပင်ပန်းဘဲ ရှင်လန်းကြည်သာ ပြီးဆုံးလာသကဲ့သို့။ ဧဝံ၊ ပမာဏိုင်းလျှင် ဤအတိုင်းပင်။ ပါဏိနံ၊ အသက်ဇီဝ တည်ရှိကြသည့် သုံးဝဘုံသူ မျှားဗိုလ်လူတို့၏။ သက်ပွာ၊ ကြံစည်တွေးဆ ကောင်းမြတ်သော စိတ်အလို ဆန္ဒတို့သည်။ အနာဝယာ၊ သန်၊ ရောဂါဘေးဘေးကျမ်း မထွေးသန်းဘဲ ဘေးချမ်းသာယာ လွတ်လပ်ကုန်စွာ။ နိဒ္ဒိတာ၊ လိုအင်ဆန္ဒ ကိုယ်စွမ်းမြောက် သိဒ္ဓိပေါက်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြသည်နှင့် လောင်း ဇောစိတ်ကောင်းခြင့် စုဝေပါဝင်မြည်ဟုဆုတောင်းကြပါစေကုန်သတည်း။

ဤမိနာ ပုညကမ္မုနာ၊ ဤသည့်ကျင့်စဉ် ရေးသားခြင်းစုစု ခြင်းကောင်းမှုကြောင့်။ အဟံ၊ ခန္ဓာဝင်ခဲ့ တရားဝင်ကို ကိုယ်ဟုစွဲလမ်း ငါရဟန်းသည်။ တိကွဉ္ဇာကောစ၊ ဘဝမျှားတွေ ပြီးလရောဝယ် အမှန်မြင်စရာ ဘချက်အလယ်တို့ကို အပြီးလေးတွေ ပယ်ချက်ပျက်ဆီး သိရအောင် ဉာဏ်ပညာ ကက်မြက် ခြင်း ရှိရ ခြင်း သည်လည်း ကောင်း။ မဟိဒ္ဓိကောစ၊ လိုအင်ဆန္ဒ ပြည့်ဝစေဘိ ကြီးမားသော

ဘုန်းတန်ခိုးရှိရခြင်းသည်လည်းကောင်း။ ပိယသီလောစ၊ ဆောင်အပ် ရှောင်အပ် နှစ်ရပ်သီလ မြတ်ဓမ္မကို ဇီဝအသုံ့ခ် ချင်ခင်မြတ်နိုးခြင်း ရှိရခြင်းသည် လည်းကောင်း။ အရောဂ၀ါစ၊ စိုးကြောက်စရာ ကိုးခြောက်နာတို့ မလာမ၀င် ကင်းကွာစင်၍ ကြည်လင်အေးမြ ချမ်းသာသောကိုယ်စိတ် ရှိရခြင်းသည် လည်းကောင်း။ ဒိဏာသ၀ေါစ၊ ပါရမီဉာဏ် ရင့်သန်လေက ချိန်ခါကျသော် ဒုသကိလေ လေးထွေအာသ၀ါ ပြစ်မျှားစွာကို လေးဖြာမဂ်ခေး သံလျက်သွားဖြင့် ထွားထွားခုတ်စင်း သုတ်သင်ပယ်သတ်နိုင်ရခြင်းသည်လည်းကောင်း။ ဘ၀ါမိ၊ ထိုထိုတောင်းဆု ပေါင်းစုရှိသာ ဖြစ်လိုပါ၏။

နာနာဂန္ဓမုဒါဟဠုံ၊ ဘုရားရှင်မြတ် မုဂ္ဂပါဠိခေါ် ကျမ်းဂန်တော်မှ လျှော်ရာအကြောင်း စုပေါင်းလတ်လတ် ထုတ်ဆောင်အပ်သော။ ဣမံဂန္ဓံ၊ ပစ္စေကဗုဒ္ဓ၀င် ခေါ်တွင်သတ်မှတ် ဤကျမ်းမြတ်ကို။ သုပဿိယ၊ တိုထိ ဓိပ္ပာယ် အသွယ် သွယ်ကို စိတ်ဝယ်ထင်ကာ ဉာဏ်ပွင့်လာအောင် သေချာဂန ကြည့်ရှုကြ၍။ သုတကာမာ၊ တရားဓမ္မ သိလိုကြသဖြင့် သုတလိုက်စား သူတော်များတို့သည်။ ပဿာဒေန္တု၊ ယုံကြည်လှစွာ မြတ်သဒ္ဓါဖြင့် ခါခါပိုမို ကြည်ညိုနိုင်ကြ ပါစေကုန်သတည်း။ ဝရမိစ္ဆိတာ၊ ပစ္စေကဗုဒ္ဓစ် ဆုသင်္ဘောကို ပန်ဆင်လိုညောင်း သူတော်ကောင်းတို့သည်။ ဘူရေန္တု၊ ပစ္စေကဗုဒ္ဓါ ကြောင်းခြင်းရာကို မှန်စွာနည်းယူ ဖြည့်ကျင့်ဆည်းပူးတော် မူနိုင်ကြပါစေကုန်သတည်း။

{ကေတိ တိသ်တ္ဌ၀ယော-ဟု ဆိုလိုလျက် ဆန်းဂိုဏ်းအတွက် ကော'ဟူ၍ ဒီဃနှင့်ဆိုထားသည်}

နောက်ဆက်တွဲ

☆

(ဝတ္ထုပါ ဂါထာနုံပါတ်များနှင့် တိုက်ဆိုင်ကြည့်ရန်)

၁။ သဗ္ဗေသု ဘူတေသု၊ လုံးစုံမျှားစ့ာ သတ္တဝါတို့၌။ ဒဏ္ဍံ၊ ညှဉ်းဆဲနှိပ်စက် ပျက်စီးစေတတ်သောဒဏ်ကို။ နိဓာယ၊ အပြစ် အလျောက် ဆစ်ထောက်ထွေပြား ထားသည်ဖြစ်၍။ အညတရမ္ပိ၊ မိမိမှတပါး တခြားသူ တယောက်ယောက်ကိုမျှလည်း။ အဝိဟေဌယံ-အဝိဟေဌယန္တော၊ မေတ္တာရင်းကဲ့ မညှဉ်းဆဲပဲ ကျင့်မြဲမေတ္တာ ကျင့်ခဲ့ပါ၏။ တေသံ၊ လေးမျိုးထွေပြား ထိုသားတို့တွင်။ ပုတ္တံ၊ မေတ္တာကျယ်ပွား အာဘယ်သားကိုမျှ။ နဂ္ဂစ္ဆေယျ၊ စိတ်ဆန္ဒမို အာ သာ ပို ၍ အလိုမရှိတော့ပါ။ သဟာ ယံ၊ ဆွေမျိုးမတော် အပေါင်း အဖော်ကိုကား။ ကုတောဘဋ္ဌစ္ဆေယျ၊ အာဘယ်မှာလျှင် အလိုရှိပါတော့အုံနည်း။ နဂ္ဂစ္ဆေယျ၊ မေတ္တာထားပို အလိုမရှိ တော့ပါ။ သော၊ ထိုပုဂ္ဂိုလ်သည်။ ခဂ္ဂဝိသာဏကပ္ပေါ၊ ကြွေချိုနှင့် ဘူစ့ာ။ စရေ၊ လှုံ့လဆင့်ကာ ကျင့်ရာသတည်း။

၂။ သံသဂ္ဂဇာတဿ၊ ယောဂျားမိန်းမနှစ်ဝချင်းချင်း တဏှာ ရင်းဖြင့် သာခြင်းကြည့်ဘွယ် ငြိတွယ်သော သူအား။ သ္နေဟာ၊ အကြည့်အရှု စပြူထွေလာ အစေးတဏှာတို့သည်။ ဘဝန္တိ၊ ကာမ ဂုဏ်အနှစ်ဖော်၍ ဖြစ်ပေါ်ကြလေကုန်၏။ သ္နေဟနှယံ၊ တဏှာ အစေး မေတ္တာရေးဟု ခွင့်ပေးအား တိုက် အစဉ်လိုက်သည်ဖြစ်၍။ ဣဒံ ဒုက္ခံ၊ သံသရာဘုံထဲ ဆုံကွဲမှုချ ဒုက္ခအပေါင်းသည်။ ပဟောတိ၊ ထွေထွေပြားပြား ဖြစ်ပွားလာပေ၏။ သ္နေဟင်္ဂ၊ တဏှာချစ်ကို

အရေးထားဖြစ်ပွားခဲ့လာသော။ အာဒီနဝံ၊ အပြစ်ကို။ အပေကွ မာနော၊ ပညာဉာဏ်ဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍။ ကော၊ အဖော် မမှီး တကိုယ်တည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြံ့ချိုနှင့်တူစွာ။ စရေ၊ ကျင့်ကြံရာသတည်း။

၃။ သုဟဒ္ဓေ၊ ကောင်းမြတ်ယုံစား နှလုံးသား ရှိကုန်သော။ မိတ္တေ၊ မိတ်ဆွေခွဲစ်တို့ကို။ အနုဂ္ဂဟမာနော၊ သနားငဲ့ညှာ မေတ္တာ စိတ်ရှိသော။ ပဋိဘဒ္ဓစိတ္တော၊ တွယ်တာတရားး ထားရှိ သော သူ သည်။ အဆွေ၊ လူ, နတ်, နိဗ္ဗာန် စိတ်ကြံရှယ်ကိုး ချမ်းသာမျိုးကို။ ဟာပေတိ၊ မူရမသွေ ဆုတ်ယုတ်စေ၏။ သန္ဓေ၀၊ စိတ်ဒုနတ့ဲကာ မိတ်ဆွေဖြုတ်ရာ၌။ ဧတံဘယံ၊ ကြောက်ဖွယ်ဆိုလစ် ဤအပြစ်ကို။ အပေကွမာနော၊ ဉာဏ်ပညာရှေ့ပြု၍ ရှုတတ်သောသူသည်။ ဧကော၊ အဖော်မမှီး တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ တောရပ်မြိုင်ခို ကြံ့ချိုနှင့်တူစွာ။ စရေ၊ လှုံ့လအားပင့် ဉာဏ်သွား ချင့်၍ ကျင့်ကြံရာသတည်း။

၄။ ဝိဿာသလာ၊ ဝန်းကျင်နတ်ခဲ့ ကျယ်ပျံ့စွာသော။ ဝံသော၊ ဝါးချုံသည်။ ဝိသဇ္ဇော၊ အခက်ခဲ ချွတ်ပယ်သိမ်းယှက်သည်။ ဟောတိ ယထာ ကြိုက်လာကဲ့သို့။ ဧवं၊ ဤအလား ပုဂ္ဂိုလ်သူ၏ သား-သမီးတို့ခင်ဗျား။ ဒါရေသု၊ ဇနီးကြောင်ဖော်တို့ခင်ဗျား။ ယော၊ အပေကွာ၊ အကြင်တဲ့လျက် စဲ့မက်ခြင်းသည်။ အတ္ထိ၊ ရှိပေ၏။ တံ၊ တကျွာ-တဲ့လျက် ထိုစဲ့မက်ခြင်းကို။ ဝံသေကဠိရော၀၊ ရှက်, ခက်မဆို, ဝါး မျှစ်စိုက်သို့။ အသင္ဘေမာနော၊ ငြိုကပ်တွယ်တာ မရှိပါ၍။ ဧကော၊ အဖော်မမှီး တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ တောရပ်မြိုင်ခို ကြံ့ချိုနှင့်တူစွာ။ စရေ၊ လှုံ့လအားပင့် ကျင့်ရာသတည်း။

၅။ အရည်ပျို၊ ဂန္ဓိုင်တခုတောမြို့ဝင်ညီ၌။ မိဂေါ၊ သားသမင်သည်။ အဗဒ္ဓေါ၊ ငြိုကပ်တွယ်တာမရှိပ ၊ ၍။ ယေနိဗ္ဗေဿကံ၊ ကျက်စားလိုရာ အဖြာဖြာသို့။ ဂေါစရာယ၊ ကျက်စား ြ[illegible]။ ဂစ္ဆတိ ယထာ၊ သွားလေသကဲ့သို့၊ တဿ၊ ဘိုအဘို့။ ဝိ[illegible]ရာ၊ အသိ ပညာ ပါသူမှန်ဘိ ပညာရှိသည်။ သေရိတံ၊ ဘယ်ကိုမကြည့် မိမိသဘော်အတိုင်း။ အပေက္ခမာနော၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍။ ဧကော၊ အပိုမမျှော် တကိုယ်ဧကာ်တည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြံမျိုနှင့်တူစွာ။ စရေ၊ ကျင်ကြံအားထုတ်ရာ၏။

၆။ သဟာယမဇ္ဈေ၊ အဖော်သဟာ မျှားစုတို့၏အလယ်၌။ ဝါသေစ၊ နေထိုင်ခြင်းခဏ်ရင်း။ ဌာနေစ၊ ရပ်ခြင်းခဏ်ရင်း။ ဂမနေ၊ သွားခြင်းခဏ်ရင်း။ စာရိကာယ၊ ဒေသစာရီ လှည့်လည်ခြင်းခဏ်ရင်း။ အာမန္တနာ၊ တိုင်ပင်ရခြင်းသည်။ ဟောတိ၊ မုချမှန်စွာ ဖြစ်ရပါ၏။ အနဘိဇ္ဈတံ၊ အဘိဿာ ကင်းကွာလျက်။ ဧသရိတံ၊ မိမိသဘော အတိုင်း နေရခြင်းကို။ အပေက္ခမာနော၊ ရှုခဲ့သည်ဖြစ်၍။ ဧကော၊ တကိုယ်ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြံချိုနှင့်တူစွာ။ စရေ၊ ကျင့်ကြံရာ၏။

၇။ သဟာယမဇ္ဈေ၊ ဝေ[illegible]ကပ် ဝတ် [illegible] ပေါင်း အဖော်မျှား[illegible]ခြင်းသည်ရင်း။ [illegible] ကပ်ခြင်းသည်ရင်း။ [illegible] ကပ်ခဲ့ပေတိ။ ပုဏ္ဏော သု၊ ရင်နှစ်သည်ချမ်း[illegible]ကြ[illegible]။ ဝိပုလံ၊ ဘယ်အချစ်နှင့်မျှမဘူ တမူထူးခြား [illegible]ပေ[illegible]။ ပေမဇ္ဇ၊ နှလုံးအသဲ အစဲ့သစ်လွဲ ချစ်ခင်ခြင်းသည်လည်း၊ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါ၏ချေ၏။ ပိယဝိပ္ပယောဂံ၊ မြူးတူးပျော်ပါး ခံစားအာရုံ

ကာမဂုဏ်နှင့် စွဲတုံအူသည်း သား-သမီးမှ အနည်းနည်းဖြာ ကွဲကွာရခြင်းကို။ ဝိဇိဂုစ္ဆမာနော၊ အထူးတလည် ဥာဏ်ရည်ကွန့်ကာ ရှိရှာစက်ဆုပ်သည်ဖြစ်၍။ ဧကော၊ အဖော်မမှီးတယောက်တည်း သာ။ ခဂ္ဂဝိသာဏကပေါ၊ ကြွေချိုတမူ ပမာယူကာ။ စရေ၊ လှုံ့လ ဆင့်ပြန် ကျင့်ကြံအားထုတ်ရာသတည်း။

၇။ ဣတရီတရေန၊ ကောင်းကောင်း ဆိုးဆိုး ရလာသော ပစ္စည်းမျိုးဖြင့်။ သန္တုဿာမာနော၊ ဇီဇာမဖက် ကျေနပ်နှစ်သက် သောသူသည်။ စတုဒ္ဒိသော၊ ရှေနောက်-ဝဲယာ လေးမျက်နှာ၌ ချမ်းသာစွာ နေထိုင်ရသည်။ ဟောတိဣဝ၊ ဖြစ်လေသကဲ့သို့။ အပ္ပဋိဃော၊ သတ္တဝါအမျှား ဘေးရန်လားသို့ ထိပါးဆိုက်မြိုက် တိုက်ခိုက်ခြင်း မရှိသည်လည်း။ ဟောတိ၊ မုချမှန်စွာ ဖြစ်ရပါ ပေ၏။ ပရိဿယာနံ၊ ခြေသော့,သစ်,ကျား ပြင်ရန်မျှားနှင့် ဆယ်ပါး ကိလေ တွင်းရန်တွေကို။ သဟိတာ၊ ခန္ဓိစိတ်လွှမ်း သည်းခံနိုင် စွမ်းရှိလျက်။ အဆမ္ဘီ၊ ကြက်သီးမွေးညှင်း ဖြင်းဖြင်းထောင်ကြ ကင်းရှင်းပသည်ဖြစ်၍။ ဧကော၊ အဖော်မမှီး တယောက်ထီး တည်း။ ခဂ္ဂဝိသာဏကပေါ၊ တောတန်းမြိုင်ခို ကြွေချိုနှင့်တူစွာ။ စရေ၊ လှုံ့လ ကြိုးကုတ် ကျင့်ကြံအားထုတ်ရာ သတည်း။

၉။ ပဗ္ဗဇ္ဇိတာပေါ၊ ဖန်ရေတင်လွှမ်း သက်နှံ့အဝတ်ကို ဝတ်ကုန် လျက်လည်း။ ဧကော၊ လောဘကြီးထွား အချိုသော ပုဂ္ဂိုလ်စား သည်ရင်း။ အထော၊ ထို့ပြင်။ ဃရမာဝသန္တော၊ အိမ်ထောင်ကို ဦးစီးလျက် မှူးကြီး ပြုလုပ်၍ နေကြကုန်သော။ ဧကေဂဟဋ္ဌော၊ အချိုသောလူတို့သည်ရင်း။ ဒုဿင်ဟာ၊ လောဘကြီး၍ ချီးမြှောက် ခက်ကုန်၏။ တဿ၊ ထိုသို့ လောဘကြီး၍ ချီးမြှောက်ခက်လေ သောကြောင့်။ ပရုပုဇ္ဇာသု၊ သူတပါးတို့၏ သား-သမီး တို့၌။

အပေ့ါသုဓက္ကာ၊ ကြောင့်ကြမစိုက် အလိုက်ဘာသာ။ ဟုတ္တာ၊ ဖြစ်၍။ ကော၊ အဖော်မမှီး တယောက်ထီးတည်း။ ခဂ္ဂဝိသာဏ ကပ္ပော၊ တောမြိုင်ဟေမာ ကြံ့သတ္တဝါ၏နှာဖျားမှာခို ဦးချိုနှင့် တူစွာ။ စရေ၊ လှုံလသည်းစွာ ကျင့်ကြံရာသတည်း။

၁၀။ သဉ္ဆိန္နပတ္တော၊ နွေရတုတွင် နေပြုသဖြင့် လေညှိသက်ကာ·ကြွေကျသော ရွက်ဝါရှိသော။ ကောဝိဠာရောယထာ၊ သွင်ဝယ်ထစ်ထစ် ပင်လယ်ကသစ်ကဲ့သို့။ ဝီရော၊ လှုံလရှိသောသူသည်။ ဂိဟိဗျဉ္ဇနာနိ၊ ကာမဂုဏ်အနှောင်ငင်တဲ့ ဆံပင်မုတ်ဆိတ် စသော လူတို့၏အသွင်အမူများကို။ ဩရောပယိတွာ၊ချ၍ငင်း။ ဆေတွာန၊ ဖြတ်၍ငင်း။ ကော၊ တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပ္ပော၊ ကြံ့ချိုနှင့်တူစွာ။ စရေ၊ ကျင့်ရာသတည်း။

၁၁။ နိပကံ၊ ရင့်ကျက်သော ပညာရှိသော။ ဓိရံ၊ ပညာရှိသော။ သာဓုဝိဟာရိံ၊ ကောင်းစွာ နေလေ့ရှိသော။ [illegible]ကာယံ၊ အဖော်သဟာယကို။ သစေလဘေထ၊ အကယ်၍ရသည်ဖြစ်အံ့။ သဗ္ဗာ၊ အတူတကွ။ စရံ-စရန္တော၊ လှည့်သည်[illegible] ဖြစ်၍ [illegible] သဗ္ဗာနိ ပရိဿယာနိ၊ အလုံးစုံသောဘေးရန်တို့ကို [illegible] လွှမ်းမိုး နှိပ်စက်၍။ တေန၊ ထိုပုဂ္ဂိုလ်နှင့်။ အတ္တမနော [illegible] [illegible]တ် ဝမ်း မြောက်သည်။ သတိမာ၊သတိရှိသည်ဖြစ်၍။ စရေယျ [illegible] ကျင့်ရာ၏။ နိပကံ၊ ရင့်ကျက်သော ပညာရှိသော။ [illegible]ရံ၊ပညာရှိ[illegible]။ သာဓု ဝိဟာရိံ၊ ကောင်းစွာနေလေ့ရှိသော။ သဟာ[illegible]အဖော်သဟာယကို။ နောစေလဘေထ၊ အကယ်၍ မရသည်ဖြစ်[illegible] [illegible] [illegible]သို့သူနှင့် အတူတကွ။ ဧ[illegible]-စရန္တော၊ ကျင့်သည်ဖြစ်၍။ [illegible] မင်းသည်။ ရဋ္ဌံဝိဇိတံ၊ မိမိပိုင်တိုင်းနိုင်ငံကို။ ပဟာယ၊ [illegible]၍။ စရေယသော၊ ကျင့်လေသကဲ့သို့ငင်း။ မာတင်္ဂရညော၊ မာတင်္ဂမင်း၏။ နာဂေါ

ကွေ့ဝ၊ ဆင်ကဲ့သို့ဌင်း။ ကောဝ၊ တယောက်ထီးတည်း။ စရော ကျင့်ရာသတည်း။

၁၂။ အဒ္ဓါ၊ မချုတ် ကေန်။ သဟာယ သမ္ပဒံ၊ အ ပေါင်း အသင်းနှင့်ပြည့်စုံခြင်းကို။ ပသံသာမ၊ချီးမွမ်းထောမနာပ ါကုန်၏။ သေဋ္ဌာ၊ ချီးမွမ်းဘမ် မြတ်ကုန်သော။ သဟာယာ၊ အပေါင်း အဖော်တို့ကို။ သမာသေ ဝိတ ဗွာ၊ကောင်းစွာယှဉ်တွဲမှီဝဲအပ်ကုန်၏။ ဧတေ၊ ထိုသို့စိတ်နေ မိတ်ဆွေသင်္ဂ ဟ တို့ကို။ အလဒ္ဓါ၊ မရသည် ဖြစ်၍။ အနဝဇ္ဇကောဂ၊ ဟောဇဉ်ငါးပါးဌ အပြစ်ရှားအောင် မှီဝဲ သုံးဆောင်သည် ဖြစ်၍။ ဧကော၊ တယောက်ထီးတည်း။ ခဂ္ဂ ဝိသာဏကပေါ့။ ကြိုကျိုနှင့်တူရာ။ စရေ၊ ကျင့်ရာသတည်း။

၁၃။ ကမ္မာရုပဒ္ဓာနု၊ ရှေပန်းထိမ်ဆရာသည်။ သုနိဒ္ဓိတာနိ၊ ကောင်းစွာပြီးခစင်ခပ်ကုန်သော။ သုဝဏ္ဏသာ၊ရွှေ၏။ ပဘာသရာနိ၊ ပြောင်စွန်းသော အဆင်းအဝါရှိသော။ ဘုဇသို့ ၊ လက်မောင်းဌ။ ဒုဝေ၊ လက်ကောက်နှစ်ကွင်းတို့ကို။ သံဃဋ္ဋမာနာနိ၊ ထိခိုက်သည် တို့ကို။ ဒိသ္မာ၊မြင်၍။ ဧကော၊တယောက်ထီးတည်း။ ခဂ္ဂဝိသာဏ ကပေါ့၊ ကြိုချိုနှင့်တူစု။ စရေ၊ ကျင့်ရာ၏။

၁၄။ ဧဝံ၊ ဤသို့။ ဒုတိယေန၊ အဖော်ဖြစ်သော မင်းသား ယမ်နှင့်။ ဘ ။ သဘုတကုန်ရှေသောငါ့အား။ သဟာမ၊ သည်းခံ နိုင်ပါကုန်သည်။ ခါ ။ ဝိသိသောပေါ ။ ဝကား ပြောဆိုရခြင်းသည် ရင်း။ အတိသ ုနာ ။ ။ ဘွယ်ဘာကပ်ဦးမှုသည်ရင်း။ အတ္ထိ၊ ရှိ၏။ အာယတိ ၊ နောင်အခါ၌။ ဘေဘယံ၊ ဤသို့ကြောက်ဖွယ် ဘေး အသွယ်သွယ်ကို။ ဘ ။ ကမ္ဘမာ ။ ၊ ကြည့်ရှုသည်ဖြစ်၍။ ဧကော၊ အဖော်မဲ့ တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပေါ့၊ ကြိုချိုနှင့် တူစု။ စ ရ၊ ကျင့်ရာ၏။

၁၅။ စိတြာ၊ ဆန်းကြယ်သော။ မဓုရာ၊ ချိုမြိန် ကောင်းမြတ်သော။ မနောရမာ၊ စိတ်နှလုံးကို နှစ်သက်စေ တတ်သော။ ကာမာ၊ ကာမဂုဏ်ငါးပါး အာရုံ တရားတို့သည်။ ဝိရူပရူပေန၊ ဖောက်ပြန်စုံလင် ရုပ်အသွင်ဖြင့်။စိတ္တံ၊စိတ်ကို။ မထေန္တိ၊ရောထွေး စေကုန်၏။ ကာမဂုဏောသု၊ အာရုံငါးပါး ကာမဂုဏ် တရားတို့၌။ အာဒီနဝံ၊ အပြစ်ဒေါသကို။ ဒီသ္မာ၊ မြင်လေသော ကြောင့်။ ဧကော၊အဖော်မမှီး တယောက်ထီးဘည်း။ ခဂ္ဂဝိသာဏကပ္ပော၊ ကြံ့ခိုင်နှင့်တူစွာ။ စရေ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ရာသတည်း။

၁၆။ ဘော်၊ရာဂစသား ထိုကိလေသာ တရားသည်။ ဣတိစ၊ အကျိုးမဲ့ခြင်းငါး ဆောင်ရွက်တတ်သော ဘေးရန်လည်းဖြစ်ပေ၏။ ဂဏ္ဍောစ၊ ဘိုင်းအမာလည်း ဖြစ်ပေ၏။ ဥပဒ္ဒဝေါ၊ ထပ်ရောက် ဘက်သောဘေးရန်ဥပဒ္ဒဝေါလည်း ဖြစ်ပေ၏။ ရောဂေါစ၊ ကိုးဆဲ့ခြောက်ပြား ဘေးဆိုးဂါနှင့်လည်းတူ၏။ သလ္လဉ္စ၊ ရြောင့်တံကျင်နှင့်တူ၏ ဘယဉ္စ၊ ကြောက်ဖွယ်မဟား ဘေးလည်း ဖြစ်ပေ၏။ ကာမဂုဏေသု၊ ကာမဂုဏ်ငါးပါး အာရုံကရားတို့၌။ ဇေတံ၊ ကြောက်ဖွယ်ရာဟု ဘေးအဖုကို။ ဒီသ္မာ၊အာရုံရှိရှု ဂရုစိုက်ကာ ကြည့်ပါသည် ဖြစ်၍။ ဧကော၊ အဖော်မမှီ တယောက်ထီး တည်း။ ခဂ္ဂဝိသာဏကပ္ပော၊ ကြံ့ခိုင်နှင့်တူစွာ။ စရေ၊ကျင့်ကြံ ရာ သတည်း။

၁၇။ ဝါတာတပေါ၊ လေ, နေပူ ကြောင့်ရင်း။ ဍံသမက္ခိသ ပေစ၊ မှက်, ခြင်, ကင်း, သန်း ကိုက်ခဲသောကြောင့်ရင်း။ သီတဉ္စ၊ နှလုံးတုန်လှုပ် အေးခြင်းသည်ရင်း။ ဥဏ္ဏဉ္စ၊ ပူနွေးခြင်းသည် ရင်း။ ခုဒံစ၊ ဆာလောင်ခြင်းသည်ရင်း။ ပိပါသဉ္စ၊ နွေတိပ်ခြင်း သည်ရင်း။ တောနိသဗ္ဗာနိ၊ ဤသို့ဆိုခဲ့တို့ ဘေးရန်အလုံးစုံကို။

အဘိဇ္ဈဝိတ္တာ၊ လွှမ်းမိုးပယ်ဖျောက်၍။ ဧကော၊ အဖော် မမ့်မ်ား တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြိုချိုနှင့်တူစ္ဆာ။ စရော၊ လှုံ့လအားသန် ကျင့်ကြံရာ၏။

၁၇။ သဠာတခန္ဓော၊ ပြေပြစ်လှစ္ဆာ ကိုယ်ခန္ဓာ ရှိသော။ နာဂေါ၊ ဆင်မင်းသည်။ ယူထာနိ၊ ဆင်ချည်တိုင် တို့ကို။ ဝိဝဇ္ဇ. ယိတ္တာ၊ ရှောင်ဖယ်သွင်ရှား ကြဉ်ထားသည်ဖြစ်၍။ ပဒုမိဉ္ဇာရော၊ နှစ်ခုမတ္တယ် ပဒုမာနှယ် ကျယ်ပြန့်လျက်။ အရညေ၊ တောင်၌။ ယထာဘိရန္တံ၊ အာရုံဖော်လေ့ ပျော်မွေ့သလောက်။ ဝိဟရံ-ဝိဟရန္တောဘိက္ခု၊ စိတ်တိုင်းကျပေ နေလေသကဲ့သို့။ ဧကော၊ အဖော် မမ့်မ်ား တဦးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြိုချိုတမူ တူလှစ္ဆာ။ စရော၊ သင့်တန်အောင် ကျင့်ကြံရာသတည်း။

၁၉။ သင်္ဂီကာရတာ၊ အပေါင်းအဖော်၌ မေ့ပျော်သော သူအား။ သာမယိကံ၊ ကိုယ်ပိုင်ဖြစ်သော။ ဝိမုတ္တိံ၊ သံသရာဝဋ်ကျွတ်လွတ်ရာမှန် ပြည်နိဗ္ဗာန်သို့။ ယံဟသော၊ အကြင်သို့ရောက်ရာ၏။ တံ၊ ထိုသို့ရောက်ခြင်းသည်။ အဌာနံ၊ အကြောင်းမဟုတ်ပေ။ အာဒိစ္စဗန္ဓုသာ၊ နေမင်း၏အဆွေ စိန္ဒုထွဋ်ထား မြတ်ဘုရား၏။ ဝစော၊ နှုတ်ခွန်းမြွက်ကြား ဧကားတော်ကို။ နိသမ္မ၊ စူးစမ်းဆင်ခြင် ဉာဏ်သက်ဝင်၍။ ဧကော၊ အဖော်မမ့်မ်ား တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြိုချိုတမူ တူလှစ္ဆာ။ စရော၊ ကျင့်ကြံကြိုးကုတ်အားထုတ်ရာသတည်း။

၂၀။ ဒီဠိဝိသုကာနိ၊ တံကျင်ပမာ မိစ္ဆာယူမှား ခြောက်ဆဲ့နှစ်ပါးကို။ ဥပါတိဝတ္တော၊ လန်မြောက်သည်ဖြစ်၍။ ပဠိလဒ္ဓ မရော၊ ရအာပ်သောမင်ရှိလျက်။ နိယာမံ၊ မင်ဟူသောနိယာမသို့။ ပတ္တော၊ ရောက်၏။ ဥပပန္နဉာဏော၊ ဖြစ်သောဉာဏ်ရှိသည်။ အနည

နေယျော၊ တပါးသူတို့မသိစေအပ်သည်။ အမှီ၊ ဖြစ်၏။ ဧကော၊ အဖေ၏မမှီး တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြံ့ချိုနှင့် တူစု၏။ စရော၊ လှုံ့လပင့်ကာ ကျင့်ကြံရာသတည်း။

၂၁။ အဟံ၊ ငါသည်။ နိုလ္လောလုပေါ၊ တပ်မက်မောသော သဘောလည်း မရှိ။ နိုက္ကုဟော၊ သာယာဘွယ်တောင်း ကောင်း အောင်ပြုပြင်ခြင်းလည်းမရှိ။ နိုနိဿဋ္ဌကသာဝမောဟော၊ မှုတ်ထုတ် အပ်သော ကိလေသာဖန်ရေနှင့် တွေ့ဝေခြင်း မောဟလည်း ရှိ၏။ နိုကွမ္မ၊ ထွက်မြောက်၍။ နိရာသယော၊ အာသယတရား ကင်းပါး သည်ဖြစ်၍။ သဗ္ဗလောကေ၊ အလုံးစုံသော လောကဌ။ ဘဝိတွာ၊ ဖြစ်၍။ ဧကော၊ အဖေ၏မမှီး တယောက်ထီးတည်း။ ခဂ္ဂဝိသာဏ ကပေါ၊ ကြံ့ချိုနှင့်တူစု၏။ စရော၊ ကျင့်ရာ၏။

၂၂။ ပါပံသဟာယံ၊ မိတ်ဆွေယုတ်ကို။ ပရိဝဇ္ဇယေထ၊ ကြဉ် ဖယ်ရာ၏။ ဝိသမေ၊ မညီညွတ်ရာ၌၊ နိဝိဋ္ဌံ၊ တည်တော။ [illegible] ဒဿီ၊ အကျိုးမဲ့ကိုမြင်သော။ ပသုတံ၊ [illegible] တရားဌ ကျက်စားသော။ ပမတ္တံ၊ မေ့လျော့[illegible]။ [illegible]၊ မမှီဝဲရာ။ ဧကော၊ အဖေ၏မမှီးတယောက်ထီးတည်း။ ခဂ္ဂဝိသာဏ ကပေါ၊ ကြံ့ချိုနှင့်တူစု၏။ စရော၊ ကျင့်ရာ၏။

၂၃။ ဗဟုဿုတံ၊ အကြားအမြင် များစွာရှိသော။ ဓမ္မဓရံ၊ ပိဋကသုံးပုံ အာရုံဆောင်စွမ်းသော။ မိတ္တံ၊ မိတ်ဆွေကောင်း ဖြစ် သော။ ဥဋ္ဌာရံ၊ ပြန့်ပြောကျယ်ဝန်းသော။ ပဋိဘာနဝန္တံ၊ ပဋိဘာန် ဉာဏ်ရှိသော သူကို။ ဘဇေထ၊ မှီဝဲရာ၏။ ကခ်ံ၊ ယုံမှားခြင်းမှန် ဆဲခြောက်တန်းကို။ ဝိနေယ္ယ၊ ပယ်ဖျောက်၍။ အတ္ထာနိ၊ အကျိုး တရားတို့ကို။ အညာယ၊ သိ၍။ ဧကော၊ အဖေ၏မမှီးတယောက် ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြံ့ချိုနှင့်တူစု၏။ စရော၊ ကျင့်ရာ၏။

၂၅။ လောကေ၊ လောကဋ္ဌ။ ခိုင်ခဲ့၊ ကိုယ်နှုတ်အထူး မြူးတူး ပျော်ပါးခြင်းကိုဋ္ဌင်း။ ရတိ၊ စ၊ ကာမဂုဏ်ဋ္ဌ အာရုံလေးပျော် မွေ့လျော်ခြင်းကိုဋ္ဌင်း။ ကာမသုခဋ္ဌ၊ ကာမဂုဏ် ချမ်းသာကိုဋ္ဌင်း။ အနုလက်ရိတ္ဝ၊ စံရှာတမင် တန်ဆာမဆင်သည်ဖြစ်၍။ အနုပေက္ခ မာနော၊ မရှုမငဲ့ဘဲ။ ဝိဘူသဋ္ဌာနော၊ လှုပ်တီထွင် ပြင်ဆင်သော သဘောမှ။ ဝိရတော၊ ကင်းသည်ဖြစ်၍။ သစ္စဝါဒီ၊ အမှန်စကား ပြောကြားသူက်။ ဧကော၊ အဖော်မမှီး တယောက် ထိုးတည်း။ ခဂ္ဂဝိသာဏကပ္ပေါ၊ ကြံ့ချိုနှင့်တူစွာ။ စရေ၊ ကျင့်ရာသတည်း။

၂၆။ မုတ္တဋ္ဌ၊ ရင်သွေးရင်နှစ် သားသမီးချစ်ကိုဋ္ဌင်း။ ဒါရံစ၊ မယားကိုဋ္ဌင်း။ ပိတရဋ္ဌ၊ ကျေးဇူးရှင် ဘခင်ကိုဋ္ဌင်း။ မာတရံစ၊ မွေးသည့်မိခင် ကျေးဇူးရှင်ကိုဋ္ဌင်း။ ဓနာနိစ၊ ပိုင်ဆိုင်ရာ ဥစ္စာတို့ ကိုဋ္ဌင်း။ ဥညာနိစ၊ စပါးတို့ကိုဋ္ဌင်း။ ဗဟူပါနိစ၊ မိတ်ဆွေသင်္ဂဟတို့ ကိုဋ္ဌင်း။ ယထောဓိကာနိ၊ ဘိုင်းထင်ပိုလွန်ကုန်သော။ ကာမာနိစ၊ ကာမဂုဏ်တရားတို့ကိုဋ္ဌင်း။ ဟိတ္ဝာန၊ ပယ်စွန့်၍။ ဧကော၊ အဖော်မမှီး တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပ္ပေါ၊ ကြံ့ချိုနှင့်တူစွာ။ စရေ၊ ကျင့်ရာ၏။

၂၇။ ဧသော၊ ပုထုဇဉ်မည်မှတ်ရာတဲ့ သတ္တဝါအမျှားသည်။ ဧတ္ထ၊ အာရုံငါးပါး ကာမဂုဏ် တရား၌။ သင်္ဂေါ၊ တွယ်တာ မပြတ် ပြောင်တတ်ပေ၏။ သောခဲ့၊ သုခဆိုရာ ချမ်းသာသော အပြစ်သည်။ ပဒီတ္တံ၊ တွက်ရေမမျှား နည်းပါးလှပေ၏။ ဧတ္ထ၊ ဤအာရုံငါးပါး ကာမဂုဏ်တရား၌။ ဘိယျော၊ အမျှားအားဖြင့်။ အပ္ပသာဒေါ၊ ကြည်လင်မှုမရှိသည်သာလျှင်။ ဒုက္ခမေဝ၊ ဆင်းရဲ မျှားစွာ ဒုက္ခသာပတည်း။ ဧသော၊ အာရုံငါးပါး ဤ ကာမဂုဏ် ဘရားသည်။ ဂဠော၊ ဆွဲငင်ပွားမျှား ငါးမျှားချိတ်နှင့်တူပေ၏။

ဦးတိ၊ ဤသို့။ ဥတ္တ၊ သိ၍။ မတိမာ၊ အသိပညာ ကောင်းစွာ ရှိသောသူသည်။ ဧကော၊ အဖော်မဲ့ တယောက် ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြ်ံချိုနှင့် တူစွာ။ စရေ၊ လှုံ့လသင့်စွာ ကျင့်ကြံရာ၏။

၂၇။ သလိလမ္ဘုစာရီ၊ ရေဠုက္ကက်စားငါးကြီးသည်။ ဇာလံ၊ ပိုက်ကွန်ကို။ ဘေဇ္ဇာဝ၊ ဖောက်ထွက်ရှိသာလျှင်။ ဂစ္ဆတိ ဣဒ္ဓတိ ဝ၊ သွားသကဲ့သို့ရင်း။ အာဂ္ဂိ၊ မီးသည်။ အနိဝတ္တမာနော၊ နောက်သို့ မဆုတ်မတွန့် မဆုတ်သည်ဖြစ်၍။ ဒဠှံ ဘူဝ၊ လောင်ကျွမ်းသကဲ့သို့ရင်း။ သံဃယာဇနာနိ၊ သံဃယာဇဉ်မည် ဆယ်လီသောတရား တို့ကို။ သန္ဒာလယိတ္ဝာန၊ ယ တိ ပြတ်အောင် ပယ်ဖြတ်၍။ ဧကော၊ တယောက် ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြ်ံချိုနှင့် တူစွာ။ စရေ၊ လှုံ့လဆင့်ကာ ကျင့်ကြံရာ၏။

၂၈။ သြဝိတ္တစက္ခု။ အောက်ဖက်သို့သာမျက်လွှာချလျက်။ နစပါဒလောလော၊ ပေါ်လီသောအား တခြားအရပ်သို့ မသွားဘဲ။ ဂုတ္တိန္ဒြိယော၊ ဣန္ဒြေငါးပါးကို ကြိုးစားစောင့်ရှောက်သည်ဖြစ်၍။ ရက္ခိတမနသောနော၊ စိတ် အစဉ်မှာ ကိုလေသာ မဝင်အောင် စောင့်ရှောက်လျက်။ အနဝဿုတော၊ ကိုလေသာမုန်ယိုမစွတ်စိုသည်။ အပရိဒုယှမာနော၊ ကိုလေသာထိခိုက်ညှဉ်း မီးမခံလောင်ရအောင်။ ဧကော၊ အဖော်မဲ့ တယောက် ထီးတည်း။ ခဂ္ဂဝိသာဏကပေါ၊ ကြ်ံချိုနှင့်ကဲ့စွာ။ စရေ၊ လှုံ့လသင့်ကာ ကျင့်ကြံရာ၏။

၃၀။ ဂိဟိဗျဉ္ဇနာနိ၊ ဖူးပွင့်ပုံတင် လူအသွင်ကို။ သြဟာရယိတ္ဝာ၊ အစဉ်ပယ်စွန့်၍။ သဠာယတနပတ္ထော၊ ဖုံးလွှမ်းသော အရွက်ရှိသော။ ယထာ ဂါရိဆတ္ထော၊ ပင်လယ်ကသစ်ပင်နှင့် တူသော။

ကာသာယဝတ္ထော၊ ဖန်ရေဆင်မြန်း ရဟန်းဘဝသည်။ အဘိနိက္ခမိတ္တာ၊သံသရာဝဋ္ဋမှလွတ်ထွက်၍။ ဧကော၊အဖော်မမှီးတယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပြော၊ ကြံ့ချိုနှင့် တူစ္ဆာ။ စရော၊ လှုံ့လကြိုးကုတ် အားထုတ် ကျင့်ကြံရာ၏။

၃၁။ ရသေသု၊ ရသာခြောက်ပါးတို့၌။ ဂေဓံ၊ တပ်မက်မောခြင်းကို။ အကရုံ၊ မပြုဘဲ။ အလောလော၊ လော်လီမှုမရှိဘဲ။ အနညပေါသီ၊ လုပ်ကျွေးမည့်သူမရှိဘဲ။ ကုလေကုလေ၊ အိမ်တိုင်းအိမ်တိုင်း။ သပဒါနစာရီ၊ အစဉ်တန်းကာ။ အပ္ပဋိဗဒ္ဓစိတ္တော၊ မတပ်မက်မောသောစိတ် ရှိသည်ဖြစ်၍။ ဧကော၊ တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပြော၊ ကြံ့ချိုနှင့်တူစ္ဆာ။ စရော၊ ကျင့်ကြံရာ၏။

၃၂။ စေတသော၊ စိတ်၏အစဉ်၌။ ပဋ္ဌာဝဝရဏာနိ၊ ကုသိုလ်ဖြစ်ရေး ခွင့်မပေးသည့် မည့်ပြေးတံက၊ နီဝရဏတရား ငါးပါးတို့ကို။ ပဟာယ၊ မဂ်ခေါ်ဖြင့် ပယ်ရှားပြီးလျှင်။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ ဥပက္ကိလေသေ၊ ကင်ချစ်ဟပ်ခတ် ဆိတ်မပြတ်အောင် နှိပ်စက်တတ်သည့် ဥပက္ကိလေသပေါင်းတို့ကို။ ဗျပနုဒ္ဓ၊ ဝိပဿနာ ဉာဏ်သွယ်ကာဖြင့် ပယ်ခွါပြီး၍။ အနိသိတော၊ သံယောဇဉ်မျိုးခိုကိုးတစိ မရှိသည်ဖြစ်လျက်။ သိဒ္ဓတ္ထေါ၊ ချစ်ခြင်းခွင် ပြစ်မကင်းသည်ကို။ ဆေဒ္ဓ၊ မဂ်ဉာဏ်လေးပါး သံလျက်ဓားဖြင့် ပယ်ရှား သတ် သတ် ပြတ်အောင် ဖြတ်၍။ ဧကော၊ မ လို အ ဖော် ပိုမမျှော်ဘဲ တကိုယ်တော်တည်း သာလျှင်။ ခဂ္ဂဝိသာဏကပြော၊ ကြံ့ချိုနှင့်တူစ္ဆာ။ စရော၊ အားထုတ်ဆင့်ဖန် ကျင့်ကြံရာသတည်း။

၃၃။ သုခံစ၊ ရူပ်,ကိုယ်ဘမ်းသာ ချမ်းသာမှုကိုရင်။ ဒုက္ခဉ္စ၊ ရူပ်ကိုယ်မှာစွဲ ဆင်းရဲမှုကိုရင်။ ပဟေ့ဗ၊ ရှေးအခါက။ သောမနဿ

ဒေါမနဿံ၊ စိတ်နှလုံး ချမ်းသာမှု, မချမ်းသာမှုကိုဎင်း။ ဝိပိဋ္ဌိ ကတ္တာန၊ မျက်နှာလွှဲ၍။ သမထံ၊ ကိလေသာ အပူသိမ်း၍ ငြိမ်း အေးသော။ ဝိသုဒ္ဓံ၊ ခရုသင်းပွတ်သစ် ပုလဲနှစ်အသွင် ဖြူစင်သန့် ရှင်းသော။ ဥပေက္ခာ၊ စတုတ္ထစျာန်ကို။ လဒ္ဓါန၊ ရရှိ၍။ ဧကော၊ တယောက် ထီးတည်း။ ခဂ္ဂဝိသာဏကပ္ပေါ၊ ကြွေချိုနှင့် တူစွာ။ စရေ၊ ကျင့်ကြံရာသတည်း။

၃၄။ ပရမတ္ထပတ္တိယာ၊ အမြတ်ရိပ်မှန် နိဗ္ဗာန်သို့ ရောက်ခြင်း ငှာ။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍။ အလီနစိတ္တော၊ မတွန့်မတိုသော စိတ်ရှိသည် ဖြစ်၍။ အကုသိတ စိတ္တော၊ မပျင်းမရိသည် ဖြစ်၍။ ဒဠှနိက္ကမော၊ မြဲစွာ ကြိုးကုတ် အားထုတ်သည်ဖြစ်၍။ သာမဗဟုလူပပန္နော၊ အားအစွမ်းဖြင့် ပြည့် လွှမ်းသည် ဖြစ်၍။ ဧကော၊ တယောက်ထီးတည်း။ ခဂ္ဂဝိသာဏ ကပ္ပေါ၊ ကြွေချိုနှင့်တူစွာ။ စရေ၊ ကျင့်ကြံရာ၏။

၃၅။ ဘဝေသု၊ ဘဝသုံးပါးတို့၌။ အာဒီနဝံ၊ ပဋိသန္ဓေ တည်နေရခြင်း အစရှိသောအပြစ်ကို။ သမ္မသိတာ၊ သမ္မဇဉ် ဉာဏ် ယှဉ်လျက် သုံးသပ်ဆင်ခြင်သောကြောင့်။ ပဋိသလ္လာနံ၊ တောရပ် မြိုင်ညို ခိုအောင်းကာ။ စျာနမရိဉ္ဇမာနော၊ အ ထပ်ထပ် ရှုကာ နွံကြောက်ပါသည်ဖြစ်၍ဎင်း။ ဓမ္မေသု၊ သင်္ခါရဟုတ်မှန် ရုပ်,နာမ် တရားတို့၌။ အနိစ္စ၊ အမြဲမရှိဟူ၍။ အနုဓမ္မစာရီ၊ တရားနှင့်လျော် ညီ ကျင့်သည်ဖြစ်၍ဎင်း။ ပစ္စေကဗုဒ္ဓတ္တံ၊ ပစ္စေကဗုဒ္ဓါ အဖြစ်သို့။ အဂစ္ဆိ၊ ရောက်ခဲ့ရပေ၏။ ဧကော၊ အဖော်မမှီး တယောက်ထီး တည်း။ ခဂ္ဂဝိသာဏကပ္ပေါ၊ ကြွေချိုနှင့်တူစွာ။ စရေ၊ ကျင့်ရာ သတည်း။

၃၆။ အဟံ၊ ငါသည်။ တဏှာကွယ်၊ တဏှာကုန်ရာ နိဗ္ဗာန်ချမ်းသာကို။ ပတ္ထယံ-ပတ္ထယန္တော၊လိုချင်တောင်းက ရလိုလှသည်ဖြစ်၍။ အပ္ပမတ္တော၊ မမေ့မလျော့ မပေါ့တန်ဘီ သတိရှိသည်ဖြစ်၍။ အနေဇမူဂေါ၊ အပြစ်မဟုတ်သော စကားကိုပြောဆိုသည်ဖြစ်၍။ သုတဝါ၊ ချမ်းသာအောင် ရှက်ဆောင်နိုင်သော အကြားအမြင်ရှိသည်ဖြစ်၍။ သတိမာ၊ သဘိနှင့် ပြည့်စုံသည် ဖြစ်၍။ သခ်ၢါတ ဓမ္မော၊ ကံ, စိတ်, ဥတု, စောင့်ပြု အာဟာရ လေးဝမ်းကြောင်းပေါင်းကာပြုပြား သင်္ခါရဓာတုသည်၊ နိုယတော၊ ပျက်စီးဘို့ပဲဦးတည်စွဲ၍ မြဲလှပေ၏ဟု။ ပဓာနဝ ။ လုံ့လပြုကာ အားထုတ်ပါ လေသောကြောင့်။ ပစ္စေကဗုဒ္ဓတို့၊ပစ္စေကဗုဒ္ဓါ၊ဖြစ်သို့။ အ့ဂစ္ဆိ ၊ မုခ်ုမှန်စွာ ရောက်ခဲ့ရပါ၏။ တဿ၊ ကိုအဟု။ ဝေကာ၊ အဖော်မမှီး တကိုယ်တော်တည်း။ ခဂ္ဂဝိသာဏကပ္ပော၊ ကြ်ုခ္ဂါနှင့်တူစွာ။ စရေ၊ ကျင့်ရာသတည်း။

၃၇။ သီဟော၊ ခြင်္သေ့သည်။ သဒ္ဒေသု၊ စည်ကြီးသံ စသည်တို့၌။ အသန္တ သန္တော ဂှ ဝ၊ ထိတ်လန့်ကြောက်ရွံ့ခြင်းကင်းသကဲ့သို့ရှင်း။ ဝါတော၊ အရင်မျက်နှာ တိုက်ခတ်လာသောလေသည်။ ဇာလမ္ပိ၊ ပိုက်ကွန်၌။ အသန္တမာနော ဂှ ဝ၊ မငြိုးငယ်သကဲ့သို့ရှင်း။ ပဒုမံ၊ ပဉ္စင်ချပ်တရာ ပဒုမာကြာသည်။ ဝေ ,ယန၊ ရေနှင့်။ အလိမ္ပမာနော ဂှ ဝ၊ ငြိုးငယ်သကဲ့သို့ရှင်း။ ဘဒ္ဒ ,မာနော၊ မငြိုးကပ်သည် ဖြစ်၍။ ဧကော၊ တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပ္ပော၊ ကြ်ုခ္ဂါနှင့်တူစွာ။ စရေ၊ ကျင့်ကြံရာသတည်း။

၃၈။ မိဂါနံ၊ သားကောင် အဝပါင်းတို့ကို။ ပသယ္ဟ၊ အားအစွမ်းဖြင့် ညှဉ်းပန်းနှိပ်စက်၍။ ဒါဋ္ဌဗလီ၊ အလိုအကြိုက် လိုက်ပါစေဘို့ ထက်သောစွယ်အား ရှိသော။ သီဟော၊ ခြင်္သေ့မင်း

သည်။ အဘိဘုယျစာရီ၊ စိတ်ကြိုက်လွှမ်းကာ လှည့်လည်ပါသည် ဖြစ်၍။ ပန္ဆာနီ သေနာသနုဝနီ၊ တောမြိုင်ရှိကြား အစားစား သော နေရာတို့ကို။'သေဝေထယထာ၊ မှီဝဲရာသကဲ့သို့။ သေဝေယျ။ မှီဝဲရာ၏။ သေဝိတ္ဝာ၊ မှီဝဲ၍၊ ဧကာ၊ ဘယောက် ထီးတည်း။ ခဂ္ဂဝိသာဏကပေါ့ဟု၊ ကြွံချိုနှင့်ဘူးစ္ဝာ၊ စရေ၊ ကျင့်ရာ၏။

၃၉။ အဟံ၊ ဝါသည်။ မေတ္တံစ၊ သတ္တာဝါအမျှား စီးပွားလိုပါ မေတ္တာကိုဝင်း။ ကရုဏံ၊ ကျင်နာသနား ကရုဏာတရားကို ဝင်း။ မုဒိတံစ၊ စီးပွားချမ်းသာ ဝမ်းပန်းသာသော မုဒိတာကို ဝင်း။ ဝိမုတ္တိ၊ ဝိမုတ္တိမမ္မ ခေါ်ဆိုရသော။ ဥပေက္ခံစ၊ ဥပေက္ခာကို ဝင်း။ ကာလေ၊အခွင့်လျော်လာသင့်တင့်သောခါ။ အာသဝေ မာနော၊ မှီဝဲလျက်။ သမ္ပေန္တေ၊ လောကေန၊ တလောကလုံးနှင့်။ အဝိရုဇ္ဈမာနော၊ ဆန့်ကျင်မှုမရှိသည်ဖြစ်၍။ ဧကော၊ ဘယောက် ထီးတည်း။ ခဂ္ဂဝိသာဏကပေါ့ဟု၊ ကြွံချိုနှင့်ဘူးစ္ဝာ။ စရေ၊ ကျင့်ရာ သတည်း။

၄၀။ အဟံ၊ ဝါသည်။ ရာဂဠ္ဘ၊ တပ်စွဲလေခြား ရာဂတရား ကို ဝင်း။ ဒေါသဠ္ဘ၊ ပြစ်မှားတတ်ခြား ဒေါသတရား ကိုဝင်း။ မောဟံစ၊ မသိတတ်ခြား **မောဟတရား** ကိုဝင်း။ ပဟာယ၊ စွန့်ဆက်၍ မလွန်နိုင်အောင် ပယ်စွန့်ပြီး၍။ သံဃောတရာ၊ သံဃာတရား ဆယ်ထွေအချည်အနှောင်ကြိုးကို။ သန္ဒာလ ပိတ္ဝာန၊ ကြိုးကောက် ဖျက်ဆီး၍။ အသန္ဓာသံ၊ ခန္ဓာကမ္မဇရူပ် ကျန်ကိုယ်၍ ပြိမ်းချုပ် ပြတ်ကင်း ပြိမ်းခြင်းကြီး ပြိမ်းရသည် ဖြင့်၍။ ဇီဝိတသင်္ခယော၊ အာယုသင်္ခါရ ကုန်ခန်းရသည်။ အမှိ၊ ဖြစ်ရပေတော့မည်။ မာဒိ သော၊ ဝါသို့တမူ ဖြစ်လိုသူသည်။ ဧကော၊ တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပေါ့ဟု၊ ကြွံချိုနှင့်ဘူးစ္ဝာ။ စရေ၊ ကျင့်ရာ၏။

၄၁။ မနုဿာ၊ လူသားတို့သည်။ ကာရဏတွာ၊ ပစ္စည်းဥစ္စာ ဖြာဖြာကြံတွေး ရလိုရေးကြောင့်။ ဘဇန္တို၊ ဆည်းကပ် ခစားကြ ကုန်၏။ သေဝန္တိစ၊ မှီဝဲလည်း မှီဝဲကြ ကုန်၏။ နိုက္ကာရဏာ၊ အကြောင်းမဖက် သက်သက်မဟုတ်ကုန်။ အဇ္ဇ၊ ယခု။ မိတ္တာ၊ ကျေးဇူးရှိအောင် ရှက်ဆောင်သော မိတ်ဆွေတို့ကိုဋ္ဌင်း။ အတ္ထတ္ထ ပညာ၊ မိမိအကျိုး ပွားတိုးစေခြား ညွှန်ကြားသောမိတ်ဆွေတို့ကို ဋ္ဌင်း။ အသုစိမနုဿာ၊ စင်ကြယ်သန့်ရှင်း နှလုံးသွင်း ကောင်းသူ ဘို့ကိုဋ္ဌင်း။ ဒုလ္လဘာ၊ ရခဲကုန်၏။ ဧကော၊ တယောက်ထီးတည်း။ ခဂ္ဂဝိသာဏကပ္ပေါ၊ ကြံ့ချိုနှင့်တူစ္ဆာ။ စရေ၊ ကျင့်ရာသတည်း။

၄၂။ သရောရုဟံ၊ မာလာနှုံကြိုင် ကြာအိုင်ဌပေါက်သော။ ပဒုမပလာသပတ္တံ၊ ပဒုမာကြာ ရွက်လွှာတို့မှ ဖြစ်သော။ ဘမရ ဂဏာဒုစိဏ္ဏံ၊ ပျား,ပိတုန်းတို့တအုံးအုံးဖြင့် စားသုံးဝမ်းသာ ကျက် စားရာဖြစ်သော။ သုပုပ္ဖိတံ၊ ပွင့်ချပ်ဖားဖား ပွင့်ကားဝေစီ ပဒုမ္မာ ကြာ၏ယည်း။ အနိစ္စတာယ ဥပဂတံ၊ အနိစ္စ သဘော ရှေ့လျှော ပြောင်းစံသည်ကို။ ဝိဒိတ္ဝာ၊ သိမြင်ခဲ့ရလေသောကြောင့်။ ပစ္စေက ဗုဒ္ဓတ္ထံ၊ ပစ္စေကဗုဒ္ဓါ အဖြစ်သို့။ ပတ္တာ၊ ရောက်ခဲ့ကြပေကုန်၏။ မာဒိသော၊ ငါသို့တမူ ဖြစ်လိုသောသူသည်။ ဧကော၊ တယောက် ထီးတည်း။ ခဂ္ဂဝိသာဏကပ္ပေါ၊ ကြံ့ချိုနှင့်တူစ္ဆာ။ စရေ၊ ကျင့် ရာသတည်း။

နောက်ဆက်တွဲ ပြီး၏။

ပစ္စေကဗုဒ္ဓဝင်

ဤကျမ်းစာကို ဖတ်ရှုပါလျှင် အောက်တွင်ဖော်ပြပါ ပြဿနာများ ပြေလည်ပြီး ဘာသာရေးဗဟုသုတများ တိုးပွားလာမည်မှာ မုချပင် ဖြစ်ပါသည်။

- ပစ္စေကဗုဒ္ဓါ ဘုရားဟူသည် အဘယ်လိုဘုရားမျိုးနည်း။
- အဘယ်တရားကို အဘယ်ပုံကျင့်ပြီး ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ကြပါသနည်း။
- ပစ္စေကဗုဒ္ဓါဘုရားများသည် သဗ္ဗညုဘုရားနှင့် အဘယ်ကြောင့် ပြိုင်တူပွင့်တော်မမူကြသနည်း။
- ပစ္စေကဗုဒ္ဓါဘုရားများသည် ဘယ်လိုကမ္ဘာမျိုးမှာ ပွင့်တော်မူကြ၍ သဗ္ဗညုဘုရားကဲ့သို့ တဘုတည်းပွင့်ပါသလား?
- ပစ္စေကဗုဒ္ဓါ အလောင်းတော်များသည် ဝိပဿနာတရားကို အဘယ်ပုံ ရှုဆင်ခြင်ကြသနည်း။
- ပစ္စေကဗုဒ္ဓါဘုရားများသည် တပါးနှင့်တပါး သံဝေဂဉာဏ်ရပုံ ပစ္စေကဗုဒ္ဓါဖြစ်ပုံခြင်း တူကြပါသလား?
- "ပစ္စေကဗုဒ္ဓါဘုရားများသည် မိမိအကျိုးကိုသာ ဆောင်ရွက်ပြီး တပါးသူအကျိုးကို မဆောင်ရွက်ကြ"ဟု ပြောဆိုလောနိုင်ကြသည်မှာ မှန်ပါသလား?
- ဂေါတမဘုရားရှင်လက်ထက်တွင် ပေါ်ထွန်းလာသော ပစ္စေကဗုဒ္ဓါအလောင်းတော်များမှာ အဘယ်သူတို့ ဖြစ်ပါသနည်း?
- အချို့က ဗုဒ္ဓဝင်စာပေတွင် ထင်ရှားသော ဒေဝဒတ်နှင့် အစာတသတ်တို့ကို ပစ္စေကဗုဒ္ဓါ အလောင်းအလျာများဟု ပြောဆိုနေကြသည်မှာ မှန်ပါသလား?

ဤပြဿနာများ ပြေလည်လာမည့်အပြင် အုံ့ဩစရာ နှစ်သက်စရာ, ကြည်ညိုစရာ, စိတ်ဝင်စားဘွယ်ရာများကို ဘတ်ရှုရပါမည်။